
www.burmeseclassic.com




ဝါဇီကရကာအားတိုးဆေး
ပိန်သူဝဖြိုးအလှတိုးသည်။
အင်အားပြည့်စုံ အမောလုံ အားမကုန်နိုင်တဲ့ဆေး။ (အလုပ်ကြမ်းသမားများ၊ အားကစားသမားများ သိသိသာသာ အားတိုးသည်။)
ကိုက်ခဲ ညောင်ညာ အကြောနာ ကောင်းစွာပျောက်သည်။ (ဒူလာရောဂါ၊ မီးယပ်ရောဂါ၊ အထိုင်များသူများ)
စားကောင်းအိပ်ပျော်သည်။ ဆီးဝမ်းသွား၍ကောင်းသည်။ မျက်စေ့ကြည်သည်။
မီးယပ်ပိန်၊ မီးယပ်ခြောက် သွေးဆုံးရောဂါပျောက်သည်။
အလုံး / အမှုန့်
နှစ်မျိုးထုတ်သည်။
ဖမေး ဓေတနာမှုန့်ဆေးဝါးထုတ်လုပ်ရေး
TMR-009604 (0115)


www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE
အမြင့် မဂ္ဂဇင်း
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ အတွဲ (၂)၊ အမှတ်စဉ် (၁၂)

☆ အယ်ဒီတာချုပ်
အောင်ကျော်ဇော
☆ တာဝန်ခံအယ်ဒီတာ
ဆက်ဆက်ဦးဇေ (B.Sc.Physics)
☆ အယ်ဒီတာအဖွဲ့
ဦးရဲရွှင် (ရဲတိုင်အို)
ညီညီမိအောင် (B.A.Myanmar)
အေးအေးမိုင်
☆ ထုတ်ဝေသူ
ဦးအောင်ရွှင် (၀၄၀၄၉၉)
☆ ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိမ်းသမ်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁=၃၄သမ်း၊ ရန်ကုန်။
☆ မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်
မင်းဆက်နိုင်၊ ရဲသူ (ရန်ကုန်အနုပညာ)
ဒီဖိုင်း
ညီသူကျော်
ကွန်ပျူတာစာစီ နေမျိုးအောင်
တန်ဖိုး = ၃၀၀
အုပ်ရေ = ၁၀၀၀
ကုံဇော်လွှင်စာပေ
အမှတ်(၉၇=က)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း=၃၈၅၃၇၉၅ ၀၉-၅၉၂၉၄၂၁၈

ဆောင်းပါး
= ညွှန့်မာ(ကြူးဇော) ==၁၃
(ယာဉ်မတော်တဆ နောက်ဆက်တွဲ ဂယက်ထ)
= ကိုညွှန့်အောင် (ရွှေမန်းအေးမိ) ==၁၈
(အတ္တစိတ်ကို ဖျောက်ကြည့်ပါ)
နိုင်ငံတကာသတင်း
ဆောင်းပေါမန် - - ၁၂၃
မေခင်
ထက်သုမြွေဦး - - ၁၅၈
= ဆက်ဆက်ဦးဇေ = = = ၂၂
(နွေဦးလေနှင့်အတူ) [အခန်းဆက်ဝတ္ထုရှည်]




www.burmeseclassic.com

www.burmeseclassic.com

## မှတ်တမ်းတွဲ



- ညောင်တုန်းမစိုးကြီး = = = ၄၈
(မေတ္တာပေး၍ မေတ္တာမရခဲ့သော ကျွန်မဘဝ)
- မှသီမ်မင်းထွင် = = = ၆၀
(မြေရာလည်းပျောက် ရေလည်းနောက်မှေ)
- မောင်မောင်လွင် (ညောင်လေးပင်) = = = ၆၆
(မှုဆိုးနှင့်လက်နက်)
- မောင်မြင့်မား (မိုးထိကလေး) = = = ၇၃
(ခေဒနာ)
- ခင်းချောင်းစန်းကို = = = ၇၇
(လေးကောင်ဂျင်)
- မောင်သာမန် (စီးကုန်း) = = = ၈၄
(မိုက်တွင်းနက်လေသောအခါ)
- ဆုမွန်ဦး (ဟာသ်ာတ) = = = ၉၄
(ခုတ်ရာတလွဲ ထိရာတခြား)
- မောင်ချောမွှင့် (မန္တလေး) = = = ၁၀၂
(အရောင်ပြောင်းတတ်သောချစ်ခြင်း)
- ကိုမိုး (ရွှေပြည်သာ) = = = ၁၁၀
(ဘဝပေးဆပ်ရတဲ့ နှစ်သစ်ကူး)
- အောင်ကျော်မြိုး = = = ၁၁၆
(ရယ်ကွက်ထဲကအမိုက်များ)
- တိုးမြင့် = = = ၁၃၂
(အပျော်လွန်ခရီးတစ်ခု၏သဲလွန်စ)
- ချောယဉ်ချစ် = = = ၁၄၄
(ရွှေသစ္စာ)


### ကာတွန်း

သူရိန်၊ ကျော်ဝင်းခိုင်၊ မောင်တင်ယု၊
ပေါက်ကျိုင်း၊ ရွှေသဓော်။

### ကဗျာ

ဆုရည်နန္ဒာ၊ စန္ဒကူးနီ၊ အေးကိုစိုး၊ ခင်လုံမလေး (ဓာတ္ထု)၊
မောင်ချောမွှင့်၊ နန်းမျိုးဝင်း (စိတ်ပညာ)၊ ယွန်းယွန်း၊
နွယ်ရှင် (ရကာမ) ။



www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြ

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

- လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) ၀၆၇-၄၁၂၂၀၁
- အထူးအဖွဲ့(မြစ်ကြီးနား) ၀၇၄-၂၂၃၃၆
- အထူးအဖွဲ့(ဗန်းမော်) ၀၇၄-၅၀၁၉၉
- အထူးအဖွဲ့(လွယ်ဂျယ်) ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်)
- အထူးအဖွဲ့(မူဆယ်) ၀၈၂-၅၂၈၉၀
- အထူးအဖွဲ့(လောက်ကိုင်) ၀၈၂-၇၂၀၀၃/၇၂၀၃၆
- အထူးအဖွဲ့(လားရှိုး) ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂
- အထူးအဖွဲ့(တောင်ကြီး) ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇
- အထူးအဖွဲ့(ကျိုင်းတုံ) ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄
- အထူးအဖွဲ့(တာချီလိတ်) ၀၈၄-၅၃၀၂၂
- အထူးအဖွဲ့(မြဝတီ) ၀၅၈-၅၀၂၆၈
- အထူးအဖွဲ့(မော်လမြိုင်) ၀၅၇-၂၆၉၈၃
- အထူးအဖွဲ့(ကော့သောင်း) ၀၅၉-၅၁၉၈၁
- အထူးအဖွဲ့(မြိတ်) ၀၅၉-၄၁၀၄၁/၄၁၀၀၄
- အထူးအဖွဲ့(ပုသိမ်) ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉
- အထူးအဖွဲ့(ရန်ကုန်) ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၂၆
- အထူးအဖွဲ့(ပဲခူး) ၀၅၂-၂၁၀၃၀/၂၁၂၅၉
- အထူးအဖွဲ့(စစ်တွေ) ၀၄၃-၂၃၆၂၅
- အထူးအဖွဲ့(မောင်တော) ၀၄၃-၅၅၀၈၉
- အထူးအဖွဲ့(ကလေး) ၀၉၄၇၀၇၂၂၀၂
- အထူးအဖွဲ့(မကွေး) ၀၆၃-၂၃၃၇၄/၂၅၀၁၆
- အထူးအဖွဲ့(မိတ္ထီလာ) ၀၆၄-၂၄၇၁၄/၂၃၀၅၄
- အထူးအဖွဲ့(မန္တလေး) ၀၂-၇၃၈၃၀
- UNIAP ၀၁-၂၅၄၈၅၂/၂၅၄၈၅၃

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့


www.burmeseclassic.com

www.burmeseclassic.com



# နင်မေ့သွားဟဲ့လူ

နင်ကတော့ မေ့နိုင်ပေမယ့်
မေ့မရတဲ့ ရင်ခွင်တစ်ခုက
ငါ့အသည်းတွေ ကြေမွ
ဝေဒနာတွေ
ချေဖျက်မရ
အနှောင့်အယှက်ကြောင့်
တို့နှစ်ဦးသစ္စာလည်း
ပျက်ခဲ့ရပြီး
ဝေးကြရပြီး
အပြက်အပြက်နဲ့
သွေးမကျဘဲ
ရင်ခွင်တစ်ခုလုံးမီးလောင်
မဖြေသာတဲ့ ဒီရင်မှာ
သေရာပါပြီနဲ့တူတယ်
တို့နှစ်ဦး ပေါင်းဆုံခွင့်မရှိတော့ဘူး
ကြိတ်မှိတ်ခံပေမယ့်
မျက်ဝန်းမှာမျက်ရည်စို့ရွဲ
အသည်းမှာ ဆန်ခါကျခဲ့တဲ့
ငါလိုလူ ဇနပုဒ်က
တောသူကို နင်မေ့နေပြီပေါ့နော်။ ။



နွယ်ရှင် [ရကမ]




www.burmeseclassic.com

www.burmeseclassic.com



# လွတ်လပ်မှု

ဥပဒေအပြင်ဘက်က လွတ်လပ်မှုတွေကို
ကျင့်သုံးနေတဲ့သူက
ဥပဒေဘောင်အတွင်းက လွတ်လပ်မှုနဲ့ပဲ
ကျင့်သုံးပျော်ရွှင်နေတဲ့ငါ့ကို
ပိတ်ပင်လာတဲ့အခါ.....
ခါးသီးစွာနဲ့ပဲ ငါခံယူခဲ့ရတယ်
ကြီးသူကိုရိုသေဆိုတဲ့ အကြောင်းပြချက်နဲ့ပေါ့
ပြန်ပြီးအော်ဟစ် ငါရန်တွေ့ပစ်ချင်ပေမယ့်
ဘာသာတရားရဲ့ ဆုံးမမှု
မမြင်ရတဲ့ငရဲကို ကြောက်ရွံ့မှုတွေရဲ့အောက်မှာ
ငါတစ်ယောက်တည်းသာသိတဲ့ အမှန်တရားတွေ
ဝမ်းနည်းနာကျင်စွာနဲ့ပဲ
ပျောက်ဆုံးခဲ့ရပြန်ပြီပေါ့.....။



**ခင်လှိုမလေး** (ဓာတု)




www.burmeseclassic.com

www.burmeseclassic.com



# အညာရွာ၏ သုသာန်

🌲 ကိုယ်ခန္ဓာတွေမှ ဟုတ်ပါလေစ
သံသယဖြင့်မွေးဖွား
ဝေးသွားတဲ့ရက်တွေ
ပြန်လည်ဝေငှ ရယူလိုခဲ့။
🌲 ဝေဒနာဆိုတဲ့ ခံစားချက်
အတွေးရဲ့ရက်စက်မှုလား
အသားထက်က ဓားချက်များလား။
🌲 တရားမျှတမှုရဲ့ မျက်မြင်ကိုယ်တွေ့
မနေ့ကတော့ ရှိခဲ့ကောင်းရဲ့
ဒီနေ့နဲ့မနက်ဖြန်မှာ ကျန်စရာအကြောင်း
အချိန်နှောင်းပေါ့။
🌲 လူတွေ
သေမှသေချာရဲ့လား
လှုပ်ရှားသွားလာ၊ ရွေ့လျားလာလုပ်
စက်ရုပ်ရဲ့ ခလုတ်နှိပ်ရာမျိုး
အဆိုးအကောင်း
ကျိုးကြောင်းခြင်းရာ
ဘာဆိုဘာမှ မဆင်ခြင်ကြ။
🌲 အရှေ့က အရှက်ဆီ
မကြည့်ဘဲ မနေနိုင်




ထိုင်နေရင် ဘာမှထူးမလာ
ရှူးချင်ရာ ရှူးပစေ
ဆူးကြားက ဘူးခါးပါပဲ
ထူးမခြားစွန့်ပစ်
လူ့စနစ်ရဲ့ ယုတ္တိလက္ခဏာ
ဆုပ်ကိုင်ကာ အားထုတ်
သဘာဝသရုပ်ရဲ့ အနှစ်ချုပ်တရား
ငါ့ရဲ့ အညတရဘုရား။ ။

**အေးကိုစိုး**

www.burmeseclassic.com



# အနုပညာ





အဖြူကို အမည်းရော
အမည်းကို အဖြူရော
ဟိုရော ဒီရော
ပန်းချီသဘော
သူ့မနော ငါ့မနောလာငြီ
တကာယ့်အရှိ
ဆုပ်ဖမ်းလို့မမိ။ ။

**နန်းမျိုးဝင်း** (စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com



# အလင်းရောင်

♪ က မှ အ အထိ
စဆုံးသိအောင်
ကလေးအရွယ်
လူမမည်လေးများ
ဆပွားမေတ္တာ
စေတနာထား
မာန်မဲခြိမ်းခြောက်
ဘဝတောက်အောင်
လက်ဦးဆရာ
မည်ထိုက်စွာဖြင့်
အလင်းရောင်ပေး
ဖယောင်းတိုင်လေးနှယ်
ကျယ်ပြန့်မေတ္တာ
စေတနာကား
ပွားများမေတ္တာ
တုမနှိုင်းသာတည့်
မိဘနှင့်နှိုင်း
မရှိုင်းစေရာ
ထိုအရာကား မြတ်ဆရာတည်း။ ။



(ကျောက်ချောင်းကျောင်း၊
မူလတန်းပြဆရာမ ဒေါ်ဖင်မွှန်သို့)
ယွန်းယွန်း



www.burmeseclassic.com

www.burmeseclassic.com



# လောကကမ္ဘာ

ဝေဆာချွေးသိပ်
ပင်ပျိုရိပ်မှာ၊ ဖြာစိမ့်ယှက်မိုး
နေမတိုးသော်၊ ငှက်မျိုးကျေးမြည်
သံစုံချီ၍၊ ခွန်းသီပျော်မြူး
အရှေ့ဦးမှာ.....။
အပင်ယွင်းယို
အမြစ်ပြို၍၊ ငုတ်တိုဘဝ
မြင်မလှဘဲ၊ တစသုသာန်
ရှိတုံပြန်လျှင်၊ ငှက်သံကွယ်ပ
လမိုက်ညသို့.....။
သည့်မြေလောက
သဘာဝ၏ ဓမ္မစစ်မှန်
လောကဓံအား၊ အမှန်မြင်သီ
ရင်မှာငြိလျက်၊ ရှိရှိသမျှ
သခ်ီရဟု
ကြီးစွာသံဝေယူမိတကား။ ။



စန္ဒကူးနီ



www.burmeseclassic.com

www.burmeseclassic.com



## မိုးတွေရွာရင်

မိုးတွေရွာရင်၊ ပိုလို့သတိရ
လွမ်းပြီးရင်းလွမ်း၊ မတွေ့တာကြာလှ
မျှော်နေသူမှာ၊ နေ့စဉ်တမ်းတ
မိုးရွာထဲမှာ၊ နှစ်ယောက်အတူ
ယှဉ်တွဲကာသွား၊ မေ့လို့မရ
တို့ရဲ့ထီးလေး၊ သူဆောင်းပေးတော့
မထိတထိ၊ ပခုံးချင်းတိုက်
လှုပ်ရှားရင်မှာ၊ ပိုလို့သတိရ
မိုးရွာတိုင်းလေ၊ တို့ရဲ့ရင်မှာ
ရင်ခုန်သံမြန်၊ ကုစားလို့မရ
သူ့ကိုလွမ်းတာ၊ ဘယ်သူ့ပြောရ
တစ်ယောက်တည်းပဲ၊ လွမ်းလို့ငိုကြွေး
တွေ့ချင်စိတ်က၊ ထိန်းလို့မရ
သတိရတဲ့အချိန်။ သူရောက်လာရင်
အတိုင်းထက်အလွန်
ပျော်မိမှာတော့ အမှန်ပေါ့။ ။



ဆုရည်နန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



# တစ်ဝမ်းတစ်ခါး

♪ ရဲရင့်တာလား.....
အရှက်အကြောက်ကင်းမဲ့တာလား.....
မဖူလုံခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ
တစ်ဝမ်းတစ်ခါးအတွက်
ကားဝင်ကားထွက် ပြေးလွှားနေရတဲ့ ငါ့ခြေလှမ်းတွေ
တုံ့ဆိုင်းမှုတွေ ကင်းမဲ့
ဈေးဗန်းရွက်ထားတဲ့ ငါ့ဦးခေါင်းလေး
ဝယ်မယ့်သူကို ရှာနေရတယ်
နှုတ်ကလည်း ကရားရေလွှတ် တတွတ်တွတ်
ဘဝဆိုတာ ဒါလား
ရုန်းကန်ခြင်းနေ့ရက်တွေမှာ
စိတ်ကူးတွေလည်း ယဉ်ခဲ့ရပေါ့
ဖြတ်သန်းလာခဲ့တဲ့ နေ့ရက်တွေကတော့
အခုထိ အရောင်မတောက်သေးပါဘူး
ဖြစ်လိုက်ပျက်လိုက်နဲ့ ခေတ်တွေသာပြောင်းလာတယ်
ငါ့ခြေထောက်တွေညောင်းဆဲ
ငါ့အသံလည်း ကားဂိတ်တစ်ခွင် ဆူညံနေဆဲပါ
ငါ မေးလိုက်ချင်ပါတယ်
ငါ့ဘဝရဲ့ ရွှေရောင်နေ့ရက်တွေက ဘယ်တော့လဲ.....။ ။




**မောင်ချောပွင့်**



www.burmeseclassic.com

www.burmeseclassic.com





# ညွန့်ဟုံ (ကြူးတော)

# ယာဉ်မတော်တဆ နောက်ဆက်တွဲ ဂယက်တ

ယာဉ်မတော်တဆနှင့် နောက်ဆက်တွဲပြဿနာ ...ယက်များက ရှုပ်ထွေးလှသည်။ ခံစားရသူတွေများလှ ...။ မမျှော်လင့်သော ဖြစ်ရပ်များသည် အတိတ်တွင် ...သည်းရှိခဲ့၏၊ ပစ္စုပ္ပန်တွင်လည်း ကြုံရသည်။ အနာဂတ် အဖို့တွင်လည်း ဆင်ခြင်စရာ၊ သင်ခန်းစာယူစရာ၊ ပြု ပြင်စရာတွေက ထွေပြားပေသည်။ **သတိနှင့်ယှဉ် ယာဉ်အန္တရာယ်** တားရသည့် အခြေအနေမျိုးကား နှလုံးသွင်းစရာဖြစ်လေသည်။

ယာဉ်မတော်တဆဆိုသည်က ယေဘုယျအား ဖြင့် မြေပြင်ယာဉ်များ ကြုံရသော်လည်း ခေတ်မီဆန်း




www.burmeseclassic.com

www.burmeseclassic.com



ပြားလာသည်နှင့်အမျှ အာကာသဝေဟင်၊ အဏ္ဏဝါရေပြင်တို့ပါ ရိုက်ခတ်လာသည်။ အနည်းအပါး ထိခိုက်သည်များ ရှိသကဲ့သို့ အစုလိုက်အပြုံလိုက် သေကျေဒဏ်ရာရ၊ ပျက်စီးမှု၊ အနိဋ္ဌာရုံများလည်း ကြားသိမြင်တွေ့ရသည်။ ထို့ပြင် မှုခင်းရေးရာနှင့် ဆက်စပ် ပတ်သက်ပေရာ ရုံးပြင်ကန္တာရောက်ကာ အရှည်အကြာဖြေရှင်းရမှု၊ ပြစ်မှုအလျောက် ခံစားကြရမှုများလည်းရှိသည်။ မတော်တဆဖြစ်ရပ်ဂယက်က အနည်းနှင့်အများဆို သလို ရင်ဆိုင်ရပေ၏။ ထိုသဘောအား ပြည်တွင်းရော၊ ပြည်ပများမှာပါ သတင်းဆိုးအဖြစ် သိမှတ်ရပေသည်။



မကြာမီက စင်ကာပူနိုင်ငံထုတ် **သည်စထရိတ်တိုင်းမ်** သတင်းစာများထဲက ယာဉ်မတော်တဆမှုခင်းများစွာ ဖတ်လိုက်ရ၏။ တစ်ပုဒ်မှာ အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်က သတင်းဖြစ်၏။ အာကာသယာဉ်ခရီးကို စီးနင်းရာ၌ မမျှော်လင့်ဘဲ ပျက်ကျသည့်သတင်းဖြစ်၏။ လေယာဉ်မှူးတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရသည်။ စစ်ဆေးမှုများစွာ ပြုလုပ်ရပေသည်။ အဆိုပါ အာကာသခရီးစဉ်အတွက် လိုက်ပါလိုသူတို့ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲ ပေးရသည်။ ကြိုတင်စာရင်းပေးသွင်းရပြီး ယင်း





www.burmeseclassic.com

www.burmeseclassic.com





တို့တွင် ကမ္ဘာကျော်အနုပညာရှင်များဖြစ်သော လေဒီဂါဂါ၊ အင်ဂျလီနာဂျိုလီတို့ ပါဝင်ပေသည်။ နောက်ထပ် ခရီးစဉ်များအတွက် ယခုမတော်တဆဖြစ်မှုက အတော်ပင် ရိုက်ခတ်သွားလေသည်။

နောက်ထပ်သတင်းတစ်ပုဒ်ကလည်း အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီမြို့တော်ကလာသည့် သတင်းဖြစ်သည်။ ဧပြီလ ၂၀ ရက်တွင် ကင်မရင်လန်းပြည်နယ်တွင် ယာဉ်မတော် တဆတိုက်မှု ဖြစ်ပွားခဲ့၏။ ယင်းဖြစ်စဉ်တွင် **လဇ်မာခ်**ဆိုသူ အမျိုးသမီးငယ် ထိခိုက်ဒဏ်ရာရခဲ့သည်။ သူမသည် အသက် ၂၀မျှသာရှိသေးသော နုပျိုချောမောသူလေးဖြစ်၏။ သူမ၏ လက်ဝဲဘက် မျက်စိကွယ်ခဲ့ရပြီး နားမကြားသည့်ဝေဒနာ ခံစားရသည်။ ယင်းသို့ ထိခိုက်ဒဏ်ရာရရုံနှင့် မပြီးသေး။ သူမ၏ အပေါင်းအသင်းမိတ်ဆွေများက သူမကို ဆက်ဆံခြင်းမပြုဝေးရာသို့ ထွက်ခွာ သွားကြရာ စိတ်ခံစားမှု ဖြစ်စေပေ၏။ ထိုအကြောင်း ကို မီဒီယာများက အရုပ်နှင့်သတင်း ယှဉ်တွဲဖော်ပြ လိုက်သည်။ တစ်ဦးချင်း၏ နောက်ဆက်တွဲဂယက်ထမှုဟုဆိုချင်၏။ အထူးသဖြင့် မော်တော်ကား မတော်တဆမှုများက နေ့စဉ်နှင့်အမျှ သတင်းဆိုးအဖြစ် ဖတ်ရ၏။ အထက်တွင် ဖော်ပြသကဲ့သို့ ဝေဟင်အန္တရာယ်သာမက အဏ္ဏဝါ ရေယာဉ်မတော်တဆက ဖြစ်ပွားလျှင် ပိုမိုအထိနာတတ်၏။ နောက်ဆက်တွဲပြဿနာကလည်း ကြီးမားပေ၏။



www.burmeseclassic.com



၂၀၁၄ ခုနှစ်၊ နှစ်ဆန်းပိုင်းက တောင်ကိုရီးယား နိုင်ငံတွင် အပျော်စီးသင်္ဘော နစ်မြုပ်ခဲ့၏။ ရာပေါင်းများစွာသော ကျောင်းသားကျောင်းသူများ သေကျေခဲ့၏။ မိဘဆွေမျိုးများ ပူဆွေးကြရသည်။ သေဆုံးသူများအတွက် လွမ်းမောကြ၊ အထိမ်းအမှတ်ပြုကြသည်။ တာဝန်ရှိသူ၊ တာဝန်မဲ့သူတို့ အရေးယူခံရသည်။ သင်္ဘောကပ္ပိတန်အပါအဝင် အမှုထမ်းများ ပြစ်ဒဏ်ခံရသည်။ တရားရုံး၏ ပြစ်ဒဏ်ပေးမှု နည်းပါးခြင်းကို အကြောင်းပြု၍ မကျေနပ်ကြောင်း ထုတ်ဖော်ပြောကြရာ မဆုံးနိုင်သော နောက်ဆက်တွဲ သေမှုသေခင်းဖြစ်၏။ များစွာသော ထိခိုက်မှုများက တွက်ဆမဆုံးနိုင်အောင် ရှိရပေ၏။

ထိုသို့ မိမိတို့ပြည်တွင်း မတော်တဆယာဉ်မှုခင်းထက် နိုင်ငံဖြတ်ကျော် နယ်နိမိတ်လွန် မတော်တဆမှုက အထိနာကြသည်။ အရှည်အကြာ အမှုအခင်းဖြေရှင်းရသည်။ အာကာသဝေဟင် လေယာဉ်ခရီးစဉ်တွေဖြစ်၏။ ၂၀၁၄ ခုနှစ်အတွင်း လေယာဉ်မတော်တဆပျက်ကျမှုဖြစ်စဉ်နှစ်ခုက ဂယက်ထခြင်း အဆုံးမသတ်နိုင်သေး။



မလေးရှားမြို့တော် ကွာလာလမ်ပူမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့မောင်းနှင်စဉ် လေယာဉ်ပျက်ကျအဆုံးသတ်မှုက လေယာဉ်ရော၊ ခရီးသည်များကိုပါ ရှာဖွေမတွေ့တော့ခြင်းဖြစ်၏။ သေဆုံးသူအများစုမှာ တရုတ်လူမျိုးများဖြစ်လေရာ နှစ်နိုင်ငံ ပြဿနာဖြေရှင်းမဆုံးနိုင်အောင်ရှိရသည်။ လေကြောင်းလိုင်းဆုံးရှုံးမှုက ဘဏ္ဍာရေးငွေကြေးပါ ထိခိုက်ရ၊ ဝန်ထမ်းများ လျှော့ချရသည်အထိ ဂယက်ထကြောင်း တွေ့ရသည်။ လေကြောင်းလိုင်း၏ ဂုဏ်သိက္ခာလည်း ကျဆင်းရသည်။

နောက်ဖြစ်ရပ်တစ်ခုက မလေးရှားလေယာဉ် ယူကရိန်းတွင် ပစ်ချခံရမှုဖြစ်၏။ သေဆုံးသူများမှာ ဥရောပနွယ်ဖွားများဖြစ်ရာ ပြဿနာက အဆုံးမသတ်နိုင်။ နိုင်ငံခေါင်းဆောင်တွေ ညှိနှိုင်းရ၊ တောင်းပန်ကြရသည်အထိ ဖြစ်၏။ သေကျေမှုနောက်ကွယ်တွင် စစ်ဆေးမှု၊ အငြင်းပွားမှု၊ သောကရောက်မှုတွေ ဒုနှင့်ဒေးဖြစ်လေသည်။

အထူးသဖြင့် မော်တော်ကားမတော်တဆမှုက အများဆုံးဖြစ်၏။ လူ၏ပေါ့ဆမှု၊ စက်ချွတ်ယွင်းမှု၊ သဘာဝရာသီဥတု၊ ပထဝီဝင်လျှို့မြောင်း၊ တောတောင်အနေအထား စသည့်အကြောင်းအမျိုးမျိုးဖြစ်၏။ ချောက်ထဲကျ၊ လမ်းပြို၊ ကားဦးခေါင်းဆိုင် စသည်ဖြင့် ရှုပ်ထွေးပြီး သေမှုသေခင်းတွေ၊ တရားလို၊ တရားခံကိစ္စတွေ များပေ၏။

ထို့ပြင် ရထားစီးခရီးကလည်း များပြားလှ၏။ သံ လမ်းပေါ် မောင်းနှင်ပါလျက် ရထားဦးခေါင်းချင်းတိုက်မိသည်၊ လမ်းချော်သည်။ ကွန်ပျူတာစနစ်ချွတ်ယွင်းမှု၊ စက်ပိုင်းဆိုင်ရာ ထိန်းကျောင်းမှုအားနည်းရာက မတော်တဆကြုံရမှုတွေရှိ၏။ အချိန်နှင့်နေရာကို ကျုံ့ဝင်သွားအောင် ဆောင်ကြဉ်း



www.burmeseclassic.com

www.burmeseclassic.com



သည့်ယာဉ်သည် ကောင်းကျိုးများစွာရှိသကဲ့သို့ အပြစ်မကင်း ဂယက်ရိုက်သည့် အခြေအနေများ ဖြစ်ရတတ်ကြောင်း ဆင်ခြင်ရပေသည်။ ယဉ်ပါးပြီး ကောားရပ်ဖြစ်သည့် အသိနှင့်သတိရှိရန် အရေးကြီး၏။ **ကြက်ကောင်းကြိုးနှင့် မကွာစေရ**ဆိုသကဲ့သို့ **သတိလက်လွတ် ငှက်တောင်ကျွတ်** မဖြစ်စေဖို့ ထုံ့လပြုသင့်ပါ၏။ သို့မှသာ မတော်တဆ မှုခင်းတွေ နည်းပါးပြီး နောက်ဆက်တွဲ ကိစ္စပါးလျှားပေမည်။

တကယ်တော့ **စွန့်ဦးတီထွင်**သူတို့၏ ကျေးဇူး ကြောင့် ယာဉ်များ မျိုးစုံပေါ်ပေါက်ခဲ့၏။ ခေတ်မီဆန်း သစ်ခြင်းမရှိမီက ခြေကျင်အားကိုး၊ လှည်းနွားအားကိုး၊ မြင်းစီး၊ ဆင်စီး ခရီးမျှသာဖြစ်၏။ ပြဿနာမရှိ။ သို့ သော် မြန်ဆန်စေသည့် မော်တော်ကားတီထွင်ရာက ကောင်းကျိုး၊ ဆိုးကျိုးတွေ ရှိလာရသည်။ အင်္ဂလန် နိုင်ငံက **ဂျော့စတီဗင်ဆင်**လို ပုဂ္ဂိုလ်မျိုးက မီးရထား စက်ခေါင်း တီထွင်လိုက်ရာ ကမ္ဘာအနှံ့ဖြစ်သွား၏။ သုံး စွဲရသည့် အခြေအနေအရ မတော်တဆကိစ္စတွေ မလွှဲ ကောင်းသာ ကပ်ငြိပါလာ၏။ မူလရည်ရွယ်ချက် မည် မျှပင် ကောင်းမွန်စေကာမူ သုံးစွဲမှုနှင့် အခြေအနေ ခန့်တီးမှုများစွာက ယာဉ်မတော်တဆလမ်းကြောင်းသို့ တွန်းပို့သည့်သဖွယ် ဖြစ်ရလေသည်။

လူသားတို့သည် **သဘာဝမှ အကြဲ**ရကြ၊ တုပ တီထွင်ကြသည်။ သို့ရာတွင် We can not copy nature exectly ဆိုသောစကားအတိုင်း သဘာဝကို တိကျစွာ ပုံတူကူး၍မရနိုင်ဟုဆို၏။ သို့တိုင်အောင် အနီးကပ်ဆုံး တီထွင်ကြသည်။ ဝေဟင်က ငှက်ပျံသန်းသည်ကိုကြည့် ကာ **ရိုက်ညီအစ်ကို**က စက်မဲ့လေယာဉ် တီထွင်ရာ က ယခုအခြေအနေအထိ ဖြစ်လာသည်။ အဏ္ဏဝါရေ ပြင်က ငါးများကူးခတ်သည်ကို လေ့လာလျက် လေ့ သမ္ဘန်မှအစ မော်တော်၊ ရေယာဉ်၊ သင်္ဘော တီထွင်



ကြသည်။ သွားလာပို့ဆောင်ရေးအတွက် များစွာကျေး ဇူးကြီးမားပါ၏။

သို့ရာတွင် အရေအတွက် မတန်တဆ များပြား လာသော မော်တော်ကားတိုက်မှုများ၊ ဥတုရာသီနှင့် စက်ချွတ်ယွင်းမှု၊ လူသားပယောဂကြောင့် ဖြစ်ရသော လေယာဉ်၊ သင်္ဘောပျက်စီးနစ်မြုပ်မှုများက ထိတ်လန့် ဖွယ်ဖြစ်ရုံမက အနိဋ္ဌာရုံမြင်ကွင်းများ ကြုံကြရသည်။ ရည်ရွယ်ချက်ကောင်းမွန်သော်လည်း မတော်တဆ အန္တရာယ်မှုခင်းစက်ကွင်းအတွင်း သက်ဆင်းရမှုက စိတ်ချမ်းမြေ့ဖွယ်မရှိ။ ပြစ်မှုတွေ၊ ပြစ်ဒဏ်တွေ ကပ်ငြိ လိုက်ပါလာသည်။ ပတ်ဝန်းကျင်ကိုပါ ဂယက်ရိုက် ခတ်လာပေ၏။ လူသားတို့၏ အသိ၊ သတိ၊ စေတနာ၊ ဝီရိယ၊ ထိန်းကျောင်းတတ်မှုတို့ ပေါင်းစပ်ခြင်း လိုအပ် လျက်ရှိကြောင်း ညွှန်ပြလျက်ရှိပေသည်။

**ညွန့်ဟံ (ကြူတော)**



www.burmeseclassic.com

www.burmeseclassic.com



ကိုညွန့်အောင် (ရွှေပန်းထိမ်)

# သတ္တစိတ်ကို ဖောက်ကြည့်ပါ

တစ်ခါတလေ လူတွေရဲ့စိတ်ကို တစ်ယောက်တည်းထိုင်ပြီးစဉ်းစားနေမိတယ်။ လူတွေဟာ သတ္တဝါတွေထဲမှာ အသိဉာဏ်အရှိဆုံးလို့ ဆိုထားတယ်မဟုတ်လား။ အသိဉာဏ်ရှိပါတယ်လို့ ဆိုထားတဲ့ လူသားတွေက တစ်ခါတစ်ရံ အသိဉာဏ်မဲ့တဲ့ လုပ်ရပ်တွေ လုပ်နေကြတာကို မြင်တွေ့နေရတော့ အရမ်းအံ့သြဝမ်းနည်းမိပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ အဆိုးအကောင်း၊ အကျိုးအကြောင်းကို ဝေဖန်ပိုင်းခြားနိုင်တဲ့ဉာဏ် မရှိကြတော့တာလား၊ ဒါမှမဟုတ် မစဉ်းစားကြတာလားဆိုတာကို စဉ်းစားလို့ကိုမရဘူးဖြစ်နေတယ်။

ဘာကြောင့် ဒီလိုစဉ်းစားရတာလဲဆိုရင် စဉ်းစားစရာ အကြောင်းအရာတွေက နေ့စဉ်မြင်တွေ့နေရလို့ပါ။ ယခုမြင်တွေ့ရတဲ့အကြောင်းအရာကတော့ သာမန်ဖြစ်နေကျ၊ မြင်တွေ့နေကျ အကြောင်းအရာပါ။ ထူးဆန်းတဲ့အရာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ မထူးဆန်းပေမယ့် လေးနက်တဲ့ အတွေးအခေါ်လေးတွေကတော့ ဒီမထူးဆန်းတဲ့ အကြောင်းအရာလေးထဲမှာ ရှိနေလို့ပါပဲ။

အဲဒါ ဘာလဲဆိုတော့ တစ်ဝမ်းတစ်ခါးစာအတွက် ထန်းခေါက်တောင်းထဲ အငွေ့တထောင်းထောင်းထနေတဲ့ ပြောင်းဖူးပြုတ်ပူပူလေးတွေထည့်၊ ခေါင်းပေါ်ရွက်လို့ စားကြဦးမလားအော်ပြီး တစ်လမ်းဝင်၊ တစ်လမ်းထွက် တကြော်ကြော်အော်နေတဲ့ ခေါင်းရွက်ဗျပ်ထိုး Mobile ဈေးသည်လေးရဲ့တောင်းထဲက ပြောင်းဖူးပြုတ် လေးတွေကို ကြည့်ပြီး လူတွေရဲ့စိတ်ကို တွေးမိလို့ပါ။

လူတွေရဲ့စိတ်က အကောင်းကြိုက်တတ်တာကို

www.burmeseclassic.com

တွေ့ရတယ်။ ဒါပေမဲ့ အကောင်းကြိုက်တာလား၊ ကြိုက်လို့ကောင်းသွားတာလားဆိုတာကိုတော့ အဲဒီ အကောင်းကြိုက်တတ်တဲ့သူများ စဉ်းစားမိချင်မှ စဉ်းစားမိမှာပါ။ များသောအားဖြင့် ကြိုက်လို့ကောင်းသွားကြတာက ပိုများပါတယ်။ ဥပမာ ဝက်သားကြိုက်သူများက ဟင်းလျာတွေထဲမှာ အကောင်းဆုံးက ဝက်သားဟင်းလို့ ဆိုကြတယ်။ ဒါကြောင့်လည်း အသားမှာဝက်၊ အသီးမှာသရက်၊ အရွက်မှာ လက်ဖက်ဆိုပြီး ပြောနေ၊ ဆိုနေကြတာပေါ့။ ဝက်သားမကြိုက်တဲ့သူတွေကတော့ ဒီလိုပြောဆိုခြင်းမရှိပါဘူး။

လူတွေဟာ ဘယ်လောက်ထိ အကောင်းကြိုက်သလဲဆိုရင် အောက်ဆုံးအဆင့် ပြောင်းဖူးပြုတ်စားချင်တောင်မှ ပြောင်းဖူးပြုတ်ကို ဖိကြည့်၊ ဖြဲကြည့်၊ ဆိတ်ကြည့်တယ်။ ပြီးတော့ အစေ့လေးတွေ အဖူးပြည့်ပါ၊ မပါ ကြည့်တယ်။ နောက်ပြီး ပျော့သလား၊ မာသလားသိရအောင် လက်သည်းနဲ့ထိုးကြည့်တယ်။ ပြောင်းဖူးတစ်ဖူးလုံး မိမိစိတ်ကြိုက် စစ်ဆေးပြီးမှ ဝယ်စားတယ်။

ပြောင်းဖူးဝယ်တဲ့လူတွေက ရောင်းသူရဲ့တောင်းထဲမှာ ပြောင်းဖူးတွေ ဘယ်လောက်များများ အဖူးတိုင်း၊ အဖူးတိုင်းကို ဖြဲကြည့်တတ်ကြတယ်။ ဒီလိုဖြဲကြည့်တာကလည်း ပြောင်းဖူးထဲမှာ ပြောင်းဖူးစေ့ အဖူးပြည့်ပါ၊ မပါ ကြည့်တာပါ။ တချို့ပြောင်းဖူးတွေက အစေ့စုံမပါဘဲ "ဘိုးသကျဲ"(သွားကျဲ)တွေ ဖြစ်နေတတ်တယ်။ ဘိုးသကျဲဆိုတာက အသက်ကြီးတဲ့အဘိုးရဲ့သွားကို ဇရာကရိုက်ချိုးခြင်းခံထားရသလို ဟိုတစ်ချောင်း၊ ဒီတစ်ချောင်း ကျိုးတိုးကျဲတဲဖြစ်နေတာကို ပြောတာပါ။ အဲဒီလို ဘိုးသကျဲ(သွားကျဲ)ပါတဲ့ ပြောင်းဖူးဆို ဝယ်သူက မယူတော့ဘူး။ ဝယ်သူမကြိုက်တော့ ရောင်းသူရဲ့တောင်းထဲမှာ ကျန်နေရော။ ဒီလိုကျန်နေတဲ့ပြောင်းဖူးကို လျှော့ဈေးနဲ့ရောင်းရင်ရောင်း၊ မရောင်းရင် စားပစ်ရတာပဲ။ ဒီလိုရောင်းမထွက်တဲ့ လက်ကျန်ကို စားပစ်လိုက်ခြင်းကို မြန်မာစကားပုံအရ "အိုးသည် အိုးကောင်းမသုံးရ"လို့ ဆိုလိုတယ်။

ပြောင်းဖူးကို ဖိကြည့်တယ်ဆိုတာက ခေါင်းပိုင်း (အရင်း)နဲ့ အမြီးပိုင်း (အဖျား)အထိ ပြောင်းဖူးအစေ့ ပြည့်ပြည့်စုံစုံပါရဲ့လား၊ အခွံ(ပြောင်းဖူးဖက်)ထူပြီး အစေ့မအောင်ဖြစ်နေမလားဆိုတာကို သိရအောင် ဖိကြည့်ကြတာပါ။ နောက်ပြီး ဆိတ်ကြည့်တယ်ဆိုတာက ပြောင်းဖူးစေ့ထဲက ဝတ်ဆံကလေးတွေ ဖြူနေသလား၊ ကျက်အောင်ကော ပြုတ်ရဲ့လား၊ ကျက်ကောကျက်ရဲ့လားဆိုတာကို သိရအောင် ဆိတ်ကြည့်ကြတာပါ။ ပျော့သလား၊ မာသလား သိရအောင် လက်သည်းနဲ့ ထိုးကြည့်တယ်ဆိုတာက ပြောင်းဖူးပြုတ်ဆိုတာ ပျော့နေ၊ အိနေမှ စားကောင်းတာဆိုတော့ အပျော့၊ အမာ သိရအောင် ထိုးကြည့်တာပါ။

လူဟာ မိမိကောင်းတာစားချင်တဲ့စိတ်ကြောင့် ကိုယ်ချင်းစာတရားပျောက်ရခြင်းဖြစ်တယ်။ "ကိုယ်ချင်းစာတရား"ဆိုတာက မိမိကောင်းတာစားချင်ရင် တစ်ပါးသူလည်း မိမိလိုပဲ ကောင်းတာစားချင်မှာပဲဆိုတဲ့စိတ်ကိုပြောတာပါ။ ဒီလို ကိုယ်ချင်းစာတရား ပျောက်ပြီဆိုရင် မေတ္တာတရားပါ ပျောက်တော့တာပဲ။ လူမှာ မေတ္တာတရားပျောက်ပြီဆိုရင် အဲဒီလူရဲ့စိတ်ဟာ ပူလောင်နေတတ်တယ်။ စိတ်ပူလောင်နေရင် မိမိကိုယ်ကို အေးချမ်းမှုမရှိသလို တစ်ပါးသူကိုလည်း အေးချမ်းမှုရအောင် စွမ်းဆောင်မှုမပေးနိုင်တော့ဘူး။

မိမိရဲ့စိတ်ကို အေးချမ်းစေချင်ရင် ကိုယ်ချင်းစာတရား များများမွေးပါ။ ကိုယ်ချင်းစာတရားရဲ့နောက်မှာ မေတ္တာတရားဆိုတာ သူ့အလိုလို ပါပြီးသားပါ။ လူမှာ မေတ္တာတရားရှိနေရင် မိမိကိုယ်မိမိ အေးချမ်းမှုရသလို မိမိရဲ့မေတ္တာကြောင့် မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်း၊ မိတ်ဆွေအပေါင်းအသင်း၊ ပတ်ဝန်းကျင် အရာ

www.burmeseclassic.com



အားလုံးလည်း အေးချမ်းမှုရကြပါတယ်။ ဒါကြောင့်မို့ မေတ္တာတရားထားကြပါ။ ထားနိုင်တဲ့စိတ်ရှိအောင် လည်း ကြိုးစားကြပါ။

မေတ္တာတရားဟာ အရာရာကို အောင်နိုင်ပါတယ်။ မိမိက တစ်ပါးသူအား မေတ္တာထားရင် တစ်ပါးသူက လည်း မိမိအပေါ်ကို တုံ့ပြန်မေတ္တာပေးမှာပဲ။ ဒါကို မေတ္တာရောင်ပြန်ဟပ်တယ်လို့ ဆိုလိုတယ်။ မိမိက နူးညံ့ သိမ်မွေ့သောစကားကိုဆိုရင် တစ်ပါးသူကလည်း နူး ညံ့သိမ်မွေ့သောစကားကို ဆိုမှာပဲ။ မိမိက ရုန့်ရင်း ကြမ်းတမ်းသောစကားကိုဆိုရင် တစ်ပါးသူကလည်း ရုန့်ရင်းကြမ်းတမ်းသောစကားကို ဆိုမှာပဲ။ မိမိက တစ် ပါးသူကို ကူညီလျှင် တစ်ပါးသူကလည်း မိမိကို ပြန်ကူညီမှာပဲ။ ဒါဟာ မေတ္တာရဲ့ အသွား အပြန် သဘောပဲ။ မိမိသာ ကောင်းအောင်ကြိုးစားပါ။ မိမိသာ ကောင်းသွားမယ်ဆိုရင် အရာအားလုံးဟာ ကောင်း ပြီးသားပါ။

လူဟာ ပတ်ဝန်းကျင်ရဲ့အကျင့်စရိုက်ကိုလိုက်၍ လည်း မိမိရဲ့စိတ်ဟာလည်း မိမိရဲ့ပတ်ဝန်းကျင်ကိုလိုက် ၍ ပြောင်းလဲသွားနိုင်ပါတယ်။ ဒါကြောင့် ပတ်ဝန်း ကျင်ကောင်းလိုသလို မိမိဟာလည်း ပတ်ဝန်းကျင်ကို အရင်ဦးဆုံး ကောင်းပေးဖို့လိုပါတယ်။ ကောင်းပေး ဖို့လိုတယ် ဆိုတာက လူဟာ မိမိကသာ တစ်ပါးသူကို အရင်ဦးဆုံးကောင်းပေးဖို့ ခဲယဉ်းကြတာ။ တစ်ပါးသူ က မိမိအပေါ်ကို ကောင်းတဲ့သူနဲ့ပဲ တွေ့ချင်နေကြ တာ။ ဒါဟာလည်း လူ့သဘာဝပဲလေ။

မိမိက ဘယ်လိုကောင်းအောင်နေမလဲဆိုရင် တော့ အဓိကအချက်က ကိုယ်ချင်းစာတရားမွေးပါ။ ဘယ်လိုကိုယ်ချင်းစာတရားမွေးရမလဲဆိုတော့ မိမိစိတ် က ကောင်းတာစားချင်တယ်ဆိုရင် တစ်ပါးသူလည်း မိမိလိုပဲ ကောင်းတာစားချင်မှာပဲဆိုတဲ့စိတ်၊ ဒီစိတ် လေး မွေးမယ်ဆိုရင် ရှေ့ပိုင်းက ပြောခဲ့သလိုပါပဲ။

ပြောင်းဖူးပြုတ်ဝယ်စားတဲ့အခါ
ပြောင်းဖူးပြုတ်ကို
လက်နဲ့ဖြဲကြည့်၊ ဖိကြည့်၊
ဆိတ်ကြည့်တာတွေ ဟာ
မိမိသာကောင်းကောင်းစားချင်တဲ့စိတ်ကြောင့်
ဒီလိုလုပ်တာပါ။
ဒါဟာ ကောင်းတဲ့စိတ်တော့ ......

ပြောင်းဖူးပြုတ်ဝယ်စားရင် ပြောင်းဖူးကို လက်နဲ့ဖြဲ ကြည့်၊ ဖိကြည့်၊ ဆိတ်ကြည့်တာတွေ မလုပ်ဖို့တော့ လိုပါလိမ့်မယ်။

ပြောင်းဖူးပြုတ်ဝယ်စားတဲ့အခါ ပြောင်းဖူးပြုတ် ကို လက်နဲ့ဖြဲကြည့်၊ ဖိကြည့်၊ ဆိတ်ကြည့်တာတွေ ဟာ မိမိသာ ကောင်းကောင်းစားချင်တဲ့စိတ်ကြောင့် ဒီလိုလုပ်တာပါ။ ဒါဟာ ကောင်းတဲ့စိတ်တော့မဟုတ် ဘူးပေါ့။ ဘာကြောင့်လဲဆိုတော့ မိမိက အရင်ဦးဆုံး ကောင်းတာရွေးယူလိုက်တော့ နောက်လူတွေအတွက် မကောင်းတာပဲကျန်မှာပေါ့။ ဒီတော့ နောက်လူ မကောင်းတာပဲစားဆိုတဲ့သဘော သက်ရောက်နေ တယ်။ ဒါလည်းမကောင်းဘူး။ ဘာပဲဖြစ်ဖြစ် မျှမျှတတ ဖြစ်အောင်တော့ လုပ်ရမယ်။ မျှမျှတတဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတော့ ပြောင်းဖူးပြုတ်ဝယ်စားတဲ့ အခါ တောင်းထဲမှာ ပြောင်းဖူးပြုတ်တွေ ဘယ်လောက် များများရှိနေပါစေ မိမိစားလိုတဲ့ ပြောင်းဖူးပြုတ်ကို လက်နဲ့ဖြဲကြည့်၊ ဖိကြည့်၊ ဆိတ်ကြည့်ခြင်း မလုပ်မိပါ စေနဲ့။ လုပ်နေကျမို့ အကျင့်ပါနေရင်လည်း ဖြည်းဖြည်း ချင်း ပြင်ယူပါ။ ဈေးသည်ကိုယ်တိုင်က လက်ကျင်ပါ နေလို့ ဖြဲကြည့်၊ ဖိကြည့်၊ ဆိတ်ကြည့်ပြီးပေးရင် လည်း ဒီလိုလုပ်မပေးဖို့ ဈေးသည်ကို သတိပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



...တိပေးခြင်းအားဖြင့် မိမိလည်း လိပ်ပြာ(စိတ်)...တယ်။ နောက်ပြီး ရှေ့လူ၊ နောက်လူအတွက် ... အားလုံးမျှတမှုရှိတယ်။

...ရယ်လို့ဖြစ်လာရင် ကိုယ်ချင်းစာစိတ်၊ မေတ္တာ...မှုတတဲ့စိတ် မွေးရမယ်။ ဘာပဲလုပ်လုပ် တုံး...ကိုက်၊ ကျားကိုက်ကိုက်ဆိုတဲ့စိတ် မလုပ်မိပါစေ ...ယ်ပိုင်ဉာဏ်နဲ့ စဉ်းစားချင့်ချိန်ပြီးမှ လုပ်ချင်တာ ... လုပ်သင့်တဲ့အလုပ်ကို ဦးစားပေးလုပ်ပါ။ လူ ... အသိဉာဏ်အရှိဆုံးမို့ မိမိကောင်းတာလုပ်တာ ... မိမိသိတယ်၊ မိမိမကောင်းတာလုပ်တာလည်း ...တယ်။ ဒီတော့ မိမိလုပ်နေတဲ့အလုပ်က ကောင်း...လုပ်လား၊ မကောင်းတဲ့အလုပ်လားဆိုတာကို ည...ခင်ချိန်တိုင်း နဖူးပေါ် လက်နှစ်ဖက်စလုံးတင် ...လေးနက်နက် တွေးခေါ်စဉ်းစားပါ။

...ဆိုတာ အမြဲတမ်းစဉ်းစားနေရမယ်။ စဉ်းစား...တာ မစဉ်းစားတဲ့လူထက်စာရင် အစစအရာရာ ...ပြီးသားပါ။ ဒါကြောင့် ဘာပဲလုပ်လုပ် စဉ်း...လုပ်ပါ။ စဉ်းစားပြီးလုပ်တော့ ဘာလုပ်လုပ် ...ည်းတာပေါ့။ အမှားနည်းတော့ အမှန်များတာ ... အမှန်များတော့ စိတ်ရှင်း၊ စိတ်ကြည်လင်တာ ... အဓိက,က လူမှာ စိတ်ရှင်း၊ စိတ်ကြည်လင်ဖို့ ...ယ်၊ စိတ်ရှင်း၊ စိတ်ကြည်လင်တော့ ရုပ်ပါကြည် ...တယ်။ ရုပ်ကြည်တော့ ကိုယ်နုတယ်။ ကိုယ် ... ရောဂါဘယကင်းတယ်။ ရောဂါဘယကင်း ... အသက်ရှည်တယ်။ အသက်ရှည်တော့ မိမိ ...င်တဲ့အလုပ်ကို ဆုံးခန်းတိုင်အောင် လုပ်နိုင် ...။

...မိအသက်ရှင်ချင်ရင် အမှားနည်းအောင်နေရ ... အမှားနည်းအောင် ဘယ်လိုနေရမလဲဆိုတော့ ... ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေကို ကင်းနိုင်သမျှ ကင်းအောင်နေရမယ်။ လူ့ရဲ့စိတ်က ပင်ကိုသဘာဝအားဖြင့် ရိုးသားဖြောင့်မတ်ဖြူစင်ပါတယ်။ ဒီရိုးသားဖြောင့်မတ်ဖြူစင်တဲ့စိတ်ကို အရောင်ဆိုးတာက ဘာတွေလဲဆိုတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့အရာတွေဖြစ်တယ်။ ဒီအရာတွေက ဘယ်ကရောက်လာလဲဆိုတော့ အကုသိုလ်စိတ်ကြောင့်ဖြစ် ပါတယ်။ အကုသိုလ်စိတ်ကင်းအောင် ဘယ်လိုနေမလဲဆိုတော့ အတ္တစိတ်ကို ဖျောက်ရမယ်။ လူတွေဟာ ဒီအတ္တစိတ်ကြောင့် အေးချမ်းမှုမရကြတာ။ ဒီတော့ အေးချမ်းမှုရချင်ရင် ဒီအတ္တစိတ်ကို ပယ်ရမယ်။

အတ္တစိတ်ဆိုတာ အင်မတန်ကြောက်စရာကောင်း ပါတယ်။ အတ္တစိတ်ကြီးစိုးနေ တဲ့လူဟာ ဘာလုပ်လုပ် မိမိဖြစ်ချင်တာပဲ ဦးစားပေးလုပ်တယ်။ တစ်ပါးသူဘာဖြစ်ဖြစ် သူဂရုမစိုက်ဘူး။ သူဂရုစိုက်တာ သူလုပ်တဲ့ အလုပ်ပြီးစီးအောင်မြင်ဖို့ပဲ။ ကျန်တာ သူ့ခေါင်းထဲမထည့်ဘူး။ ဘယ်သူဘာဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ် သူ့အလုပ်မဟုတ်ဘူး။ သူ့အလုပ်က သူကြီးပွားချမ်းသာရေးပဲ။

ဒါကြောင့် ဒီအတ္တစိတ်ကို ဖျောက်ရမယ်။ အတ္တစိတ်ပျောက်ပြီဆိုရင် ကိုယ်ချင်းစာတတ်တဲ့စိတ် ပေါ်လာလိမ့်မယ်။ ဒီလို ကိုယ်ချင်းစာစိတ် ပေါ်လာရင် ပြောင်းဖူးပြုတ်ဝယ်စားတဲ့အခါ လက်နဲ့ဖြုံကြည့်၊ ဖိကြည့်၊ ဆိတ်ကြည့်မှာမဟုတ်တော့ဘူး။ ဒီလိုမလုပ်တဲ့အတွက်ကြောင့် မိမိသာကောင်းကောင်းစားချင်တယ်ဆိုတဲ့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အတ္တစိတ်တွေ ကင်းသွားပြီး မိမိရဲ့စိတ်ဟာ အေးချမ်းလာပါလိမ့်မယ်။

**ကိုညွန့်အောင် (ရွှေပန်းထိမ်)**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# နွေဦးလေနှင့်အတူ

ထက်ထက်ဦးဝေ
(အခန်းဆက်ဝတ္ထုရှည်)

"မဥ္ဇူ.....ကိုယ့်အစ်မနဲ့ ဝိုင်းထုပ်ပါလား၊ ဒါမှ အချက်အပြုတ်တတ်မှာ၊ မိန်းကလေးဆိုတာ အမင်းဟင်း ချက်တတ်ရတယ်အေ့"

စာမေးပွဲကြီး နီးလုပြီမို့ စာနှင့်မျက်နှာမခွာဘဲ စာကြည့်နေသည်ကို ကြီးကြီးကမသိ။ အခန်းထဲဝင်လာပြီး ဆူတော့သည်။

"စာမေးပွဲက သုံးလပဲလိုတော့တာ ကြီးကြီးရဲ့"

"အမယ်လေးအေ.....ကျုပ်သမီး ဆယ်တန်းဖြေတုန်းကလည်း ရှေ့တန်းသီးထောင်းပြီး တစ်ဖက်က စာကြည့်လာတာပဲ၊ ညည်းကျမှ ပိုရှုန်ကော"

ကြီးကြီးကို မကျေနပ်သော်လည်း မှုန်ကုပ်ကုပ်ဖြင့် ထွက်လာရ၏။ ကျွန်မက မမခိုင်နှင့် ကိုကိုကျော်တို့လောက် မှတ်ဉာဏ်ကောင်းသူမဟုတ်၍ စာကိုပိုကြိုးစားနေရသည်ကို ကြီးကြီးက သိမည်မဟုတ်ခဲ့ပေ။

"မမခိုင်..မဥ္ဇူ ဘာလုပ်ပေးရမလဲဟင်"

"မုန်လာရွက်လေးတွေ ခြွေပေး၊ ပြီးရင် ရေသန့်သန့်နဲ့ဆေး၊ သဲပါတတ်တယ်နော်"

"ဟုတ်"

မုန်လာပင်ပေါက်လေးများကို ယူပြီး ထိုင်ခြွေနေစဉ် ကြီးကြီး



ရောက်လာပြန်သည်။

"ဟဲ့.....အမြစ်ကိုဖယ်ပြီး ဒီအတိုင်းထည့်နေရသလားအေ့၊ အရိုးနဲ့အရွက်ကို ဆိတ်လေ၊ ဒါမှ အဆင်သင့်စားလို့ရမှာပေါ့၊ မိန်းမပျင်း လုပ်နေပြန်ပါပြီ"

မမခိုင်က ကျွန်မကို နမူနာခြွေပြပေး၏။ သည်တော့မှ မမခိုင်၏နည်းအတိုင်း ခြွေပြရာ ကျေနပ်သွားတော့သည်။

"အင်း.....စာမေးပွဲပြီးရင်တော့ သမီးတို့နှစ်ယောက်ကို အလှည့်ကျ မီးဖိုချောင်ဝင်ခိုင်းရမယ်၊ အချက်အပြုတ်ဆိုတာ ကိုယ်တိုင်လုပ်မှ တတ်ကျွမ်းတာ၊ မဥ္ဇူက စကောစကအရွယ်ဖြစ်နေတော့ ကိုယ့်အစ်မလုပ်တာ ကြည့်ထား၊ ကျုပ်တို့တုန်းကလည်း ဘယ်သူမှ သင်မပေးဘူး၊ ကြည့်ရင်းနဲ့ တတ်သွားတာပဲ"

စိတ်ညစ်သွားရလေပြီ။ ကျွန်မက အချက်အပြုတ်ကို အလျှော်အဖွပ်လောက် စိတ်ဝင်

www.burmeseclassic.com



စားခြင်းမရှိခဲ့ပေ။ မမခိုင်သည် ကြီးကြီးသမီးပီသပါပေသည်။ ဟင်းများသည် အစပ်အဟပ်တည့်၍စားကောင်းအောင် ချက်ခဲ့သည်ချည်းပင်။

ယခုလည်း မမခိုင်ချက်သည့် မုန့်လာချဉ်ရည်ဟင်းလေးသည် မွှေးရနံ့ဖြင့် ဗိုက်ပင်ဆာလောင်လာလေပြီ။ မမခိုင်သည် အဆင်းရော၊ အချင်းပါ ပြည့်စုံသူပင်တည်း။

တကယ်ဆို မမခိုင်သည် ကျွန်မ၏ Crazy တစ်ဦးပါ။ အချိန်ရတိုင်းလည်း ဘာသာစကားစွမ်းရည်လေးရပ်ဖြစ်သည့် Reading, writing,Speaking,Listening ကို ကျွမ်းကျင်ပိုင်နိုင်စေရန် သင်ပေးရှာသေးသည်။ သူကိုယ်တိုင်လည်း နိုင်ငံတကာဘာသာစကားများကို စိတ်ဝင်စားခဲ့သူပါ။ ထို့ကြောင့် English နှင့်ဘွဲ့ရပြီး မဟာဆက်တက်နေရာမှ U.F.L တွင် နည်းပြတစ်ဦးဖြစ်ခဲ့ရသည်။ အသက်ငယ်ငယ်၊ အချိန်တိုအတွင်း လေးစားလောက်သည့် မမခိုင်ကို ကျွန်မအားကျနေရပါပြီ။

မိန်းမသားတစ်ဦး၏ အုပ်ထိန်းမှုအောက်တွင် မမခိုင်၊ ကိုကိုကျော်နှင့် ကျွန်မပါ ပုံစံတကျ တည်ရှိခဲ့သည့်အတွက် ကြီးကြီး၏အရည်အချင်းသည် မိခင်တိုင်း စံထားလောက်ပါသည်။ မမခိုင်၏ လှုပ်



ရှားမှုများကို ငေးကြည့်နေသည့် ကျွန်မအား မမခိုင်က ငဲ့စောင်းကြည့်ပြီး.....

"ဟိတ်.....ဘာတွေတွေးနေတာလဲ၊ ပြောစမ်း"

"ဩော်..မမခိုင်လို အဘက်ဘက်က ပြည့်စုံချင်လိုက်တာနော်"

"အဲဒါ မေမေ့ကျေးဇူးပေါ့ကွယ်၊ မမခိုင်လည်း ငယ်ငယ်က မဍ္ဍူလိုပဲ မေမေ့ကိုကြည့်ပြီး အားကျခဲ့တာ၊ ဘယ်ပညာမဆို လိုချင်စိတ်ရှိရင် တတ်မြောက်တာပါပဲ၊ စာလောက် ဘာမှမခက်ဘူး"

မမခိုင်သည် စိမ်းစားငါးပိကို မီးကင်ပြီး ငရုတ်သီးစိမ်းကို လှော်ဖဲ့နေ၏။ ကျွန်မက မမခိုင်ချထားသည့် ကြက်သွန်ဖြူကို ခွာပြီး အဆင်သင့်ပြင်ဆင်ပေးထားလိုက်သည်။ မမခိုင်၏လက်ရာ ပုစွန်ငါးပိထောင်းလေးနှင့် ထမင်းမြိန်ဦးမည်ပေါ့။

"မမခိုင်"

"ဘာလဲ မဍ္ဍူ"

မမခိုင်တွင် ချစ်သူမရှိခဲ့ပါ။ ကျွန်မ မေးလျှင် မမခိုင် ကြိုက်ပါ့မလား။ မေးသင့်၊ မမေးသင့် ချင့်ချိန်ရပြန်၏။ ဤသည်ကို မမခိုင်က သဘောပေါက်သည်လားမသိပေ။ ကျွန်မကို မျက်လုံးဝင့်ကြည့်ပြီး...

"မဍ္ဍူက ပညာသင်တုန်းအရွယ်နော်၊ တခြားတွေ လျှောက်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်ပြပြီးနောက်
မမခိုင်က စကားကိုပြန်ဆက်လိုက်၏။
မီမီကျော်မှာ သွက်လက်ချစ်စရာ ကောင်းသော
ကပြားစပ် မြန်မာမ လေးတစ်ဦးဖြစ်လေသည်။
ဖခင်က မြန်မာ၊ မိခင်က......

တွေးနဲ့၊ ပညာသင်ချိန်မှာ စိတ်အစားတတ်ရင် ကိုယ့်ရည်ရွယ်ချက်တွေ ပျောက်ကုန်ရော၊ မမခိုင်တော့ ဘာမဟုတ်တဲ့ကိစ္စလေးကြောင့် ကိုယ့်ရည်ရွယ်ချက်ကို ဘယ်တော့မှ အပျက်စီးမခံနိုင်ဘူး၊ အချစ်ဆိုတာ ပူလောင်ခြင်း မီးတောက်မီးလျှံတစ်မျိုးပဲ၊ မထိန်းနိုင်ရင် ကိုယ့်ကို ပြန်လည်လောင်မြိုက်တတ်တာမျိုးပါ၊ အချစ်ကြောင့် ပူဆွေးနေ့သောကတွေ၊ စိတ်မချမ်းသာစရာတွေ ခံစားတတ်ကြရတယ်တဲ့၊ အချစ်ကို မစဉ်းစားတာပဲကောင်းပါတယ်ကွယ်၊ အချစ်မရှိတော့ သောကမရှိဘူးပေါ့"

သည်ပုံအတိုင်းဆိုလျှင် မမခိုင်သည် တစ်သက်လုံး အပျိုကြီး လုပ်သွားမည်လားမသိတော့။

"ဒါဆိုကြီးကြီးက အိမ်ထောင်ပြုဖို့ တိုက်တွန်းရင်ရော"

မပွင့်တပွင့်လေးရယ်ပြီး ကျွန်မအနီးတွင် ဝင်ထိုင်၏။ မမခိုင်သည် အချစ်နှင့်ပတ်သက်ပြီး ကျွန်မအား ရင်ဖွင့်ပြောပြချင်ပုံရပါသည်။ ပြီးတော့ ကျွန်မကိုလည်း ပညာပေးဟုသုတ အသိအမြင်မှန်ကန်စွာ တွေးတောကြည့်တတ်စေခြင်းမျိုးလည်း ပါပေလိမ့်မည်။

"မေမေလား အိမ်ထောင်ပြုဖို့တိုက်တွန်းမှာ၊ မမခိုင်ကလည်း မေမေက လက်ထပ်ပေးရင်တောင် ငြင်းမယ့်သူပါကွယ်၊ ဘာကြောင့်လဲဆိုတော့ မမခိုင်သူငယ်ချင်း မီမီကျော်ကို သိတယ်မဟုတ်လား"

"ကားကိုကိုယ်တိုင်မောင်းပြီး အိမ်လာတဲ့ မမချောချောလေးကိုလား"

ခေါင်းညိတ်ပြပြီးနောက် မမခိုင်က စကားကိုပြန်ဆက်လိုက်၏။ မီမီကျော်မှာ သွက်လက်ချစ်စရာကောင်းသော ကပြားစပ် မြန်မာမလေးတစ်ဦးဖြစ်လေသည်။ ဖခင်က မြန်မာ၊ မိခင်က နိုင်ငံခြားသူဟု မမခိုင် ပြောဖူး၏။ ပြီးတော့ ငယ်ချစ်ဦးရှိသည်ဟုလည်း အိမ်လာစဉ်က မမခိုင်နှင့်အတူ ပြောနေကြသော စကားများအရ ကျွန်မ သိခဲ့ရပါ၏။

"မီဟာ နိုင်ငံခြားမှာ မိဘဆွေမျိုးတွေ ရှိနေပါလျက်နဲ့ မြန်မာပြည်က မခွာရက်လို့ သူ့ကို အားလုံးက မျိုးချစ်စိတ်ရှိလို့ပဲထင်ပြီး လေးစားဂုဏ်ယူနေကြတာ၊ တကယ်တော့ မီ့ရင်ထဲမှာရှိတဲ့ အချစ်စိတ်ကြောင့် UK မှာရှိတဲ့ ဆွေမျိုးတွေရဲ့ အကြိမ်ကြိမ်ခေါ်တာကို ငြင်းပယ်ပြီး ချစ်သူကိုနိုင်မင်းနဲ့ လက်ထပ်ဖို့အထိ ဆုံးဖြတ်ခဲ့တယ်၊ ကိုနိုင်မင်းသာ သူ့ဘဝ၊ သူ့ကမ္ဘာပေါ့၊ ဒါကို မီ့ဘက်က အသိုင်းအဝိုင်းတွေက သဘောမတူကြဘူး"

"ဘာဖြစ်လို့လဲဟင်"

ကျွန်မက စိတ်ဝင်တစားမေးလိုက်မိ၏။

"ကိုဝေမင်းဆိုတာက မီတို့အိမ်က ဒရိုင်ဘာရဲ့သားလေ၊ သားရေပေါ်အိပ်၊ သားရေနားစားသူဆိုပြီး အလုပ်ကထုတ်ပစ်လိုက်တာပေါ့ကွယ်၊ မီနဲ့က ငယ်စဉ်ကတည်း

www.burmeseclassic.com



က စားအတူ၊ သွားအတူနဲ့ သံယောဇဉ်တွယ်လာခဲ့ရတဲ့ ငယ်ချစ်ဆိုရင်လည်း မမှားပါဘူး။ အဲဒီတော့ ဒုက္ခရောက်သွားတဲ့ ချစ်သူရဲ့မိသားစုကို မီက သူ့ကြောင့်ဆိုပြီး ထောက်ပံ့ပေးကမ်းခဲ့တာပေါ့၊ နည်းနည်းပါးပါးမဟုတ်ဘူးနော်၊ အိမ်တောင်ဝယ်ပေးပြီး အလုပ်ပါကုမ္ပဏီတစ်ခုမှာ သွင်းပေးခဲ့တာ၊ ဒါလည်း ချစ်သူတစ်ယောက်တည်းတင် မဟုတ်ပါဘူး။ ချစ်သူရဲ့ မိသားစုအသိုင်းအဝိုင်းပါ ကြည့်ရှုခဲ့တာပါ''

မမခိုင်သည် ကျွန်မကိုကျော်ပြီး တခြားကိုကြည့်ကာ ပင့်သက်တစ်ခုကိုအသာအယာချ၏။ စကားပြတ်သွားစဉ် ကျွန်မက ဝင်ပြောမိသည်။

''မမမီမီကျော်က ချစ်သူအပေါ် သိပ်ချစ်တာပဲနော်''

ထိုစကားကြောင့် မမခိုင်၏ မပွင့်တပွင့်ရယ်သံနှင့်အတူ.....

''အချစ်ဆိုတာ ချစ်တတ်သူသာ အပင်ပန်းဆုံးပါ ညီမရယ်၊ ကိုယ်ချစ်တတ်သလို ဖြစ်မလာရင် မီမီကျော် ဘယ်လောက်ခံစားရမလဲ၊ ညီမလေး စဉ်းစားကြည့်လေ''

မမခိုင်၏အမေးကို ကျွန်မ မဖြေတတ်ပေ။ ထို့ကြောင့် ပြောလာမည့်စကားကိုသာ နားထောင်နေလိုက်သည်။

''ကိုနိုင်မင်းဟာ မီ့ကွယ်ရာမှာ မိန်းကလေးတစ်ယောက်နဲ့ ဖောက်ပြန်တယ်လေ''

''ဟယ်.....ကျေးဇူးကိုမှ မထောက်၊ လူမဆန်လိုက်တာ''

ခံပြင်းစိတ်ဖြင့် စကားထွက်သွားမိ၏။

''ဒါတင်ဘယ်ကမလဲ ညီမရယ်၊ ခွင့်လွှတ်စိတ်ရှိတဲ့ ချစ်သူအပေါ် ညှာတာထောက်ထားမှုမရှိဘဲ လက်ထပ်မယ့်ဆဲဆဲမှာ အိမ်ထောင်ရှိ မိန်းမတစ်ယောက်နဲ့ အိမ်တစ်အိမ်မှာ ချိန်းတွေ့တာ၊ လင်ကြီးမိပြီး မယားခိုးမှုနဲ့ အဖမ်းခံခဲ့ရသေးတယ်၊ ဒီကိစ္စလည်း မီပဲလိုက်ဖြေရှင်းပေးခဲ့ရတာပေါ့ကွယ်''

''ဩော်....မမမီမီကျော်ဘဝက သနားစရာပါလား၊ ပြီးတော့ ရှက်စရာလည်းကောင်းတယ်၊ မဒ္ဒ တောင် ကြောက်လာပြီ''

''ဒါကြောင့် ယောကျ်ားတွေ သစ္စာမဲ့တတ်ရင် ကြောက်စရာကောင်းလွန်းလို့ မမခိုင်တော့ ဘယ်ယောကျ်ားနဲ့မှ မျက်လုံးချင်းဆုံအောင် မကြည့်ခဲ့တာပေါ့၊ ချစ်ခြင်းအစ မျက်စိကလို့ ဆိုထားကြတယ်မဟုတ်လား''

မမခိုင်၏ နိဂုံးချုပ်စကားလေးကြောင့် ကျွန်မလည်း သိလိုစိတ်ကို ဖွင့်မေးမိ၏။

''ပြီးတော့ သူတို့ဘာဆက်ဖြစ်ကြသေးလဲဟင်''

''အချစ်စိတ်ဆိုတာ မှိုင်းကြပ်ခိုးနဲ့တူတယ်လို့ ဆိုကြတယ်လေ၊ အချိန်ကြာလာတာနဲ့အမျှ ကြပ်ခိုးတွေအထပ်ထပ်နဲ့ များပြားလာတတ်ကြတယ်၊ အိမ်တစ်အိမ်မှာ





www.burmeseclassic.com

www.burmeseclassic.com





ကြပ်ခိုးတွေရှိနေရင် မြင်မကောင်းလောက်အောင် အရုပ်ဆိုးလွန်းလှပါတယ်ကွယ်၊ ဒါကိုဖယ်ရှားရှင်းလင်းပစ်ဖို့ အသိတရားရှိမှ အဲဒီအိမ်ဟာ သန့်ရှင်းစင်ကြယ်လာရမှာပဲပေါ့၊ ဒီသဘောအတိုင်းပဲလေ၊ မီဟာ ကိုနိုင်မင်းရဲ့ သစ္စာမဲ့မှုကြောင့် အသိတရားရသွားပြီး မြန်မာပြည်ကနေ အပြီးအပိုင်ထွက်ခွာသွားခဲ့တာပေါ့၊ ဟိုတစ်ခါလာတာ မမခိုင်ဆီ မီနောက်ဆုံးလာခြင်းပါပဲကွယ်''

မီမီကျော်၏အဆုံးအဖြတ်ကို မှန်ကန်သည်ဟု ပြောလိုသော်လည်း တိုင်းပြည်အတွက် နစ်နာစရာဟု တွေးမိသည်။ ကျွန်မထင်မြင်မိသလို မမခိုင်လည်း တွေးနေမည်လားမသိ။ မမခိုင်၏အကြည့်သည် တစ်နေရာတည်းတွင် စူးစိုက်နေလေသည်။

''မီဟာ ဆရာကောင်းတစ်ယောက်ပါ၊ ဒီလိုဆရာမျိုး အဆုံးရှုံးခံရတာ နှမြောဖို့သိပ်ကောင်းတာပေါ့၊ အစက မမခိုင်အထင်မှာ မီ့ကို အချစ်စိတ်ကြောင့် မျိုးချစ်စိတ်မရှိဘူးခဲ့ဘူးလို့ ယူဆခဲ့တာ မှားသွားတယ် ညီမရယ်၊ မီ့မှာ မျိုးချစ်စိတ်ကို အပြည့်ရှိခဲ့တယ်၊ မီ့ဖခင်ခေါင်းချသွားတဲ့ မြန်မာပြည်ကြီးကို သူချစ်တယ်တဲ့၊ မာမီနဲ့ဆန့်ကျင်ပြီး UK ကို လိုက်မသွားခဲ့တာ သူ့မှာ မျိုးချစ်စိတ်ရှိနေလို့ပါတဲ့၊ ခုတော့ မြန်မာပြည်ကြီးကနေ အပြီးအပိုင် ခွဲခွာရတော့မယ်ဆိုပြီး လေဆိပ်မှာ မီငိုခဲ့တယ်၊ ဝမ်းနည်းနေခဲ့တာ ခုချိန်ထိ မမခိုင် မြင်ယောင်နေတုန်းပါပဲ၊ မီ UK ကိုထွက်သွားတာ ကိုနိုင်မင်း မသိခဲ့ဘူး၊ တိတ်တဆိတ်ထွက်သွားခဲ့တာပါ၊ သဘောက နာကြည်း၊ စိတ်နာသွားပြီး ယုံကျုံးမရစိတ်နဲ့ ခြေရာကို အပြီးဖျောက်သွားတာ၊ မီထွက်သွားပြီး မကြာခင်မှာ ကိုနိုင်မင်းတစ်ယောက် မမခိုင်ဆီကို လာမေးရှာတယ်၊ ပြီးတော့ နောင်တ,တပွေ့တပိုက်နဲ့ အလွမ်းသမားကြီး ဖြစ်ကျန်ခဲ့ရပြီလေ၊ ဒါဟာ အချစ်မှာ သစ္စာမရှိခဲ့လို့ အချစ်က သူ့ကိုပြန်လည်ဒဏ်ခတ်ခြင်းကို ခံရတာပါပဲကွယ်''

မမခိုင်ထံမှ ယောကျ်ားတစ်ယောက် သစ္စာမဲ့ခြင်းအကြောင်းကို သိရပြီးနောက် ထမင်းစားရန် ကြီးကြီးဝင်လာ၍ စကားကို ရပ်လိုက်ကြရ၏။ ကြီးကြီး၏နောက်တွင် ကိုကိုကျော်လည်း လိုက်ပါလာသည်။

''ဟုတ်ပါရဲ့၊ ထမင်းစားချိန်တောင် ရောက်လာပြီပဲ၊ မြန်မြန်လုပ် မဥ္ဇူ''

''ဟုတ်ကဲ့''

♛♛♛♛♛

ဆယ်တန်းအောင်မြင်သည့်နေ့တွင် ပြုံးနေသော ကြီးကြီး၏မျက်နှာလေးမှာ လပြည့်ည၏ အစွမ်းကုန်တောက်ပလွန်းနေသော လမင်းကြီးပမာ ကျွန်မအတွက် အေးမြသည့်မေတ္တာမျိုးကို ပေးစွမ်းနေသည်။

နံနက်မိုးမလင်းခင်ကတည်းက ကိုကိုကျော်မှာ ဝမ်းသာ၍ အော်လာရာ၏။ ကျွန်မ ကြိုးစားရကျိုး



www.burmeseclassic.com

www.burmeseclassic.com



နပ်ခဲ့လေပြီ။

"မမခိုင် မဥ္စူ လှေကားတစ်ထစ်တော့ ကျော်နိုင်ခဲ့ပါပြီ"

"အင်းပေါ့၊ အောင်မြင်မှုဘဝလှေကားထစ်တွေကို တစ်ထစ်ပြီးတစ်ထစ် ကျော်နိုင်အောင် ကြိုးစားရမှာပေါ့၊ ဖွဲတော့လိုတယ်နော်"

"စိတ်ချ မမခိုင်၊ မဥ္စူမှာ ဖွဲ သတ္တိ အားမာန်တွေ အပြည့်ရှိနေပါတယ်"

ကတိတွေပေးနေသည့်ကျွန်မ။ ကိုယ့်အောင်မြင်မှုကြောင့် ဝမ်းသာပီတိဖြစ်နေမိသည်မှာ အောင်မြင်မှုကို ပိုင်ဆိုင်နေကြသူများ၏ ခံစားမှုတစ်ခုပါပဲ။

"မဥ္စူဆယ်တန်းအောင်သွားပြီဆိုတော့ ကြီးကြီးရဲ့တာဝန်တစ်ခုပြီးဆုံးသွားရသလိုပါပဲကွယ်၊ ဒါပေမဲ့ လွတ်လပ်ခွင့်ပေးသေးတာမဟုတ်ဘူးနော်၊ ကြီးကြီးဘက်က မဥ္စူရဲ့ဆန္ဒကို ဦးစားပေးနေတာ၊ ဒီတော့ ကိုယ့်ဘဝကိုယ်ဆက်လျှောက်နိုင်အောင် သမီးလိုချင်တဲ့ ဘာသာကိုယူ၊ Day ပဲတက်တက်၊ Distance ပဲတက်တက် ကြီးကြီးခွင့်ပြုတယ်"

ကြီးကြီး၏စကားကို ကျွန်မနားလည်သည်။ လူဆိုတာ ကိုယ်လျှောက်ရမည့်လမ်းကို ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်တတ်ရမည်ပေါ့။ ကြီးကြီးဖြစ်စေချင်သောလမ်းကို ကျွန်မဘာသာ ဆက်လျှောက်တတ်ရပါမည်။ ကျွန်မအဖြေကို သိချင်နေသော ကြီးကြီးအား ရဲဝံ့စွာပြောပြမိပါ၏။

"အဝေးသင်ပဲတက်ချင်ပါတယ် ကြီးကြီး၊ ပြီးရင် ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်လုပ်ပြီး ကြီးကြီးကို လုပ်ကျွေးချင်သေးတယ်"

ရင်ထဲရှိသည့်အတိုင်း ပြောမိသော်လည်း ကြီးကြီးက ချမ်းမြေ့သော အပြုံးချိုနှင့်အတူ.....

"သမီးရဲ့ဆန္ဒကို ကြီးကြီး သဘောကျပါတယ်၊ ဒါပေမဲ့ ကြီးကြီးကို လုပ်ကျွေးချင်လို့ အဝေးသင်တက်ပြီး အလုပ်လုပ်ရတယ်ဆိုတာမျိုး မဖြစ်စေချင်ဘူးကွယ်"

"မဟုတ်ပါဘူး ကြီးကြီးရယ်၊ သမီးရဲ့ဆန္ဒကိုက အလုပ်လုပ်ရင်းကျောင်းတက်ချင်တာပါ၊ ကြီးကြီးရဲ့ကျေးဇူးကို ဆပ်ချင်လို့ပါ"

"အင်းလေ၊ သမီးရဲ့ဆန္ဒကို ကြီးကြီး လိုက်လျောပေးပါတယ်၊ တစ်ခုတော့ ကြိုမှာထားချင်တယ်ကွယ်၊ ဘာလဲဆိုတော့ အတောင်အလက်စုံရင် ကြီးကြီးတို့မိသားစုကိုပစ်ပြီး အဝေးကို ပျံပြေးမသွားပါနဲ့ကွယ်"

ကြီးကြီး၏စကားများသည် ကျွန်မရင်ကို ထိထိခိုက်ခိုက် ခံစားစေခဲ့ရသည်ကိုတော့ မငြင်းနိုင်ပါ။ ကြီးကြီး၏ နှလုံးသားထဲမှာ ကျွန်မအတွက် နေရာလွတ်ရှိနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com





သိမိချိန်၌ ကျွန်မ၏နှလုံးသားထဲတွင်လည်း စူးနစ်လှုပ်ရှားစေရသည်အထိ ခံစားခဲ့ရသည်။ တစ်ချိန်က အဝေးကိုပျံထွက်သွားချင်သည့် ကျွန်မ၏ဆန္ဒတစ်ခုကို ကြီးကြီးသိနေမိ၍များလား။ အပြစ်ရှိသောသူပမာ မျက်လုံးလေးဝိုင်းခနဲဖြစ်သွားသည်ကိုဖြင့် ငြင်းမရနိုင်ပါလား။

"မဥ္ဇူက လိမ္မာပြီးသားပဲ မေမေရယ်၊ ပန်းစံအိမ်ကို ဘယ်တော့မှ ပစ်ပြေးမှာမဟုတ်ပါဘူး"

မမခိုင်၏စကားကိုလည်း ထောက်ခံရမှန်းမသိခဲ့။ ကျွန်မရင်မှာ ဆန္ဒများစွာရှိနေသည်။ အလုပ်လုပ်၊ ကျောင်းမြန်မြန်ပြီး၊ ဘွဲ့ရလျှင် ကျွန်မ၏ နှစ်ပေါင်းများစွာ ခွဲခွာနေရသော မိဘများကို ရှာဖွေမည်။ ကိုယ့်လုပ်အားဖြင့် မိဘကို ကျွေးမွေးပြုစုချင်သေးသည်။ တစ်နေ့နေ့ တွေ့ရမည်ဟု အားခဲထားမိ၏။

"ဒါနဲ့ ယမင်းတစ်ယောက်ကော အောင်ရဲ့လားကွယ်"

ကြီးကြီးမေးမှပင် ကိုကိုကျော့် မျက်နှာကို လှမ်းကြည့်မိကြတော့သည်။ ဟုတ်သားပဲ။ ယမင်းကို ကျွန်မ မေ့နေမိ၏။

"သူ့နာမည်အပြည့်အစုံမှ ကိုကိုကျော် မသိတာ၊ ညီမလေးကလည်း ခုံနံပါတ်ပြောလိုက်လို့လား"

"မဥ္ဇူလည်း ထူပူနေပြီး သတိမရခဲ့ဘူး ကိုကိုကျော်"

"ဒီကလေးမလေးလည်း အောင်ချင်အောင်မှာပါလေ"

ကြီးကြီး၏စကားဆုံးတော့ အိမ်ရှေ့တွင် ကားရပ်သံနှင့်အတူ ဟွန်းသံကြောင့် အိမ်ရှေ့ကြည့်မိကြရာ သဥ္ဇာထက်ရောက်လာသည်ကို တွေ့မြင်ရလေသည်။ အိမ်ပေါက်ဝတွင်ရပ်ပြီး ခရီးဦးကြိုနေသည့် ကျွန်မအား သဥ္ဇာထက်က.....

"တို့နှစ်ယောက်အောင်တယ် မဥ္ဇူ၊ ယမင်းတော့ကျတယ်"

"ဟယ်.....စိတ်မကောင်းလိုက်တာ"

"ယမင်းဆီသွားလို့ ဘယ်ကောင်းပါ့မလဲဟယ်၊ သူ့ကိုတော့ အားပေးချင်သေးတယ်"

ကြီးကြီးသည် သဥ္ဇာထက် အပြောလေးကြောင့် အကြံပေးလာ၏။

"ခုနေတော့ မသွားကြနဲ့ဦးလေ၊ တော်ကြာ သမီးတို့ကိုမြင်ရင် သူ့ကိုယ်သူ ရှက်နေရှာမှာ၊ ဆုံးရှုံးသူတို့ရဲ့ဘဝက အောင်မြင်သူတွေကိုတွေ့လေ ယူကျုံးမရဖြစ်ပြီး ပိုခံစားရလေပဲ သမီးတို့ သွေးအေးတော့မှ သွားတွေ့လိုက်ကြပေါ့"

"ဟုတ်ကဲ့ ကြီးကြီး၊ ဒါကြောင့်မို့ မဥ္ဇူနဲ့လာတိုင်ပင်တာပါ၊ ငြိမ်းတော့ သမီးတို့အိမ်က မဥ္ဇူကိုပါ ခေါ်ပြီး အောင်မြင်မှုအတွက် ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



ပြုတဲ့အနေနဲ့ ဒီနေ့တစ်နေ့လုံးလည်း ခွင့်ပေးထားပါတယ်၊ အဲဒါ မဉ္ဇူကို ခေါ်သွားခွင့်ပြုပါ ကြီးကြီး"

ကြီးကြီးမှာ ရုတ်ခြည်းမျက်နှာပျက်သွားတော့သည်။ ကျွန်မအား မတိုင်ပင်ဘဲ ပြောချလိုက်သည့် သဥ္ဇာထက်သတ္တိကြောင့် အံ့အားသင့်သွားရ၏။ ဘုရား.....ဘုရား။ ကြီးကြီး ခွင့်ပြုမည်မထင်ပေ။

"သမီးတို့က ဘယ်ကိုသွားမယ်လို့ စိတ်ကူးထားလို့လဲ"

"တစ်နေ့လုံးတော့ လျှောက်မသွားပါဘူး ကြီးကြီးရယ်၊ ကုသိုလ်လည်းရအောင် ရွှေတိဂုံကိုသွားမှာပါ၊ ဘုရားဖူးပြီးရင် အိမ်ပြန်ပို့ပေးပါ့မယ်၊ စိတ်ချပါ"

ကြီးကြီးသည် ဆုံးဖြတ်ရခက်သည့်အလား အဖြေကို ချက်ချင်းမပေးသေးပေ။ မမနိုင်က ကြီးကြီးအား ကူပြောပေးရှာသည်။

"ဒီနေ့တစ်နေ့တော့ ခွင့်ပြုလိုက်ပါ မေမေရယ်၊ သူတို့လည်း ပျော်ကြပါစေ"

"အင်းလေ၊ အပျော်တော့ မလွန်စေနဲ့ပေါ့၊ ဘုရားသွားပြီးရင် ပြန်လာနော်၊ ဟဲ...မဉ္ဇူက အဝတ်သွားလဲတော့လေ"

"ဟုတ်ကဲ့ ကြီးကြီး"

ရေချိုးပြီးသားဖြစ်နေ၍ အကျႌနှင့်ထဘီသာ လဲရပါမည်။ အလွန်ဆုံးကြာလှ ဆယ်မိနစ်ပေါ့။ အခန်းထဲဝင်ပြီး အဝတ်အစား မြန်မြန်ချွတ်လဲမိတော့သည်။ ဗီရိုဖွင့်ပြီး အဝတ်ရွေးနေစဉ် မမနိုင် ဝင်လာ၏။

"ယောဝမ်းဆက်လေး ဝတ်ပေါ့ကွယ်၊ အကျႌခါးရှည်၊ လက်ရှည်မဟုတ်လား၊ ဘုရားသွားတာပဲ၊ ကြည့်ကောင်းပါတယ်"

မမနိုင် အကြံပေးသည့်အတိုင်း စိမ်းပြာရောင် ယောဝမ်းဆက်လေးကိုထုတ်ဝတ်ပြီး မှန်တင်ခုံရှေ့ထိုင်စဉ် ဆံနွယ်ရှည်လေးများကို မမနိုင်က အနောက်မှ ဘီးဖြီးပေး၏။ ပြီးနောက် ဆံပင်ကို အပြောင်သိမ်းကာ ဘေးနှစ်ဖက် ဆံပင်ကို အနောက်မှ ရွှေရောင်ကလစ်လုလုလေးဖြင့် တစ်ဝက်သိမ်း၍ စုညှပ်လိုက်သည်။

"မြန်မြန်ပြန်လာနော် ညီမ၊ တခြားကို လျှောက်သွားမနေနဲ့၊ မေမေစိတ်ပူနေလိမ့်မယ်"

"ဟုတ်ကဲ့ပါ မမနိုင်"

"ကဲ...သွားတော့ မေမေ့ကို နှုတ်ဆက်သွားဦး"

"ဟုတ်"

သဥ္ဇာထက်သည် ကြီးကြီးနှင့် လေပေးဖြောင့်နေပုံရ၏။ ကြီးကြီးအား နှစ်ဦးသားနှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။ ကြီးကြီးနှင့် မမနိုင်သည် ကားလေးထွက်သွားသည်အထိ ရပ်ကြည့်ကျန်ရစ်ခဲ့ကြပါပြီ။ သဥ္ဇာထက်က ကြီးကြီးအား လက်ကလေးပြနေဆဲ။ လက်မှ ရွှေရောင်နာရီလေးမှာ နံနက် ၈ နာရီတိတိကို ညွှန်ပြနေ၏။

♛♛♛♛

"ဟင်း.....ဘယ်ရမလဲကွာ၊ သဥ္ဇာထက်တဲ့၊ ခပ်တည်တည်နဲ့ကို လိမ့်ခေါ်လာတာ၊ မဉ္ဇူကြီးကြီးတော့ အလိမ်အညာခံရပြီလေ"

တရိပ်ရိပ်ပြေးနေသော ကားလေး၏နောက်ခန်းတွင် ကျွန်မနှင့် သဥ္ဇာထက်သာရှိသည်။ ထို့ကြောင့် လွတ်လပ်ပေါ့ပါးစွာ ရယ်နေသည့် သဥ္ဇာထက်အား တံတောင်ဖြင့် တွတ်လိုက်မိ၏။

"ဒါဆို သဥ္ဇာ့အိမ်က ခေါ်ခိုင်းတာမဟုတ်ဘူးပေါ့"

"ခွင့်ပြုတာတော့ဟုတ်တယ်၊ ဒါပေမဲ့ သဥ္ဇာတစ်ယောက်တည်းဆို ဘယ်လိုလုပ်ပြီး ပျော်နိုင်မှာလဲကွာ၊ အဲဒါကြောင့် ကိုကိုနဲ့တိုင်ပင်ပြီး မဉ္ဇူကိုပါလာခေါ်တာ၊ ဟီ...ဟီ"

"ကြည့်စမ်း၊ ကိုထက်ကပါ ကြံရာပါကြီးပေါ့"

ယခုမှပင် ကြည့်မိပါပြီ။ ကားမောင်းသူမှာ ကိုထင်လင်းထက်ဖြစ်နေ၏။ ဒါဆိုလျှင် ကျွန်မကို မောင်နှမနှစ်ယောက်တိုင်ပင်ပြီး လာခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်ပေါ့။

"ဟင်း.....တတ်လည်းတတ်နိုင်တဲ့ မောင်နှမနှစ်ယောက်ပဲ"

"ဘယ်ကိုမှ မသွားရ၊ မလာရဆိုတော့ သနားလို့ပါ ယောက်မရာ"

ထိုအခေါ်အဝေါ်ကြောင့် ရှက်ရွံ့စွာ ခေါင်းငုံ့သွားရတော့သည်။ နှစ်ယောက်တည်းဆိုလျှင် အကြောင်းမဟုတ်ပေ။ ကိုထင်လင်းထက်ရှေ့မှာဆိုတော့ မျက်နှာမထားတတ်အောင် ဖြစ်နေရပါပြီ။

"ရွှေတိဂုံကို အရင်သွားမှာမဟုတ်လား"

"ဟုတ်တယ် ကိုကို၊ ပြီးမှ တစ်ခုခုသွားစားကြမယ်လေ"

"ဟော့.....ကြာလို့တော့မဖြစ်ဘူးနော်၊ ကြီးကြီးဆူနေလိမ့်မယ်"

"ဆူရင် လက်ဖက်ခြောက် ထိုးလိုက်ကွာ၊ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပေါ့၊ တစ်ရက်တည်း ပျော်ရတာ၊ ရိုက်လည်း ခံလိုက်ကွာ"

သဥ္စာထက်ကဖြင့် ခေါင်းမှ ထွက်သည့်မြင်းလို နောက်လှည့်ကြည့်မည့်ပုံ မပေါ်တော့ပေ။ သက်ပြင်းတစ်ချက် အသာချလိုက်မိ၏။ သူတို့ကိုတော့ ကျေးဇူးတင်မိပါ၏။ သို့သော်လည်း ကျွန်မ၏အနေအထား က သဥ္စာထက်နှင့်မှ မတူညီသည် ကို သည်ပုံအတိုင်းဆိုလျှင် ပြန်ရောက်သည်နှင့် ကံမကောင်းလျှင် အရိုက်ခံရပါလိမ့်မည်။ ပျော်စရာအချိန်များသည် ဘယ်နည်းနှင့်မျှ ပျော်စရာကောင်းနိုင်မည်မဟုတ်တော့ပေ။ သက်ပြင်းမောကြီးကိုချ မိပြန်သည်။

"ဒီလောက်လည်း သက်ပြင်းတွေချမနေပါနဲ့ မဥ္စူရာ၊ နောက်တာပါကွာ"

ကိုထက်၏ နောက်လှည့်ကြည့်သော အပြုံးကြောင့် သဥ္စာထက်မှာ ကျွန်မကို စောင်းငဲ့ကြည့်လိုက်ပြန်၏။

"ခုကတည်းက ပြောထားမယ်နော်၊ တက္ကသိုလ်တက်ရင်တော့ သဥ္စာနဲ့အတူတူတက်ရမယ်၊ ရည်းစားမထားရဘူး၊ ချစ်သူမရှာရဘူး၊ မဥ္စူကို ကြိုတင်ယောက်မတော်ထားလိုက်ပြီကွာ"

"ဟဲ့....ကြည့်ပါလား၊ သဥ္စာနော်"

ပေါင်ကိုအသာဆွဲဆိတ်လိုက်ရာ သဥ္စာထက်က အသံတိတ်အော်လိုက်၍ ကျွန်မမှာ သူ့ကိုကြည့်ပြီး ပြုံးမိရ၏။

မကြာမီ ရွှေတိဂုံဘုရားသို့ ရောက်လာရလေပြီ။ ကားကို အနောက်ဘက်မုခ်မှတက်၍ ကားရပ်တန့်ရန်နေရာသို့ ကွေ့ပတ်တက်ပြီး ဓာတ်လှေကားရှေ့ရှိ နေရာလွတ်တွင် ဝင်ထိုးလိုက်သည်။ ကျွန်မတို့နှစ်ဦး အပြင်ထွက်ပြီးနောက် ကားသော့ခတ်နေသော ထင်လင်းထက်ကို ခေတ္တရပ်စောင့်နေရ၏။

"ဓာတ်လှေကားနဲ့တက်မှာမဟုတ်လား"

"သဘောလေ၊ ကုန်းကြောင်းတက်တော့ ကုသိုလ်ပိုရတာပေါ့"

အနောက်ဘက်စောင်းတန်းသို့ ဦးတည်ဆဲတွင် ထင်လင်းထက်မှာ ဓာတ်လှေကားရှိရာသို့ မော့ကြည့်ပြီး.....

"ဝန်းမဥ္စူအတွက် ကြာနေမှာစိုးလို့ပါ၊ ဓာတ်လှေကားနဲ့ဆို မြန်မြန်ရောက်တာပေါ့"

ဓာတ်လှေကားရှိရာ စောင်းတန်းထဲအဝင်တွင် ဆင်းလာသူများအား စောင့်နေသူများကို တွေ့ရ၏။ သိပ်မကြာပေ။ ပြန်ဆင်းလာသူများ အထွက်တွင် ကျွန်မတို့ပါ ဘုရားဖူးများနှင့်အတူ ရောဝင်လိုက်ကြသည်။ ငြိမ့်ခနဲ အသည်းအေးသွားသလို ခံစားရပြီးနောက် 'တင်း... တောင်'ဟူသော အချက်ပြသံပေးအပြီးတွင် အလိုအလျောက် စက်တံခါးအဖွင့်၌ လူများထွက်ကြရပြန်သည်။

"ဘုရားရိပ်က အေးချမ်းလိုက်တာဟာ၊ စောစောစီးစီး ဘုရားဖူးရတာ စိတ်ကြည်နူးစရာပဲနော်"

"အေးနော်၊ မဥ္စူလေ

www.burmeseclassic.com

ရန်ကုန်မှာနေပြီး ရွှေတိဂုံကို မဖူးရတာ နှစ်ချီကြာနေပြီ၊ ကားမရှိတော့ သဇ္ဈာတို့လို ခဏခဏ မလာနိုင်ဘူးပေါ့"

"ကိုကို ဘုရားပန်းသွားဝယ်လေ၊ သောကြာဂြိုဟ်ထောင့်က စောင့်နေမယ်၊ မြန်မြန်ဝယ်နော်၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်ပါဝယ်ခဲ့"


"အေးပါ"

ထင်လင်းထက်သည် ဘုရားပန်းဆိုင်များဆီသို့ ခပ်သုတ်သုတ်ထွက်သွားပြီးနောက် ကျွန်မ၏ လက်ကလေးကိုဆွဲကာ သဇ္ဈာထက်သည် အောင်မြေနှင့် ချမ်းသာကြီးတန်ဆောင်းရှိရာ လမ်းကလေးမှ သောကြာထောင့်သို့ တဖြည်းဖြည်း လျှောက်လာကြသည်။ သဇ္ဈာထက်က သောကြာသမီးဖြစ်၍ ရေအရင် သပ္ပာယ်နေရာ ကျွန်မကထိုင်စောင့်နေစဉ် ပန်းများကိုင်ပြီး ထင်လင်းထက်ရောက်လာရှာသည်။

"ပန်းမဇ္ဈူက ကြာသပတေးသမီးမဟုတ်လားဟင်"

"ဘာ့ကြောင့် ကြာသပတေးလို့ ပြောရတာလဲ ကိုထက်"

ကျွန်မ၏အမေးကို စဉ်းစားဟန်ပြု၍ တစ်ချက်ပြုံးလိုက်ရာသည်။ သူ့ဗဟုသုတအား သိလို၍ စမ်းသပ်ခြင်းဖြစ်၏။



"ပဖဗဘမဆိုတဲ့ အက္ခရာအမည်နဲ့စရင် ကြာသပတေးသမီးဖြစ်ဖို့ သေချာပြီပေါ့၊ မဟုတ်ဘူးလား"

"ဗေဒင်ကိန်းခန်းအရဆိုရင်တော့ ကိုထက်ပြောတာ မှန်ကန်ပါတယ်၊ ဒါပေမဲ့ မဇ္ဈူက အင်္ဂါသမီးပါ"

"ဟင်.....ဘာဖြစ်လို့ အင်္ဂါနံအမည်နဲ့ မမှည့်ရတာလဲ"

"အဲဒါ မဇ္ဈူထက် ကြီးကြီးကပိုသိပါလိမ့်မယ်၊ မဇ္ဈူ မမေးရဲဘူး"

ရင်ထဲရှိသည့်အတိုင်း ဖွင့်ပြောမိပေမယ့် ကျွန်မကို နားလည်စာနာစွာဖြင့် ကြည့်နေရှာသည့် မျက်ဝန်းအစုံကို ကျွန်မ ရှောင်လွှဲမိပါရဲ့။

"ဒါဆို ပန်းမဇ္ဈူအတွက် အင်္ဂါနံပါတဲ့ပန်း ဝယ်လိုက်ဦးမယ်၊ ကိုယ်က ကြာသပတေးသမီးဆိုပြီး မေမြို့ပန်းဝယ်လာခဲ့တာ"

"ဟင့်အင်း ကိုထက်၊ မသွားပါနဲ့တော့၊ မေမြို့လည်းကောင်းတာပဲ၊ အင်္ဂါနဲ့ ကြာသပတေးက မိတ်ဖက်လေ"

ထင်လင်းထက်၏လက်ထဲမှ မေမြို့ပန်းခိုင်လေးကို လွှဲပြောင်းယူကိုင်ပြီး သဇ္ဈာထက်၏ သပြေပန်းလေးများကို ခွဲပေးနေသည့် ထင်လင်းထက်၏လက်ထဲတွင် နှင်းဆီပန်းလေးများကို တွေ့ရ၍ ထင်လင်းထက်သည် စနေသားမှန်း သိလိုက်မိတော့၏။

ထိုနေ့က ဘုရားဖူးအပြီးတွင် ရွှေဘုံသာလမ်းတွင်ရှိသည့် ကြက်ကြော်နှင့်အအေးကို ထင်လင်းထက်က ဒကာခံခဲ့၏။ ထိုမျှမကသေးပေ ကျွန်မနှင့်သဇ္ဈာထက်အတွက် ဂုဏ်ပြုသည့်အနေဖြင့် ရွှေရောင်နာရီ တစ်လုံးစီ ချီးမြှင့်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



…တော်ပါရဲ့။ ကြီးကြီးဆင်ပေးထား သည့် ရှစ်တန်းအောင်တုန်းက နာရီလေးမှာ ဟောင်းနွမ်းနေပေပြီ။

"ကျေးဇူးတင်ပါတယ် ကိုဆက်"

"တို့ကတော့ ကျေးဇူးမတင်ပေါင်၊ ကိုကိုက ပေးချင်တဲ့သူအတွက်, မကောင်းတတ်လို့ တို့ကို လက်ဆောင်ပေးတာပါ၊ မယူချင်ပါဘူး"

ကျွန်မ မျက်နှာဘယ်လိုထားရမှန်းပင်မသိတော့။ ကာယကံရှင်ဆိုလျှင် မည်သို့ဖြစ်မည်မသိ။

"ပြန်ကြရအောင်"

လွတ်ခနဲထွက်သွားသည့် စကားနှင့် ရပ်လိုက်မိသည်။ သဗ္ဗာထက်မှာ ကျွန်မ၏လက်ကို ကိုင်ဆွဲပြီး.....

အရိပ်အကဲနားလည်တတ်သူ
ထင်လင်းထက်ထံ
အကြည့်ကိုပို့ပြီး
သက်ပြင်းရှေးရှေးကို
တိုးတိတ်စွာ
ချလိုက်မိသည်။
ထို့နောက်
ဆိုင် အပြင်သို့ထွက်နေသည့်
ထင်လင်းထက်နောက်မှ ....

"ထိုင်စမ်းပါဦးဟာ၊ ရှင်က ကိုကို့လက်ဆောင်ရပြီးတော့ အိမ်ပြန်မယ်ပေါ့လေ၊ ဘာလဲ စိတ်ကူးယဉ်ဦးမလို့လား"

သဗ္ဗာထက်တော့ တကယ်မလွယ်တော့ပေ။ နောက်တစ်ခါဆိုရင် သည်မောင်နှမနှင့် လိုက်ဝံ့တော့မည်မဟုတ်ပါ။

"ရှင့်ကြီးကြီးက နောက်ဆိုရှင့်ကိုထည့်တော့မှာမဟုတ်ပါဘူး၊ ဒါကြောင့် ဒီအခွင့်အရေးကို လက်လွတ်မခံပါရစေနဲ့၊ ကိုကိုရော ဘယ်နေရာကို သွားချင်သေးလဲ"

ထင်လင်းထက်၏အကြည့်များ သည် ကျွန်မထံရောက်လာပြီးနောက်.....

"ကိုယ်စိတ်ချမ်းသာစေဖို့ တစ်ယောက်သောသူ စိတ်ညစ်နေမယ်ဆိုရင် ဒီပျော်ရွှင်မှုမျိုးကို မဖန်တီးရက်ဘူးကွာ၊ ပန်းမဋ္ဌူဘဝကို နားလည်ရင် အိမ်ပြန်ပို့ပေးတာ အကောင်းဆုံးဖြစ်မှာပါ"

အရိပ်အကဲနားလည်တတ်သူ ထင်လင်းထက်ထံ အကြည့်ကိုပို့ပြီး သက်ပြင်းရှေးရှေးကို တိုးတိတ်စွာ ချလိုက်မိသည်။ ထို့နောက် ဆိုင်အပြင်သို့ထွက်နေသည့် ထင်လင်းထက်နောက်မှ နှစ်ဦးသား လိုက်ပါသွားကြ၏။ သဗ္ဗာထက်က ကျွန်မတို့အား မကျေနပ်သောအကြည့်များဖြင့် လိုက်ပါခဲ့ရပေမယ့် စိတ်ဆိုးမည်မှာ သေချာပါသည်။ အပြန်လမ်းတွင် တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါနေလေပြီ။

♛♛♛♛♛

ကျွန်မအတွက် ကုသိုလ်ကံကောင်းနေပြီလားမသိပေ။ အိမ်အပြန်တွင် မဆူသည့်အပြင်.....

"ရုပ်ရှင်ကြည့်မလာဘူးလားကွယ်။ စိတ်ပြေလက်ပျောက်ကြည့်ရောပေါ့၊ သမီးကိုပြောဖို့ ကြီးကြီးမေ့သွားတယ်"

"ကြီးကြီးဆူမှာစိုးလို့ သဗ္ဗာက မကြည့်ပါဘူး၊ သူတို့အိမ်က သမီးတို့နှစ်ယောက်အတွက် ရွှေရောင်နာရီလေး ဂုဏ်ပြုလက်ဆောင်ပေးလိုက်ပါသေးတယ်၊ ကြီးကြီးမကြိုက်ရင် မဋ္ဌူ လက်မခံရဲဘူး၊ ပြန်ပေးလိုက်ပါ့မယ်"

ကြီးကြီးသည် ကျွန်မကို စူးစူးလေးကြည့်ပြီး အေးချမ်းတည်ငြိမ်စွာပြောလာသည်။

"ကိုယ့်အောင်မြင်မှုအတွက် ဂုဏ်ပြုချီးမြှင့်တာပဲ သမီးရယ်၊ ဘာကြောင့် မကြိုက်ရမှာလဲ၊ ကြီးကြီး ရဲ့သမီးလေးကြောင့် ပိုတောင်ဂုဏ်ယူရမှာပေါ့ကွယ်"

www.burmeseclassic.com





ကြီးကြီးအား ဝမ်းသာစွာ ကြည့်မိပါပြီ။ ကျွန်မ၏ လက်ခံခဲ့ခြင်းအပေါ် ပြုံးစူမည်ဟု ထင်ထားခဲ့သမျှ တခြားစီဖြစ်နေရပါလား။

"မဒွန့်လေးဟာ လိမ္မာသိတတ်သူဖြစ်မှန်း ကြီးကြီးသိနေပြီးသားပါလေ၊ ဒီနေ့ကစပြီး ကြီးကြီးရဲ့ သဘောထားကို ပြုပြင်လိုက်မယ်၊ သမီးအပေါ် လွတ်လပ်ခွင့်ပေးလိုက်ပါပြီကွယ်"

မမခိုင်က ကျွန်မကိုပြုံးကြည့်ပြီး ရွှန်းရွှန်းစားစား တုံ့ပြန်ရှာလေသည်။ ကြီးကြီးကို မည်သူကများ တိုက်တွန်းပြောကြားခဲ့ပါသနည်း။ သို့သော်လည်း ကြီးကြီးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုကိုမှ လက်ခံတတ်သည့် လူစားမျိုးမဟုတ်ခဲ့ပေ။

"ဆယ်တန်းအောင်သွားတာ ထမင်းစားလက်မှတ် ရသွားသလိုမျိုးပေါ့ကွယ်၊ ဘဝထမင်းဝိုင်းကြီးမှာ အပူ၊ အစပ်ကိုလည်း ခံနိုင်ရည် ရှိရမယ်၊ ငါးရိုးနဲ့တူတဲ့ ဆူးညှောင့်ခလုတ်ကိုလည်း ရှောင်ကြဉ်နိုင်ရမယ်၊ ဘဝခံယူချက် ထမင်းတစ်လုတ်တိုင်းကို ကျေညက်အောင်တစ်လုတ်ပြီးတစ်လုတ် ဝါးနိုင်ရမယ်၊ ဒါမှဘဝကို အခက်အခဲမရှိ လျှောက်လှမ်းနိုင်မှာပေါ့ကွယ်"

ကြီးကြီး၏ဒဿနကို ကျွန်မလိုက်၍မမီနိုင်ပေ။ ကျွန်မ သိခဲ့သည်က ကြီးကြီးသည် ဆယ်တန်းအောင်၍ လူလားမြောက်ခဲ့သောကျွန်မအား စိတ်ချသွားပုံရသည်။ ဘဝအကြောင်း၊ လောကဓံအကြောင်းများ နားလည်စေရန် လမ်းပြတတ်ပါသေး၏။

ကျွန်မ၌ မိဘများရှိနေကြမည်ဆိုလျှင်လည်း ကြီးကြီးနည်းတူ ပြောဆိုဆုံးမနေပါမည်။ သားသမီး၏လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းပါလိမ့်မည်။ မိဘလက်ဟူသည် သားသမီးအတွက် အမြဲတမ်းအပေးသမားများဖြစ်ကြ၏ဟု ဆိုထားသည်။ မိဘမေတ္တာသည် စမ်းကျရေသဖွယ် ကြည်လင်သန့်ရှင်းစွာစီးဆင်းနေတတ်ရာ ကျွန်မအတွက်တော့ မိဘမေတ္တာကို စမ်းရေတမျှ မဆိုထားနှင့် မိုးစက်တစ်ပေါက်မျှပင် အေးမြခြင်းကို မခံစားရပါလား။

"မဒွန့်ရေ.....မဒွန့်"

ခေါ်သံသည် ယမင်း၏အသံပါ။ စာမေးပွဲကျရှုံးသည့် သူငယ်ချင်းအား မည်သို့နှစ်သိမ့်စကားဆိုရပါ့မလဲ။ ယမင်း၏မျက်နှာသည် ငိုထားသဖြင့် မျက်လုံးများမှာလည်း နီရဲမို့မောက်နေရှာ၏။

"မဒွန့်.....အီး...အီး...ဟီး"

ကျွန်မကိုဖက်တွယ်ပြီး ငိုရှာသည်။ ယမင်း၏ဝမ်းနည်းခြင်းကို မည်သည့်စကားမျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်ရ ပါ့။

''ရှေ့နှစ်အောင်မှာပေါ့ ယမင်းရယ်၊ ဖွဲ့မလျှော့နဲ့ ဆက်သာဖြေနော်''

ယမင်း၏ကျောပြင်လေးကို ပုတ်ပြီး နှစ်သိမ့်စကားပြောမိ၏။ သို့သော် ယမင်းမှာ ချော့မြှူ၍ မရနိုင်လောက်အောင် ဝမ်းနည်းပက်လက်ဖြစ်နေရှာ၍ ကြီးကြီးသည် ကျွန်မတို့အနီးသို့ ရောက်လာလေသည်။

''လာ.....ထိုင်ပါဦး သမီးလေးရယ်၊ ဒီလိုငိုကြွေးနေတော့ရော အောင်သွားမှာတဲ့လားကွယ်၊ ကြီးကြီးပြောတဲ့စကားကို နားထောင်ပါဦး''

ယမင်းသည် ဆက်တီခုံရှည်တစ်ခုရှိ ကျွန်မနှင့်ကြီးကြီးကြားတွင် ထိုင်နေပြီး ကြီးကြီး၏ဆုံးမစကားကို ညြိုးငယ်စွာနားထောင်နေရှာသည်။ သို့တိုင် ယမင်း၏လက်များမှာ တဆတ်ဆတ်တုန်နေသည်ကိုကြည့်ခြင်းအားဖြင့် ခံစားမှု မည်မျှပြင်းထန်ကြောင်းမမေးဘဲနှင့် သိနေမိ၏။

''တစ်ချိန်က ကြီးကြီးလည်း ယမင်းလိုပဲ ဆောက်တည်ရာမရလောက်အောင် ဝမ်းနည်းငိုကြွေးခဲ့ရဖူးပါတယ်၊ ကြီးကြီး အားကိုးအားထားပြုနေရတဲ့ မိခင်ကြီး ကွယ်လွန်သွားချိန်ကပေါ့ကွယ်၊ ပူလောင်ခြင်းနဲ့ ခံစားခဲ့ရတဲ့ သောကမျက်ရည်တွေဟာ မိဘနဲ့ ပတ်သက်လာရင် ကြီးကြီးရင်ထဲမှာ တစ်သက်လုံး ခံစားနေရမယ့် သောကမျက်ရည်တွေပါပဲလေ၊ ကြီးကြီးငိုနေလို့ရော မိခင်ကြီးက ပြန်ရှင်လာမှာတဲ့လား၊ ဘယ်လိုနည်းနဲ့မှ အသက်ပြန်ရှင်လာနိုင်စရာအကြောင်းမရှိတော့ပါဘူး၊ သမီးပဲ စဉ်းစားကြည့်လေ''

''ဟုတ်ကဲ့ပါ''

''အခု သမီးလေး ခံစားနေရတဲ့သောကတွေဟာ ရှေ့နှစ်အောင်မြင်မှုရသွားရင် ဒီမျက်ရည်တွေဟာ တစ်သက်လုံးခံစားနေရမယ့် သောကမျက်ရည်တွေ ဖြစ်လာပို့မလားကွယ်၊ သမီးဘက်က ဖွဲ့ရှိရှိနဲ့ ကြိုးစားမယ်ဆိုရင် ရှေ့နှစ်မှာ မုချအောင်မြင်မှာပါ၊ ဒီတော့ အခု ခံစားနေရတဲ့ သောကတွေဟာ အမှတ်တရလေးအဖြစ်လောက်သာ ကျန်ရစ်ခဲ့ရမှာပါ၊ ကြီးကြီးပြောတာ သမီးလေး သဘောပေါက်တယ်နော်''

ယမင်းသည် အငိုရပ်သွားပြီး ကြီးကြီးအား ခေါင်းလေးညိတ်ပြရှာ၏။ မျက်ရည်စီးကြောင်းများသည် ခြောက်သွေ့သွားကြရလေပြီ။ ယမင်း၏ပါးနှစ်ဖက်ပေါ်တွင် ထင်မကျန်ရစ်ခဲ့ကြတော့ပေ။

''လူဆိုတာ ကြိုးစားမှုရှိရင် မအောင်မြင်နိုင်တဲ့အရာဆိုတာမရှိပါဘူးကွယ်၊ တောင်တက်သမားတွေ ဘာ့ကြောင့်-မြင့်မားတဲ့တောင်ထိပ်ပေါ် တက်ရောက်နိုင်ခဲ့ကြတာလဲ၊ ပြင်းထန်တဲ့ လှိုင်းကြီးတွေကို





www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းနိုင်ပြီး ဘာကြောင့် လိုရာအရပ်ကို လှေသမားတွေရောက်ခဲ့ရတာလဲ၊ ရှင်းပါတယ်ကွယ်၊ သူတို့မှာ မဆုတ်မနစ် ကြိုးစားချင်တဲ့ဇွဲ သတ္တိ၊ အားမာန်တွေရှိလို့ပေါ့ကွယ်၊ ဒါကြောင့် သမီးလေးလည်း သူတို့လို စိတ်ဓာတ်မျိုးထားစမ်းပါ၊ အောင် မြင်မှုဆိုတာကြိုးစားသူရဲ့ လက်ထဲကို ပိုင်ပိုင်နိုင်နိုင်ကြီးကို ရောက်လာစေရမယ်''

ကြီးကြီး၏စကားလေးအဆုံးတွင် ယမင်းလည်း သူ့အမှားကိုသူ သိမြင်သွားရတော့သည်။

''သမီး ယူကျုံးမရဖြစ်လို့ ငိုမိတာပါကြီးကြီးရယ်၊ အစွမ်းကုန်ကြိုးစားထားပြီးသေချာပေါက် အောင်မယ်လို့ ထင်ထားတာပါ''

''စာမေးပွဲနဲ့ လူတစ်ယောက်ရဲ့အရည်အချင်းကို တိုင်းတာလို့မရ နိုင်ပါဘူးကွယ်၊ ချွတ်ချော်တိမ်းပါးမှုဆိုတာ လူတိုင်းမှာဖြစ်တတ်ကြပါတယ်၊ ယမင်းကဖြေလိုက်ရလို့ တော်သေးတာပေါ့၊ ကြီးကြီးရဲ့မိတ် ဆွေသမီးလေးဆိုရင် အဆင်သင့်ပြင်ဆင်ထားပြီးမှ ကျန်းမာရေးကြောင့် လက်လွတ်ဆုံးရှုံးခံလိုက်ရ တယ်လေ၊ ရှုံးမတတ်ပါပဲ၊ ဒါပေမဲ့အခုတော့ အောင်မြင်သွားပါပြီကွယ်၊ စာမေးပွဲနီးချိန်မှာ ကျန်းမာရေးကိုဂရုစိုက်ရမယ်ဆိုတဲ့ အသိလေးသူ့ခေါင်းထဲမှာ စွဲမှတ်သွား ရပြီလေ၊ ဘဝပေးသင်ခန်းစာလို့ဆို



ရမှာပေါ့ သမီးရယ်''

''ယမင်းနားလည်သွားပါပြီကြီးကြီးရယ်၊ စိတ်ချပါ၊ ရှေ့နှစ်မှာအမှတ်ကောင်းကောင်းနဲ့ကိုအောင်စေရမယ်''

''ဒါမှပေါ့ သမီးရဲ့၊ ကြိုးစားရင် ဘာမဆိုဖြစ်တယ်ဆိုတဲ့စကားလေးလည်း ရှိထားသားပဲကွယ်၊ မြတ်စွာဘုရားတောင် မဖြိုးမပငြိုးပဒါနည်းနဲ့ ကြိုးစားအားထုတ်ခဲ့လို့ ဘုရားဖြစ်ခဲ့ရတာပဲမဟုတ်လား''

ယမင်း၏အပြုံးတွင် အားတက်ခြင်း၊ ဇွဲရှိခြင်းအဓိပ္ပာယ်မျိုး ဆောင်နေ၏။ ပြီးနောက် ကြီးကြီးအပေါ်လည်း ကျေးဇူးတင်ဝမ်းမြောက်ခြင်းသဘောမျိုးဖြင့် မျက်တောင် မခတ်ဘဲ ကြည့်နေရှာပါသည်။ ထို့နောက် ကတိများအထပ်ထပ်ပေးပြီး တက်ကြွရွှင်လန်းစွာ ပြန်သွားသည်မှာ အလာတုန်းက လိုမဟုတ်တော့ပေ။

''စာမေးပွဲကို ခုချက်ချင်းပြန် ဖြေရရင်သိပ်ကောင်းမှာပဲနော်''

ယမင်း၏ရင်ထဲတွင်ကျရှုံး ခြင်းအတွက် ဝမ်းနည်းငိုကြွေးခြင်းဟူသော အခါမျိုး ဖြစ်လာလိမ့် မည်မဟုတ်ကြောင်း ကျွန်မ သိနေမိ၏။

♛♛♛♛♛

အဝေးသင်တက္ကသိုလ်လျှောက်ရာဝယ် ကိုကိုကျော်နှင့် မမခိုင်က ဘဝင်မကျခဲ့၍ ကျွန်မကို ဆူကြသည်။

''အဝေးသင်တက္ကသိုလ်တက်



www.burmeseclassic.com

www.burmeseclassic.com

ရလောက်အောင် မမခိုင်တို့က စတတ်နိုင်ကြတော့ဘူးလို့ ထင်နေသလား မချို၊ မင်းက ငယ်ငယ်လေးရှိသေးတာပဲ၊ ရှေ့ဆက်ကြိုးစားရင် တက်လမ်းတွေ အများကြီးရှိနေတယ်"

"မမခိုင်တို့ကျေးဇူးတွေ များနေပါပြီ၊ မချိုလည်း ကိုယ်တတ်နိုင်သလောက် ကျေးဇူးဆပ်ချင်သေးတယ်လေ"

သည်တော့ ကျွန်မ၏နားရွက်ကို လိမ်ဆွဲပြီး.....

"လာပြန်ပြီလား ဒီကျေးဇူး၊ မမေ့ကို ကျေးဇူးဆပ်ချင်ရင် ပညာတတ်ကြီးဖြစ်အောင်လုပ်ပေါ့၊ ပြီးတော့ ဒီပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုလည်း ရတာပဲ"

"မချိုက မမခိုင်တို့လို ပညာတော်တာမှ မဟုတ်ဘဲလေ၊ ကိုယ့်ဦးနှောက်နဲ့ ထိုက်တန်တဲ့ ရိုးရိုးဘွဲ့လောက်နဲ့ပဲ တင်းတိမ်ရမှာပါ၊ ဒါကြောင့် အလုပ်တစ်ခုခု ဝင်လုပ်မယ်၊ တစ်ဖက်က ပညာသင်မယ်"

"ထားပါတော့၊ Distance တက်ရင် ဘာ Major ယူဦးမှာလဲ"

"မြန်မာစာ"

မမခိုင်က နှာခေါင်းရှုံ့ပြီး သက်ပြင်းမောကြီးကို ချလိုက်၏။ သို့ပေမယ့် ကျွန်မ စိတ်ကြိုက်ယူသည့် ဘာသာရပ်သည် ကျွန်မ၏ဘဝအတွက် အသင့်လျော်ဆုံးဟုတွေး



မိပြီး မြန်မာစာကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာဆည်းပူးချင်သေး၏။ ပြီးတော့ ကျွန်မ၏ စာဖတ်ခြင်းဝါသနာအတွက်အထောက်အကူလည်း ရပါလိမ့်မည်။

"အင်းလေ စိတ်ဓာတ်ပြင်းထန်နေမှတော့ မမခိုင် မတားတော့ပါဘူး၊ ဒါပေမဲ့ Institute လိုင်းတစ်ခုခုကို Diploma တစ်ခုယူနိုင်အောင် ကြိုးစား၊ ကိုယ့်ဘဝကို မြင့်မားအောင်လုပ်၊ B.A (Myanmar) ဘွဲ့နဲ့ မတင်းတိမ်နဲ့ မချို"

မမခိုင်သည် ကျွန်မအတွက် လေးစားစရာ မိန်းမသားတစ်ဦးဖြစ်ခဲ့သူပီပီ ဘဝကို တိုးတက်မြင့်မားအောင် ကြံဆောင်တတ်၏။ ကျွန်မ၏လမ်းပြကြယ်အလား အသိအမြင်များစွာကို ပေးစွမ်းနိုင်သူပါ။

"Computer တတ်ထားဖို့တော့ လိုမယ် မချို၊ မမခိုင် မေမေနဲ့တိုင်ပင်ပြီး ကိုယ်တိုင်လိုက်အပ်ပေးပါ့မယ်၊ ဒါမှ ကုမ္ပဏီမှာ လစာကောင်းကောင်းရမှာ"

ယခုခေတ်က Computer ခေတ်ဖြစ်သည်။ Computer ကို ကျွမ်းကျင်စွာတတ်မြောက်လျှင် ကုမ္ပဏီတွင် လစာကောင်းကောင်းဖြင့် အဆင့်မြင့်မြင့်လုပ်နိုင်၏။ ကျွန်မစိတ်ကူးနှင့် မမခိုင်စီစဉ်သမျှသည် ထပ်တူထပ်မျှပါလား။ ကျွန်မက Tourist Guide သို့မဟုတ် Secretary လောက် ဖြစ်ချင်၏။ ထိုမှတစ်ဆင့် Business Woman ဖြစ်အောင် ကြိုးစားချင်ပါသည်။

"မမခိုင်မှာ Same Batch တွေရှိပါတယ်၊ သူတို့အဆက်အသွယ်နဲ့ ကုမ္ပဏီတစ်ခုမှာ ပြောပေးမယ်၊ ဒါပေမဲ့ ညီမလေးဘက်က အရည်အချင်းရှိအောင် ကြိုးစားဖို့လိုမယ်နော်"

"စိတ်ချပါ မမခိုင်၊ မချိုဟာ မမခိုင်ရဲ့ညီမလေးပါ၊ မမခိုင်လို အဆင်းရော၊ အချင်းပါ ပြည့်စုံတဲ့အောင် ကြိုးစားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအယ်လဲဖြင့် ကတိပေးမိ၏။ မမခိုင်သည် ကျွန်မဘဝအတွက် ရှေ့ဆောင်လမ်းပြတတ်သူ ကျေးဇူးရှင်တစ်ဦးပါပဲလား၊ အလုပ်သာရလျှင် ကြီးကြီးတို့မိသားစုအတွက် ကျွန်မဘက်က ကျေးဇူးဆပ်ရန် ကြိုးစားရမည်။ သို့သော်လည်း မမခိုင်လို မိဘကိုလုပ်ကျွေးခွင့်မျိုးတော့ ကျွန်မ မည်သို့မျှ ရရှိမည်မဟုတ်ပေ။

"မင်္ဂလာမှာ မိဘတွေရှိကြရင် သိပ်ကောင်းမှာပဲနော်၊ မမခိုင်လို မိဘကို လုပ်ကျွေးပြုစုချင်သေးတယ်"

ရင်ထဲမှဖြစ်ပေါ်လာသော မထင်မှတ်ဘဲ ထွက်လာခဲ့သည့် စကားလေးအတွက် မမခိုင်မှာ တွေသွားပြီး ကျွန်မကို စာနာစွာ ပြောပြရှာပါသည်။

"ဒါများ ဘာအားငယ်စရာလိုသလဲ မင်္ဂလာရယ်၊ မေမေဟာ မင်္ဂလာရဲ့မိဘပဲပေါ့၊ မေမေ့ကို လုပ်ကျွေးတာလည်း မိဘကိုလုပ်ကျွေးတာနဲ့ အတူတူပေါ့ကွယ်"

မမခိုင်၏စကားမှာ မှန်သင့်သလောက်တော့ မှန်ပါသည်။ ကြီးကြီးသည် ကျွန်မ၏ကျေးဇူးရှင်ဖြစ်ခဲ့သော်လည်း ကျွန်မကို မွေးဖွားခဲ့သည့် မိခင်ရင်းမှမဟုတ်ခဲ့ဘဲ။ အချိန်တိုင်း မိဘကို တမ်းတမိသည်မှာ သမီးတစ်ယောက်၏ ရင်တွင်းမှဆန္ဒပါ။ ထိုဆန္ဒများကို မဖြည့်ဆည်းနိုင်ကြတော့ဘူးလား။ သို့ပေမယ့် ကျွန်မ၏ဘဝလေးကို မမခိုင်တော့ သိချင်သိထားပါလိမ့်မည်။ ထို့ကြောင့် မေးမိ၏။ မမခိုင်သည် ကျွန်မ၏စကားလေးကို လေးလေးနက်နက် နားထောင်ရှာသည်။

"မင်္ဂလာမှာ မိဘတွေရှိနေကြသေးလား မမခိုင်၊ ရှိနေမယ်ဆိုရင်လည်း ကြီးကြီးတို့၊ မမခိုင်တို့နဲ့ မင်္ဂလာဘယ်တော့မှ ခွဲမသွားပါဘူး။ မင်္ဂလာကို အမှန်အတိုင်း ပြောပြပါနော်"

သက်ပြင်းချသံနှင့်အတူ မမခိုင်သည် ခေါင်းကို ဖြည်းလေးစွာ ခါပြရှာသည်။ သိလိုသည့်စိတ်များ အဝေးသို့ပြေးထွက်သွားသည့်အလား ရင်မောသွားရလေပြီ။ မျှော်လင့်ချက်များ ကင်းမဲ့ခဲ့ရ၏။

"မမခိုင် တကယ်မသိပါဘူး ညီမရယ်၊ ဒါပေမဲ့ မမခိုင် သိထားတာက မေမေဟာ မင်္ဂလာအပေါ် မိခင်လိုမေတ္တာမျိုး အပြည့်အဝပေးနေတဲ့ မိန်းမတစ်ယောက်ဆိုတာ မမခိုင် ယုံကြည်တယ်ကွယ်"

ထိုအကြောင်း ကျွန်မလည်း သိထားပြီးသားပဲလေ။ အရွယ်ရောက်လာသည်နှင့်အမျှ ကျွန်မ၏ အသိစိတ်ဓာတ်မှာ ရင့်ကျက်လာပြီး အရာရာကို ထိုးဖောက်သိမြင်နိုင်သည့် အစွမ်းသတ္တိများနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုများ အပြည့်အဝ ရှိလာနေပါပြီ။ တစ်ပတ်တစ်ကြိမ် ကျွန်မနှင့်မမခိုင်ကို အလှည့်ကျ မီးဖိုချောင်ဝင်စေခြင်းမှာလည်း မိန်းမပီသစေချင်သည့်သဘောဖြင့် အိမ်ထောင်ထိန်းသိမ်းတတ်လာစေရန် သင်ကြားပေးနေသည့် အတတ်ပညာတစ်ခုဟု ကျွန်မ မြင်လာ၊ သိလာရ၏။

တစ်လကို သောင်းနှင့်ချီပြီး ပေးသင်ရသည့် Computer သင်တန်းတစ်ခုကို မမခိုင်ကိုယ်တိုင် လိုက်အပ်ပေး၏။ ဆရာက မမခိုင်၏မိတ်ဆွေဖြစ်နေ၍ ကျွန်မအား စေတနာထား၍ သင်ကြားပြသပေးရှာသည်။ တတ်ကျွမ်းမှုအခြေအနေကိုလည်း စစ်ဆေးပေး၏။ ထို့ကြောင့် ကျွန်မသည် Computer သင်တန်းတွင် အတော်ဆုံးစာရင်းဝင်ဖြစ်ခဲ့ရသည်မှာ မမခိုင်အတွက် ဂုဏ်ပိုတက်စေခဲ့ရ၏။

"ခိုင်ထွန်းသာညီမပဲကွာ၊ တော်တာပေါ့"

ဆရာ၏ချီးကျူးစကားကြောင့် အပြုံးပွင့်များဖြွေချလိုက်သလို မမခိုင် ပြုံးနေလေသည်။

"အဲဒါ ကိုဆွေမင်းခန့်ကျေးဇူးကြောင့်ပါ၊ ခိုင့်ညီမက ရည်ရွယ်ချက်ကြီးတယ်လေ၊ ဟင်း..ဟင်း"

"ဒါလည်း ခိုင်ထွန်းသာစိတ်



www.burmeseclassic.com

www.burmeseclassic.com



...တ်လိုပဲဖြစ်မှာပေါ့၊ နေပါဦး၊ ...ကားစပ်မိလို့ မေးရဦးမယ်၊ ခုချိန် ...ထိ အဖော်မရှာသေးဘူးလား''

ဆရာ၏စကားသည် အပျော် ...ပြက်ဖြစ်မည်ထင်သော်လည်း ...မခိုင်အတွက်တော့ တုန်လှုပ်သွား ...ရပါလား။

''အချစ်ဟာ ခိုင်ထွန်းသာဘ၀ ...မှာ နေဝင်သွားသလို ပျောက်ကွယ် ...ပြီပဲ ကိုဆွေမင်းခန့်ရယ်''

မမျှော်လင့်ဘဲ ကြားလိုက်ရ ...ည့် ကျွန်မ အံ့ဩသွားစေရ၏။ မမ ...ခိုင်တွင် ချစ်သူရှိခဲ့၍များလား။ ...သာနားထောင်နေလိုက်မိသည်။

''နောင်ရဲဇင် အခု Australia ...မှာလေ၊ သူလည်း တစ်ယောက် ...တည်းပါပဲ၊ ခုချိန်ထိ ချစ်ရမယ့်သူ ...ရှိသေးပါဘူး ခိုင်ထွန်းသာ''

''ပြောလိုက်ပါတော့၊ မဆိုနိုင် ...တဲ့ မျဉ်းပြိုင်နှစ်ကြောင်းလို မျှော် ...လင့်ချက်တွေ ထားမနေချင်ပါနဲ့ ...တော့လို့''

''အင်း.....ခက်တယ်ဗျာ၊ ...ဘကမှာ ဆန့်ကျင်ဘက်ဆိုတဲ့ ...အားရပ်သာရှိမနေရင် ဒီမျဉ်းပြိုင် ...စ်ကြောင်းကို ပြန်ဆုံနိုင်အောင် ...ဆက်ပေးလိုက်ချင်ပါရဲ့ဗျာ''

သူတို့နှစ်ဦး လွတ်လပ်စွာ ...ကားပြောနိုင်စေရန် ကျွန်မ ရှောင် ...ထွက်လာခဲ့မိ၏။ မျက်လုံးနှင့်လက် ...က Computer ပေါ်ရောက်နေကြ ပေမယ့် နားက သူတို့ပြောစကား များကို ကြားနေရသည်။

''တကယ်ဆို သူနဲ့ခိုင်က ချစ်သူတွေမှမဟုတ်ကြတာဘဲ၊ စားအတူ၊ သွားအတူလောက်ပဲ ရင်းနှီးခဲ့တာပါ၊ သူ့ရည်ရွယ်ချက်ကိုသိလိုက်ရချိန်မှာ သူဟာ ခိုင့်ချစ်သူ မဖြစ်သင့်ဘူးဆိုပြီး ရှောင်ခဲ့မိတယ်၊ ဒါကိုလည်း သူနားလည်နေမှာပါ''

တည်ငြိမ်အေးဆေးစွာဖြင့် ပြောနေသည့် မမခိုင်မှာ စကားကို ထိန်းပြောနေသည်ကို ကြည့်ခြင်းဖြင့် ခံစားမှုတစ်ခု ဖြစ်ပေါ်နေကြောင်း ကျွန်မ သိလိုက်ရလေပြီ။ သင်တန်းပြီးချိန်ဖြစ်၍လည်း ဆရာနှင့် ယခုလို အေးဆေးစွာပြောနေကြခြင်းပဲဖြစ်လေသည်။

''ဒါက ခိုင်ထွန်းသာအထင်ကိုး၊ တကယ်တော့ နောင်ရဲဇင်နဲ့ ခိုင်ထွန်းသာကို ကျွန်တော်တို့ပတ်ဝန်းကျင်အားလုံးက ချစ်သူလို့ သတ်မှတ်ထားကြတာပါ၊ ဘာပဲဖြစ်ဖြစ်လေ နောင်ရဲဇင်တစ်ယောက်တော့ တော်တော်လေး ခံစားသွားရမှာပါပဲ၊ သူက ပြောခဲ့ဖူးတယ်၊ သူ့တစ်သက်မှာ ခိုင်ထွန်းသာတစ်ယောက်ကိုသာ ချစ်ခဲ့ဖူးတာပါတဲ့၊ ဒါက တစ်ဖက်သတ်ခံစားသူရဲ့ အပိုင်းလေ၊ နောင်ရဲဇင် Australia ကို ထွက်သွားဖြစ်တာကလည်း ဟိုမှာရှိနေတဲ့ သူ့အစ်ကိုက လှမ်းခေါ်တာပါ၊ သူတို့က အဲဒီမှာ အခြေချနေတာကိုး၊ နိုင်ငံခြားထွက်သွားသူတစ်ယောက်မှာ အလုပ်အကိုင် အဆင်သင့်ရှိဖို့က မလွယ်ဘူးလေ''

မမခိုင်၏ မပွင့်တပွင့်ရယ်သံ အဆုံးတွင် ပြတ်သားသော စကားသံများကိုပါ တစ်ဆက်တည်းကြားနေရသည်။

''သူ့မှာ နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ချင်စိတ်ရှိနေတာကိုက ခိုင် မကြိုက်တာပါ၊ ကိုဆွေမင်းခန့် စဉ်းစားကြည့်လေ၊ သူတတ်ထားတဲ့ပညာဟာ မြန်မာပြည်အတွက်မှ မဟုတ်ခဲ့တာဘဲ၊ ကိုယ့်တိုင်းပြည်အတွက် အသုံးမချဘဲနဲ့ တခြားတိုင်းပြည်အတွက် အသုံးချလိုစိတ်ရှိသူဟာ တိုင်းပြည်အပေါ် မငဲ့ညှာတဲ့ သစ္စာဖောက်တစ်ယောက်ပဲ မဟုတ်လား၊ ခိုင်ရင်နာမိတယ်၊ သူ့လို ပညာတတ်တစ်ယောက်မှာ အသိဉာဏ်နည်းခဲ့တာကိုက ချစ်သူကောင်းမဟုတ်တာ ကြိုပြလိုက်သလိုပါပဲလေ၊ သူဟာ ခိုင့်အတွက် မပြောနဲ့၊ ကိုယ့်တိုင်းပြည်အပေါ်တောင် ထောက်ထားစိတ်၊ မျိုးချစ်စိတ် မရှိတဲ့ယောက်ျားတစ်ယောက်ပါ၊ နိုင်ငံခြားဆိုတာ အထင်ကြီးဖို့ မဟုတ်ဘူး၊ သူတို့တိုင်းပြည်တွေ ဘယ်လိုဘယ်နည်း ကြီးပွားတိုးတက်ခဲ့သလဲဆိုတာကို လေ့လာပြီး ကိုယ့်နိုင်ငံအတွက် နည်းပညာ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုး သင်ကြားတတ်မြောက်ခဲ့ပြီး ပြန်အသုံးချနိုင်အောင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်နိုင်ရမယ်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ချစ်တတ်ရမယ်၊ သူ့မှာ အဲဒီလိုစိတ်မျိုးမရှိခဲ့ဘူး၊ စီးပွားရှာတယ်ဆိုတာ တခြားမှာ သွားရှာစရာ မလိုပါဘူးရှင်၊ ကိုယ့်တိုင်းပြည်မှာ အလုပ်လုပ်ရင်လည်း ကြီးပွားနိုင်ပါတယ်၊ ရှင်ရော နိုင်ငံခြားက ပြန်လာတာပဲမဟုတ်လား''

ဆရာသည် UK မှ ပညာသင်ကြားလေ့လာခဲ့ပြီး ကိုယ့်နိုင်ငံတွင် ပြန်လည်လမ်းဖွင့် အသိပေးနေသည့် Computer ပညာရှင်ကြီးတစ်ဦးဖြစ်ကြောင်း သင်တန်းစတက်ကတည်းက သိနေပြီးဖြစ်ပါ၏။ မမခိုင်၏အမေးကို နှုတ်မှပြန်မဖြေသော်လည်း စိတ်ထဲမှ ဝန်ခံနေမည်ကို ကျွန်မ နားလည်ပြီးသားပါ။

''တကယ်တမ်းစဉ်းစားကြည့်ရင် နိုင်ငံခြားတိုင်းပြည်တွေမှာ ဘယ်လောက်ပဲ နေပျော်ပါစေ၊ အချိန်တန်ရင် ကိုယ့်မြန်မာပြည်ကြီးကို လွမ်းနေတတ်ကြသူတွေပါပဲ၊ သူစိမ်းကောင်းတယ်ဆိုတာ မိဘအိပ်နေသလောက်ပါ ကိုဆွေမင်းခန့်၊ ခိုင်တော့လေ မြန်မာပြည်မိခင်ရင်ငွေ့ကနေ ဘယ်တိုင်းပြည်ကိုမှ မသွားချင်ပါဘူး၊ ကိုယ့်မိခင်ရင်းသာ ကိုယ့်ဘဝအတွက် လုံခြုံမှုကို အကာအကွယ်ပေးနိုင်ဆုံး ရင်ခွင်တစ်ခုပါ''



မမခိုင်ရှင်းပြမှ မျိုးချစ်စိတ်ဆ
သည်ကို ကျွန်မလည်း နားလည
သွားမိရသည်။ လူတစ်ယောက်
တွင် မျိုးချစ်စိတ်ရှိဖို့လိုအပ်၏။ ထိ
မျိုးချစ်စိတ်ကို ကိုယ်တိုင်နှလုံးသာ
ထဲတွင် ရှိနေစေရန် စွဲမှတ်နေခြင်း
ထက် လက်တွေ့လိုက်နာတတ်ဖို့
အရေးကြီးကြောင်း သိလိုက်လေ
ပြီ။

''အင်းလေ၊ နောင်ရဲဇင်စိတ်
ဓာတ်ဟာ ခိုင်ထွန်းသာပြောသလို
ဖြစ်နေတော့လည်း ကျွန်တော်
လက်ခံပါတယ်၊ ဒါပေမဲ့ အချစ်
နဲ့ညှိနှိုင်း ခေါ်ယူကြည့်ရင်ရော
မရနိုင်ဘူးလားဗျာ''

''ဪ.....ကိုဆွေမင်းခန့်
ရယ်၊ သူ့မှာ နိုင်ငံချစ်စိတ်မရှိမ
တော့ အချစ်စိတ်က ရှိနိုင်ပါဦး
တော့မလား၊ သူသာခိုင့်ကိုတကယ်
ချစ်တယ်ဆိုရင် မြန်မာပြည်ကြီးက
နေ တစ်ဖဝါးမှ ခွာချင်မှာမဟုတ်ပါ
ဘူး၊ ခုနေ မြန်မာပြည်ကို ပြန်လာ
မယ်ဆိုရင်တောင် ခိုင် သွားမတွေ့
နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုရင်
ကျွန်မ အထင်မကြီး၊ မလေးစား
တော့တဲ့ ယောကျ်ားတစ်ယောက်
ဖြစ်နေလို့ပါပဲ၊ ကဲပါလေ....စကား
ကောင်းနေတာနဲ့ အိမ်ပြန်
နောက်ကျ နေပါဦးမယ်၊ ခိုင်တို့ကို
သွားခွင့်ပြုပါဦး''



www.burmeseclassic.com

www.burmeseclassic.com



**သင်တန်းမှအပြန်လမ်းတွင်**
**နှစ်ဦးသား တိတ်ဆိတ်ငြိမ်သက်နေကြရ၏။**
**မမခိုင်ထံမှ စကားကို**
**စတင်ကြားရလိမ့်မည်ဟု**
**ထင်ထား သော်လည်း**
**မမခိုင်တွင် အချစ်နှင့် ပတ်သက်ပြီး**
**ပြောစရာစကားပင် ကျန်ရှိတော့..........**

နှုတ်ဆက်နေသည့် အခြေအနေကြောင့် ကြီးကြီးမျှော်နေမည့် စိတ်က အလိုလိုသိလိုက်မိသည်။

"နောင်လည်း စကားတွေ လာပြောပါ ခိုင်ထွန်းသာရ၊ ကျွန်တော်တောင် နိုင်ငံခြားထွက်ရ ကောင်း မလားလို့ စဉ်းစားနေတာ၊ ခိုင်ထွန်းသာရှင်းပြမှ မျိုးချစ်စိတ်တွေရှိလာပြီး နိုင်ငံခြားမထွက်ချင်တော့ပါဘူး၊ ကျေးဇူးပါပဲ ခိုင်ထွန်းသာ"

မမခိုင်သည် ထိုစကားကြောင့် ကျေနပ်သွားပုံရ၏။ မျက်ဝန်းလေးများမှာ လင်းလက်တောက်ပနေကြပြီး အနာဂတ်အတွက် အင်အားသစ်များ တိုးနေသလို ခံစားသွားရမှာပါ။

"မေမီရော နေကောင်းရဲ့လား ကျွန်မတို့လည်း မတွေ့ရတာ အတော်ကြာနေပြီနော်"

"ကောင်းပါတယ်၊ ခိုင်ထွန်းသာသူငယ်ချင်းက စားလိုက်၊ အိပ်လိုက်နဲ့ ဘုတ်အိုးကြီးဖြစ်နေပြီ"

"သားသမီးလေးတွေ ရနေကြပြီလား"

"နှစ်ယောက်ပေါ့၊ အငယ်လေးတောင် ကျောင်းစတက်နေပြီလေ၊ သားတစ်ယောက်၊ သမီးတစ်ယောက်ပါ"

ဆရာ့ကို အစက လူပျိုဟု ထင်ထားမိ၏။ မမခိုင်လာမှပဲ ဆရာသည် အိမ်ထောင်ရှိ ယောကျ်ားတစ်ဦးဖြစ်မှန်း သိခဲ့ရသည်။

"ဆရာ သမီးကို ခွင့်ပြုပါဦး"

"အေး...အေး၊ See You See You"

သင်တန်းမှအပြန်လမ်းတွင် နှစ်ဦးသား တိတ်ဆိတ်ငြိမ်သက်နေကြရ၏။ မမခိုင်ထံမှ စကားကို စတင်ကြားရလိမ့်မည်ဟု ထင်ထားသော်လည်း မမခိုင်တွင် အချစ်နှင့် ပတ်သက်ပြီး ပြောစရာစကားပင် ကျန်ရစ်တော့မည်မဟုတ်ပေ။ နောင်ရဲဖင်ဆိုသည့် မမခိုင်၏ ချစ်သူကို ကျွန်မတွေ့မြင်ချင်နေသည်။ မမခိုင်တို့အဖြစ်က စိတ်ချင်းမတူညီကြသည့် ချစ်သူနှစ်ဦး၏ စိတ်မကောင်းစရာ အဖြစ်လေးပင်ဖြစ်လေသည်။ မမခိုင်၏ နှလုံးသား တစ်နေရာတွင် မည်သို့ ရှိနေမည်နည်း။ သိချင်လာ၏။

♛♛♛♛♛♛

"မဒ္ဒူအတွက်တဲ့၊ နေ့လယ်က မေမေဝယ်လာပေးတာ"

မမခိုင်၏လက်ထဲတွင် Ready Made အင်္ကျီလှလှလေးကို တွေ့ရသည်။ ကော်လံနှင့် ရှေ့ခွဲအင်္ကျီလေးမှာ ဈေးကြီးပါလိမ့်မည်။ ဇာနားကွပ်ထားသည့်အတွက် အဖိုးထိုက်တန်မှန်း သိသာပါ၏။ ထိုအင်္ကျီမျိုးကို ကြီးကြီးသည် မည်သည့်စိတ်ကူးဖြင့် ဝယ်လာသည်မသိ။

"လှတယ်နော်၊ မမတို့ငှ..."

www.burmeseclassic.com

မှုုးကြီးဝတ်တာ သောင်းကျော် တန်ပါ၊ ဒီလိုအင်္ကျီလေးမျိုးပဲ၊ မေမေပြောတော့ ငါးထောင်တဲ့''

အင်္ကျီလေးကို ကိုယ်မှာကပ် ကြည့်နေသည့် မမခိုင်မှာ သဘော ကျနေပုံရသည်။

''မမခိုင်ဝတ်ချင်ရင် ယူလိုက် လေ၊ မဒ္ဒူက ဒါမျိုးမှမဝတ်တတ် တာ''

''ဝတ်စမ်းပါကွယ်၊ မမခိုင်က ဒီပုံမျိုးဝတ်ဖို့ မသင့်တော်ပါဘူး၊ ညီမလေးက ငယ်ရွယ်တဲ့သူပဲ၊ အမျိုးမျိုးဝတ်ပေါ့၊ အင်း....မေမေ တောင် ခေတ်မီလာပြီပဲ၊ တစ်နေ့ က မဒ္ဒူကို လာကြိုရင်း မမခိုင်နဲ့ အလာမှာ Computer သင်တန်းမှာ မိန်းကလေးတွေဝတ်ကြတဲ့ အဝတ် အစားလေးတွေကိုကြည့်ပြီး ခေတ် ရေစီးကြောင်းကို မေမေ နားလည် လက်ခံသွားပြီထင်ပါရဲ့လေ''

ကျွန်မက ဘာမှမပြောဘဲ မမ ခိုင်စကားကိုသာ နားထောင် နေမိသည်။

''လူတွေဟာ ခေတ်ရေစီး ကြောင်းအလိုက် ဝတ်စားဆင်ယင် မှု အမျိုးမျိုးပြောင်းလဲကြပေမယ့် ယဉ်ကျေးတဲ့ မြန်မာဝတ်စုံလေးဟာ ဘယ်ခေတ်၊ ဘယ်စနစ်ပဲဖြစ်ဖြစ် ဘယ်တော့မှ မရိုးနိုင်တဲ့ ဝတ်စုံ လေးပါပဲကွယ်၊ ဒါကြောင့် မမခိုင်



ကိုယ်တိုင်ကိုက မြတ်မြတ်နိုးနိုး ဝတ်ဆင်မိတယ်၊ ဒီဝတ်စားဆင် ယင်ပုံလေးဟာ မြန်မာမိန်းကလေး ပီပီ ဘယ်လောက်ဂုဏ်ယူစရာ ကောင်းသလဲ၊ မမခိုင်ကို အမေတူ သမီးလို့ပဲဆိုဆို၊ ရှေးဆန်တဲ့ မိန်း ကလေးလို့ပဲပြောပြော ကျေကျေနပ် နပ်နဲ့ကို ဝတ်ဆင်နေမှာပါပဲကွယ်၊ ဒါဟာ ရိုးသားမှုရှိတဲ့ စိတ်ဓာတ် လေးကို ပြနေတာနဲ့ အတူတူပါပဲ''

မမခိုင်တို့ပတ်ဝန်းကျင်တွင် လည်း ဝတ်စားဆင်ယင်မှုနှင့်ပတ် သက်ပြီး ပြောဆိုကဲ့ရဲ့စကားကို ခံ ရတာပါပဲလား။ သို့ပေမယ့် မမခိုင် သည် သူ၏ မယိမ်းမယိုင်စိတ်ဓာတ် လေးနှင့် ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ခဲ့သူ ပင်။ ကျွန်မကဲ့သို့ တွေဝေ၊ ရှက်ရွံ့ အားငယ်စိတ် အလျှင်းမရှိခဲ့ပေ။

''မမခိုင်လေ ခေတ်ရေစီး ကြောင်းကို မျောပါနေကြတဲ့ မိန်း ကလေးတွေကို လေ့လာကြည့်မိ တယ်၊ တချို့က အဝတ်အစား အဖိုးထိုက်တန်တာတွေဝတ်ပြီး သူ တို့တွေရဲ့ စိတ်ဓာတ်တွေက မြင့် မြတ်မလာကြပါလား၊ တစ်ဦးနဲ့တစ် ဦး အပြိုင်အဆိုင်၊ မလိုတမာစိတ် တွေနဲ့ လောကကြီးမှာ ရှင်သန်နေ တတ်ကြတယ်လေ၊ တကယ်တမ်း စဉ်းစားကြည့်ရင် ကိုယ့်အလေ့အထ တွေကို ဖန်တီးပေးတာ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားမဟုတ်ပါဘူး၊ မြင့်မြတ်စိတ်သာ ကိုယ့်ရဲ့ထာဝရအလုပ်ပါပဲ၊ ဒါကြောင့် မာနတွေ၊ ဝန်တိုခြင်းတွေ၊ ကြမ်းကြုတ်ရက်စက်ခြင်းကင်းဝေးအောင် ကိုယ့်စိတ်ကိုပြုပြင်ပြီး ရိုးသားစွာ နေထိုင်တတ်ရင် လောကကြီးဟာ လှပတင့်တယ်နေမှာပဲပေါ့ကွယ်''

မမခိုင်၏စကားကို အကြွင်းမရှိ လက်ခံပါ၏။ ကျွန်မကိုယ်တိုင်လည်း မမခိုင်ပြောသလို ခံစားခဲ့ရပါသည်။ Computer သင်တန်းတွင် မိန်းကလေးတိုင်း ခေတ်မီဆန်းသစ်သော အဝတ်အစားများနှင့် ပြင်ဆင်ခြယ်သပြီး စတိုင်လ်ကျကျလာတတ်ကြသော်လည်း ကျွန်မကို ကြည့်သည့် အကြည့်များတွင် အထင်သေးသည့် အကြည့်မျိုးဖြင့် အပေါင်းအသင်းမလုပ်လိုကြ။ ရှောင်ဖယ်ချင်တတ်ကြသည်။

''မဥ္စူလည်း မဝတ်ချင်ပါဘူး မမခိုင်ရယ်''

''ဟေ့.....ဝတ်စေချင်လို့ဝယ်ပေးတဲ့ မေမေ့မျက်နှာကိုထောက်ဦးနော်၊ ငယ်ငယ်က ဝတ်ချင်လှချည်ရဲ့ဆို''



မမခိုင်က အတိတ်ကိုသတိရဟန်ဖြင့် အပျော်စကားလေး ပြောသာရှာ၏။ ကျွန်မ သိပ်သတိရတာပေါ့။ ကြီးကြီးမနှစ်သက်သည့် အလုပ်ကို လုပ်ခဲ့မိခြင်းကြောင့် နှောင်တများစွာဖြင့် အသည်းတွင် စွဲမြဲစွာ ထင်ကျန်နေရစ်ခဲ့ရ၏။ သို့အတွက် ကြီးကြီးကို စိတ်ချမ်းသာစေချင်ပါသည်။

''ညီမလေးက ငယ်ပါသေးတယ်ကွယ်၊ ခေတ်ပေါ်လှပဆန်းသစ်မှုကို မက်မောတတ်မှာပါပဲ၊ သရုပ်မပျက်ရင် ဖြီးတာပါပဲကွယ်၊ သူများလို လိုက်မဝတ်နိုင်ရင် အားငယ်လာမယ်၊ ဘဝကို စိတ်ပျက်ငြီးငွေ့လာရလိမ့်မယ်၊ ပတ်ဝန်းကျင်ရဲ့ ရိုက်နှက်မှုဒဏ်ကို ညီမလေးက ငယ်သေးတော့ နားလည်သေးမှာမဟုတ်ပါဘူးလေ''

ကျွန်မ ခံစားနေရခြင်းကို မမခိုင်က သိမည်မဟုတ်ပေ။ ပြောပြလျှင်လည်း စိတ်မကောင်းဖြစ်မည်စိုး၍ ရေငုံနှုတ်ပိတ်နေလိုက်မိပါပြီ။

''အဝေးသင်တက္ကသိုလ်တက်ဖို့ ကျောင်းအပ်ရဦးမှာနော်၊ ဒဂုံတက္ကသိုလ်ကို သွားတတ်ရဲ့လား''

''သွားတတ်ပါတယ် မမခိုင်''

မနေ့က သဥ္ဇာထက် ဖုန်းဆက်လာ၏။ သွားလျှင် သူလိုက်ပို့မည်ဟု ပြောထားခဲ့၍ ကျွန်မမှာ သတ္တိကောင်းနေသည်ကို မမခိုင်က မသိပေ။ အဝေးသင်တက်၍ သဥ္ဇာထက်က ဘဝင်မကျခဲ့၊ ကျွန်မကို ဆူတော့သည့် ကို

www.burmeseclassic.com

www.burmeseclassic.com





ထက်က ကျွန်မကို နားလည်ပေးထားသည်ဟု သိရ၏။ တက္ကသိုလ်တက်ခြင်း အတွက် ကျွန်မအားနားလည်ပေးထားကြသူနှစ်ဦးမှာ ကြီးကြီးနှင့်ကို ထက်ပဲ ရှိပါသည်။

"အေးလေ၊ နောင်ဆို ဒဂုံ တက္ကသိုလ်ကြီးကို ချောင်းပေါက်မတတ် သွားရမှာပါ၊ စာစဉ်တွေ မြန်မြန်ရအောင် ကျောင်းအရင်အပ်ထား၊ ဒါနဲ့ ညီမလေးဆီ Result ထွက်တုန်းက လာခေါ်တဲ့ကောင်မလေးရော Distance ပဲလျှောက်တာလား"

"သဉ္ဇာက Day တက်မှာပါ မမခိုင်၊ ECO ရတယ်"

"မဆိုးပါဘူး၊ သူ့အဖေက အရင်က Singapore လိုင်းက Captain မဟုတ်လား၊ အခု ကုမ္ပဏီ ဖွင့်နေတယ်ဆို"

"ဟုတ်တယ် မမခိုင်၊ သဉ္ဇာတို့က အစစ ပူစရာမလိုပါဘူးလေ၊ ဘွဲ့ရရင်လည်း သူ့အဖေကုမ္ပဏီမှာ ပြန်လုပ်မှာပါ၊ သူများတွေများ ကံကောင်းလိုက်တာနော်"

ပြောပြီးမှ မမခိုင်ကို အားနာသွားရ၏။ ကျွန်မကို ကြီးကြီးတို့မိသားစုမှ ခေါ်ယူမွေးစားထားသည်ကိုက ကျွန်မအတွက် ကံကောင်းခြင်းတစ်ရပ်ပါပဲလား။ ကြီးကြီးတို့ကသာ ခေါ်ယူမွေးစားထားခြင်းမရှိလျှင် ကျွန်မဘဝက မည်သို့ ဖြစ်လာလိမ့်မည်မသိ။ ကျွန်မ၏ မိဘများသည် ဘယ်အတွက်ကြောင့် ကျွန်မကို စွန့်ပစ်ခဲ့ကြပါလိမ့်။ တချို့ မွေးစားထားသူများသည် ကျွန်မကဲ့သို့ မောင်နှမရင်းပမာ ချစ်ခင်ကြခြင်းမရှိကြပါ။ အရာရာတွင်အား ငယ်ခြင်းအမျိုးမျိုးဖြင့် ကံဆိုးခဲ့ကြရ၏။ သူတို့တွေနှင့်စာလျှင် ကျွန်မက အများကြီးကံကောင်းခဲ့သူပါလား။

"မဉ္ဇူကို ကြီးကြီးသာ မွေးစားမထားရင် ခုလောက်ဆို ကံဆိုးနေမှာပါ မမခိုင်၊ ဒီအတွက် မမခိုင်တို့မိသားစုကို မဉ္ဇူ ကျေးဇူးတင်နေမိတယ်၊ မဉ္ဇူလို မွေးစားသမီးတစ်ယောက်ကို သားသမီးရင်းနဲ့မခြား ကျောသားရင်သား မခွဲခြားဘဲ စေတနာ၊ မေတ္တာထားတာ မဉ္ဇူ ကံကောင်းတာပဲပေါ့နော်"

"ခွေးမလေး၊ ဒါတွေသိရဲ့နဲ့ အားငယ်စရာတွေ တွေးဦးမလို့လား"

ကျွန်မဆံပင်လေးများကိုနမ်းပြီး ခေါင်းလေးကို ပွတ်သပ်ပေးရှာ၏။ မမခိုင်သည် ငယ်ထိပ်မှဆံပင်လေးများကို ငယ်စဉ်ကတည်းက မက်မက်မောမော နမ်းနေကျပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုအမူလေးကို အမြဲပြုမူတတ်သည်။

"သဥ္စာတို့အကြောင်း မမခိုင် ဘယ်လိုသိခဲ့တာလဲဟင်"

"သူတို့မိဘတွေပိုင်ဆိုင်တဲ့ ကုမ္ပဏီမှာ မမခိုင်အသိရှိတယ်လေ၊ နောက်ပြီး အားကိုးလောက်တဲ့ သားတစ်ယောက်လည်း ရှိတယ်ဆိုပဲ"

"ဩော်....ကိုထင်လင်းထက်ကို ပြောတာထင်ပါရဲ့"

မမခိုင်က ထင်လင်းထက်ကို သိမည်မဟုတ်ပါ။ ကျွန်မအမေးကို ခေါင်းလေးဘယ်ညာခါယမ်းပြီး....

"မမခိုင်မှ မသိတာကွယ်၊ စီးပွားရေးသမားတွေဟာ ရှေ့ရေးကို မျှော်တွေးတတ်တာတော့သိတယ်၊ မျိုးဆက်ကို လက်ဆင့်ကမ်းအမွေပေးပြီး လုပ်ခိုင်းခဲ့တဲ့ အနာဂတ်ကို တည်ဆောက်နိုင်ကြတဲ့အတွက် အားကျလေးစားမိတာတော့ အမှန်ပါပဲကွယ်၊ သူတို့လိုဖြစ်မလာလို့ ကိုယ့်ဘဝကို အားငယ်မနေပါနဲ့ကွယ်၊ သူတို့လိုဖြစ်အောင် ကြိုးစားရမယ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိနေရမယ်၊ အလုပ်ကို ရိုးသားစွာ ကျင့်ကြံနေရမယ်"

> တို့နိုင်ငံမှာကုမ္ပဏီကြီးတွေဖွင့်ကြတာ ဘယ်လောက်အားရစရာကောင်းသလဲ၊ လမ်းပန်း ဆက်သွယ်ရေးကောင်းတော့ ဈေးကွက်စီးပွားရေး ချဲ့ထွင်နိုင်ပြီပေါ့ကွယ်၊ နိုင်ငံခြားသွားပြီး အလုပ်လုပ်စရာတောင်....

ဟုတ်တာပေါ့။ တချို့စီးပွားရေးသမားတွေဟာ တစ်ဦးနှင့်တစ်ဦး လိမ်ညာလှည့်ဖြား ကောက်ကျစ် တတ်ကြသည့်အတွက် စီးပွားရေးနယ်ပယ်တွင် ကောက်ရိုးမီးပမာ ဟုန်းခနဲတောက်လောင်၊ မီးငြိမ်းသွားတတ်ကြသည်။ ကြာရှည်မတည်မြဲတတ်ပေ။

"အခုလို တို့နိုင်ငံမှာ ကုမ္ပဏီကြီးတွေဖွင့်ကြတာ ဘယ်လောက်အားရစရာကောင်းသလဲ၊ လမ်းပန်းဆက်သွယ်ရေးကောင်းတော့ ဈေးကွက်စီးပွားရေး ချဲ့ထွင်နိုင်ပြီပေါ့ကွယ်၊ နိုင်ငံခြားသွားပြီး အလုပ်လုပ်စရာတောင် မလိုတော့ဘူး"

မမခိုင်ထံမှ ထိုစကားလေးကို ကြားခဲ့ရ၍ မမခိုင်ချစ်သူအကြောင်းကို မေးချင်လာသည်။ သို့ပေမယ့် မေးရခက်နေပြန်၏။



www.burmeseclassic.com

“ညီမလေး ကြားခဲ့မိမှာပေါ့၊ *မမခိုင်နဲ့ နောင်ရဲဇင်အကြောင်းကို* သိရတော့ အံ့ဩမသွားဘူးလား ဟင်”

မျက်လုံးလေးဝင့်ပြီး ခေါင်း ညိတ်ပြမိတော့ မမခိုင်သည် ပင့် သက်မောတစ် ချက်ကိုရှိုက်ပြီး....

“အယူအဆ ချင်း၊ စိတ်ချင်း မတူညီတော့ ချစ် သူမဖြစ်ခင်မှာ လမ်းခွဲလိုက်ခြင်း သာ အကောင်း ဆုံးပါပဲ ညီမရယ်၊ မမခိုင် မညာချင် ပါဘူး၊ နောင်ရဲ ဇင်လို ယောကျ်ား တစ် ယောက်ကို မိန်းမတိုင်း မငြင်း နိုင်ကြပါဘူး။ သူ ဟာ ချစ်သူကောင်း တစ်ယောက် ဖြစ်နိုင်ပေမယ့် ခင်ပွန်းကောင်း တစ်ယောက်တော့ ဘယ်လိုနည်း နဲ့မှ ဖြစ်မလာနိုင်ပါ ဘူး။ လောကကြီးမှာ စိတ်ချင်းတူမှ ပေါင်းနိုင်ကြ တာပါ”


“မမခိုင်ဘက်က ဘာ ကြောင့် မချစ်နိုင်တာလဲဟင်”

ထိုစကားကြောင့် မမခိုင်က ယဲ့ယဲ့လေးပြုံးပြီး သက်ပြင်းလေးကို ချလိုက်ပါသည်။

*“အဓိက,ကတော့ စိတ်ချင်း* မတူညီလို့ပဲပေါ့ ညီမရယ်၊ မမခိုင် က ကိုယ့်မြန်မာပြည်ကြီးအတွက် အလုပ်လုပ်စေချင်တယ်၊ သူက နိုင်ငံခြားကို အထင်ကြီးတယ်၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်မှ ဂုဏ်ရှိတယ်လို့ ထင်နေသူပါ၊ ကိုယ့် မြေ၊ ကိုယ့်ရေမှာ သယံဇာတတွေ လည်းပေါများတယ်၊ ကိုယ့်ပညာနဲ့ အလုပ်လုပ်ရင် ကြီးပွားနိုင်ပါတယ် ကွယ်၊ဒါကို သဘောမပေါက်ဘူး”

“မမခိုင်က နားလည်အောင် မရှင်းပြပေးလို့လား”

“ဘယ်လိုမှ လက်မခံပါဘူး ကွယ်၊ သူ့ဆန္ဒက မမခိုင်ပါ သူနဲ့ အတူလိုက်ပြီး မောင်တစ်ထမ်း မယ်တစ်ရွက် စီးပွားရှာရင် ကြီးပွား နိုင် မယ်ပေါ့။ မိဘမောင်ဖွားတွေ ကိုပစ်ပြီး နိုင်ငံရပ်ခြားမှာ အလုပ် သွား လုပ်လောက်အောင် မမခိုင် ဟာ အသိဉာဏ်မရှိတဲ့ မိန်းမယုတ် မဟုတ်ဘူး မဩူ။ ယောကျ်ားမရရင် နေပါစေ၊ နိုင်ငံ အပေါ်တော့ ဘယ် တော့မှ သစ္စာမမဲ့ ဘူး”



ကြီးကြီးနှင့် မမခိုင်က စိတ် ဓာတ်ချင်းတူညီ၏။ မြန်မာ့ ယဉ်ကျေး မှုကို မြတ်နိုးကြ၏။ ကြီးကြီးလက်ခံ နိုင်မည့် သမက်မျိုး မှာ သူတို့နှင့် စိတ် ချင်းတူမှပင် ဖြစ် ပေလိမ့်မည်။ မမ ခိုင်၏အဆုံး အဖြတ်သည် မှန် ကန်သလို ကျွန်မသာ လျှင် မမခိုင်နေရာ၌ရှိနေလျှင် မည်သို့ ဆုံးဖြတ်နိုင်ပါမည်နည်း။

ရွှေလဆက်ဖတ်ပါရန်

**လေးစားစွာဖြင့်**

**ထက်ထက်ဦးဓေ**

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာပေး၍ မေတ္တာမရခဲ့သော ကျွန်မဘဝ





www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာပေး၍ မေတ္တာမရခဲ့သော ကျွန်မဘဝ

ညောင်တုန်းမစိုးကြီး



* ရခဲလှတဲ့ လူ့ဘဝ
ရည်သည်အဖြစ် နေကြရ
သူကောင်းကောင်းလို ရောက်ရှိလာ
တန်ဖိုးရှိအောင် နေကြပါ
တန်ဖိုးမဲ့လျှင် လူဖြစ်ရှုံး။
* အသိကြွယ်တဲ့ လူဖြစ်လာ
ဘဝဆုတောင်း ကောင်းလို့ပါ
သံသရာဆက် ကောင်းမွန်ဖို့
မိဘစကား နားထောင်စို့။
* မိဘစကား နားထောင်လျှင်
အများကောင်းလို့ ဘေးရှင်းမည်
သက်ရှိမိဘ ဆိုဆုံးမ
ဝဋ်ထာဝရ လိုက်နာကြ။
* မိဘစကား သေချာညီဖြီး
သေကာမှ အော်ငိုကြ
လူမိုက်နောင်တ နောင်မှရ
နောင်မှရတဲ့ နောင်တတော
တန်ဖိုးမရှိတာ ယုံကြည်ပါ။

ကျွန်မက ရေးစပ်နေသော ကဗျာကို အထပ်ထပ်အခါခါ ဖတ်သည်၊ ပြင်သည်။ ဖတ်ရင်းပြင်ရင်း ရင်ထဲတွင် လှိုက်လှိုက်ဆူ၍ မျက်ရည်အသွယ်သွယ် ကျခဲ့ရသည်။

ကဗျာကိုရေးနေသော ကျွန်မကိုယ်တိုင် နောင်တရနေမိသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုသို့သော နောင်တကြောင့်ပင် ကျွန်မသည် အမှားကြီးတစ်ခုကို ပြုခဲ့မိလေပြီဟု တွေးမိရင်းယူကျုံးမရ ဖြစ်ခဲ့ရ၏။

ကျွန်မရဲ့နောင်တက တန်ဖိုးမဲ့ခဲ့ရလေပြီ။

မှန်ပါသည်။ တန်ဖိုးမရှိသော နောင်တက ကျွန်မ၏ ဘဝတစ်ခုလုံးကို နှိပ်စက်ပေတော့မည်။

♛♛♛♛♛

ပြုပြင်၍မရခဲ့သောအမှားကို ကျူးလွန်ခဲ့သူမှာ မသန္တာဆိုသော ကျွန်မဖြစ်ပါသည်။

ကျွန်မသည် ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့တွင် မွေးဖွားခဲ့သူဖြစ်သည်။ ကျွန်မ အသက်(၅)နှစ်အရွယ် ရောက်ရှိချိန်၌ လူပြောသူပြောများလှသည့် ရန်ကုန်မြို့ကို ရောက်ဖူးချင်လှသူ ဖြစ်သည်။

တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် အာသာဆန္ဒ ပြင်းပြသော ရန်ကုန်မြို့သို့ ရောက်ရှိမည်ဟု ကျွန်မကိုယ်ကျွန်မ ယုံကြည်နေခဲ့သည်။

ကျွန်မ၏ဖခင်မှာ မော်တော်နှင့် သင်္ဘောပိုင်ရှင်ဖြစ်၍ စက်ပစ္စည်းများဝယ်ရန်အတွက် ရန်ကုန်သို့ တစ်လတစ်ကြိမ် ရောက်ရှိတတ်သည်။ ရန်ကုန်နှင့် ညောင်တုန်းမြို့မှာ ကားလမ်းဆက်သွယ်မှုရှိ၍ သွားရေးလာရေး မခက်ခဲ့ပါ။

ဖခင်ဖြစ်သူ ရန်ကုန်သို့သွားသည့်အခါတိုင်း လိုက်ပါခွင့်တောင်းခဲ့သည်။ ကလေးဖြစ်သော ကျွန်မကို အလုပ်ကိစ္စနှင့်သွားသည့် ဖခင်က ခေါ်ယူချင်စိတ်မရှိပါ။ အဖေနဲ့အတူ ရန်ကုန်သို့ မလိုက်ရ၍ ကျွန်မမှာ အမြဲလိုလို ဝမ်းပန်းတနည်း ငိုခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ရန်ကုန်မြို့တွင် နေထိုင်ကြီးပြင်းလိုသော ဆန္ဒပြင်းပြသူဖြစ်သည်။ ကျွန်မ၏မိဘများသည် စက်လှေပိုင်ရှင်များဖြစ်ပြီး ကုန်ရောင်းကုန်ဝယ်သမားများဖြစ်၍ အမြဲလိုလို ခရီးထွက်ရလေ့ရှိသည်။

ညောင်တုန်းမြို့မှ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့များသို့ လှည့်လည်သွားလာကာ ကုန်ဝယ်သည်၊ ကုန်ရောင်းသည်။

ကျွန်မ နေထိုင်သော ညောင်တုန်းမြို့ဆိပ်ကမ်းတွင် ရန်ကုန်-ဓနုဖြူ သင်္ဘော၊ ရန်ကုန်-ဟင်္သာတ သင်္ဘော၊ ဧရာဝတီသင်္ဘောများ နေ့စဉ်ဆိုက်ကပ်၍ ခရီးသွားများ အရောက်အပေါက်များသောမြို့ဖြစ်သည်။

ကျွန်မသည် နေ့စဉ် လှုပ်ရှားသွားလာနေကြသူများကိုကြည့်ရင်း ပညာတတ်ကြီးဖြစ်ချင်သည်။ ပညာတတ်ဖြစ်လျှင် ကျွန်မ နေထိုင်လိုသော ရန်ကုန်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်မည်ဟု မျှော်လင့်ခဲ့သည်။

ပညာတတ်ကြီး မဖြစ်လျှင်လည်း ကုန်ရောင်းကုန်ဝယ်လုပ်ငန်းဖြင့် ငွေကြေးချမ်းသာသူ ဖြစ်ချင်သည်။ နယ်တကာလှည့်လည်သွားလာ၍ ကုန်ရောင်းကုန်ဝယ်ပြုနိုင်မည်။ ငွေကြေးချမ်းသာလျှင် ရန်ကုန်မြို့တွင် အခြေစိုက်နေထိုင်နိုင်မည်ဟု မျှော်လင့်ခဲ့သည်။



ပညာတတ်၊ အရာရှိအရာခံဘဝသို့ မရောက်လျှင်ပင် ငွေကြေးချမ်းသာပါက သူတကာကို လက်ညှိုးထိုးခိုင်းစေနိုင်သော ငွေရှင်ကြေးရှင် ဖြစ်လာမည့်ဘဝကို အိပ်မက်ဖြင့် စိတ်ကူးယဉ်ခဲ့မိသည်။

ကျွန်မ၏ မိဘများက ကျွန်မကို ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်အောင် နေထိုင်ကျင့်ကြံရမည်ဟု အမြဲတစေ ဆိုဆုံးမခဲ့သည်။

ကျွန်မ ပညာသင်ခဲ့သော်လည်း ဘွဲ့ရပညာတတ်ကြီးတစ်ယောက် မဖြစ်ခဲ့ပါ။ သည်လိုဖြစ်မလာရခြင်းကလည်း မိဘများ အရောင်းအဝယ်ကိစ္စနှင့်ခရီး ထွက်လျှင် လိုက်ပါလိုသော ဆန္ဒကြောင့်ဖြစ်သည်။

''အဖေတို့ ဘယ်နေ့ပင် လယ်ဘက်ကို ခရီးထွက်မှာလဲ၊ ကျွန်မလည်း လိုက်ပါရစေ၊ အဖေတို့လို ကုန်ရောင်း ကုန်ဝယ် ကျွမ်းကျင်ချင်တယ်''

ကျွန်မက ခရီးထွက်ခွာမယ့် မိဘနှစ်ပါးကို ပူဆာမိပါတယ်။ ကျွန်မ၏မိဘနှစ်ပါးသည် ရန်ကုန်မှ ဝယ်ယူရရှိသော စားသောက်ကုန်များ၊ အဝတ်အထည်ပစ္စည်းများကို ရန်ကုန်-ဖျာပုံ သင်္ဘောဖြင့် လိုက်ပါ၍ ရောင်းဝယ်ကြသည်။

ကျွန်မ၏ မကြာခဏပူဆာမှုကြောင့် အဖေအမေတို့နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါပြီး အရောင်းအဝယ်ပညာများ သင်ယူခွင့်ရရှိခဲ့ပါတယ်။

အဲဒီလိုသွားလာရင်း ဘယ်ဒေသမှာ ဘာပစ္စည်းရောင်းရင် အရောင်းသွက်မယ်၊ ဒေသထွက်ပစ္စည်းဝယ်ယူပြီး ဘယ်ဒေသမှာ ပြန်ရောင်းရင် ဘယ်လောက် အမြတ်အစွန်းရမလဲဆိုတာတွေကို တွက်ချက်တတ်လာတယ်။

အပျိုဖော်ဝင်စအရွယ် ခရီးသွားလာရာမှာ လူ့သဘာဝအတိုင်း စိတ်ဝင်စားမှုခံရတာတွေနဲ့လည်း ကြုံရပါတယ်။

"သမီး၊ သဘော်သားဆိုတာ ရေထဲမှာ မစင်စွန့်တဲ့သူတွေကွဲ့၊ ဈေးကျရာ ပျော်ရတဲ့သူတွေ၊ နယ်တကာလှည့်သွားနေသူတွေဖြစ်လို့ ရောက်လေရာအရပ်မှာ အိမ်ထောင်ပြုတတ်တယ်၊ ဒါကြောင့် အိမ်ထောင်ပြုရင် သဘော်သားကိုစိတ်မကူးနဲ့"

ကျွန်မကို အဖေနဲ့အမေက သတိပေးရင်း ဆုံးမတယ်။ ကျွန်မဟာ ဖျာပုံ၊ ဒေးဒရဲ စသည်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကို ရေလမ်းခရီးနဲ့ သွားလာရင်း အရောင်းအဝယ်လုပ်နေရတော့ မိဘများက ဆိုဆုံးမ သတိပေးတဲ့အတိုင်း ကြားမြင် တွေ့သိနေရတယ်။

ဒါကြောင့် ဘယ်ယောက်ျားကိုမှ အထင်မကြီးဘူး။ ကျွန်မရဲ့ ရည်မှန်းချက်အတိုင်း ငွေကြေးချမ်းသာသူဖြစ်ဖို့ အရောင်းအဝယ်အလုပ်မှာပဲ စိတ်ကိုမြှုပ်နှံထားခဲ့တယ်။

အဖေနဲ့သမီး ခရီးသွားလာချိန်မှာ အဖေက ကြာလာတော့

> သမီး၊ သဘော်သားဆိုတာ
> ရေထဲမှာ မစင်စွန့်တဲ့သူတွေကွဲ့၊
> ဈေးကျရာ ပျော်ရတဲ့သူတွေ၊
> နယ်တကာလှည့်သွားနေသူတွေဖြစ်လို့
> ရောက်လေရာအရပ်မှာ
> အိမ်ထောင်ပြုတတ်တယ်၊
> ဒါကြောင့်
> အိမ်ထောင်ပြုရင် ......

စိတ်မသက်မသာနဲ့ ညည်းညူရှာတယ်။

ဖျာပုံမြို့ကိုရောက်တော့ ပွဲဈေးနဲ့ကြုံတယ်။ ပွဲဈေးထဲလျှောက်လည်ချင်တော့ အဖေ့ကိုပူဆာမိတာပေါ့။

"အဖေ၊ အဖေနဲ့သမီး ပွဲဈေး သွားရအောင်"

"သွားချင်တာပေါ့ သမီးရယ်၊ ဒါပေမဲ့ မသွားချင်ဘူး"

"ဟင်.....အဖေ့စကားကလည်း ဘာကြီးလဲ"

"အဖေ ပွဲဈေးသွားဖို့ သမီးကို သဘော်ပေါ် တစ်ယောက်တည်းထားခဲ့ဖို့ကလည်း စိတ်မချရဘူး၊ လူတွေအကြောင်း သမီးလည်းသိတာပဲ၊ အချောင်သမားတွေချည်းပဲ"

"အဲဒါဆိုရင် အဖေနဲ့သမီးသွားမယ်လေ"

"မဖြစ်ပါဘူး သမီးရယ်"

"ဘာဖြစ်လို့လဲ အဖေရဲ့"

"ပွဲဈေးထဲမှာ အဖေနဲ့သမီးယှဉ်သွားတော့ မသိတဲ့သူတွေက ဒီအဘိုးကြီးက အငယ်အနှောင်းနဲ့လို့ ဝေဖန်ကြလိမ့်မယ်၊ တချို့က နွားအိုမြက်နုကြိုက်လို့ ပြောကြလိမ့်မယ်၊ အဲဒါကြောင့် သူ့ကိုငါမသိ၊ ငါ့ကိုသူမသိတဲ့ အရပ်ဒေသမှာ သမီးနဲ့အဖေ တွဲပြီးမသွားတာ အကောင်းဆုံးပဲ"

အဖေက ရှင်းပြတော့ ကျွန်မလည်း ကောင်းစွာသဘောပေါက်ခဲ့တယ်။ အဲဒါကြောင့် တစ်ဦးတည်း ကုန်ရောင်းကုန်ဝယ်ခရီးတွေကို စွန့်စားသွားခဲ့မိတယ်။

♛♛♛♛♛

နောက်တော့ ကျွန်မဟာ


www.burmeseclassic.com

www.burmeseclassic.com



ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကို ကျွမ်းကျင်လာခဲ့တယ်။ လမ်းခရီးလည်း ကျွမ်းကျင်လာတယ်။ မြို့တိုင်း၊ ရွာတိုင်းမှာ အသိအကျွမ်းတွေ ပေါလာတာကြောင့် စီးပွားရေးကို ကိုယ်တိုင်ဦးဆောင်သူအဖြစ် စွန့်စားလုပ်ကိုင်ခဲ့တယ်။

ရောဝတီတိုင်းဒေသကြီး၊ ပင်လယ်ကမ်းစပ်မြို့များမှထွက်ရှိတဲ့ ရေထွက်ပစ္စည်းတွေကို အထက်အညာဒေသအထိ သယ်ယူရောင်းချသူအဖြစ် လုပ်ငန်းကို ချဲ့ထွင်ခဲ့ပါတယ်။

အရောင်းအဝယ်အောင်မြင်ပြီး ပြန်လာရင် အဖေနဲ့အမေက ချီးကျူးစကားနဲ့ ကြိုဆိုခဲ့ပါတယ်။

"ငါ့သမီးက အရမ်းတော်တာပဲ၊ အရောင်းအဝယ်နဲ့ ထွန်းကားမယ့်ကံဇာတာ ပါလာတယ်ထင်ပါ့"

"ဟုတ်ပါ့တော်၊ သမီးရေ့ အရောင်းအဝယ်ထွန်းကားတာ အမေဂုဏ်ယူပါတယ်၊ အိမ်ထောင်ပြုရင်လည်း အောင်မြင်တဲ့ အိမ်ထောင်ရှင်ပဲ ဖြစ်စေချင်တယ်နော်"

"ဟာ.....အမေကလည်း၊ သမီးက အရောင်းအဝယ်ပဲ စိတ်ဝင်စားတယ်၊ သမီးဘဝဟာ ငွေကြေးချမ်းသာသူပဲ ဖြစ်စေရမယ်၊ ယောက်ျားယူဖို့ လုံးဝစိတ်မဝင်စားပါဘူး"

"အေးပါဟယ်၊ သမီးရဲ့ လောဘစိတ်က အိမ်ထောင်ရေးကို မေ့သွားအောင် လုပ်ထားခဲ့တာကိုး"

အမေနဲ့ကျွန်မ အပြန်အလှန်ပြောနေချိန်မှာ အဖေက ကျွန်မကို ဝေဖန်သုံးသပ်ခဲ့ပြီး တစ်ဦးတည်း ခရီးသွားလာနေတဲ့ ကျွန်မအပေါ် ယုံကြည်စိတ်ရှိကြောင်း ထုတ်ဖော်ပြောပြခဲ့ပါတယ်။

တစ်နေ့ အရောင်းအဝယ်ကိစ္စနဲ့ ပခုက္ကူကို သွားခဲ့ပါတယ်။ အောက်ပြည်အောက်ရွာကကုန်ကို အထက်မြန်မာပြည်အထိ သယ်ယူရောင်းချတဲ့အလုပ်ကို လုပ်ခဲ့တယ်။

ပခုက္ကူက အသိအိမ်လိပ်စာကို အဖေက ပေးလိုက်တယ်။ အဲဒီလိပ်စာအတိုင်း စွန့်စားပြီး ကုန်ပစ္စည်းတွေနဲ့ သွားခဲ့တယ်။

ရေနံချောင်းတစ်ဖက်ကမ်းကို ငှက်လှိုင်းခေါ်တဲ့ လက်ခတ်သမ္ဗန်နဲ့ ကူးခဲ့ရတယ်။

ငှက်သမ္ဗန်ပေါ်မှာ အမျိုးသားနှစ်ယောက်နဲ့ ကျွန်မတစ်ယောက်တည်းရယ်။ အသက်ငယ်ရွယ်သူ မိန်းမပျိုလေးမို့ လူစိမ်းနှစ်ယောက်က လေ့လာတဲ့အကြည့်တွေနဲ့ တစိုက်မတ်မတ် ကြည့်ခဲ့ကြတယ်။

ကျွန်မက မာန်တင်းပြီး မသိသလို နေခဲ့တယ်။

ကားဂိတ်ရောက်တော့ ကျွန်မက ပခုက္ကူကားလက်မှတ်ဝယ်လိုက်တယ်။ လူစိမ်းနှစ်ယောက်ကလည်း ပခုက္ကူအထိ ကားလက်မှတ်ဝယ်တယ်။

ကျွန်မက သူတို့ကို အခိုး[illegible]ပြည့် သတိထားပြီး လေ့လာနေခဲ့တယ်။ တစ်ခုခု မဟုတ်တာလုပ်ရင် တုံ့ပြန်ခုခံမယ့် အနေအထားကိုလည်း ပြင်ဆင်ထားခဲ့တယ်။

"သမီး ခရီးသွားရင် ယောက်ျားတွေကို ကြောက်စိတ်နဲ့ မကြည့်နဲ့၊ ကြောက်နေမှန်းသိရင် ပိုပြီးအတင့်ရဲတတ်တယ်၊ ပြီးတော့ သူတို့ကို လုံးဝမကြည့်ဘဲ မာန်အပြည့်နဲ့ နေရမယ်၊ အဲဒါဆိုရင် သူတို့ဘက်က အတင့်ရဲလာမှာ မဟုတ်ဘူး"

ခရီးမထွက်မီက အဖေပြောဆိုခဲ့တဲ့ သတိပေးစကားကို ကျွန်မနားထဲ ကြားယောင်နေခဲ့တယ်။ လမ်းခရီးတစ်လျှောက်လုံး ဟိတ်ဟန်အပြည့်နဲ့ သတ္တိခဲမလေးလို နေပြခဲ့တယ်။

ဒါပေမဲ့ လမ်းခရီးမှာ ရင်ထဲက ကြောက်ရွံ့တဲ့စိတ်ကြောင့် ဘုရားစာတွေကို မပြတ်ရွတ်ဆိုနေခဲ့တယ်။ ကြောက်စိတ်မပေါ်လွင်အောင် ဟန်ဆောင်ထားခဲ့ရတယ်။

ပခုက္ကူကိုရောက်တော့မြင်းလှည်းနဲ့ ကိုအောင်ရွှေ မကြည်ရွှေတို့အိမ်ကို လိုက်ရှာခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com





အိမ်ကိုတွေ့တော့ မကြည်ဒွေးနဲ့ အဘွားအိုတစ်ဦးပဲ အိမ်မှာတွေ့ရတယ်။ မကြည်ဒွေးတို့အိမ်က ရက်ကန်းရက်တယ်။

အကျိုးအကြောင်းပြောပြပြီး မိတ်ဆက်တော့မှ အဖေအမေတို့နဲ့ ရင်းနှီးသူရဲ့သမီးမှန်း သိသွားပြီး တည်းခိုခွင့်ပေးခဲ့တယ်။

အိမ်ရှင်က ကျွန်မကို ရေအရင်ချိုးခိုင်းပြီး ထမင်းပွဲနဲ့ဧည့်ခံတယ်။ ပြီးတော့ အနားယူဖို့ အိပ်ရာပြင်ဆင်ပေးရင်း ဧည့်ဝတ်ကျေပွန်ခဲ့ကြတယ်။

ကျွန်မ ထမင်းစားပြီးတာနဲ့ ခဏအိပ်ပြီး အနားယူလိုက်တယ်။

"ညီမတို့အိမ်မှာ ဧည့်သည်ရောက်နေတယ်"

"ဟုတ်လား၊ ဘယ်ကလဲ"

"ညောင်တုန်းကပါ၊အရောင်းအဝယ်ကိစ္စနဲ့လာတာ"

အပြင်ကပြန်လာတဲ့ ခင်ပွန်းဖြစ်သူကို အိမ်ရှင် မကြည်ဒွေးက ပြောပြသံကြားရတယ်။ တစ်ဆက်တည်းမှာပဲ မကြည်ဒွေးရဲ့ အော်ခေါ်သံကို ကြားလိုက်ရတယ်။

"ဧည့်သည်ညီမလေး၊ မအိပ်သေးရင် ထွက်ခဲ့ပါဦး၊ အစ်မရဲ့ခင်ပွန်း ရောက်လာလို့ မိတ်ဆက်ပေးမလို့ပါ"

အိမ်ရှင် မကြည်ဒွေးရဲ့အော်ခေါ်သံကြောင့် အိပ်ခန်းထဲကနေ အပြင်ကိုထွက်ခဲ့မိတယ်။

ကျွန်မ အံ့သြသွားခဲ့ရတယ်။

လမ်းခရီးမှာ လူဆိုးလားလို့ ထင်မိခဲ့သူဟာ အိမ်ရှင် မကြည်ဒွေးရဲ့ ခင်ပွန်းဖြစ်နေတာကို တွေ့ရလို့ပါပဲ။ ကျွန်မက အလိုက်သင့် ကြွခြေဆယ်ရင်း ထွက်ခဲ့တယ်။

"ဩော်.....လမ်းမှာဆုံခဲ့တဲ့ မိန်းကလေးပဲ၊ ဒီလောက်ခက်ခဲတဲ့ ခရီးဝေးကို တစ်ယောက်တည်းလာဝံ့တာ ချီးကျူးတယ်ဗျာ"

"ဟုတ်ကဲ့ပါ၊ ကျွန်မက ပခုက္ကူကထွက်တဲ့ ရက်ကန်းထည် တွေကို ရသလောက်ဝယ်ပြီး ပြန်ရောင်းချင်လို့ပါ"

"ကဲ.....မိန်းမရေ သူလိုချင်တဲ့ပစ္စည်းတွေကို ရသလောက်စုဆောင်းဝယ်ပေးလိုက်ပါကွာ၊ ဒါနဲ့ ညီမလေးရဲ့ အဖေအမေရော နေကောင်းကြရဲ့လား"

"ကောင်းပါတယ်၊ ကျွန်မကို တစ်ယောက်တည်း မလွှတ်ချင်ဘူး၊ ဒါပေမဲ့ ကျွန်မက အရမ်းသွားချင်ပါတယ်ဆိုလို့ လွှတ်လိုက်တာ"

"ညီမလေးက ငွေတွေနဲ့ တစ်ယောက်တည်းလာရတာဆိုတော့ အန္တရာယ်ရှိနိုင်တယ်၊ ပစ္စည်းလိုသလောက်ရပြီဆိုရင် အပြန်မှာ ရေနံချောင်းအထိ လိုက်ပို့ပေးပါ့မယ်"

အဲဒီလိုနဲ့ ရင်းနှီးသွားလာခဲ့က မိသားစုလို ဖြစ်ခဲ့ကြတယ်။ ကျွန်မကလည်း မျက်နှာမြင် ချစ်

www.burmeseclassic.com



ခင်ပါစေဆိုတဲ့ ကံဇာတာပါတယ်ထင်ပါရဲ့။

ကျွန်မ ဝယ်ချင်တဲ့ ပခုက္ကူဒေသထွက် ရက်ကန်းထည်တွေ ဝယ်ယူပြီးနောက် ညောင်တုန်းကို ပြန်ခဲ့တယ်။

ကိုအောင်ရွှေတို့လင်မယားက ရေနံချောင်းအထိ လိုက်ပို့ပေးကြတယ်။ ကျွန်မက ပခုက္ကူဒေသထွက် ပစ္စည်းတွေကို အများအပြား ဝယ်ယူရောင်းချခဲ့လို့ အမြတ်အစွန်းကြီးစွာ ရရှိခဲ့ပါတယ်။

♛♛♛♛♛

ကျွန်မ အိမ်ကိုပြန်ရောက်ပြီး ကုန်ပစ္စည်းတွေ ဝယ်ယူစုဆောင်း ကာ ပင်လယ်ကမ်းစပ်မြို့များအထိ အရောင်းအဝယ် ခရီးထွက်ခဲ့တယ်။ အပြန်မှာ ရေထွက်ပစ္စည်းများ ဝယ်ယူပြီး ပြည်မြို့အထိ သွားရောက် ရောင်းချခဲ့တယ်။

ကျွန်မအတွက် ငွေကိုရေလို သုံးနိုင်တဲ့အခြေအနေရောက်ခဲ့တယ်။

"သမီး ဒီလောက် ခရီးထွက်နေတာ ရည်ရွယ်သူတွေ့ပြီလား"

"အမေရာ ယောကျ်ားဆိုတာ စဉ်းစားချိန်တောင် မရပါဘူး၊ ငွေတွေပဲ မျက်လုံးထဲမြင်နေတယ်"

အမေက ပြုံးရင်း သတိပေးစကားပြောပြန်တယ်။

"အိမ်ထောင်ပြုရင် မှီခိုထိုက်တဲ့ အရည်အချင်းရှိသူကိုသာရွေး



နော်၊ တော်ကြာ သမီးက လုပ်ကျွေးရသူဖြစ်နေဦးမယ်"

"ကြည့်ထားပါ အမေရယ်၊ ယူဖြစ်ရင်တော့ သမီးစကားကို မပယ်ဝံ့တဲ့ မြွေစွယ်ကျိုးယောကျ်ားမျိုးပဲ ယူပြမယ်"

"အပြောမကြီးနဲ့ သမီး"

"စောင့်ကြည့်ပေါ့ အမေ"

"အမေ မျက်လုံးနှစ်လုံး မပိတ်မီ သမီးကို စိတ်ချရသူ အဖြစ်နဲ့ပဲ မြင်ချင်တယ်"

"သမီးက ချမ်းသာတဲ့ အပျိုကြီးလုပ်မှာအမေရဲ့"

အိမ်မှာနေတုန်း အမေကဆုံးမတယ်၊ သတိပေးတယ်။ ကျွန်မကလည်း ကုန်ရောင်းကုန် ဝယ်ကလွဲပြီး ဘာမှစိတ်မဝင်စားဘူး။

ကျွန်မလေ ရလေ လိုလေဖြစ်ပြီး လောဘတွေ တက်လာတယ်။ ဟိုတုန်းက ဆန်ဆိုတာ နယ်မြေကူးသန်းသယ်ယူခွင့်မရှိဘူး။ အစိုးရက ဆန်အရောင်းအဝယ်ကို ထိန်းချုပ်ထားတဲ့အချိန်ဖြစ်တယ်။

ဆန်အရောင်းအဝယ်က အမြတ်အစွန်းများတယ်။ ကျွန်မက နယ်ကူးပြီး ဆန်ရောင်းဖို့လုပ်တော့ အဖေက



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်တယ်။

"သမီး ဆန်ရောင်းဝယ်တာကို အဖေမကြိုက်ဘူး၊ အစိုးရကကြေညာထားတာပဲ၊ မှောင်ခိုသယ်ယူရောင်းချရင် လူလည်းအဖမ်းခံရမယ်၊ ပစ္စည်းလည်းအသိမ်းခံရမယ်"

"အဖေရယ် ကြောက်နေရင်သူဌေးဖြစ်မှာမဟုတ်ဘူး၊ သူများတွေလည်း ခိုးရောင်းတာမှမဟုတ်ဘဲ"

"သူများပစ္စည်း မခိုးပေမယ့် အစိုးရက ကန့်သတ်ထားတာကို ခိုးရောင်းတာလေ၊ အဖေ ခွင့်မပြုဘူး သမီး"

အမေကပါ ကျွန်မကိုတားမြစ်တယ်။

"ဟုတ်ပါတယ် သမီးရယ်၊ သိပ်ပြီးလောဘမကြီးနဲ့၊ အကျနာတတ်တယ်၊ ဥပဒေဘောင်အတွင်းကပဲ ရောင်းဝယ်ပါ သမီးရယ်"

"ဟုတ်ကဲ့ပါ အမေ"

အဖေအမေတို့ကျေနပ်အောင်ပြောပြီး ကုန်ရောင်းကုန်ဝယ်ထွက်ခဲ့တယ်။ အပျိုဘဝမို့ သွားလာရတာ အပူအပင်မရှိခဲ့ပါဘူး။ ပျော်ပျော်နေဘဝပေါ့။ မဟုတ်တာတော့ တစ်ခုမှမလုပ်ခဲ့ဘူး။

ကျွန်မလေ မိဘစကားနားမထောင်ဘဲ ဘဝတူကုန်သည်တွေနဲ့ပေါင်းပြီး ညောင်တုန်းမြို့မှာ တစ်အိတ်ကို ကျပ် ၁၂၀ ပေါက်တဲ့ဆန်တွေကို အဖေအမေတို့မသိအောင် ဝယ်ခဲ့တယ်။

အဲဒီအချိန်မှာပဲ အသိတစ်ဦးက ဗေဒင်ဆရာဆီခေါ်သွားပြီး တွက်ချက်စေခဲ့တယ်။ ညောင်တုန်းမြို့တစ်ဖက်ကမ်းမှာရှိတဲ့ ထောင်ကလွတ်ဘုန်းကြီးကျောင်းနားက ဆရာဆီ သွားမေးရတာပါ။

"ခင်ဗျားဇာတာက ခရီးသွား ဆင်ခြင်ရမယ့်အချိန်ပဲ၊ ၁၄ရက်မကျော်မီ ဘာမှမလုပ်ပါနဲ့၊ မနာခံရင် ဒုက္ခရောက်မယ်၊ အဖမ်းအဆီးခံရမယ်၊ လုပ်ချင်တာရှိရင် ၁၄ရက် ကျော်မှလုပ်ပါ"

ကျွန်မက ငယ်ရွယ်သူ မိန်းမပျိုဖြစ်တယ်။ အောင်မြင်နေတဲ့ကုန်သည်လည်းဖြစ်တယ်။ ကျွန်မကိုယ်ကို ကျွန်မယုံတယ်။ ဗေဒင်ကိုလုံးဝမယုံဘူး။ သူငယ်ချင်းကခေါ်သွားလို့သာ တွက်ကြည့်တာပါ။

ဗေဒင်မေးပြီး နောက်တစ်ရက်မှာ အဖော်ကုန်သည်တွေက ပြည်မြို့ကို ဆန်သယ်ယူရောင်းချမယ်လို့ပြောကြတယ်။ ဒါနဲ့ ကျွန်မက သူတို့နဲ့ပေါင်းပြီး ဆန်အိတ် ၃၀၀ ဝယ်တယ်။

ဆန်အိတ်တွေ နောက်တစ်နေ့မှာရောက်မယ်လို့ ပြည်မြို့က ဖောက်သည်တွေဆီ လှမ်းပြီးတော့ အကြောင်းကြားခဲ့တယ်။

ကျွန်မတို့ ညအချိန်မှာ ညောင်တုန်းဆိပ်ကမ်းကနေ သင်္ဘောနဲ့ခိုးသယ်ကြတယ်။ ပြည်မှာဆိုက်ကပ်ပြီး ရောင်းတယ်။ ကျန်တဲ့ဆန်အိတ်တွေကို ရေလမ်းအတိုင်း မြန်အောင်ကို သယ်ကြတယ်။

ပြည်မြို့ဆိပ်ကမ်းကထွက်ခွာပြီး ရေလယ်အရောက်မှာ ရဲကအလံရိုက်ပြီး လှမ်းခေါ်တယ်။ မတတ်သာလို့ ကမ်းကိုကပ်ပေးလိုက်ရတယ်။ အချို့ရဲတွေက စက်သေနတ်နဲ့ ဝိုင်းရံထားကြတယ်။

အဲဒီလိုနဲ့ ဆန်တွေအားလုံးအဖမ်းခံရတယ်၊ လူလည်းအဖမ်းခံရတယ်။ ရှိသမျှငွေလည်း အကုန်ဆုံးရှုံးခဲ့တယ်။

ချွတ်ခြုံကျဘဝနဲ့ ပြည်မြို့မှာရှိတဲ့ အစ်ကိုဝမ်းကွဲအိမ်ကိုရောက်သွားခဲ့တယ်။ အကျိုးအကြောင်းပြောပြတော့ အားလုံးက စိတ်မကောင်းဖြစ်ကြတယ်။

ကျွန်မကို အစ်ကိုဝမ်းကွဲကဆုံးမပြန်တယ်။

"ညီမလေးက မိဘစကားကိုနားမထောင်လို့ ဒုက္ခကြုံရတာ"

"ညီမလည်း အဲဒီလိုပဲ ခံစားမိတယ်"

"အခု ညီမလေး ဘာလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညောင်တုန်းကိုပြန်ရင် ရှက်စရာကြီး၊ ဒီတော့ သီလရှင်ပဲဝတ် တော့မယ်"

"ညီမလေး အဲဒီလိုဆုံးဖြတ်တာဟာ ဘဝကိုအရှုံးပေးတာပဲ၊ သီလရှင်တော့ မဝတ်နဲ့၊ ယောဂီဝတ်ပြီး တရားကျင့်ပေါ့"

"ညောင်တုန်းကို မပြန်ချင်ဘူး၊ ညီမ ရှက်တယ်၊ အဲဒီတော့ ယောဂီဝတ်ဖို့ အစ်ကိုပဲ ကူညီပါ"

"ကောင်းပြီ၊ ရန်ကုန်မြို့၊ ကမာရွတ်ဘူတာရုံလမ်းမှာရှိတဲ့ ဇေယျဝတီစာသင်တိုက်ကို ပို့ပေးမယ်"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ အဖေနဲ့အမေကို လုံးဝမပြောနဲ့နော်၊ ညီမလေး ငွေကြေးပြည့်စုံအောင် ကြိုးစားပြီးမှ မိဘစကားနားထောင်သူ သမီးအဖြစ်နဲ့ ညောင်တုန်းကိုပြန်မယ်"

အစ်ကိုဝမ်းကွဲက ရန်ကုန်ကိုပို့ပေးမယ်ဆိုလို့ ရန်ကုန်မြို့ကို ငယ်စဉ်ကလေးဘဝကပင် အိပ်မက်မက်ခဲ့ရတဲ့အတွက် အလျင်အမြန်ပို့ပေးဖို့ တောင်းပန်ခဲ့ရတယ်။

ရန်ကုန်ကိုရောက်တော့ ငွေက တစ်ကျပ်ပဲရှိတော့တယ်။ ဘုန်းဘုန်းနှစ်ပါးက ယောဂီဝတ်စုံနှစ်စုံ စွန့်လှူပြီး တရားစခန်းဝင်စေခဲ့ပါတယ်။

ကျွန်မ တရားကျင့်တဲ့အချိန်မှာ ဘုန်းဘုန်းက မကြာခဏ ရောက်လာပြီး တရားစစ်ပေးတယ်။

စီးပွားပျက်သွားတဲ့ ကျွန်မဘဝအတွက် အားကိုးစရာမှာ တရားစခန်းပဲဖြစ်ခဲ့ရတယ်။ အိမ်ကိုလုံးဝမပြန်ရဲခဲ့ဘူး။ မိဘစကား နားမထောင်လို့ ကြုံရတဲ့ဒုက္ခကို ရင်စည်းပြီး ခံခဲ့ရတယ်။

စိတ်တည်ငြိမ်မှု ရရှိလာချိန်မှာ စီးပွားရေးပြန်လုပ်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တယ်။ စီးပွားရေးပြေလည်မှ ညောင်တုန်းကိုပြန်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။

ကျွန်မဆုံးဖြတ်ချက်အတွက် ဘုန်းဘုန်းနဲ့ အစ်ကို၊ အဒေါ်တွေက အိမ်ငှားပေးကြတယ်။ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်မှာ အိမ်သေးသေးကို ငှားခဲ့တယ်။ အဲဒီတုန်းက အိမ်လခက သက်သာတယ်။

ငွေကျပ် ၃၀၀၀ ကို အရင်းအနှီးထုတ်ပေးတော့ မီးသွေးဆိုင်ဖွင့်လိုက်တယ်။ ချေးငွေ ၃၀၀၀ ကို နေ့သွင်းနဲ့ ပြန်ဆပ်ရတယ်။

ကျွန်မဟာ စီးပွားဖြစ်ချင်လွန်းလို့ တစ်နေ့ကို ထမင်းတစ်နပ်ပဲစားတယ်။ မနက်ပိုင်း ထမင်းချက်တယ်။ ထမင်းရည်သောက်ပြီး နေခဲ့တယ်။ ညကျမှ မနက်က ချက်ထားတဲ့ထမင်းနဲ့ ညစာစားတယ်။

ရန်ကုန်ကို အိပ်မက် မက်ခဲ့တဲ့ ကျွန်မဟာ ရန်ကုန်မှာနေရပြီမို့ ရည်မှန်းချက်အတိုင်းဖြစ်အောင် ကြိုးကြံပြီးနေခဲ့တယ်။

မိဘနှစ်ပါးကို သတိရလွမ်းဆွတ်လို့ မျက်ရည်ကျခဲ့ရတာကလည်း အကြိမ်ကြိမ်ပဲ။ စီးပွားရေးအောင်မြင်ရမယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့ အလွမ်းတွေကို ဘေးဖယ်ထားပြီး စီးပွားရေးကိုပဲ လုပ်ခဲ့ပါတယ်။

ကျွန်မ ရန်ကုန်မှာရှိနေတဲ့ အချိန်မှာ အဖေနဲ့အမေဟာ ကျွန်မသွားလာတတ်တဲ့ နေရာတွေမှာ မနားမနေ လိုက်ရှာနေခဲ့ကြတဲ့ အကြောင်း သတင်းကြားသိရပါတယ်။

နောက်တော့ ပြည်မြို့မှာနေတဲ့ အစ်ကိုဝမ်းကွဲက လမ်းညွှန်လိုက်လို့ အမေဟာ ကျွန်မရှိတဲ့ အိမ်ကို ရောက်လာခဲ့တယ်။

"သမီးရယ် ရှာလိုက်ရတာ၊ အိမ်ကိုဘာဖြစ်လို့ မပြန်လာတာလဲ"

"စီးပွားပျက်တော့ ရှက်လို့ပါ အမေ"

"ဘာရှက်စရာရှိလဲ၊ အဖေ အမေရဲ့ မေတ္တာရိပ်ထက် အေးမြတာ ဘာရှိလို့လဲ"

"ဒီမှာလည်း အဆင်ပြေပါတယ် အမေ၊ ကျွန်မ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



မှ အမေ့ဆီပြန်လာခဲ့ပါ့မယ်''

''ဒီမှာသမီးနေရတာ တခြားသူတွေနဲ့ စုပေါင်းနေရတာမဟုတ်သား၊ ညောင်တုန်းမှာပြန်နေပြီး စီးပွားထပ်ရှာပါကွယ်''

''သမီး ရှက်တယ် အမေ၊ သမီး အောင်မြင်မှ ပြန်လာခဲ့ပါ့ မယ်''

အမေက ကျွန်မကို အမျိုးမျိုး ချော့ပြီးခေါ်တယ်။ ဘယ်လိုမှ ခေါ်မရလို့ ငိုယိုပြီး ပြန်သွားခဲ့တယ်။

♛♛♛♛♛

ကျွန်မက အလုပ်ကြိုးစားတော့ ငွေကြေးလေး စုဆောင်းမိခဲ့တယ်။ ကျွန်မ အောင်မြင်ကြောင်း သိစေချင်လို့ မိဘများထံ ငွေပို့ပေးခဲ့ပါတယ်။

ကျွန်မက ရရှိတဲ့ငွေလေးနဲ့ ရန်ကုန်မြို့လယ်၊ (၃၅)လမ်းထိပ်မှာ ထမင်းဆိုင်ဖွင့်ခဲ့ပါတယ်။ အောင်မြင်ခဲ့ပါတယ်။

ကံကြမ္မာကြောင့်လားမသိပါဘူး။ မထင်မှတ်ဘဲ ရန်ကုန်သားတစ်ဦးနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ အိမ်ထောင်ကျကြောင်း အိမ်ကို လုံးဝအသိမပေးခဲ့ပါဘူး။

အိမ်ထောင်ပြုဖို့ မစဉ်းစားခဲ့တဲ့ ကျွန်မဟာ ရုတ်တရက် အိမ်ထောင်ပြုလိုက်ရပါတယ်။

အဲဒီအချိန်မှာပဲ အချစ်ဆုံးဖခင်ကြီး ကွယ်လွန်သွားကြောင်း သတင်းရရှိခဲ့တဲ့အတွက် ညောင်တုန်းကို ကျွန်မတစ်ဦးတည်း ပြန်သွားခဲ့ပါတယ်။

ဖခင်ရဲ့နာရေးကိစ္စပြီးတော့ ရန်ကုန်ကိုပြန်လာချိန်မှာ မိခင်ကြီးကပါ အဖော်အဖြစ် လိုက်ပါခဲ့ပါတယ်။

''ဟင်....ညည်း အိမ်ထောင်ကျနေပြီလား''

ကျွန်မနေတဲ့ အခန်းကို အမေရောက်တော့ ယောကျ်ားအဝတ်အစားတွေ တွေ့တာနဲ့ မေးခဲ့တယ်။


''ဟုတ်ကဲ့ပါ အမေ''

''ညည်း မိုက်လှချည်လား''

''သမီးလည်း မထင်မှတ်ဘဲ အိမ်ထောင်ပြုလိုက်ရတာပါ''

''တော်ပြီ၊ ညည်းက ဒီအကြောင်းကို လိမ်ထားပြီး မိဘနှစ်ပါးကို မျက်ကွယ်ပြုခဲ့တယ်၊ အဲဒီလိုလုပ်တာမှန်းတယ်၊ ညည်းနဲ့ ငါသေခန်းပြတ်၊ ရှင်ခန်းပြတ်ပဲ''

တောင်းပန် လို့မရတဲ့ အမေဟာ ငိုယိုပြီး ပြန်သွားခဲ့တယ်။ ကျွန်မကကြိုးစားပြီး ဆက်သွယ်ပေမယ့်စိတ်ဆိုး မပြေတဲ့အမေက လုံးဝအဆက်အသွယ်





www.burmeseclassic.com

www.burmeseclassic.com





ဖြတ်ထားခဲ့တယ်။

အိမ်ထောင်သက် တစ်နှစ်အကျော်မှာ ကျွန်မ ကိုယ်ဝန်ရရှိခဲ့ပါတယ်။ ကျွန်မ မီးဖွားတဲ့နေ့မှာ အမေဟာ ကျွန်မရှိတဲ့ ဆေးရုံကို ရောက်လာတယ်။

အမေရောက်လာတော့ ကျွန်မဟာ ပျော်ခဲ့မိတယ်။

သားသမီးရလာတော့ မိဘမေတ္တာကို ပိုပြီးနားလည်ခဲ့တယ်။ မိဘရဲ့ စေတနာကိုလည်း နားလည်ခဲ့ရပါတယ်။

အမေက ကျွန်မ မီးဖွားပြီးသည်အထိ ပြုစုပြီး ညောင်တုန်းကို ပြန်သွားတယ်။ မိဘရဲ့မေတ္တာကို နားလည်ခွင့်ရရှိခဲ့တဲ့ ကျွန်မဟာ မိခင်ရှိရာ ညောင်တုန်းကို မကြာခဏ သွားခဲ့ပါတယ်။

မိခင်ရဲ့မေတ္တာကို အပြည့်အဝ ခံစားရပြီမို့ မိခင်တစ်ယောက်ဖြစ်လာတဲ့ ကျွန်မဟာ မိခင်ကြီးကို စိတ်ချမ်းသာအောင်ထားဖို့ ကြိုးစားခဲ့ပါတယ်။

"သမီးရယ် အမေ့ရဲ့အသက်က သူ့အို အဘွားအိုပိုင်း ရောက်နေပါပြီကွယ်၊ အမေ့ကို စောင့်ရှောက်ပေးဖို့ သမီးကို အမေက အနားမှာရှိစေချင်တယ်"

"ဟုတ်ကဲ့ပါ အမေ၊ အဖေ့ကို မပြုစုလိုက်ရတဲ့သမီးဟာ အမေ့ကို ပြုစုတဲ့သမီး ဖြစ်စေရပါ့မယ်"

"သာဓုပါ သမီးရယ်၊ သမီးရဲ့ နွေးထွေးတဲ့ပြုစုမှုကို အမေ အလိုချင်ဆုံးပါ၊ ဖြစ်နိုင်ရင် ညောင်တုန်းမှာပဲ အခြေချပြီး စီးပွားရှာပါ"

"ဟုတ်ကဲ့ပါ အမေ၊ မိခင်ဘဝရောက်လာတဲ့ သမီးဟာ မိဘနှစ်ပါးရဲ့စကားကို နားမထောင်ဘဲ ကြီးပွားချမ်းသာချင်လွန်းတဲ့ လောဘစိတ်ကြောင့် မိဘနှစ်ပါးရဲ့ မေတ္တာကို ဥပေက္ခာပြုခဲ့မိပါတယ်၊ သမီး အမေ့နားကို ရောက်စေရပါ့မယ်"

"တကယ်ပြောတာလား သမီး၊ အမေဟာ သမီးကို အချစ်ဆုံး၊ အမျှော်လင့်ဆုံးပါ"

"သမီး အမေ့နားမှာပဲ နေမှာပါ"

အဲဒီအချိန်မှာပဲ ကျွန်မရဲ့ခင်ပွန်းဟာ ကျန်းမာရေး ချို့ယွင်းခဲ့ပါတယ်။ အပြောကျယ်ပြီး လူ ပတ်ဝန်းကျင် အားနည်းတဲ့ ရန်ကုန်မြို့မှာ မနေလိုတော့ပါ။

တောမြို့တောရွာဆိုတာ မ[illegible] အတူ၊ ရှိအတူနဲ့ ဂုဏ်တုဂုဏ်ပြိုင် မရှိတဲ့ဒေသဖြစ်ပြီး အားလုံးရဲ့ မေတ္တာစေတနာများဟာ မိသား[illegible] ရပ်ဝန်းနဲ့သာတူပါတယ်။

အဲဒါကြောင့်မို့ ရန်ကုန်က[illegible]

www.burmeseclassic.com



ငယ်စဉ်ဘဝကပင် အိပ်မက် မက်ခဲ့တဲ့ ကျွန်မဟာ ကိုယ့်အရပ်၊ ကိုယ့်ဒေသထက် သာလွန် ကောင်းမွန်တဲ့ နေရာမရှိကြောင်း သဘောပေါက်ခဲ့တဲ့အတွက် ညောင်တုန်းမြို့မှာ ပြန်လည် အခြေစိုက်ဖို့ စဉ်းစားခဲ့ပါတယ်။

အထီးကျန်မိခင်ကြီးကိုပြုစုရင်း နေထိုင်ဖို့ဆုံးဖြတ်ပြီး ရန်ကုန်က အိမ်ထောင်ပရိဘောဂပစ္စည်းတွေကို ညောင်တုန်းမြို့ကို ကားနဲ့ ပို့ပေးခဲ့တယ်။

အမေက စာဖတ်ဝါသနာပါတယ်။ အမေဖတ်ဖို့ မဂ္ဂဇင်း၊ ဂျာနယ်တွေကို ဝယ်ယူစုဆောင်းပြီး ပို့ပေးတယ်၊ အပတ်စဉ် ကားကြုံနဲ့ စားစရာနဲ့ စာအုပ်စာတမ်းတွေ ပို့ပေးခဲ့တယ်။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာ အမေက ဖုန်းနဲ့ ဆက်သွယ်ပြီး.....

"သမီးပို့လိုက်တဲ့ စားစရာနဲ့ စာအုပ်စာစောင်တွေ ရတယ် သမီး"

"အမေကော နေကောင်းရဲ့လား"

"နေကောင်းတယ် သမီး၊ သမီးလာနေမယ်ဆိုလို့ ရွာထဲကလူတွေနဲ့ အိမ်ရှင်းထားတယ်၊ သမီးတို့မိသားစုအတွက် အခန်းပါဖွဲ့ထားပြီးပြီ"

"ဘာဖြစ်လို့လုပ်ရတာလဲ အမေရယ်၊ သမီးတို့လာမှလုပ်မှာပေါ့"

"သမီးတို့လာမှလုပ်တော့ ပင်ပန်းမှာပေါ့၊ သမီး ဘယ်အရွယ်ရောက်နေပါစေ သမီးဟာ အမေ့ရဲ့ ကလေးအရွယ်သမီးလို့ပဲ သတ်မှတ်ထားတယ်"

"ဪ.....အမေရယ်၊ သမီးလည်း မိခင်ဘဝရောက်မှ မိဘမေတ္တာကို နားလည်မိပါပြီ၊

**ငယ်စဉ်ဘဝကပင် အိပ်မက် မက်ခဲ့တဲ့ ကျွန်မဟာ ကိုယ့်အရပ်၊ ကိုယ့်ဒေသထက် သာလွန် ကောင်းမွန်တဲ့ နေရာမရှိကြောင်း သဘောပေါက်ခဲ့တဲ့အတွက် ညောင်တုန်းမြို့မှာ....**

မိဘစကား နားမထောင်ဘဲ ဆင်သေပေါ်နားပြီး လိုက်ပါမိတဲ့ ကျီးမိုက်ဘဝလိုဖြစ်နေလို့ သမီးလေ အမေ့နားမှာနေပြီး အမေ့ကို ပြုစုပါ့မယ်"

"ကျေနပ်တယ် သမီး၊ သမီး ဘယ်နေ့ အပြီးပြန်လာမှာလဲ"

"ကျွန်မ (၁၃)ရက်၊ စနေနေ့ အရောက် အပြီးပြောင်းခဲ့မယ်"

"ဟုတ်ပြီ၊ သမီးကြိုက်တဲ့ ဟင်းတွေချက်ထားမယ်၊ အမေ့ရဲ့ မြေးလေးက ဘာကြိုက်သလဲ"

"သမီးကြိုက်တဲ့ဟင်းမျိုးပါပဲ အမေ"

"အေး.....အေး၊ အမေမျှော်နေမယ်"

အမေနဲ့ ဖုန်းစကားပြောပြီးနောက် ကျွန်မဟာ ညောင်တုန်းမြို့ကို ပြောင်းဖို့ကိစ္စတွေနဲ့ အလုပ်ရှုပ်နေခဲ့ပါတယ်။ ရစရာရှိတဲ့ အကြွေးတွေသိမ်းပြီး ကုန်တင်ကားကိုပါ ငှားခဲ့ပါတယ်။

စက်တင်ဘာလ (၁၂)ရက်၊ သောကြာနေ့.....

မမျှော်လင့်ဘဲ ညောင်တုန်းမြို့က သားချင်းတစ်ဦးက ဖုန်းနဲ့ ဆက်သွယ်ခဲ့ပါတယ်။

"မသန္တာမဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီနေ့မနက် (၉)နာရီမှာ နင့်



www.burmeseclassic.com

www.burmeseclassic.com



အမေ အသည်းအသန်ဖြစ်လို့ ညောင်တုန်းဆေးရုံကို ပို့လိုက်တယ်၊ မနက် (၁၀)နာရီမှာ ဆုံးသွားတယ်''

''ရှင်.....''

''ဟုတ်တယ်၊ အသက်ထွက်ခါနီးမှာ ညည်းနာမည်ကို တတွတ်တွတ်ခေါ်ရင်း အသက်ထွက်သွားရှာတယ်''



ကျွန်မဟာ ဖုန်းကိုင်ထားရင်း သတင်းဆိုးကြောင့် သတိလစ်ပြီး လဲကျသွားခဲ့ပါတယ်။

ညောင်တုန်းမြို့မှာ အတူနေချင်တဲ့ အမေဟာ ကျွန်မပြန်ရောက်မယ့် နေ့မတိုင်ခင် တစ်ရက်အလိုမှာ လူ့ဘဝက အပြီးအပိုင်ထွက်သွားခဲ့ပါပြီ။

ကျွန်မဟာ ချမ်းသာချင်တဲ့စိတ်နဲ့ နယ်တကာလှည့်လည်သွားလာရင်း မိဘကိုပြုစုဖို့ ပျက်ကွက်ခဲ့ပါတယ်။

မိဘစကားကို နားမထောင်လို့ စီးပွားပျက်သွားတဲ့အခါ ညောင်တုန်းကို မပြန်ဝံ့တာကြောင့် ရန်ကုန်ကို ထွက်ပြေးခဲ့တယ်။

အတ္တကြီးစွာနဲ့ စီးပွားရေးကို လုပ်နေချိန်မှာပဲ ဖခင်ကြီး ဆုံးသွားခဲ့တယ်။ သားသမီးရ လာလို့ မိခင်စိတ်ရှိလာချိန်မှာ မိဘနှစ်ပါးရဲ့မေတ္တာကို နားလည်လာခဲ့တယ်။

ကျွန်မဟာ ချမ်းသာလိုစိတ်၊ လူတကာကို လက်ညှိုးထိုးပြီးခိုင်းနိုင်တဲ့ ငွေရှင်ကြေးရှင်ဖြစ်လိုစိတ်ကြောင့် မိဘစကားကို နားမထောင်ဘဲ နေရာသစ်ကိုရှာခဲ့တယ်။

ကျွန်မ အင်မတန်နေချင်လှပါတယ်ဆိုတဲ့ ရန်ကုန်မြို့မှာ ရေသာမျှား၍ ငါးမတွေ့တဲ့ဘဝဖြစ်ခဲ့ရတယ်။

လယ်မြေနဲ့ စီးပွားရေးအလုပ်အကိုင် ပေါများတဲ့ ဇာတိမြို့ကို ကျောခိုင်းပြီး ထွက်လာခဲ့တဲ့ ကျွန်မဟာ မိဘများကိုပြုစုဖို့ မိဘကျေးဇူးကိုဆပ်ဖို့ မေ့နေခဲ့တယ်။

အထီးကျန် မိခင်ကြီးကို ကျေးဇူးဆပ်ဖို့ ပြင်ဆင်ချိန်မှာ မိဘရဲ့ မေတ္တာရိပ်ကို ခိုလှုံနိုင်တဲ့ အခွင့်အရေးမရှိအောင် မိခင်ဖြစ်သူက လောကကြီးထဲက ထွက်ခွာသွားခဲ့ပါပြီ။

မိဘနှစ်ပါးက မေတ္တာပေးခဲ့ ပေမယ့် ပေးသောမေတ္တာကို မရရှိခဲ့သူက ကျွန်မပါ။ လောကကြီးက ကျွန်မရဲ့ ဆုံးဖြတ်ချက်အမှားများကို ပြန်လည်ဒဏ်ခတ်လိုက်ခြင်းပဲလို့ ယုံကြည်မိပါတယ်။

**ညောင်တုန်းစိုးကြီး**




www.burmeseclassic.com

www.burmeseclassic.com

မုသိမ့်စင်းလွင်

# ခြေရာလည်းပျောက် ရေလည်းနောက်ပေါ့





www.burmeseclassic.com

www.burmeseclassic.com






# မြေရာလည်းပျောက် ရေလည်း နောက်ပေါ့

ပုသိမ်မင်းလွင်

ဝါဆိုဝါခေါင် ရေဖောင်ဖောင်၊ တော်သလင်းမိုး ကန်သင်းကျိုးဆို တဲ့ ရှေးလူကြီးများဆိုစကားရှိခဲ့၏။

ဧရာဝတီတိုင်းဒေသကြီး အတွက် မိုးလေဝသခန့်မှန်းချက်က လည်း ရွာရန်ရာနှုန်းပြည့်ဆိုထား တော့ နံနက်စောစောဆို ပေမယ့်လို့ အချိန်အားဖြင့် နံနက် ၉ နာရီကျော် နေပြီ။

ကျောက်ချောင်း၊ ပြင် ခရိုင်၊ ချောင်းဝ၊ လပွတ္တာ အစရှိသည့် ရွာသဘော်များ၊ ပွဲထောင်ရေယာဉ် များကလည်း အချိန်မှန် အတိုင်း ပြေးဆွဲလျက်။ ခရီးသွားပြည်သူတို့ သည် လည်း သူတို့၏ ခရီးစဉ်များ အတိုင်း လှုပ်ရှားသွားလာ လျက်။ လပွတ္တာရေယာဉ် (ကျော်မိုးသူ) ပွဲနင်းကြီး ကိုစံသိန်းလိုက်ပါသော ရေယာဉ် ကြီးသည် ကျောက်ချောင်းရွာ သဘော်ဆိပ်သို့ ကျင်လည်စွာဖြင့် ရောက်ရှိလာသဖြင့် ခရီးသွားများ မှာလည်း သူ့ထက်ငါ အလု အယက် မိမိတို့သွားလိုရာခရီးသို့ သွားနိုင်ကြရန် ကျောက်ချောင်း၊ မြို့ သစ္စာတံတားဆိပ်ကမ်းသို့ ဆိုက်



ရောက်လာကြ၏။ တက္ကစီသမား၊ ဆိုင်ကယ်၊ မော်တော်ကား၊ ကား ကြီး၊ ကားငယ် စသည်တို့ကလည်း ဆိပ်ခံဗောတံတားကြီးအနီး၌ ပြည့် နှက်လျက်ရှိနေကြဆဲဖြစ်၏။

ကျောက်ချောင်း၊ သံကြိုး လမ်းတံတားထိပ် ''ယွန်းနဒီ'' ကဖီးလက် ဖက်ရည်ဆိုင်မှလည်း နံနက်စော စောမို့ လက်ဖက် ရည်၊ မုန့်ဟင်းခါးများ ရောင်း ချကာ ခရီးသွားနှင့် ကြိုဆို သူများဖြင့် ပြည့်နှက်လျက် ရှိနေချိန်ဖြစ်သည်။ စာရေးသူ လည်း နံနက်စောစော၌ပင် လမ်းဘေးရှိ စားပွဲထောင့် ထိုင်ခုံလွတ်တစ်နေရာတွင် ထိုင်၍ လက်ဖက်ရည်နှင့် မုန့် များမှာယူလျက် တက္ကစီသမား လူငယ်များဖြစ်ကြသော ကိုဖိုး ကုလားလေး၊ ကိုမိုးကြိုး၊ ကိုနိုင်လင်းအောင်၊ ကိုဘိုး ဆိုင်ပိုင်ရှင်ဖြစ်သော ကိုမြင့်



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် ဝိုင်းဖွဲ့စားသောက်နေ ကြစဉ် ကျောက်ချောင်း၊ သံကြိုး ...မ်းရွာမှ လယ်စိုက်ရှင်း (အငြိမ်း ...း)အရာရှိ ဦးတင်ဝင်း အား ...ောင်းဝမှပြန်အလာတွင် တွေ့ ...ုံကြသည်။

ဦးတင်ဝင်းအား ဝမ်းသာအား ... ဆီးကြိုကြပြီး လက်ဖက်ရည်ဆိုင် ...သို့ အတင်းဆွဲခေါ်သူက ဆွဲခေါ်၊ ...ခေါ်လက်တွင်ပါလာသော ပစ္စည်း ...ားသယ်သူကသယ်၊ ကန်ဘို ...ိုင်ကယ်အသစ်အားလည်း ယူ ...ောင်သွားကြသည်။ လူငယ်တို့ ...ဘာဝ ပင်စင်ထုတ်ရာမှပြန်လာ ...သော ဦးတင်ဝင်းအား စုပြီးညှဉ်း ကြဖို့ ဆိုင်ထဲခေါ်ကြခြင်းဖြစ်၏။

ထိုအချိန် မိုးကလည်း သဲသဲ မဲမဲရွာလာ၍ လက်ဖက်ရည်ဆိုင် တွင် ဝိုင်းဖွဲ့စားသောက်ကြသည်။ မိုးနည်းနည်းပါးသွားချိန်၌ ခရီးသွား များပင် ရှင်းလုနီးဖြစ်နေ၍ ပြန်ရန် အတွက် အိတ်နှင့်ပစ္စည်းများယူပြီး ဆိုင်ကယ်ဆီသို့သွားခဲ့၏။ ထိုစဉ် ဦး တင်ဝင်း ရပ်ထားခဲ့သောဆိုင်ကယ် မှာ ကမန်းကတန်းနှင့် ထားခဲ့ကြ၍ သော့ကိုလည်းမခတ်မိလိုက်သဖြင့် ပျောက်နေ၍ ရှာဖွေခဲ့ကြရသည်။

အနားပတ်ဝန်းကျင်တွင် မေး လားစမ်းလားလုပ်တော့မှ သဘော် ဆိုက်စဉ် (ရှုထောင့်သစ်)လက်ဖက်

လက်ဖက်ရည်ဆိုင် တွင်
ဝိုင်းဖွဲ့စားသောက်ကြသည်။
မိုးနည်းနည်းပါးသွားချိန်၌
ခရီးသွား များပင်
ရှင်းလုနီးဖြစ်နေ၍
ပြန်ရန် အတွက်
အိတ်နှင့်ပစ္စည်းများယူပြီး
ဆိုင်ကယ်ဆီသို့သွားခဲ့၏။
ထိုစဉ်ဦးတင်ဝင်း
ရပ်ထားခဲ့သောဆိုင်ကယ် မှာ......



ရည်ဆိုင်မှ လက်ဖက်ရည်ဝိုင်း သောက်နေကြသော ကိုလွင်၊ ကို ဘိုဘို၊ ကိုထွန်းမင်းဇော်တို့က ဂျင်း ဘောင်းဘီရှည်၊ အကျီလက်ရှည် အဖြူနှင့် ဦးထုပ်ဆောင်းပြီး ရှာတိုး ဦးထုပ်နှင့် ကျောပိုးအိတ်တစ်လုံးကို ကျောတွင်လွယ်ထားသူက ဆိုင် ကယ်အား သော့ဖွင့်ပြီးမောင်းသွား ကြောင်း တွေ့လိုက်ရသည်ဆို၏။ ခရီးသွားများဟုပင်ထင်ပြီး ဘယ်သူ ဘယ်ဝါဆိုတာပင် သတိမထား လိုက်မိကြဟုဆို၏။ အခုမှ သူပြော ဝါပြောနှင့် သိရ၏။ တက္ကစီသမား များ အားလုံးကလည်း တစ်ရွာ

www.burmeseclassic.com

တည်းသားချင်းများ ဖြစ်နေ၍ ယခုကဲ့သို့ ဆိုင်ကယ်အခိုးခံရမှုကြောင့် စိတ်မကောင်းဖြစ်ကြသည်။ ဆိုင်ကယ်များကို ဆီအပြည့်ထည့်ကြပြီး လူစုခွဲကာ ရှာဖွေကြ၏။ အချို့တွင် ဆက်သွယ်ရန် လက်ကိုင်ဖုန်းပါရှိကြ၏။



ပြုပ်ကောင်းတောင်၊ ဖောင်တိုး၊ သဲတောင်၊ ရေသိုး ဖိုးချိုင်ရွာများသို့ အချိန်မီလိုက်ကြပြီးဦး တင်ဝင်းအားလည်း သက်ဆိုင်ရာ ဟိုင်းကြီးရဲစခန်းသို့ အကြောင်းကြားရန် ဆက်သွယ်ခိုင်းခဲ့၏။ ခရီးသွားအားလုံးကို မေးလားစမ်းလားနှင့် တစ်ရွာဝင် တစ်ရွာထွက်ဆိုင် ကယ်ရှာပုံတော်ဖွင့်ကြပါသော်လည်း အချိန်သာကုန်သွား၍ မိုးချုပ်ခဲ့ရ၏။ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်များမရတော့ဘဲ တစ်ညကုန်ဆုံးခဲ့ကြသည်။

ဦးတင်ဝင်း(အငြိမ်းစား)သည် ကန်ဘိုဆိုင်ကယ်အသစ်လေးအား ယခုလ ပင်စင်လစာနှင့် ဝယ်ခဲ့ပြီး ခုလိုဖြစ်ရတော့ အိမ်ကမယားချော တောသူလေးကြောင့် မကြီးမငယ်နှင့် ခေါင်းကဆံပင် ပြောင်ရချည်သေးရဲ့ဟု ငိုအားထက်ရယ်အားသန်ဆိုသလို ပြောသူက ပြောခဲ့ကြ၏။

♛♛♛♛♛♛

ဒီလိုနဲ့ နောက်တစ်နေ့အချိန်ထိ အဆက်အသွယ် မရခဲ့ကြပေ။ သံကြိုးလမ်း အုပ်ချုပ်ရေးမှူး ကိုနိုင်လွင်ကိုလည်း အကျိုးသင့်၊ အကြောင်းသင့်ပြောပြီး ရဲစခန်းသို့ အကူအညီတောင်းခံလိုက်ရာ ရင်းနှီးသူများဖြစ်ခြင်းကြောင့် စိတ်မကောင်းဖြစ်ကြပြီး ဝိုင်းဝန်း၍ ရှာပုံတော်ဖွင့်ကြသည်။

သတင်းကားမရဘဲ ခြေရာပျောက်နေပါတော့သည်။ ဒီလိုနှင့် နှစ်ရက်မြောက်သည့်နေ့၌ ခမောက်မော်တံတားသစ်ကြီးအနီး လက်ဖက်ရည်ဆိုင်နှင့် တွဲလျက်ရှိသော ပွဲရုံတစ်ရုံမှ လက်ဖက်ရည်သောက်နေကြသော လူတစ်စုတို့က ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ နံနက် ၉နာရီလောက်၌ ကမ်းစပ်မှ ရေများတက်လာ၍ ရေမြုပ်တော့မည့်ဆဲဆဲ ဆိုင်ရှင်ကဆိုင်အနီးရပ်ထားသော ဆိုင်ကယ်တစ်စီးသည် မနက်မိုးလင်းကတည်းက ရပ်ထားခြင်းကို တွေ့ရသဖြင့် အဏ္ဏဝါ၊ စံပြ၊ ဟိုင်းကြီး ခရီးသွားများက ခဏထားခဲ့သလားဟု ထင်မိသော်လည်း ယခုထိ လာမယူသေးကြောင်း ပြောပြခဲ့၏။

ထိုစကားကြောင့် တက္ကစီသမားများဖြစ်ကြသော ကိုဖိုးကုလားလေး၊ ကိုမိုးကြိုး၊ ကိုလွင်

www.burmeseclassic.com

တို့ကကြားသဖြင့် ဒါဆိုသွားကြည့်ဦးမယ်ဆိုပြီး ဆိုင်မှထွက်သွားခဲ့ကြ၏။ ဆိုင်ကယ်မှာ ဦးတင်ငင်း (ငြိမ်း) ၏ ဆိုင်ကယ်ဖြစ်နေလေသည်။ အဲဒီတော့မှ အားရဝမ်းသာဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ကြ၏။ နံနက် (၁၀)နာရီလောက်၌ အားလုံးရောက်ရှိလာကြပြီး ဆိုင်ကယ်အား စစ်ဆေးခဲ့ကြ၏။ ဆိုင်ကယ်မှာ သော့တန်းလန်းနှင့်ပင်။

ထိုအခါမှ ရာအိမ်မှူး ကိုငတိုးက ဆိုင်ကယ်၏နောက်ဖုံးအား ဆွဲဖွင့်လိုက်သည်နှင့် စာအိတ်တစ်အိတ်ကို တွေ့လိုက်ရ၏။

တွေ့ရှိမှုမှာ အထူးအဆန်းဖြစ်နေ၏။ ခမောက်မော်မှ လူငယ်ခေါင်းဆောင်ဖြစ်သော ကိုဖိုးကျော်နှင့် သံကြိုးလမ်းရွာမှ အုပ်ချုပ်ရေးမှူး ကိုနိုင်လွင်နှင့် ရဲများပါရောက်ရှိလာကြ၏။ ဦးတင်ဝင်းရှေ့၌ပင် အဆိုပါစာအိတ်အား ဖွင့်ဖတ်ကြည့်လိုက်ကြ၏။



အားလုံးပင် အံ့အားသင့်ပြီး ဦးတင်ဝင်း၏ဆိုင်ကယ်ကိုမှရွေးပြီး ခုလိုဖြစ်ရတယ်ဟုဆိုပြီး ဝေဖန်ပြောဆိုခဲ့ကြသည်။ ဆိုင်ကယ်သူခိုးမှာ ခြေရာလည်းပျောက်၊ ရေလည်း နောက်ဆိုသလို ဖြစ်ခဲ့ရ၏။ အားလုံးအတွက် သင်ခန်းစာယူစရာလည်း ဖြစ်ခဲ့ရသည်။ ပျောက်ဆုံး ဆိုင်ကယ်နှင့်အတူ တွေ့ရှိသောစာကို စိတ်ဝင်တစား ဖတ်ခဲ့ကြ၏။

**သို့**

**လူကြီးမင်းခင်ဗျား**

**အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း ကိုယ်ရေးကိုယ်တာကိစ္စက အရေးကြီးနေတော့ ပြုပ်ကောင်းတောင်ရွာနားရှိ (ညောင်ပိုင်း)ကျေးရွာလေးသို့ သွားလိုပါ၍ ဆိုင်ကယ်ငှားနေရင်လည်း လိုရာရောက်မည်မဟုတ်၍ သော့တန်းလန်းနှင့် အဆင်သင့်တွေ့ရသော လူကြီးမင်း၏ဆိုင်ကယ်ကို ယခုလို ယူစီးလိုက်မိခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော့်အားလည်း ခွင့်လွှတ်ပေးစေချင်ပါသည်။ ကိစ္စများလည်း ချောချောမွေ့မွေ့ ပြီးစီးသွားပြီမို့ ဒီနေ့မနက်ပင်လျှင် ပုသိမ်သူ့အမြန်ရေယာဉ်နှင့်ပြန်သွားပါပြီ။ ဒီစာကို ဖတ်ရှုနေချိန်မှာ ဆိုင်ကယ်လည်း လူကြီးမင်းလက်သို့ ရောက်ရှိနေပြီဟု ထင်ပါတယ်။ ထို့ကြောင့် ကျေးဇူးတင်စွာဖြင့် မကြာခင်ရက်များအတွင်း ဆိုင်ကယ်ယူဆောင်စီးနင်းခ ကျသင့်ငွေကို စံပြစာတိုက်မှတစ်ဆင့် လူကြီးမင်းအိမ်အရောက် ပို့ပေးပါမည်ခင်ဗျား။**

**ကျေးဇူးအထူးတင်စွာဖြင့် ခရီးသွား ဧည့်သည်**

ဟူ၍ပင်ဖြစ်လေသည်။

မိမိ၏ဆိုင်ကယ်ကို သော့တန်းလန်းဖြင့် မျက်ကွယ်ပြုမိသူ၏ အမှားဟုပင် ဆိုရလေမည်လား မသိပေ။

**ပုသိမ်မင်းလွင်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## မုဆိုးနှင့်လက်နက်

မောင်မောင်လွင် (ညောင်လေးပင်)

မုဆိုးအလုပ်ကျွမ်းကျင်သူကို
မုဆိုးဟုခေါ်၍ သေနတ်ကျွမ်းကျင်
သူအား သေနတ်သမားဟုဆိုနိုင်
သည်။ မုဆိုးအလုပ်နှင့် သေနတ်
နှစ်မျိုးလုံးကျွမ်းကျင်လျှင် "သေ
နတ်မုဆိုး" ဟူ၍ ခေါ်ဆိုသော်
များ ပေါ။

သေနတ်မှာ သေ
နိုင်သည့် လက်နက်
ဖြစ်သဖြင့် ကိုင်ဆော
သူအတွက် ကော
ခြားသူအတွက် ပ
အန္တရာယ်ရှိနိုင်
ခြင်းကြောင့်
ထူးအလေး
ထား သတိချပ်ရ
သည့်အရာဖြစ်သည်။
မှုထမ်းဘဝ၌ သေ
နတ်နှင့်ပတ်သက်ပြီး
ဆရာများ မှာကြားသည့်
စကားတစ်ခွန်းကို


ပြန်သတိရမိသည်။

"မယားလင်နောက်လိုက်သွားလို့ ဘာမှမဖြစ်ဘူး၊ ကိုယ့်သေနတ်ပျောက်ရင် ထောင်ကျဖို့သေချာတယ်" ဟူ၍ပင်ဖြစ်သည်။

သေနတ်ကိုင်တွယ်က လိုက်နာရမည့် စည်းကမ်းများကို မုဆိုးအတွေ့အကြုံများ ရေးသားသောစာရေးဆရာတချို့က အလျဉ်းသင့်တိုင်း ဆောင်ရန်ရှောင်ရန် ရေးခဲ့ကြသည်။ ကျွန်တော် အထက်တွင် ရေးထားသကဲ့သို့ အသက်အန္တရာယ်ပေးတတ်သည့် လက်နက်ကိုကိုင်သည်နှင့် ပေါ့ပေါ့ဆဆမနေဘဲ အလေးထားကာ တိတိကျကျ စည်းကမ်းလိုက်နာဖို့လိုသည်။

ကိုယ်တိုင် သေနတ်မုဆိုးဖြစ်၍ ကျွန်တော်ကိုယ်တိုင် သေနတ်ကိုင်တွယ်ရာ၌ လိုက်နာခဲ့သောလက်နက်စည်းကမ်းကို မုဆိုးများ၊ လက်နက်ကိုင်ဆောင်သူများအတွက် ဝေမျှချင်သည့်ဆန္ဒမှာ–

တောထဲ၌ဖြစ်စေ၊ အိမ်တွင် ဖြစ်စေ အကြောင်းမဲ့ ကျည်အိမ်မှာ ကျည်ထည့်ခြင်း၊ သေနတ်ကျည်ထိုးခြင်း



www.burmeseclassic.com



မပြုပေ။ ကျွန်တော်ကိုင် ဆောင်သော သေနတ်အား တောထဲမှာ မည်သူ့ကိုမှ ပေးမကိုင်ခြင်း၊ ကျည်ထိုး၊ ကျည်ထုတ်၊ သေနတ်မောင်းတင် သည့်မှအစ စခန်းချသော တဲကထွက်ပြီး အန္တရာယ်မရှိ သည့်နေရာတွင် ဆောင်ရွက်ခြင်း၊ အခြားသူကို နောက်ပြောင်ကာ သေနတ်ဖြင့်ချိန်ခြင်း၊ ကျည်မရှိဟု ထင်၍ မောင်းကုတ်ခြင်း၊ ဖြုတ်ခြင်းအား လုံးဝမလုပ်ခြင်း၊ သေနတ်မပစ်လျှင် ကျည်အိမ်တပ် မထားခြင်း၊ မိမိရောက်ရာအရပ်မှာ ကျည်ပါသေနတ်ကို ထောင်မထားဘဲ လှဲထား၊ ချထားခြင်း၊ အထူးသဖြင့် အရေးအကြီးဆုံးမှာ ကိုယ်တိုင်ပြင်သော ကျည်က အလိုလိုထွက်တတ်သည့် နှစ်လုံးပူးသေနတ်၊ တစ်လုံးထိုး ပြောင်းချောသေနတ် ကိုင်တွယ်ရာမှာ ရှေ့လူထမ်း၍ နောက်လူကိုမှန်တတ်ခြင်း၊ တောထဲတွင် "စိုင်မောင်း"ခလုတ် တောချုံတိုးသည့်အခိုက် နွယ်နှင့်ပတ်ကာ ကျည်ပေါက်၍လူသေခြင်း။

တောမောင်း၊ တောခြောက်ပစ်တတ်သော မုဆိုးများအတွက် "ဏာတင်"ပြန်သောကျည်၊ မိမိစောင့်သည့်နေရာနှင့် တောမောင်းလာမည့်သူတို့၏ အကွာအဝေး၊ ထောင့်ချိုးဒီဂရီကို မတွက်ဆဘဲ ကျည်လွတ်မြေမဟုတ်သည့်နေရာများကို ရမ်းပစ်၊ မှန်းပစ်မုဆိုးကြောင့် လူကိုထိမှန်တတ်ခြင်း စသည့် လက်နက်နှင့်သက်ဆိုင်သော စည်းကမ်းချက်များ အများအပြားရှိသည်ကို ကိုယ်တွေ့ဖြင့် သတိထားလိုက်နာပြီး ကိုင်တွယ်ဖို့ လိုပါသည်။ အလေးထားမှာလိုသည်မှာ "သေနတ်လက်နက်က သေစေနိုင်သည်"ဟူသောအချက်ပင်။

ကျွန်တော်ငယ်ရွယ်စဉ်ကဖြစ်

သည်။ ကျွန်တော [cut] တို့ မုကနွမူရှ [cut] ဦးတိုးနီဆို [cut] ကရင်အမျိုးသ [cut] အဘိုးကြီးတစ် [cut] တွင် ၁၂ ဗို့ [cut] လုံးပူးသေန [cut] တစ်လက် ရှ [cut] သည်။ ထိုအ [cut] က နှစ်လုံးပူး [cut] သူကြီးခေတ် [cut] ကြီးများသာ ကိ [cut] တွယ် ခြင်းကြော [cut] "သူကြီးသေနတ်"ဟု သိထား [cut] ဦးတိုးနီက ချမ်းသာ ကြွယ်ဝသ [cut] လိုင်စင်နှင့်ကိုင်နိုင် ခြင်းဖြစ်သည် [cut]

ကျွန်တော့်ဖခင်ကို ဦးတိုးနီက [cut] သားအရင်းမခြား ချစ်ခင်၍ အိ [cut] တွင်ခေါ်ထား၏။ တစ်နေ့ "စွန် [cut] အင်း"ဘက်သို့ ဗျိုင်းပစ်ရန် အ [cut] ဦးတိုးနီက လှည်းမောင်းပြီး ကျွ [cut] တော့်အဖေက သေနတ်ကိုင်က [cut] လှည်းပေါ်ထိုင်လိုက်သည်။ အ [cut] သေနတ်ထဲထည့်ထားသောကျည် [cut] က ကျွန်တော့်အဘိုးသူကြီး ဦးကြ [cut] ဝင်းနှင့်အပြိုင် သူကြီးနေရာလု [cut] သူ ဦးချစ်လှိုင်ပေးသည့်ကျည်။

ရွာနှင့် (၃)မိုင်ခန့်အကွာမှ "စွ [cut] ကနုအင်း"သို့အရောက် ကွင်း [cut] ကွဲကျောင်းဗျိုင်းအုပ်မှာ ဖွေး [cut] လှုပ်နေသည်။ အနည်းဆုံး [cut]

www.burmeseclassic.com

www.burmeseclassic.com



အကောင် ၅၀ ခန့်ကျလျက်ရှိ၏။

"ကဲ...မြမောင်ရေ ဗျိုင်းတွေ နည်းဘူး၊ မင်း အကာအကွယ်ယူ ပြီး သွားပစ်ပေတော့"

အဘိုးဦးတိုးနီက လှည်းရပ် ကာပြောသည်။ လှည်းနောက်မြီးမှ ကျွန်တော့်အဖေ သေနတ်ကိုင်ဆင်း သွားသည်။ ကွင်းအလယ်ရှိ မြက် ရိုင်း ကိုင်းနှင့် ချုံပုတ်ငယ်များကို အကာအကွယ်ယူလျက် အဖေက ရှေ့ကိုတရွေ့ရွေ့တိုးသွားသည်။ ဗျိုင်းများမှာ အတော်လှမ်းလှမ်းတွင် ထားသော လှည်းကိုတွေ့သော် ည်း မကြာမကြာ ခရီးသွားလှည်း များ ရင်းနှီးထား၍ တုတ်တုတ်မျှ ပ်။ စားမြဲ၊ စားဆဲ၊ အနေ အထားမပျက်။

ဗျိုင်းနှင့်အဖေ ကိုက် (၅၀) အကွာအရောက် ကုန်းကမူလေး တွင် သေနတ်၏ ရှေ့နောက်မောင်း ကိုတင်ပြီး နေရာချလိုက်၏။ ဗျိုင်း အုပ်ကိုကြည့်သည်။ ဗျိုင်းသတ္တဝါ ပုရစ်၊ မြေခွေး၊ ခါးခုတ်ကောင် ပိုးပုရွက်များ စားသည့်ကောင် ရပ်သည့်အကောင်ကရပ်နှင့်။

အဖေ့မျက်စိထဲ အကောင် သည့်နေရာကိုရှာကာ စရိတ် ထားသောကျည်ကို မောင်း တ်ကုတ်၍ အပိုင်ဖြုတ်လိုက် ၏။

"သွားဟ"

"ဒိုင်း....."

ပြင်းထန်သော နှစ်လုံးပူးကျည် ၏ပေါက်ကွဲသံ၊ နွေခေါင်ခေါင် မိုး ခြိမ်းသည့်အလား ထင်ရသည်။ သေနတ်သံနှင့်အတူ သေနတ် ပြောင်းနှင့် ကိုယ်ထည် တခြားစီ။ အဖေ့မှာ နောက်သို့နှစ်ပတ်ကျွမ်း ပစ်ပြီး ကျသွား၏။ တကယ်မှာ ဗျိုင်းက ဘာမှမဖြစ်။ အဖေ "သွား ပြီ"။

အဘိုးဦးတိုးနီမှာ လှည်းကို ထားခဲ့၍ စိုးရိမ်စိတ်ကြောင့် ခလုတ် ကန်သင်းကြားက အဖေ့ဆီသို့ အပြေးတစ်ပိုင်းသွားသည်။

အဘိုးဦးတိုးနီက
လှည်းရပ်ကာပြောသည်။
လှည်းနောက်မြီးမှ
ကျွန်တော့်အဖေ
သေနတ်ကိုင်ဆင်းသွားသည်။
ကွင်းအလယ်ရှိမြက်ရိုင်း၊ကိုင်းနှင့်
ချုံပုတ်ငယ်များကို
အကာအကွယ်ယူလျက်
အဖေက......

"မြမောင်.....မြမောင်၊ မင်း ဘာဖြစ်သွားသေးလဲ"

မြေပေါ်၌ ခွေခွေလေးလဲနေ သော အဖေ့ကိုလှုပ်၍လှုပ်၍မေး သည်။ အဖေ သတိရလာသည်။ မမေးရန် လက်ကာပြလိုက်၏။

♛♛♛♛♛

"အဲဒီတုန်းကအဖြစ်ကို ဒီနေ့ အထိ အဖေမမေ့သေးဘူး၊ ဦးချစ် လှိုင်က သားတို့အဘိုးနဲ့ သူကြီး အပြိုင်လုနေလို့ အဘိုးသေအောင် နှစ်လုံးပူးကျည်ကို ယမ်းအများကြီး ထည့်လုပ်ပြီး အဖေ့ကိုပေးလိုက် တာ၊ နှစ်လုံးပူးသေနတ်ပြောင်းနဲ့ ကိုယ်ထည်ပြုတ်ထွက်သွားတာကို သာကြည့်တော့လေ၊ မင်းတို့အဘိုး ကို အဖေပေးမိရင် အဘိုးဒုက္ခဖြစ် ပြီပေါ့ကွာ၊ ကံကောင်းလို့ပေါ့"

အဖေပြောပြသဖြင့် ကျွန် တော်တို့ ငယ်ငယ်ကတည်းက သေ နတ်အကြောင်း သိခဲ့ရသည်။

"ဒါနဲ့ အဖေ့ကို ဦးတိုးနီက မြ မောင် မင်းဘာဖြစ်သွားသေးလဲလို့ စိုးရိမ်ပြီးမေးတော့ အဖေက လက် ကာပြလိုက်တာဆို"

အစ်ကိုကြီး ကိုထွန်းမြင့်ကမေး သည်။ ကျွန်တော်တို့သားသမီးများ

www.burmeseclassic.com

ဖြစ်ကြသော မမအေးမြင့်၊ အစ်ကို ကိုတင်မောင်၊ ကိုမောင်မောင်စိုး၊ ကိုကျော်ဝင်းတို့က အဖေ့နားတွင် ဝိုင်းပတ်ထိုင်ရင်း အဖေပြောမည့် စကားအား စိတ်ဝင်တစား နားထောင်နေကြသည်။

"အဖေ့ရဲ့နားစည် သေနတ်သံကြောင့် ကွဲသွားပြီလို့တောင် ထင်လိုက်မိတာ၊ ဘာသံမှ မကြားတော့ဘူး၊ ဒါ့ကြောင့် စကားမပြောနိုင်တာနဲ့ ဆက်မပြောဖို့လက်နဲ့အချက်ပြလိုက်တာ၊ နားထဲ 'စီ'ခနဲအော်နေတဲ့အသံက တစ်လနဲ့မပျောက်ဘူး၊ နောင်ကို သူများပေးတဲ့ကျည်ကို မပစ်ရဲလို့ အဖေကိုယ်တိုင်ကျည်ပြင်ပြီးမှပစ်တော့တယ်၊ ကြောက်စရာ တကယ့်အဖြစ်အပျက်ပဲကွာ"


♛♛♛♛♛

"သစ်ကြီးလေလာ"စခန်း၌ ကျွန်တော်တောပစ်ခိုက် မုဆိုးတစ်ဦးနှင့်ဆုံခဲ့၏။ မုဆိုးဖိုးစိန်ဖြစ်သည်။ ဖိုးစိန်မှာ ငယ်ငယ်က ကျည်းသားတုတ်ရိုက်တမ်းကစားရင်း ထိခိုက်မိ၍ ဘယ်ဘက်မျက်လုံးတစ်ဖက်က တိမ်စွဲနေသည်။

ဖိုးစိန်ထံတွင် သရက်သုံးပင်ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်လှ ငှားထားသည့် နှစ်လုံးပူးသေနတ်တစ်လက်ရှိ၏။ သေနတ်က တောရဲသည်။ ဖိုးစိန်ကိုယ်တိုင်သေနတ်ကို ကျင်ကျင်လည်လည်ပစ်တတ်ခြင်း၊ တောထဲအနေများခြင်းကြောင့် တောကျွမ်းကာ သားကောင်စားကျက်နေရာများ သိထားသဖြင့် မုဆိုးတစ်ယောက်၏ အားသာချက်အရ မကြာခဏ သားကောင်များရသည်။ သေနတ်ရှင် ဦးမောင်လှမှာ ဖိုးစိန်ဆီက သားကောင်ရတိုင်း သေနတ်အတွက် ဖို့တူဖို့မျှ ဝေစုရ၍ မိမိအန္တရာယ်ကို မသိဘဲ ကျေနပ်လျက်ရှိသည်။

ဖိုးစိန်က စာမတတ်၊ အသိ နည်း၏။ ရောက်သည့်တဲ၊ ရောက်ရာအရပ်၌ လူပေါင်းစုံပါတတ်ရာ အရက်သမားအုပ်စုနှင့်တွေ့လျှင် ပုလင်းလဲ၊ လူလဲသောက်သည်။ လူလွတ်သမားတစ်ဦးမို့ အစ်ကိုဖြစ်သူ ကိုမောင်အေးတဲတွင်နေသော်လည်း အထိန်းအကွပ်မရှိ။ ပရမ်းပတာဘ ဖြင့် သွားချင်ရာသွား၊ စားချင်ရာစားလျက် ဖြစ်ချင်တိုင်းဖြစ် "မောင်ဘချစ်"အလား ခံယူထားသူ။

ဖိုးစိန်တစ်ယောက် နှစ်လုံးပူးကျည်ကို ကိုယ်တိုင်ပြင်သည်။ ကျွမ်းကျွမ်းကျင်ကျင်မရှိ၍ ကျည်က ပေါက်သည့်အခါပေါက်၊ မပေါက်သည့်အခါ မပေါက်နှင့် ကြုံသလိုပစ်သည်။ သေနတ်မှာ



www.burmeseclassic.com

www.burmeseclassic.com




ပြောင်း တစ်ဖက်ကောက်သည်။ ကိုယ် ထည်လှုပ်လှုပ်၊ ပြောင်းက ပြူတ် ထွက်မတတ်မို့ မုဆိုးပွဲပွဲ၊ သေနတ်ရွဲ့ရွဲ့ဖြင့် မုဆိုးနှင့်သေနတ် လိုက်ဖက်၏။

တောကြီးထဲ၌ ကိုမောင်အေး ခုတ်ထွင်ပြီး နှမ်းများစိုက် ထားသော ယာခင်းတစ်ခင်း ရှိသည်။ လူပြတ်ကာ အဝင်အထွက် နေရာ ကောင်းဖြစ်၍ သား ကောင်များ နှမ်းခင်းမှာ စားသည့် အခါစား၊ ဖြတ်သည့်အခါ ဖြတ်ဖြင့် ခြေရာထပ်နေသည်။

မနက်ခင်း နှင်းလုံးမကွဲမီ တဲနှင့်မလှမ်းမကမ်းရှိ ယာခင်းသို့ သားကောင်ပစ်ရန် ဖိုးစိန် တစ်ယောက် သေနတ်ထမ်းပြီး လျှောက်ခဲ့၏။ ယာခင်းရောက် သောအခါ သေနတ်အသင့် ကိုင်ကာ မုဆိုးချောင်း လှည့်ပတ် ချောင်းသည်။ စိတ်ထဲမှာ ထင် ထားသည့်အတိုင်း နှမ်းခင်းတစ်နေရာတွင် ငုပ်ချည်ပေါ်ချည်ဖြင့် ချေ (ဂျီ)တစ်ကောင် အစာစားသည်ကို တွေ့၍ သေနတ်နှင့်ပစ်လိုက်၏။

သေနတ်သံနှင့်အတူ ချေ(ဂျီ) က မြောက်ပါသွားသည်။ ပြန်အကျ၌ ခွေးတစ်ကောင်အလား တောတိုးပြေးသွားသည်ကို ဖိုးစိန်ကြားရသည်။ လဲမလဲတော့ မသိ။

ဖိုးစိန်က နှစ်လုံးပူးသေနတ် ခါးချိုးပြီး ပစ်ပြီးသားကျည်ခွံထုတ်



သည်။ ကိုးလုံးကျည်ပြောင်းတွင် ထည့်၏။ ပြီးမှ သေနတ်ထမ်း လျက် ချေ(ဂျီ)သတ္တဝါ စားသောနေရာသို့ ကြည့်သည်။

နှမ်းကိုင်းအနုများ ပြတ်လျက်ရှိသည်။ ချေ(ဂျီ)ကိုက်စားသဖြင့် ပြတ်သည့်ကိုင်းနှင့် ကျည်ဖြတ်၍ ပြတ်သောကိုင်းက အနေအထား မတူ။ စားကိုင်းမှာ ညီညီညာညာ ဖြတ်ထားသကဲ့သို့ရှိသော်လည်း ကျည်ဖြတ်ကိုင်းမှာ ပရမ်းပတာဖြင့် တချို့ ခေါက်ရိုးကျိုးကြေမွသည်ကို မြင်ရ၏။ ခြေရာအနေအထားပျက်ကာ ချာပြုနေသည်။

သားကောင်အား ထိ၊ မထိ အသေအချာ ဆုံးမှာ နှစ်လုံးပူးကျည်က သား ကောင်မှန်လျှင် အမွေးကို ခဲလုံးများက ချေးတွန်းသလို တွန်းသည်။ အဝါ ရင့်ရောင် ချေ(ဂျီ)မွေးများ နှမ်းကိုင်းနှမ်း ခက်များ ပေါ်ကျန်ခဲ့၍ မှန်သွားမှန်းသိသည်နှင့် ဖိုးစိန် ချေ(ဂျီ) သွားရာလမ်း ကြောင်းအတိုင်းခြေရာ၊ သွေး စက်ခံလိုက်သည်။ တစ်နေရာတွင် ချေ(ဂျီ)မှာ လဲနေ၍ ပွဲသိမ်းပစ်သည်။

ချေ(ဂျီ)ကိုထမ်းပြီး တဲသို့ အပြန် ဖိုးစိန်မှာ ခွက်လက်ကျန် မမော့ခဲ့ရသဖြင့် ကြို့ထိုးကာ ရင်းထလျက်ရှိသည်။ တဲသို့အရောက် စိတ်ပေါက်ပေါက်နှင့် ချေ(ဂျီ)ကို မြေ ပေါ်ပစ်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟာ....ဖိုးစိန်တယ် ဟုတ်ပါလားကွ၊ တို့ရောက်လာတာနဲ့ အတော်ပဲဟေ့၊ တိုက်တိုက်ဆိုင်ဆိုင် စားရကံကြုံတာပဲကွ၊ မင်းအတွက် ရွာကမိခွေးချက်တဲ့ တောအရက် တစ်ပုံးပါသဟေ့''

''သရက်သုံးပင်''ရွာက သစ်ဆွဲရန် တောတက်လာကြသော ကိုစိန်၊ ကိုမြသောင်း၊ ဦးသူတော်တို့ ရေနွေးကြမ်းသောက်ရာမှ ဦးသူ တော်က ဖိုးစိန်ကို လှမ်းပြောသည်။

ထိုစဉ်.....

ဖိုးစိန်က အရက် မသောက်ရသေး၍ ဒေါသဖြစ်ဖြစ်နှင့် တဲဝါးကြမ်းခင်းပေါ်သို့ နှစ်လုံးပူးသေနတ်ကို ပြောင်းမှကိုင်ကာ ပစ်ချလိုက်သည်။

''ဟေ့..ဟေ့ ဖိုးစိန်၊ သေနတ်ကို အဲဒီလို မလေးမစား မလုပ်နဲ့လေ၊ သေနတ်အကြောင်း မင်းသိသားနဲ့ကွာ''

ကိုမြသောင်းက တပ်ထွက်တစ်ဦးမို့ စိုးရိမ်ပြီး သတိပေးရာ....

''ခင်ဗျားတို့တွေကလည်း ယောက်ျားဖြစ်ရဲ့သားနဲ့ ဒီလောက်ပဲ သွေးကြောင်ရသလားဗျာ၊ ကဲ... ဒီမှာကြည့်''

ဖိုးစိန်က မထီဟန်ပြောလျက် နှစ်လုံးပူးသေနတ်ပြောင်းကိုင်၍ ကြမ်းပေါ်ဆောင့်တွန်းသည့်တွင်...

''ဟာ.....ဟာ၊ ဒီကောင်ပြော မရပါလား''

ဦးသူတော်၏စကားအဆုံး၌...



''ဒိုင်း.....''

''အား.....အစ်ကို''

''ဘုန်း.....''

သေနတ်ကျည်ပေါက်ကွဲသံနှင့်အတူ ကိုးလုံးကျည်က ဖိုးစိန်၏ရင်ထဲကို ကျည်စုဝင်သွားသည်။ သေနတ်ဒဏ်ရာပြင်းထန်ခြင်းကြောင့် ဖိုး စိန်မှာ ''အစ်ကို''ဟု တစ်ချက်ခေါ်ပြီး လဲကျသွားတော့၏။

''ညီလေး....ညီလေး၊ အဖြစ်ဆိုးလှချည်လားကွာ''

ကိုမောင်အေး တဲပေါ်မှ ခုန်ဆင်း၍ ညီအားပြေးပွေ့သည်။ ဖိုးစိန်ကား အသက်မရှိ သေနေပြီ။

''ဖိုးစိန်ရာ ကိုမြသောင်း အချိန်မီတားတာတောင် မင်းဆက်လုပ်သေးတယ်၊ မိုက်လိုက်တဲ့ညီလေးကွာ၊ ဟီး.....ဟီး.....ဟီး''

ကိုအေးတစ်ယောက် ဖိုးစိန်ကိုကြည့်ကာ ဆို့နင့်ကြေကွဲစွာဖြင့် ပြောရင်းငိုသည်။ ဖိုးစိန်မှာ 'နှောင်း နောင်တ'ပင် မရလိုက်။ မလှမပနှင့် ဘဝဇာတ်တစ်ခန်း ရပ်ခဲ့ရ၏။

''ဖိုးစိန် သေနတ်က မီးလိုပဲ၊ မသုံးတတ်ရင် အသက်ဆုံးတဲ့အထိ ဘေးတွေ့ တတ်တယ်ဆိုတာ မင်းသိပြီမဟုတ်လား''

ကိုမြသောင်းမှာ ကိုမောင်အေးနှင့် ဖိုးစိန်တို့ ညီအစ်ကိုနှစ်ယောက် အဖြစ်ကိုကြည့်ပြီး ကရုဏာသက်စွာဖြင့် တီးတိုးရေရွတ်လိုက်သည်။

သြော်.....သဗ္ဗေသတ္တာကမ္မသကာပါလား။ သတ္တဝါတစ်ခု၊ ကံတစ်ခုဖြစ်ချေတော့သည်။


**မောင်မောင်လွင်**

**(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဝေဒနာ



မောင်မြင့်မား (ဗိုလ်ကလေး)

အခုအချိန်မှာ ခေတ်စားနေတာက သင်္ဘောလိုက်တယ်၊ ရှိုးဂျော့သွားတယ်ဆိုတော့ ကျွန်တော်နဲ့ ဆွေမျိုးလို၊ ညီငယ်တစ်ယောက်လို ခင်မင်ရင်းနှီးတဲ့ လူငယ်တစ်ယောက်က.....

“အစ်ကိုရေ ကျွန်တော်တော့ အလုပ်ထွက်တော့မယ်၊ စင်ကာပူ သွားမလို့”

ဆိုတော့ ကျွန်တော် အံ့သြမိသွားပါသည်။ သူ့ရဲ့ဝန်ထမ်းလုပ်သက်က မနည်းတော့ပါ။ ပင်စင်ယူရင်တောင် ရနေပါပြီ။ ဒါပေမဲ့ သူက ပင်စင်ကို မမက်ပါတဲ့။

“အစ်ကို စဉ်းစားကြည့်ဗျာ၊ ပင်စင်ယူလို့ ဂရက်ဂျူတီ(လုပ်သက် ဆုကြေး)ရရင်တောင် ခြံတစ်ကွက်၊ အိမ်တစ်လုံးဝယ်လို့ မရပါဘူး၊ အခု ကျွန်တော် စင်ကာပူသွားလို့အဆင် ပြေရင် တစ်လ ဆယ်သိန်းလောက်တော့ အေးအေးဆေးဆေးပါ”

“သေချာလုချည်လား၊ မင်း ဥစ္စာက ဟုတ်မှလည်းလုပ်ပါကွာ၊ ငါကစာတွေဖတ်နေရတော့ အဆင်မပြေတဲ့အကြောင်းတွေ တော်တော်များများ ကြားနေရတာ၊ ထွက်တာက လွယ်ပါတယ်၊ မင်းအတွက် ပြောတာပါ”

“ကျွန်တော်လေ့လာပြီးပါပြီ အစ်ကိုရ၊ သေချာပါတယ်၊ ကျွန်တော့်ဇနီးရဲ့ဦးလေး ရှယ်ယာပါထားတဲ့ ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီကနေသွားမှာပါ၊ သူတို့ အကျိုးဆောင်ပေးတာ အတော်များနေပါပြီ၊ အလိမ်အညာလည်းမရှိပါဘူး”

“အေး..ဒါဆိုလည်း ကောင်းပါတယ်”

ဤသို့ဖြင့် ကျွန်တော်၏ ဆွေမျိုးလို၊ ညီငယ်တစ်ယောက်လို ခင်မင်ရတဲ့သူက သူ့ဝန်ထမ်းလုပ်သက်တွေကို လျစ်လျူရှုကာ အလုပ်ကထွက်သွားတော့သည်။ ပြီးနောက် စင်ကာပူကို ရှိုးဂျော့ပေါ့ဗျာ။ သူ အလုပ်ကထွက်တော့ ဝန်ထမ်းအိမ်ရာကလည်း ဖယ်ပေးရတော့ သူ့မိသားစုနှင့် ဒေး သွားပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ဇနီးဖြစ်သူ က ကျွန်တော့်ဇနီးနှင့် သံယောဇဉ် မပြတ်။ အိမ်ကို မကြာခဏ အလည်လာသောကြောင့် သူ့မိသားစုအကြောင်း၊ သူ့ယောကျ်ား အကြောင်းတွေကို မကြာခဏကြား ရသည်။ အဆင်ပြေကြောင်း၊ သွား တုန်းက ကုန်ကျစရိတ်တွေကျေလို့ လစဉ်လိုလို၊ တစ်လခြားလိုလို ငါး သိန်းလောက် ဟွန်ဒီနှင့်ပို့ကြောင်း၊ နေထိုင်ကောင်းကြောင်း၊ အလုပ် အဆင်ပြေကြောင်း· စသည်ဖြင့်။

ကျွန်တော် ဝမ်းသာရသည်။ သူ့မိသားစုနှင့် ဆွေမျိုးလို ခင်မင် နေကြတော့ သူတို့ ကြီးပွားအဆင် ပြေလျှင် သူတို့အရှိန်အဝါနှင့် ကိုယ်လည်း ဂုဏ်ယူရသည်။ နောက်ဆုံး ကိုယ့်မှာအဆင်မပြေလို့ ငွေချေးချင် လျှင်တောင် တခြားမှာရှာစရာမလို။ သူတို့ဆီက ရနိုင်သည်။

ညီအရင်းမဟုတ်တောင် တခြားလူက စပ်စုပြီးမေးလိုက်လျှင် ငါ့ညီကွ၊ ဘယ်လိုအဆင်ပြေနေ တာ၊ တစ်လတစ်ခါ ဘယ်နှသိန်း လောက် ပို့နေတာ စသည်ဖြင့် ကြွားကအချောင်ကြွားရသည်။

နိုင်ငံခြားသွားလို့ ကြီးပွားနေ တာကို တချို့က မနာလိုကြဘူး လေ။ နိုင်ငံခြားရောက်နေတဲ့လူ တွေရဲ့ ဒုက္ခတွေ၊ အဆင်မပြေတာ တွေ၊ ပြန်ပြေးလာရတာတွေ ကြားနေရတော့ ဟိုမှာ ကာယကံ ရှင်က ဒုက္ခ ရောက်လေ ဒီမှာရှိတဲ့ ဇနီးသည်ကို စပ်စုသလိုလို၊ နှိမ့် ချသလိုလို၊ မှတ်ပြီလား၊ ယောကျ်ားကို နိုင်ငံခြားပို့ပြီး ကြီး ပွားချင်တဲ့ကောင်မ၊ ခံပေတော့ ဆိုတဲ့ ပုံစံမျိုးနှင့် စပ်စုလေ့ရှိကြ သည်။



ကျွန်တော်က သူတို့အခြေ အနေကို သိပြီးဖြစ်၍ ကြားကမခံ ချင်လို့ အဆင်ပြေကြောင်း၊ ငွေမှန် မှန်ပို့ကြောင်း သာသာထိုးထိုးလေး တောင် ပြောလိုက်သေးသည်။

ဒါပေမဲ့ စပ်စပ်စုစု ဝါသနာ မပါတဲ့ ကျွန်တော်က သူ့မိသားစု ဆီကို စင်ကာပူရှိုးဂျော့သွားနေ တဲ့လူက တစ်လငါးသိန်း ပို့နေ တာတောင် သူ့မိန်းမကို ကျွန်တော် က နင့်ယောကျ်ား စင်ကာပူမှာ ဘာအလုပ် လုပ်နေလဲမမေးမိ။ ဝါသနာမပါလို့ပါ။

♛♛♛♛♛

ဂျပန်ကိုရောက်နေတဲ့ ငယ်သူ ငယ်ချင်းတစ်ယောက်က ကျွန် တော်နှင့် စာအဆက်အသွယ် မပြတ်ပါ။ လူကြုံရှိတိုင်း ကျွန် တော့်အတွက် လက်ဆောင်များပို့ တတ်သည်။ သူက မာတုဗေဒနှင့် ဘွဲ့ရပြီးသား။ သူ ဂျပန်ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com

တာ ၁၀နှစ်ကျော်ပြီ။ မြန်မာပြည်မှာရှိတဲ့ သူ့မိန်းမဆီလည်း ပို့ထားတာတွေများပါပြီ။ အသုံးအစွဲတတ်သော သူ့မိန်းမကြောင့် တိုက်ရော၊ ကားရောရှိနေပါပြီ။

ဒါပေမဲ့ ဘွဲ့ရပြီးသား ကျွန်တော့်သူငယ်ချင်း အလုပ်လုပ်တာက ဟိုတယ်မှာ စားပွဲထိုး။ ထိုအလုပ်အပြင် အားသည့်အချိန်မှာ တခြား အလုပ်တစ်ခုလုပ်ရသေးသည်။ ဒါမှ ဇနီးထံကို ငွေပို့နိုင်သည်။ နှိမ့်ချခြင်းမဟုတ်ပါ။ သူရိုးရိုးသားသား ရှာဖွေပြီး သူ့မိန်းမကို တစ်လ ၁၀ သိန်းလောက်ပို့နိုင်တာ အားကျစရာပါ။



စင်ကာပူကို လွန်ခဲ့သော ၁၀ နှစ်လောက်ကတည်းက ရောက်နေကာ ယခုအခါ မိသားစုပါ သွားရောက်နေထိုင်နေကြသော သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ သုံးလေးယောက်ရှိသည်။ စာအဆက်အသွယ်ရှိသည်။ သူတို့ စရောက်ခါစက အဆင်မပြေကြ။ မကြာခဏ အလုပ်ပြောင်းရသည်။ အခုတော့ အလုပ်ကောင်းတွေရကာ ဟန်ကျနေကြပါပြီ။

အခု အလုပ်သွားလုပ်နေတဲ့ ကိုယ့်ညီအစ်ကိုအရင်းလို ခင်မင်တဲ့ သူ့အတွက် သူ့အလုပ်အဆင်မပြေလျှင် ကျွန်တော့်သူငယ်ချင်းတွေဆီ စာရေးပေးကာ အကူအညီတောင်းလျှင် ကျွန်တော့်မျက်နှာနှင့် ကူညီနိုင်ပါသည်။

အဲဒါကြောင့် စင်ကာပူကို ရှိုးကျော့နဲ့ရောက်နေတဲ့ ကျွန်တော့်ညီငယ်ရဲ့မိန်းမကို တစ်နေ့ စကားစပ်မိရင်း နှိမ့်ချချင်လို့လည်းမဟုတ်ပါ။ စပ်စုတာလည်းမဟုတ်ပါ။ မေးမိပါသည်။

"ဟဲ့.....နင့်ယောကျ်ားက အလုပ်အဆင်ပြေရဲ့လား၊ သူ့အလုပ်က ဘာအလုပ်လဲ"

"အဲဒါ ကျွန်မ မသိဘူး။ ကျွန်မကလည်း မမေးမိဘူး။ စာရေးတော့လည်း သူ့အလုပ်အကြောင်း ဘာမှမပြောဘူး"

"ဩော်.....ဟုတ်လား"

ဤသို့ဖြင့် ကျွန်တော်လည်း သူ့ယောကျ်ားအကြောင်း ဆက်မမေးမိတော့ပါ။ ဒါပေမဲ့ အိမ်က ထွက်သွား၍ လမ်းပေါ်ရောက်သွားသောအခါ သူနှင့်သိသော ပတ်ဝန်းကျင်က သူ့အသိမိတ်ဆွေတွေကို အော်ကျယ်အော်ကျယ်နှင့် ပြောသွားသည်ကိုကြားလိုက်ရသော ကျွန်တော့်အသိမိတ်ဆွေများက ကျွန်တော့်ကို ပြန်ပြောကြသည်။ ဘာပြောသလဲဆိုတော့.....


"ခက်တယ်၊ လူတွေက ကျွန်မယောကျ်ား နိုင်ငံခြားမှာ ဘာလုပ်တယ်ဆိုတာ သိပ်သိချင်နေကြတာ"တဲ့။

**မောင်မြင့်မား (ဗိုလ်တလေး)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





**လေးကောင်ရျင်** **စမ်းချောင်းစန်းကို**

ကျုပ်နာမည် မိုးသီး....

မိုးသီးတွေကြွေတဲ့အချိန်မွေးလို့ အမေပေးထားတဲ့နာမည်။


ဩော်..အသက်လား။ ကျုပ်အသက် ၂၀ ကျော်ပေါ့။ အလုပ်အကိုင်ကတော့ လစရပဲ။ လစရဆိုလို့ သိပ်အထင်ကြီးမသွားနဲ့ဦး။ အရှည်ကောက်က လည်ရာပြန်စားရေးပေါ့ဗျာ။ ရှင်းရှင်းပြောရရင် ၁၀၉/၁၁၀၊ အလုပ်မရှိ အာဝါဒါး၊ ကြုံဒိုးသမားပေါ့။

အဖေရော၊ အမေရော ကျုပ်ကို မွေးပြီး သိပ်မကြာဘူး။ သေကုန်ကြတယ်။ ကျုပ်မှာ မောင်နှမသားချင်းလည်းမရှိတော့ သူငယ်ချင်းတွေနဲ့အတူ ကျူးကျော်တဲတွေမှာ နေကြတယ်။ ကျုပ်သူငယ်ချင်းတွေကလည်း ကျုပ်လိုပဲ ၁၀၉/၁၁၀တွေ။

ဗလကြီးတဲ့၊ လောရှည်တဲ့၊ ဖြူဖွေးတဲ့။ ဗလကြီးဆိုတဲ့ကောင်က နာမည်သာ ဗလကြီး၊ လူကဗလံလေး။ လောရှည်ကလည်း နာမည်နဲ့လူနဲ့ တခြားစီ။ အရပ်ကပုပု၊ လူ စဉ့်မမီတဲ့ကောင်။ ဖြူဖွေးလည်း ဘာထူးလဲ။ တစ်ကိုယ်လုံးမည်း လိုက်တာ။ ကပ္ပလီတောင် အရှုံးပေး ရမယ့်ကောင်။

အဲဒီလို ဥပဓိရုပ်ကောင်းတဲ့သူတွေနဲ့ ကျုပ်ကပေါင်းသင်းတာ။ ဟဲ.....ဟဲ။

ကျုပ်တို့လေးယောက်က မည် မည်ရရ အလုပ်သာမရှိတာ။ မဟုတ်တာ လုပ်ရမယ့်နေရာ၊ မကောင်းတာ လုပ်ရမယ့်အရာဆို တစ်စိတ်တည်း၊ တစ်ဝမ်းတည်းပဲ။



ရပ်ကွက်ထဲမှာ ပြဿနာမဖြစ် လိုက်နဲ့။ ကျုပ်တို့လေးယောက် ရှေ့ဆုံးက ပါပြီးသား။ ဖဲလိမ်ရိုက်မလား၊ ကလိမ်ကကျစ်လုပ်မလား၊ လုရမလား၊ ရိုက်ရမလား အကုန်လုပ်တယ်။ ဒါကြောင့် ရဲမှတ်တမ်းမှာ ကျုပ်တို့က ကျော်မှုစာစာရင်းဝင် တွေအဖြစ် မှတ်တမ်းဝင်နေခဲ့တာပေါ့။

www.burmeseclassic.com

အခုလည်း ရဲစခန်းမှာ ပြဿနာတစ်ခုဖြေရှင်းပြီး၊ ခံဝန်လက်မှတ်ထိုးပြီးလို့ လေးယောက်သားပြန်လာပြီး ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်မှာ အကြံထုတ်ရင်း လက်ဖက်ရည်အကြွေးမှာ သောက်နေကြတာလေ။

လမ်းထဲကလူတွေကတော့ ကျုပ်တို့နား သိပ်ကပ်ကြဘူး။ ပြဿနာရှာလွန်းလို့၊ ဖျံကျလွန်းလို့ တဲ့။ ဒါကြောင့် ကျုပ်တို့လေးယောက်ကို ဂျင်လိုလည်လွန်းလို့ ကွယ်ရာမှာ နာမည် ပြောင်ပေးထားကြတယ်။ အဲဒါ ဘာလဲသိလား။ "လေးကောင်ဂျင်" တဲ့။

♛♛♛♛♛

"တို့ဒီနေ့ ရပေါက်ရလမ်းလေးရှာပါဦး"

လက်ဖက်ရည်တစ်ငုံသောက်နေတုန်း ဗလကြီးရဲ့စကားသံကြားလိုက်တော့ ကျုပ်လည်း သောက်လက်စခွက်ကိုချပြီး.....

"မင်းက ဘာခွင်တွေ တွေ့ထားလို့လဲ"

"အေး.....အဲဒါပြောမလို့၊ ငါတို့လည်း လက်ထဲမှာ ငွေပြတ်နေပြီ၊ ကြံစမ်းပါဦး မိုးသီးရာ"

လောရှည်ရဲ့ အလောတကြီး ထောက်ခံသံနဲ့ ပြောလိုက်တဲ့စကားကို ခေါင်းညိတ်လိုက်တဲ့ ဖြူဖွေး



အမူအရာကို ကျုပ်မြင်လိုက်တော့ ကျုပ်က.....

"ကဲ....မင်းတို့ ဘာမှမပူကြနဲ့၊ ငါကြံမယ်၊ ငြိမ်ငြိမ်နေကြ"

ကျုပ်က ဆရာကြီးလေသံနဲ့ ပြောလိုက်တော့ သူတို့သုံးယောက် ကျုပ်ကို အထင်တကြီး ဝိုင်းကြည့်ကြတယ်။

"ပြောနေကြာတယ်၊ လက်ဖက်ရည်သောက်ပြီး ရင် ရေကျော်ဘက် သွားကြမယ်"

ကျုပ်ကဦးဆောင်ပြီး လေးယောက်သား ရေကျော်ဘက် ထွက် လာကြတာပေါ့။ ဩော် ....မေ့ လို့. ကျုပ်တို့နေတဲ့နေရာက ဒေါပုံဘက်မှာ။ ရေကျော် ပုဇွန်တောင်ဘက်ဆိုတာ ကျုပ်တို့က အိမ်ဦးနဲ့ ကြမ်းပြင်လို ဖြစ်နေတာ။

သာကေတ တံတားကျော်ကျော်လောက် အရောက်မှာ ကျုပ်တို့ရှေ့ ဓာတ်တိုင် တစ်တိုင်လောက်မှာ ကားအဖြူလေး တစ်စီးနဲ့ မိန်းကလေး တစ်ဦး လှမ်းတွေ့လိုက်ရတယ်။ အချိန်ကလည်း မှောင်စပြုနေပြီဆိုတော့ ကျုပ်အကြံအစည်ကို ဘော်ဒါတွေကို ပြောပြလိုက်တယ်။

ကျုပ်အကြံက ဒီလို၊ [illegible]ထား

www.burmeseclassic.com

တဲ့ကားဖြူလေးနားသွားမယ်၊ ပြီးရင် အခက်အခဲဖြစ်နေတဲ့ မိန်းမပျိုလေးကို အကူအညီပေးချင်ယောင်ဆောင်ပြီး လူရှင်းရင် ကားရော၊ လူရော အနုကြမ်းစီးပြီး မ,သွားမယ်။ ဒါဆို အိုကေပြီပေါ့။

ပြောမယ့် သာပြောတာ။ ကျုပ်တို့ဆီမှာ ဓားနဲ့တူတာဆိုလို့ ခဲတံချွန်စက်တောင်ပါမလာဘူး။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့တော့ လုပ်သင့်လုပ် ရမှာပေါ့။

"ဒီကညီမလေး ဘာအခက်အခဲဖြစ်နေလို့လဲ"

ကျုပ်စကားသံကြောင့် မိန်းမပျိုလေး လှည့်ကြည့်လိုက်တာတွေ့ လိုက်တယ်။ အားပါး.....တော်တော်ချောတဲ့ ကောင်မလေးပါလား။

"ကားပျက်သွားလို့ရှင့်၊ အဲဒါ ဘာဖြစ်မှန်းမသိလို့"

"အို.....ဒီအတွက် ဘာမှမပူနဲ့၊ အစ်ကို ပြင်တတ်တယ်"

ကျုပ် ပြောရင်း ကားခေါင်းဘက်ဆီ လျှောက်သွားပြီး စက်ဖုံးဖွင့်လိုက်တယ်။ ကျုပ်က အရင်က ဝပ်ရှော့တစ်ခုမှာ လုပ်ဖူးတော့ ဆီ ပျောက်၊ မီးပျောက်လောက်တော့ အသာလေးပဲလေ။

ဘော်ဒါသုံးကောင်ကလည်း ကောင်မလေးကိုကပ်ပြီး အာလူးပေးနေကြတာပေါ့။



"ကဲ.....ညီမ စက်နှိုးကြည့်ပါဦး"

ကောင်မလေး စက်နှိုးလိုက်တဲ့အခါ စက်သံထွက်လာလို့ အဆင်ပြေမှန်း ကျုပ်သိလိုက်တယ်။ ကားက စက်သံတညီညီနဲ့ အိုကေသွားပြီပေါ့။

"ကဲ.....ညီမရေ အဆင်ပြေပြီဆိုတော့ ဘယ်ပြန်မှာလဲ"

ကျုပ်က စပ်စပ်စုစုမေးလိုက်တယ်။

"ညီမက မန္တလေးဘက်သွားမလို့၊ အဲဒါ ကားက အစ်ကိုတို့မြင်တဲ့အတိုင်း ဖြစ်နေလို့၊ ကူညီတာ ကျေးဇူးပဲနော်"

"ကျေးဇူးတင်ရင် အစ်ကိုတို့ကို လမ်းကြုံလိုက်ခွင့် ပေးပါလား"

"ရပါတယ် အစ်ကို၊ လာ... တက်ကြပါ"

ကောင်မလေးရဲ့ဖိတ်ခေါ်သံဟာ ကျုပ်တို့အတွက်တော့ ထီပေါက်တာပဲပေါ့ဗျာ။ သိတယ် မဟုတ်လား လေးကောင်ဂျင်လေး ငါးမရ ရေချိုးပြန်မယ့်သူတွေဆိုတာ သူမသိတာ ဝမ်းနည်းစရာပဲ။

"ဒါနဲ့ အစ်ကိုတို့က ဘယ်သွားကြမှာမို့လို့လဲ"

ကောင်မလေးအမေးကို ကျုပ်ချက်ချင်းပဲ တုံ့ပြန်လိုက်တယ်။


"တို့က မင်းသွားမယ့်ခရီးနဲ့ အတိုင်း လိုက်မယ့်သူတွေပဲ၊ အဲ့မှာ ဓားပါတယ်နော်၊ မင်း အေးအေး



www.burmeseclassic.com

www.burmeseclassic.com





ဆေးဆေးမောင်း၊ တစ်ခုခုပြဿနာ ဖြစ်ရင်တော့ မင်းခွေ့ယ်ဘူး''

ပြောရင်း ကောင်မလေးဘေးနားက ကြိုးသိုင်းလွယ်အိတ်ကို ဆွဲယူရင်း ကားမောင်းခိုင်းလိုက်တယ်။

ညက အတော်နက်နေပြီဆိုတာ ကျုပ် သတိထားမိလိုက်တယ်။ ကားနောက်ခန်းက ကျုပ်သူငယ်ချင်း သုံးယောက်က လည်း အဆင်ပြေပြီဆိုတော့ ပျော်နေကြတာပေါ့။

ကျုပ်တို့အစီအစဉ်ကတော့ ကောင်မလေးဆီကကားကို နယ်ဘက်ယူသွားပြီးရောင်းမယ်၊ ကောင်မလေးကိုတော့ လမ်းတစ်နေရာမှာ ချထားခဲ့မယ်ပေါ့။

သူ့ဆီက ဆလင်းဘက်အိတ်ကြီးကလည်း ဖောင်းနေတာပဲ။ ငွေတော်တော်ပါမယ့်ပုံပဲ။

ကျုပ်တို့ ကားမောင်းလာတာ မော်လာဒုံအထွက် ရန်ကုန်အဝေးပြေးလမ်း တိုးဂိတ်နား ရောက်ခါနီးပြီဆိုတော့ ကားခဏရပ်ပြီးတော့ ကောင်မလေးကို နောက်ခန်းပို့၊ ကျုပ်က ကားမောင်းဖို့ နေရာယူလိုက်တယ်။ အားလုံးအဆင်ကိုပြေနေတာပဲ။

ကားကို ကျုပ် တဖြည်းဖြည်း တိုးဂိတ်နား မောင်းသွားလိုက်တယ်။ တိုးဂိတ်မှာ ရဲတွေတော်တော်များများကို တွေ့လိုက်ရတယ်။

ကျုပ်တို့ကား တိုးဂိတ်က အထွက် ယာဉ်ထိန်းရဲတစ်ယောက်က မီးပြတုတ်အနီယမ်းရင်း ကားကို လမ်းဘေးချရပ်ခိုင်းနေတာတွေ့လိုက်ရတယ်။

ကျုပ်လည်း ခပ်ဖြည်းဖြည်း မောင်းရင်း လမ်းဘေးချ ရပ်ပေးလိုက်တယ်။

''ညီလေးတို့ ဘယ်သွားကြမှာလဲ''

"ဪ...မန္တလေးသွားမလို့ပါ၊ မိသားစုခရီးထွက်လာတာပါ"

ကျုပ်က မှင်သေသေပြန်ဖြေလိုက်တယ်။

''ဒါဆို ညီလေးတို့ ကားပေါ်က ခဏဆင်းကြပါဦး''

ယာဉ်ထိန်းရဲရဲ့ စကားကို ကျုပ်နားမလည်သလိုနဲ့ ကားပေါ် ကဆင်းလိုက်တယ်။ ဆင်းရင်း ကောင်မလေးရဲ့ ဆလင်းဘက်အိတ်ကို လက်ထဲမှာ ကိုင်ထားလိုက်တယ်။ နောက်ခန်းက သူငယ်ချင်းတွေရော၊ ကောင်မလေးရော ဆင်းလာကြတယ်။

ကျုပ် တစ်ခုစိုးရိမ်တာက ကောင်မလေးက ရဲတွေရှေ့မှာ သူ့ကို ကျုပ်တို့က ပြန်ပေးဆွဲပြီး သူ့ကားကို ယူလာတယ်ပြောလိုက်မှာ စိုးရိမ်မိတယ်။

ဒါပေမဲ့ ထူးဆန်းတာက ကောင်မလေးက ဘာတစ်ခွန်းမှ မပြောတဲ့အပြင် ခေါင်းငုံ့ပြီး ခပ်

www.burmeseclassic.com



ကုပ်ကုပ်ရပ်နေတာ တွေ့လိုက်ရတယ်။

ခဏချင်းပဲ ကျုပ်တို့ကားကို ရဲတပ်ဖွဲ့ဝင်တွေ ဝိုင်းလိုက်ပါတယ်။

ပြီးတော့ ကျုပ်တို့တစ်တွေကို ကင်းရုံလေးဆီ ခေါ်သွားပြီးမေးပါတော့တယ်။

"ညီလေးလက်ထဲက ဆလင်းဘက်အိတ် ခဏပေးပါဦး"

ရဲမှူးတစ်ယောက်က ကျုပ်ဆီကအိတ်ကို ပြောရင်းဆွဲယူဖွင့် ကြည့်လိုက်တယ်။ ပြီးတော့ အိတ်ကို စားပွဲပေါ်သွန်ချလိုက်တယ်။

အိတ်ထဲက ထွက်လာတဲ့အရာတွေကြောင့် ကျုပ် တုန်လှုပ်သွားခဲ့တယ်။

သွေးစွန်းနေတဲ့ ဓားတစ်ချောင်းရယ်၊ တစ်သောင်းတန်ငွေစက္ကူပါကင်ထုပ် ၃ထုပ်ရယ်၊ ယောကျ်ားကိုင်ပိုက်ဆံအိတ်တစ်လုံးရယ် ထွက်ကျလာတာ တွေ့လိုက်ရတယ်။

"ကဲ.....ညီလေး ဒါတွေက ညီလေးဟာတွေမဟုတ်လား"

"ဟုတ်..မဟုတ်ပါဘူး၊ သူ့..သူ့ဟာတွေပါ"

ပြောရင်း နောက်နားက ကောင်မလေးကို လက်ညှိုးထိုးလိုက်ရတာပေါ့။



ကောင်မလေးနားမှာတော့ ရဲမေတစ်ယောက် ရောက်နေပါပြီ။

ရဲမှူးဆက်ပြောတဲ့ စကားတွေကြောင့် ကျုပ်တို့လေးယောက်စလုံး အံ့သြတုန်လှုပ်ခြင်းတွေနဲ့ ကျောက်ရုပ်တွေလို ဖြစ်သွားခဲ့ရတယ်။

"ဒီကားက ရန်ကင်းဘက်က စီးပွားရေးလုပ်ငန်းရှင်တစ်ဦးရဲ့ကားပဲ၊ ကားနံပါတ်ကိုလည်း အစ်ကိုတို့ တိုက်ကြည့်ပြီးပြီ၊ မင်းတို့ထဲမှာပါလာတဲ့ အမျိုးသမီးလေးက မြို့ထဲက တည်းခိုခန်းတစ်ခုထဲမှာ အဲဒီလုပ်ငန်းရှင်ကိုသတ်ပြီး ပစ္စည်းတွေယူသွားတဲ့ လူသတ်သမားပါပဲ၊ သူ့နာမည်က ညမွှေးပန်းတဲ့ လူဆိုး စာရင်းဝင်ပေါ့၊ ထောင်ကလွတ်လာတာ မကြာသေးဘူးလေ၊ အစ်ကိုတို့ အခုလို ဖမ်းရတာကလည်း တည်းခိုခန်းမှာ တပ်ဆင်ထားတဲ့ CCTV ကင်မရာတွေရဲ့ မှတ်တမ်းတွေအရ သူလူသတ်ပြီး ကားခိုးသွားတာ သိရလို့ ဒီလိုဖမ်းမိတာပဲ၊ မင်းတို့ပါကလည်း သူနဲ့ တစ်ဖွဲ့တည်းဆိုတော့ ကြံရာပါအနေနဲ့ အစ်ကိုတို့ ဖမ်းရလိမ့်မယ်"

စကားပြောရင်း ကောင်မလေးနဲ့ ကျုပ်တို့အားလုံး လက်ထိတ်ခတ်လိုက်တဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ လှုပ်ရှားမှုကို ငေးပြီးကြည့်နေမိပါတော့တယ်။

**စမ်းချောင်းစမ်းကို**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## မိုက်တွင်းနက်လေသောအခါ

မောင်သာမန် (ဖီးကုန်း)

တန်ဆောင်မုန်းလဆန်း၏ည လေးတစ်ည။ ထိုလ၊ ထိုရာသီတွင် မိုးကောင်းကင်၌ ကြယ်တာရာ နက္ခတ်များ စုံစုံညီညီရှိလှပါ၏။ အထူးသဖြင့် ရွှေကြီးတာရာနှင့် ကြတ္တိကာနက္ခတ်တို့သည် လနှင့် အတူ စန်းယှဉ်နေကြ၏။ လလေး ကား လဆန်းလဖြစ်ခြင်းကြောင့် ဆောလျင်စွာ အနောက် ဘက်သို့ ယိုင်နေပါ၏။ အမှတ်မထင်တိုက် ခတ် လာသော မြောက်လေ သရမ်းလေးကြောင့် ကျေးဥတစ်ယောက် ချစ်ရသူ၏ရင်ခွင်ထဲ၌ ရှိနေလင့် ကစားစိမ့်ခ နဲဖြစ်သွားရ၏။ ကျေးဥ ၏ချစ်ရသော ထွန်းအောင် သည် သူမ၏ချစ်ဦးသူ၊ ချစ်ရလွန်း သူဟု ဆိုရမည်ဖြစ်၏။

ကျေးဥတို့ချစ်သူနှစ်ဦး ဘဝ ကြင်ဖော်အဖြစ် မလျှောက်လှမ်း သေးခင်ကာလ ယခုအချိန်တွင် ကျေးဥတစ်ယောက် အနာဂတ် ဘဝ ခိုင်လုံမှုရှိစေဖို့ ရန်ကုန်ရှိ စက်မှုဇုန်တစ်ခုတွင် သွားရောက် အလုပ်လုပ်ရန်အတွက် ဖွင့်ဟ တိုင်ပင်နေခြင်းဖြစ်၏။ သို့သော် ချစ်သူနှစ်ဦး၏ ဘဝရှေ့ရေးအတွက် သူမမှ စက်ရုံများသို့ သွားရောက်



လုပ်ကိုင်မည်ဆိုခြင်းအပေါ် ထွန်း အောင်တစ်ယောက် ဘဝင်မကျ ဖြစ်ရ၏။ ထို့ကြောင့်ပင် ကျေးဥ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ကို ထွန်းအောင်က ကန့်ကွက်ခဲ့ သည်။

"တို့နှစ်ယောက် ဘဝရှေ့ရေး အတွက် အလုပ်လုပ်မယ်ဆိုတဲ့ ခေါင်းစဉ်နဲ့တော့ မြို့ကြီးပြကြီးဆီ သွားဖို့ စိတ်မကူးပါနဲ့ဟာ၊ တို့ရွာ မှာလည်း ငွေကြေးရနိုင်တဲ့ မိရိုး ဖလာလုပ်ငန်းတွေ ရှိနေတာပဲ၊ ဖြစ် နိုင်မယ်ဆိုရင် နင်လေ ရွာကနေ မြို့ပြကို ထွက်ပြီး အလုပ် မလုပ်ပါနဲ့လား ကျေး ဥရယ်"

ကျေးဥ၏ ရည် ရွယ်ချက်များအား ကန့် ကွက်စကား၊ တားမြစ် စကားပြောလာသည့် ထွန်း အောင်အား သူမ မကြည်မလင် ဖြစ်ရ၏။ သူမ၏စိတ်သည်လည်း ကသိကအောက် ဖြစ်စေရ၏။ သို့ကြောင့် သူမသည် ထွန်းအောင် ၏ ရင်ခွင်ထဲမှ ရုန်းထလျက်

www.burmeseclassic.com

ထွန်းအောင်အား ခပ်စိမ်းစိမ်းကြည့်လိုက်ပါ၏။

''တကယ်တမ်းပြောရရင် ကျေးဥကိုယ်တိုင်က မြို့ကြီးပြကြီးတွေမှာရှိတဲ့ အလုပ်ရုံ၊ စက်ရုံတွေဆီ မသွားချင်ပါဘူး ကိုထွန်းအောင်၊ ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ နေချင်တာပေါ့ရှင်၊ ဒါပေမဲ့ ကိုထွန်းအောင်နဲ့ အတူတူမနေရခင်ကာလမှာ ငွေကြေးစုမိဆောင်းမိဖို့လိုသလို ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုတဲ့စကားလိုပဲ ကိုယ့်ရပ်ကိုယ့်ရွာကို ခွဲခွာသွားရမယ့် ကိစ္စရှိသေးတယ်၊ ကိုထွန်းအောင်လည်း သိပြီးသားပါ၊ ကျေးဥရဲ့အမေက အရွယ်ရှိသေးတော့ နောက်အိမ်ထောင်ထူလိုက်တယ်လေ၊ ကျေးဥတို့ရဲ့ အိမ်ကျဉ်းကျဉ်းလေးထဲမှာ ကျေးဥအနေနဲ့ အမေတို့နဲ့ အတူနေဖို့ဆိုတာ အတော်ခဲယဉ်းတဲ့ ကိစ္စဖြစ်လာရတယ်၊ နောက် တစ်ခုက အမေတို့နဲ့ အတူနေတယ် ဆိုပေမယ့် ကျေးဥက တစ်ဖက်တစ်လမ်းက ဝင်ငွေရှာမှ ဖြစ်မယ်ဆိုတာ ကျေးဥကိုယ်ကျေးဥ နားလည်လာရတယ်၊ ပြောရရင်တော့ ကိုယ့်ဘဝကိုယ်ကျောင်းရတော့မယ့် သဘောပါပဲ၊ ရွာမှာရှိရင်းအလုပ်ဖြစ်တဲ့ ကောက်စိုက်တယ်ဆိုတာက တစ်မိုးတွင်းအလုပ်ပဲလေ၊ မိုးကုန်ရင် ဘာလုပ်မလဲ၊ ပဲနုတ်၊ ကောက်ရိတ်တို့ပဲရှိတာ၊ နေ့စဉ်၊ လစဉ် ဝင်ငွေရှိမယ့် အလုပ်၊ လုပ်အားနဲ့ဝင် ငွေထိုက်တန်တဲ့အလုပ်ရမှ ဘဝပြောင်းရမှာကြောင့် အထည်ချုပ် စက်ရုံသွားဖို့ ဆုံးဖြတ်ရတာပါကို ထွန်းအောင်''



ထွန်းအောင်သည် ကျေးဥ၏ ပခုံးနှစ်ဖက်အား လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် မချိတင်ကဲလေသံဖြင့်.....

"ဒါဆိုရှင် နှင်နဲ့ငါ အနေဝေး ကြရတော့မှာပေါ့ ကျေးဥရယ်၊ ဒီ လိုသာ နှင်နဲ့အကြာကြီးခွဲနေရမယ် ဆိုရင် ငါ အသည်းကွဲလိမ့်မယ်နဲ့တူ တယ်၊ ဒီမှာ ကျေးဥ၊ ဒီရွာကနေ နှင်ထွက်မသွားပါနဲ့ဟယ်၊ ငါလေ နှင့်ကို မခွဲနိုင်ဘူး ကျေးဥ၊ မထ တော့ဘူး၊ ဒီညတွင်းချင်း နှင့်ကိုငါ ခိုးပြေးမယ် ကျေးဥ"

ထွန်းအောင်၏ စည်းချက်ဝါး ချက်မညီသော အပြောများကြောင့် ကျေးဥမှာ မချိပြုံး ပြုံးလိုက်မိ၏။

"ပြီးစလွယ် မဆုံးဖြတ်ပါနဲ့ ကို ထွန်းအောင်ရယ်၊ အခုအခါ မှာ ကိုထွန်းအောင်နဲ့ ကျေးဥ အတူတူနေမယ်ဆိုရင် ဖြစ်တာပေါ့ ဒါပေမဲ့ အခုအခြေအနေက နှုတ် ခမ်းပဲ့ချင်း မီးမှုတ်သလို ဖြစ်နေမှာ ပေါ့ရှင်၊ အရာရာ လေ့လာသုံးသပ် ပြီးမှ စဉ်းစားဝေဖန်ပြီး ရှေ့ကို လျှောက်ကြတာပေါ့၊ ကိုထွန်း အောင် သိသင့်တာက ကျေးဥဟာ မျက်နှာများတဲ့ မိန်းကလေး မဟုတ် သလို ကိုယ့်ချစ်ရတဲ့သူကိုလည်း လွယ်လွယ်နဲ့ အဆက် ဖြတ်မယ့် သူ မဟုတ်ပါဘူး၊ မေတ္တာတရားကို သစ္စာတရားနဲ့ ထပ်တူပြုဆုံးဖြတ် တဲ့သူဆိုတာ ကိုထွန်းအောင် ဆုံး ဖြတ်တဲ့သူဆိုတာကို ထွန်းအောင် သဘောပေါက်စေချင်ပါတယ် ကိုထွန်းအောင်" ကျေးဥက



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်တယ်ဆိုရင် စိတ်ချမ်းသာ လက်ချမ်းသာနဲ့ အတူတူနေရအောင် အလုပ်ကိုကြိုးစားပြီး စုဆောင်းပါ၊ ကျေးဥလည်း အလုပ်ကြိုးစားပြီး စုဆောင်းမယ်''

ထွန်းအောင်တစ်ယောက် ကျေးဥပြောသမျှ နားထောင်ပြီး အင်းမလုပ်အဲမလုပ် ဖြစ်နေ၏။ ကျေးဥမှ ဆက်လက်၍.....

''အခုလိုပြောတော့ ကျေးဥက ဥစ္စာမက်တယ်၊ ပကာသနမက်တယ်လို့ ထင်ချင်ထင်မယ်၊ ဒါပေမဲ့ ကျေးဥက မိန်းမချင်းတူပေမယ့် တခြားမိန်းမတွေလို လင်နဲ့မယား အတူနေရပြီးရောဆိုပြီး အိမ်ထောင်ထူလိုက်တာကိုတော့ မလိုလားတာအမှန်ပဲ၊ နောက်ပြီး ကိုယ်ချစ်တဲ့သူကို အိမ်တစ်ဆောင်၊ မီးတစ်ပြောင်ထားနိုင်တဲ့၊ စွမ်းဆောင်နိုင်တဲ့ ယောကျ်ားမျိုး ဖြစ်စေချင်တယ်၊ ဒါ ကျေးဥရဲ့ စိတ်ရင်းအမှန်ပဲကိုထွန်း အောင်''

ကျေးဥပြောသောစကားများကို ထွန်းအောင်တစ်ယောက် ပြန်လည်ချေပနိုင်ခြင်းမရှိ။ ပါးစပ်အဟောင်းသားဖြင့် ကျေးဥအား ငေးကြည့်နေ၏။ ညသည် ညဉ့်နက်လာ၏။ လေပြည်အေးကြောင့် ညမွှေးပန်း၏ရနံ့တို့သည် သင်းကြိုင် ပျံ့နှံ့နေ၏။ ထွန်းအောင်သည် ကျေးဥအား အချိန်ဆွဲ၍တွေ့ဆုံလိုသော်လည်း ကျေးဥက လက်မခံပေ။ ထွန်းအောင်အား အချိုသတ်၍ အိမ်သို့ပြန်လာခဲ့ရာ ထွန်းအောင်သည် မကျေမနပ်ဖြင့် ကျန်ခဲ့လေ၏။

♛♛♛♛♛

ကျေးဥသည် ထွန်းအောင်နှင့် တစ်ရွာတည်းသားတွေမို့ ချစ်ခဲ့ကြသည်ကားမှန်၏။ ကျေးဥသည် ထွန်းအောင်အား ဖြူစင်စွာချစ်ခဲ့၍ ဘဝလက်တွဲဖော်အဖြစ် ပေါင်းသင်းရန်ဆန္ဒရှိ၏။ ထို့ကြောင့် ကျေးဥ

> သူမပြောသောစကားမှာ
> အမှားလုံးဝမပါ။
> ရိုးသားစွာဖြင့်
> ပကတိအနေအထားအရ
> ပြောခဲ့ခြင်းဖြစ်၏။
> မိမိပြောသော
> စကားများသည်အမှားမပါ၊
> မှန်ကန်သည့်အတွက်
> ထွန်းအောင်
> မကျေမနပ်ဖြစ်ပါကလည်း.....

အနေဖြင့် ချစ်သူတို့လျှောက်မည့် ဘဝခရီးလမ်းတွင် မပူပင်မကြောင့်ကြစေရန် အခုကတည်းကပင် ငွေကြေးအရင်းအနှီး စုဆောင်းလိုခြင်းဖြစ်သည်။ ထွန်းအောင်သည် စာရင်းငှား လယ်လုပ်သားတစ်ဦးဖြစ်၍ အတန်းစာအဖြစ် လေးတန်းအထိသာ သင်ကြားခဲ့ရ၏။ ဆင်ခြင်စဉ်းစားမှု နည်းပါးလှ၏။

ကျေးဥသည် ထွန်းအောင်အား ပြောခဲ့သောစကားများနှင့် ပတ်သက်၍ အမှားများပါလေပြီလားဟု ပြန်လည်စဉ်းစား၏။ သူမပြောသောစကားမှာ အမှားလုံးဝမပါ။ ရိုးသားစွာဖြင့် ပကတိအနေအထားအရ ပြောခဲ့ခြင်းဖြစ်၏။ မိမိပြောသောစကားများသည် အမှားမပါ၊ မှန်ကန်သည့်အတွက် ထွန်းအောင်မကျေမနပ်ဖြစ်ပါကလည်း မတတ်နိုင်တော့ပေ။ ယောကျ်ားကောင်း၊ ချစ်သူကောင်းမှန်ပါလျှင် ထွန်းအောင်သည် သူမပြောစကားကို နားထောင်၍ ကြိုးစားမည်ဖြစ်၏။ မကြိုးစား၊ မလုပ်ဆောင်ပါက သူမ၏အချစ်ကို တန်ဖိုးထားသည်ဟု မှတ်ယူ၍မရနိုင်ပေ။ သို့ဖြစ်ခြင်းကြောင့် ထွန်းအောင် ကြိုးစားသည်ဖြစ်စေ၊ မကြိုးစားသည်ဖြစ်စေ သူမ၏ဘဝရှေ့ရေးအတွက် သက်လုံ ကောင်းနိုင်စေရန် စက်ရုံများဆီသို့ သွားရောက်လုပ်ကိုင်ရ



www.burmeseclassic.com

www.burmeseclassic.com

မည်မှာ အမှန်ပင်ဖြစ်ပေသည်။

♛♛♛♛♛

ကျေးဥသည် ငယ်စဉ်ကပင် ဘဝကြမ်းတမ်းသူလေးဖြစ်၏။ သူမ ၏ဖခင်သည် ကျပန်းလုပ်သားတစ် ဦးဖြစ်ပြီး အတည်တကျ အလုပ် မရှိ။ ရေထမ်း၊ လှေဖြတ်၊ သစ်ခုတ်၊ ငါးထောင်၊ ဖားရိုက်စသည်များ လုပ်သည့်အပြင် လယ်ယာမြေများ တွင် ပျိုးနုတ်လေ့ရှိ၏။ သို့သော် သူမ၏ဖခင်သည် သားသမီးများ၏ ဘဝရှေ့ရေးကောင်းမွန်စေရန် စာသင်စေသည်။ မိဘများမှ သားသမီးအပေါ်ထားရှိသော မေတ္တာစေတနာကြောင့် ကျေးဥတစ်ယောက်ရှစ်တန်းအထိ ကျောင်းနေလိုက်ရ၏။ သို့သော် သူမသည် ရှစ်တန်း၌ စာမေးပွဲပင်မဖြေလိုက်ရ။ ဖခင်ဖြစ်သူ သစ်ကိုင်းပိ၍ ဆုံးပါးသွားခြင်းကြောင့် မတောက်တခေါက်ပညာဖြင့် ကျောင်းထွက်လိုက်ရ၏။ ကျေးဥအနေဖြင့် သူမ သင်ယူခဲ့သော ရှစ်တန်းပညာသည် မမြင့်မားသော်လည်း သင့်တင့်သော ဆင်ခြင်မှုမျိုးကို ရရှိခဲ့ပါ၏။ ဘာသာရေးစာပေများကိုရသမျှ ဖတ်မှတ် ခဲ့ခြင်းဖြင့်လည်း အမှားအမှန်ဝေ ခွဲစဉ်းစားနိုင်ခဲ့ပါ၏။ ကျေးဥသည် ကျေးလက်ရွာသူပီပီ ဘဝကြမ်းတမ်းသော်လည်း ဘာသာ၊ သာသနာကို ကိုင်းရှိုင်းမှု ရှိပါ၏။ ယဉ်ကျေး၏၊ သိမ်မွေ့၏။

မိခင်၏ခွင့်ပြုချက်ဖြင့် ကျေးဥသည် တစ်ရွာတည်းနေ သူငယ်ချင်း ထွေးလှ၊ မိအေးတို့နှင့်အတူ ရန်ကုန်သို့ဆင်း၍ စက်မှုဇုန်အတွင်း အထည်ချုပ်စက်ရုံတွင် ဝင်ရောက် လုပ်ကိုင်ခဲ့ကြ၏ ကျေးဥနှင့်သူမ၏သူငယ်ချင်းများ သည် ကျေးလက်ရွာသူလေးများဖြစ်သည့်အပြင် အခြေခံဘဝများကို ဖြတ်သန်းခဲ့သူများဖြစ်သဖြင့် စက်ရုံတွင် ဖွဲ့ရှိရှိလုပ်ကိုင်နိုင်ကြ၏။ အချိန်ပိုလည်းဆင်း၍ လုပ်ကိုင်ကြ၏။ စက်ရုံမှ နေထိုင်စရာအဆောင်ရရှိသကဲ့သို့ စက်ရုံမှပင် ထမင်းကျွေး၏။

စက်ရုံတွင် သူမကဲ့သို့ မိန်းကလေး အများအပြားရှိသော်လည်း ကျေးဥသည် သူများတကာထက် အလုပ်ကိုကြိုးစား၏။ မဆုတ်မနစ်သော လုံ့လကိုပြု၍ ကြိုးစားလုပ်ကိုင်ခြင်းကြောင့် အလုပ်သမားအချင်းချင်းသာမက စက်ရုံရှိခေါင်းဆောင်လူကြီးများ၏ အလေးပေးမှုခင်မင်မှု ရရှိလာရ၏။ အလုပ်လုပ်၍ရရှိသော လစာ၏ သုံးပုံတစ်ပုံအား မိခင်ထံပြန်ပို့၍ ကျန်တစ်ပုံကို ဘဏ်တွင်စု၏။ ကျန်တစ်ပုံကိုမူ ချွေတာစွာသုံးစွဲ၏။

♛♛♛♛♛

ကျေးဥတစ်ယောက် ချစ်ရသောသူနှင့် အနာဂတ်ကာလတွင်

စက်ရုံတွင် သူမကဲ့သို့ မိန်းကလေး အများအပြားရှိသော်လည်း
ကျေးဥသည် သူများတကာထက် အလုပ်ကိုကြိုးစား၏။ မဆုတ်မနစ် သော လုံ့လကိုပြု၍ ကြိုးစားလုပ်
ကိုင်ခြင်းကြောင့် အလုပ်သမား အချင်းချင်းသာမက စက်ရုံရှိခေါင်း ဆောင်လူကြီးများ၏
အလေးပေးမှု ခင်မင်မှု ရရှိလာရ၏။ အလုပ်လုပ် ၍ရရှိသော လစာ၏ .......



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးစွာနေရရေးအတွက် ကြိုးစားရုန်းကန်နေသော်လည်း ထွန်းအောင်ကား ရွာတွင် ကြုံရာလုပ်ကိုင်၍ အရက်သောက်၏၊ သောင်းကစားလုပ်၏၊ အခြားရွာသူများအား ရည်းစားထား၏။ ရုပ်ဝေးတွင်လုပ်ကိုင်နေသော ကျေးဥ၏ မေတ္တာစေတနာကို စားမလည်။ ကျေးဥကို မေ့နေ၏။ ထို့ပြင် ထွန်းအောင်သည် ပစ္စည်းဥစ္စာမက်၏။ ငွေကြေး ရမှုက်ကြီး၏။ ဘယ်အရာမဆို တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ ယူလို၊ ရလို၏။ ထို့ကြောင့် ပင်ရွာတောင်ပိုင်းမှ လယ်သမားကြီး ဦးမောင်ကံ၏သမီးဖြစ်သူ မမြင့်ကြည်အား အပိုင်ကြံ၏။ ရိုးရိုးအေးအေးနေတတ်သော မမြင့်ကြည်မှာ ထွန်းအောင်ကို မကြိုက်နှစ်သက်သော်လည်း ထွန်းအောင်၏ကျူးလွန်မှုများအား လူအများ သိရှိခြင်းအပေါ် ရှက်ကြောက်သဖြင့် မိဘများအား လူတွင်ပါ၍ နွားကျားကိုက်သည်ဟု မှန်ဝန်ခံလျက် ထွန်းအောင်အား ယူလိုက်ရ၏။

လယ်ဆယ့်ငါးဧကပိုင်ဆိုင်သော ဦးမောင်ကံသည် သမီး၏ မျက်နှာကို ထောက်ထား၍ သမီးဖြစ်သူ မမြင့်ကြည်အား လယ်ငါးဧကခွဲ၍ပေး၏။ တသီးတခြား အိမ်ဆောက်ပေး၏။ နွားတစ်ရှဉ်းဝယ်ရန်လည်း ငွေပေး၏။ အစပထမတွင် ထွန်းအောင်သည် လယ်ယာမြေများကို ကိုယ်ဖိရင်ဖိ ကြိုးစားလုပ်ကိုင်သကဲ့သို့ရှိသော်လည်း နောက်ပိုင်း လယ်ထဲသို့အသွားပြ၍ အရက်ဆိုင်၊ ထန်းရည်ဆိုင်၌သာ အချိန်ဖြုန်းတော့၏။ ရိုးသား၍ အေးဆေးသော မမြင့်ကြည်မှာ ထွန်းအောင်၏ အခြေအနေကိုသိသော်လည်း ပြဿနာဖြစ်မည်စိုး၍ ရေးကြီးခွင်ကျယ်မပြော။ သူ့သဘောအတိုင်း ရှိစေတော့ဟု စိတ်လျှော့ထားလိုက်၏။

ထိုကာလတွင် ကျေးဥသည် စက်မှုဇုန်ရှိ အထည်စက်ရုံ၌ အင်နှင့်အားနှင့် အလုပ်ကိုကြိုးစားလျက်ရှိ၏။ ထွန်းအောင်တစ်ယောက် ရွာထဲမှ မမြင့်ကြည်နှင့် အိမ်ထောင်ကျနေသည်ကို ကျေးဥ အနေဖြင့် ချက်ချင်းမသိ။ ထို့ကြောင့် ပင်ထွန်းအောင်နှင့် တစ်ဘဝထူထောင်ရန် ကျေးဥကြိုးစားနေခြင်းဖြစ်၏။ ပြောသာပြောရသည်။ ထွန်းအောင်တစ်ယောက် သူမကို အိမ်တစ်ဆောင်၊ မီးတစ်ပြောင် မထားနိုင်ပါကလည်း သူမအနေဖြင့် ကိစ္စမရှိ။ စကားအဖြစ်သာ ထွန်းအောင်ကိုပြောခြင်းဖြစ်၏။ ယခုခေတ်၊ ယခုကာ

www.burmeseclassic.com

လသည် ယောကျ်ားမဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အိမ်တစ်ဆောင်ဖြစ်ဖို့ရန်'မလွယ်ပေ၊ ကျေးဥ ခွင့်လွှတ်ပါ၏။

ထို့ကြောင့် ကျေးဥမှုပင် အထည်ချုပ်စက်ရုံတွင် သုံးနှစ်သုံးမိုး အလုပ်လုပ်ပြီးပါက သူမချစ်သော ချစ်သူထွန်းအောင်နှင့် လက်ထပ်မည်ဟု စိတ်ကူးကြံစည်ထား၏။ သူမ၏ဇာတိရွာ၌ ထွန်းအောင်နှင့်အတူ တစ်အိုးတစ်အိမ် ထူထောင်၍ အနာဂတ်ဘဝကို လျှောက်လှမ်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် အလုပ်မှရရှိသော ငွေကြေးများကို မစားရက်မသောက်ရက် စုဆောင်းနေခြင်းဖြစ်သည်။



သို့သော်လည်း ကျေးဥ၏လှပသော စိတ်ကူးအိပ်မက်များသည် မကြာမီသောကာလ၌ပင် ပျောက်ကွယ်ခဲ့ရ၏။ တစ်နေ့သော စက်ရုံပိတ်ရက်တွင် မမျှော်လင့်ဘဲ ရွာမှ လူကြုံရောက်လာ၏။ ထိုသူမှာ ရွာလယ်မှ ကိုတင်အေးဆိုသူဖြစ်၏။ ကိုတင်အေးသည် ထွေးလှ၏အစ်ကိုဝမ်းကွဲဖြစ်သကဲ့သို့ ကျေးဥတို့နှင့်လည်း ခင်မင်ရင်းနှီး၏။ ပြောမနာဆိုမနာများလည်းဖြစ်၏။

"အစ်ကိုတင်အေးရယ် ရွာက လူတွေ နေကောင်းကြရဲ့လား၊ ကျေးဥအမေရော ကျန်းမာရဲ့လား မသိဘူး၊ အစ်ကိုတင်အေးရွာပြန်ရင် ကျေးဥ အမေ့အတွက် မုန့်ထုပ်နဲ့ပိုက်ဆံ လူကြုံပေးလိုက်ချင်လို့ ယူသွားပေးပါဦးနော်"

"အေးပါဟ၊ ငါယူသွားပေးပါ့မယ်၊ ခုတလော ရွာမှာက အလှူရော၊ မင်္ဂလာဆောင်တွေရော ထ[...]နေတာပဲ၊ အခုလည်း ထွေးလှ[...] အစ်မ မခင်မြင့်လေ လာမယ့် တပို့တွဲလ ဆန်းမှာ ရွာထိပ်က တင်လုံးနဲ့ မင်္ဂလာဆောင်မယ်လေ နင်တို့တွေ စက်ရုံ ပိတ်ပိတ်မပိတ် ပိတ်ရွာကို ပြန်လာဖို့ကောင်းတယ် အလှူတို့၊ မင်္ဂလာဆောင်တို့က နင်တို့မိန်းကလေးတွေ ရှိတော့ ကောင်းတာပေါ့၊ ပြီးခဲ့တဲ့ သုံးလလောက်ကလည်း ထွန်းအောင်ဆိုတဲ့အကောင် စိုင်ကော်လို့ ချုံပေါ်ရောက်တာလား မသိဘူး၊ လူမိုက်ကံကောင်းဖြစ်သွားတာ၊ ဦးမောင်ကံရဲ့သမီး မမြင့်ကြည်နဲ့ ခိုးရာလိုက်ပြေးပြီး လူကြီးတွေက တစ်ရက်က နှစ်ရက်မဖြစ်အောင် ဆိုပြီး မင်္ဂလာဆောင် ပေးစားလိုက်တယ်"

ကျေးဥတစ်ယောက် မှင်တက်သွား၏၊ တွေဝေသွား၏၊ တုန်လှုပ်သွား၏၊ ရင်နာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



''ရှင်.....ဟုတ်ရဲ့လား အစ်ကို တင်အေးရယ်၊ ကိုထွန်းအောင် မမြင့်ကြည်ကိုယူတယ် ဆိုတာဟုတ်ရဲ့လားရှင်၊ မမြင့်ကြည်ကရော သူ့ကိုယူတယ် ဆိုတာ ယုံတမ်းစကား လိုပဲ''

''ဟ.....ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားဆိုသလို ဖြစ်နေပြန်ပြီ၊ ငါကိုယ်တိုင် သူတို့ မင်္ဂလာဆောင်ကို သွားလိုက်ရသေးတယ်၊ မမြင့်ကြည်ကတော့ ရှိုးလွန်းအလွန်းပါတယ်ဟာ၊ ငါတို့သိထားတာက မမြင့်ကြည် တစ်ယောက် အိမ်ထောင်မပြုတော့ဘဲ သာသနာ့ဘောင်ဝင်ပြီး သီလရှင်ဝတ်တော့မယ်လို့ သိထားတာ၊ ဒါကို မမြင့်ကြည်ရဲ့ ရည်မှန်းချက်ပျက်အောင် လုပ်လိုက်တာက ထွန်းအောင်ပဲလေ၊ သူက တော့ရယ်နိုင်၊ ပြုံးနိုင်မှာပေါ့၊ ထွန်းအောင်က လူလည်ပဲလေ၊ အခု သူတို့အတွက် ဦးမောင်ကံက လယ်ငါးဧက ပေးထားတယ်''

ထွန်းအောင် သစ္စာဖောက်သွားသည့်အတွက် ကျေးဥ ခံပြင်းနေမိ၏။ ရိုးသား၍ အချစ်ကိုတန်ဖိုးထားသော သူမသည် ထွန်းအောင်လို လူစားမျိုးနှင့် ရည်းစားဖြစ်ခဲ့ရသည့်အတွက် အလွန်ယူကျုံးမရ ဖြစ်နေမိ၏။ အမှန်စင်စစ် ထွန်းအောင်နှင့် ချစ်သူဖြစ်ခြင်းတွင် ဘဝတူများဖြစ်သဖြင့် ဘဝအသိများရှိ လိမ့်မည်ဟု သူမထင်မိ၏။ ယခုတော့ ထွန်းအောင်ကား ယောကျ်ားကောင်းမဟုတ်၊ ပိုင်းလုံးယောကျ်ား မှန်းသိရပါတော့၏။ အကျင့်စရိုက် မကောင်းသော သူနှင့် ကွေကွင်းရခြင်းအတွက် ကျေးဥအထူးဝမ်းသာ မိပါ၏။ ထွန်းအောင်နှင့် ပတ်သက်၍ ကျေးဥမငိုပါ။ ထွန်းအောင်နှင့် အကြောင်းပါသော မမြင့်ကြည် အတွက်သာ ကံကောင်းပါစေကြောင်း ဆုတောင်းနေမိတော့၏။ သို့သော် သူမသည် မငိုပါဟုဆိုသော်လည်း မျက်နှာတစ်ခုလုံး နီရဲ၍ မျက်ရည်ကျရ၏။ ထိုမျက်ရည်ကား ဝမ်းနည်း၍ မဟုတ်ပေ။ မိမိအား လူအပေါ် ခွေးကျော်ခြင်းဟု ခံပြင်းလျက် နာ ကြည်း၍ကျသော မျက်ရည်များ သာဖြစ်ပေ၏။

♛♛♛♛♛

တန်ခူးလ သင်္ကြန်အခါကာလတွင် စက်ရုံ အလုပ်ရုံများပိတ်သည့်အတွက် ကျေးဥတို့မိန်းကလေးတစ်သိုက် ရွာသို့ခေတ္တပြန်ခဲ့ကြ၏။ တစ်သွေးတစ်မွေးဖြင့် ရွာသို့ပြန်လာကြသော ကျေးဥတို့အဖွဲ့အား ရွာသားများက ဝိုင်း၍ချီးကျူးကြ၏။ တချို့ မလိုသူများကမူ နှုတ် ခမ်းမဲ့ကြ၏။

တချို့သောရွာသားများက အကောင်းမြင်သော်လည်း တချို့က အကောင်းမမြင်ခြင်းနှင့် ပတ်သက်၍ ကျေးဥကမူ လောကဓံတရားများဟု သတ်မှတ်ထားပြီးဖြစ်၏။ သို့ကြောင့်ပင် ပြုံးသောသူနှင့် မဲ့သောသူ နှစ်ဦးစလုံးကိုပင် လောကဓံကို ကြံ့ကြံ့ခံလျက် ပြုံးပြ

> ယခုတော့ထွန်းအောင်ကား
> ယောကျ်ားကောင်းမဟုတ်၊
> ပိုင်းလုံးယောကျ်ား
> မှန်းသိရပါတော့၏။
> အကျင့်စရိုက်မကောင်းသောသူနှင့်
> ကွေကွင်းရခြင်းအတွက်
> ကျေးဥအထူးဝမ်းသာမိပါ၏။
> ထွန်းအောင်နှင့်ပတ်သက်၍
> ကျေးဥမငိုပါ။
> ထွန်းအောင်နှင့်
> အကြောင်းပါသော.....

www.burmeseclassic.com



ပါ၏။ နှုတ်ဆက်ပါ၏။ ကျေးဉသည် အပေါင်းအသင်းများနှင့် လမ်းခွဲလျက် မိခင်၏အိမ်သို့ပြန်လာရာ လမ်းခုလတ်တွင် ထွန်းအောင်နှင့် ဆုံစည်းကြ၏။ ထွန်းအောင်သည် တစ်ချိန်ကထွန်းအောင်မဟုတ်သည်မှာ သေချာပါ၏။ ယခုထွန်းအောင်ကား အရက်သောက်၍ ဟိုယိုင်သည်ယိုင်နှင့် ရှိနေသော ထွန်းအောင်ဖြစ်၏။ ကျေးဉသည် ထွန်းအောင် အရက်မူးနေသဖြင့် ရှောင်ထွက်ရန် ကြိုးစား၏။

သို့သော် အဝေးမှပင် ကျေးဉလာနေသည်ကို ထွန်းအောင်မြင်ပါ၏။ ထွန်းအောင်အခြေအနေမကောင်းမှန်းသိ၍ ကျေးဉ ရှောင်ထွက်သော်လည်း သူမ၏လက်ကို ထွန်းအောင်က မရအရဆွဲ၏။ သူမက ရုန်း၏။ ထွန်းအောင်က.....

"ငါမှန်းသိလျက်နဲ့ ရှောင်ထွက်မသွားစမ်းပါနဲ့ ကျေးဉရယ်၊ နင်နဲ့ငါနဲ့ဆိုတာက ငယ်ငယ်ကချစ်ခဲ့တဲ့ ငယ်ချစ်တွေပါ၊ အခုထိ ကျေး ဉကို ချစ်မြဲချစ်လျက်ဆိုတာ သိထား စမ်းပါဟာ၊ နင်ရွာက ထွက်သွား ကတည်းက ငါ့ရဲ့ရုပ်နာမ်တရားတွေဟာ ဘယ်တော့မှ ဒွန်မတွဲခဲ့ဘူး။ ငါ့ကို သနားစမ်းပါဦးတော့ ကျေးဉရယ်"



နေ့ခင်းကြောင်တောင်တွင် ထွန်းအောင်၏ ရမ်းကားမှုကို ကျေးဉ ရင်ဆိုင်နေရ၏။ ကျေးဉသည် ထွန်းအောင်အား ကြောက်ရွံ့မှုမရှိသော်လည်း လူအများဝိုင်းကြည့်ကြမည်ကို စိုးရိမ်ရှက်ရွံ့မိ၏။

"ဒီမှာထွန်းအောင်၊ ငါ့အပေါ် ရမ်းကားမှုတွေက ခရီးရောက်မဆိုက်ပါပဲလား။ နင်နဲ့ငါနဲ့ တစ်ရွာတည်းသားလည်းဖြစ်တယ်၊ ခင်မင်ရင်းနှီးမှုကို တလွဲဆက်ဆံတာမကောင်းဘူးပေါ့ဟာ၊ ဒီလို ဆွဲလားလွဲလားလုပ်တာ ငါသည်းမခံနိုင်ရင် နင် ရဲစခန်းရောက်လိမ့်မယ်"

"ငါ ဒါတွေကို ဂရုမစိုက်ဘူး ကျေးဉ၊ ရင်ထဲက ငါ့အကျိတ်အခဲတွေကို နင့်ကိုရှင်းပြချင်လို့ပါဟာ၊ ငါ့ရင်ထဲမှာ ဖြစ်လာသမျှ အရာအားလုံးဟာ အမှားတွေဖြစ်တယ်ဆိုရင် အဲဒီအမှားဟာ နင့်ကြောင့်ဖြစ်တဲ့ အမှားပဲ ကျေးဉ၊ နင့်မှာတာဝန်ရှိတယ်၊ အခု ငါ့အမှားကို ငါသိတဲ့အတွက် နင်နဲ့ငါ တစ်နေရာထွက်ပြေးမယ်လေ၊ နင်ကျေနပ်တော့ဟာ"

ကျေးဉသည် သူမ၏လက်ကို တစ်အားရုန်းထွက်လိုက်ပြီး.....

"တယ်လည်းတရားကျူးကောင်းလှချည်လား ထွန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



...လေ...ငါကလည်းငါပဲ၊ ...မှ တောင်ပို့မှန်းသိရတာ ...တာလည်း ပြီးပါစေတော့၊ ... နှင့်မှာ အိမ်ထောင်ရှိနေ ...စိတ်တွေ မထားနဲ့တော့၊ ... နှင့်လမ်းနှင့်လျှောက်နေ ...သည်း ငါ့လမ်းငါ ...နေပြီဆိုတော့ ညီ ...မောင်နှမလို ...တော့ပေါ့ဟာ''

...ာယ်သူ အာ ...ပြော ငါက ...ချစ်ဦး၊ နှင့် ...ာယ်တော့ ...လွှတ်ဘူး ... သိထားစမ်း ... မချစ်မနှစ် ... သူကို ငါယူခဲ့ ...သို့ နင်ဟာငါ့ ...ဆိုတာ မမေ့နဲ့.



...န်းအောင်သည် ကျေးဉ ... တိုး၍ကပ်လာ၏။ ကျေး ... နောက်ဆုတ်၍နေရ၏။ ...မှ ထွန်းအောင်နှင့် ကျေးဉ ...ကားသံများကြောင့် အိမ် ...မှ ရွာသားများထွက်လာ ... ထွန်းအောင်သည် ဝိုင်း၍ ...ည့်လူများအား ဆဲဆို ...နေ၏။ ထွန်းအောင်နှင့်ရွာသားများ ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် ကျေးဉသည် လူအများကြားမှ တိုးထွက်လျှက် မိခင်အိမ်သို့ ခပ်သုတ်သုတ် ပြန်လာခဲ့၏။

ကျေးဉ အိမ်သို့ရောက်၍ သိပ်မကြာလိုက်။ ထွန်းအောင် ဓားထိုးခံရ၍ ဆေးရုံသို့ပို့လိုက်ရသည်ဟု ကြားရ၏။ ဓားဒဏ်ရာရရှိထားသော ထွန်းအောင်သည် ဆေးရုံရောက်၍ ဘာမှမကြာလိုက်။ ဓားဒဏ်ရာဖြင့်ပင် သေဆုံးသွားရ၏။ ထွန်းအောင်အား ဓားဖြင့်ထိုးသူမှာ တခြားသူမဟုတ်။ ထွန်းအောင်၏ မိန်းမ မမြင့်ကြည်၏ မောင်အငယ်ဆုံး မြင့်မောင်ပင်ဖြစ်၏။ ထိုနေ့ညဦးပင် မြင့်မောင်သည် ရှုပ်သော၊ ပွေသော၊ ရမ်းကားသော ယောက်ဖဖြစ်သူ ထွန်းအောင်အား ကိုယ်တိုင် ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း ရဲစခန်းသို့ ကိုယ်တိုင် ဖြောင့်ချက်ပေး၍ အဖမ်းခံခဲ့သည်။

♛♛♛♛♛

ကျေးဉသည် နောင်တွင် အကြောင်းကြီးငယ်မရှိဘဲ မည်သည့်အကြောင်းနှင့်မျှ ရွာသို့မပြန် တော့ဟု ဆုံးဖြတ်ချက်ချခဲ့၏။ ကျေးဉသည် သူမ၏ နှလုံးသား၌ ထွန်းအောင် မရှိသည်ကို စက်မှုဇုန်သို့ မထွက်လာခင် ညကပင် သိရှိထား ပြီးဖြစ်သော်လည်း မသိစိတ်ကမူ ထွန်းအောင်နှင့် ဘဝတစ်သက် အတူနေရန် ငွေကြေးစုဆောင်းမိ ခြင်းသာ ဖြစ်ပါတော့သည်။

**မောင်သာမန် (ဇီးကုန်း)**

www.burmeseclassic.com

www.burmeseclassic.com

ဆုမွန်ဦး (ဟာသံာတ)

# ခုတ်ရာတလွဲ ထိရာတခြား





www.burmeseclassic.com

www.burmeseclassic.com





## ခုတ်ရာတလွဲ ထိရာတခြား

ဆုမွန်ဦး (ဟသာ်တ)

ထွန်းသူရမှာ သူဌေးတစ်ဦး ဖြစ်သည်။ တစ်ဦးတည်းသောသား တစ်ယောက်ဖြစ်သည့် အပြင် အရွယ်နှင့်မလိုက်အောင် ကံကောင်း သူသည်။ မိဘများ ဆုံးပါးခဲ့လေ သည်မို့ ရှိစဉ်တုန်းကတည်းဆောက် ခဲ့သော လုပ်ငန်းများနှင့် စီးပွားရေး လုပ်ငန်းများအား ဦးဆောင်ကာ အချိန်တိုအတွင်း၌ပင် စီးပွားရေး လောက၌ ကျား တစ်ကောင်ဖြစ်လာ ခဲ့တော့သည်။

ထွန်းသူရတွင် မေသန္တာဟူသော ချောမောလှပသည့် ဇနီးချောလေး တစ်ယောက်ရှိ၏။ မေသန္တာမှာ ရုပ်ရည်ချော မောလှပ သော်လည်း ကံတရားကတော့မှု ရုပ်ရည်နှင့်ဆန့်ကျင်စွာ အကျည်း တန်ခဲ့ရလေသည်။



ကာလတစ်ခုကဖြစ်၏။

“ထွန်း ချစ်တို့ဇနီးမောင်နှံက အလုပ်တွေကြားမှာပဲ အချိန်ပြည့် နစ်နေခဲ့ကြရတယ်၊ ဒါကြောင့် တစ်ပတ်လောက် အလုပ်တွေ နားပြီး ပြင်ဦးလွင်ကို အနားသွား ယူချင်တယ်”

“ချစ်သဘောပဲလေ၊ ဒါဆို ဘယ်တော့သွားကြမလဲ”

“အင်း.....မနက်ဖြန်ပဲ သွား ကြမယ်လေ”

ထိုမှ ကိုယ်ပိုင်ကားလေးကို ဒရိုင်ဘာ ညိုမောင်ဆိုသူကမောင်း ရင်း ထွက်လာခဲ့ကြသည်။ အားလုံး သည် သာသာယာယာနှင့်ဖြစ်၏။

မန္တလေးတွင် တစ်ညအိပ်ကြ သည်။

နောက်တစ်နေ့တွင် ပြင်ဦး လွင်သို့ ခရီးဆက်ခဲ့ကြလေသည်။ ကံကြမ္မာဟူသည် နေသာတစ် လှည့်၊ မိုးအုံ့ တစ် ခါဖြစ်သည် မို့ မကြာမီ ကြုံတွေ့ရ တော့မည့် အဖြစ် ဆိုးတစ်ခုကို ကား ပေါ်ပါသူ လူသုံးဦး မှာ မသိရှိနိုင်ကြ ပေ။


ပြင်ဦးလွင်သို့ အတက်တွင် ကွေ့ ဝိုက်လှသော တောင်



www.burmeseclassic.com

www.burmeseclassic.com





များကိုတက်ရသည်။ တောင်ကြောတစ်ခုကို အကွေ့ ဘွားခနဲ ပေါ်လာလေသည့် ကုန်တင်ကားကြီးတစ်စီးက အရှိန်ပြင်းစွာဖြင့် ထွန်းသူရတို့ကားလေးကို ပြေး၍ဆောင့်၏။ ကားလေးမှာ ဆောင့်လိုက်သည့်အရှိန်ကြောင့် ခါးလယ်သာသာ ချိုင့်ကျင်းတစ်ခုထဲသို့ ထိုးကျသွားသည်။ ကားဘေးတံခါးမှာ ပွင့်၍သွား၏။ ထွန်းသူရနှင့် ကားဒရိုင်ဘာ ညိုမောင်တို့နှစ်ယောက် လွင့်စဉ်၍ ကားအပြင်သို့ ထွက်ကျသွားသည်။

ထွန်းသူရ၏ ဇနီးချောလေး မေသန္တာမှာမူ ခေါင်းကိုထိခိုက်မိပြီး အသက်အန္တရာယ် တစ်စုံတစ်ရာ မကြုံလေသော်လည်း မန္တလေးဆေးရုံကြီးတွင် တစ်ပတ်ခန့်ကြာမျှ သတိလစ်နေခဲ့ရာ ခုနစ်ရက်မြောက်သောနေ့တင်ကျမှ သတိပြန်၍လည်လာခဲ့တော့သည်။

ခေါင်းကိုပြင်းထန်စွာ ထိခိုက်ဒဏ်ရာရထားသည်မှ ပြန်လည်နေကောင်းလာသော်လည်း မကြာခဏဆိုသလို မေသန္တာတွင် ခေါင်းကိုက်ကိုက်၍လာလေသည်။ ထိုမှ အမှတ်အာရုံများ လျော့ပါးလာကာ မည်သည့်အဖြစ်အပျက်များကိုမဆို တစ်ရက်သာ မှတ်မိသောအဖြစ်များ ကြုံလာတော့၏။ ဇနီးသည် ထိုသို့ဖြစ်လာတော့ သူဌေး ထွန်းသူရမှာ နိုင်ငံခြားတိုင်းပြည်ရှိ ဆေးရုံများသို့ပင်သွားရောက်ကာ အမျိုးမျိုး ကုသ၏။

နောက်ဆုံးတွင်တော့ 'ဝဋ္ဋနာကံနာ' တစ်ခုအဖြစ်သာ ခံယူရင်း မေသန္တာအား လက်လျှော့လိုက်ရလေတော့၏။ မေသန္တာ ထိုသို့ တစ်ရက်သာမှတ်မိသော အမှတ်အာရုံ ချို့တဲ့ရောဂါ ခံစားနေရသည်ကို သူဌေးထွန်းသူရနှင့် ကားဒရိုင်ဘာ ညိုမောင်တို့နှစ်ဦးသာ သိကြလေသည်။

♛♛♛♛♛♛

တစ်နေ့တွင် ညိုမောင်အား ကိစ္စတစ်ခုဖြင့် ပစ္စည်းများ ပို့ခိုင်းလိုက်၏။ ညိုမောင်သွား၍အပို့လမ်းတွင် စစ်ဆေးရေးအဖွဲ့များက စစ်ဆေး၍ အကောက်ခွန်မဲ့ပစ္စည်းအချို့ကို သိမ်းယူလိုက်၏။ ကိစ္စများ ပြီးဆုံးသောအခါ ညိုမောင် ပြန်လာ၏။

ထိုအခါ ပစ္စည်းအချို့မှာ ပျောက်နေ၏။ ညိုမောင် မေသန္တာကို ရှင်းပြ၏။ သို့သော် မေသန္တာ တစ်ယောက် လက်မခံ။

ညိုမောင် မရိုးမသားလုပ်သည်ဟုသာ စွပ်စွဲလေ၏။ အဘက်ဘက်မှ ခိုင်ခိုင်လုံလုံ တင်ပြပါသော်လည်း သူဌေးထွန်းသူရကပင်လျှင် ဇနီးနောက်လိုက်၍ ညိုမောင်အား သံသယဝင်လေ၏။

ထို့ကြောင့် ညိုမောင်မှာ နောက်ဆုံးတွင် အပြစ်တစ်စုံတစ်ရာကို မကျူးလွန်ရပါဘဲလျက် အပြစ်များကို ဝန်ခံကာ အလုပ်ထွက်ခဲ့ရလေတော့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ညိုမောင်မှာ [illegible]စွာခံပြင်းခဲ့လေသည်။ ဒေါသတကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com

ကြိုးဝါးလိုက်၏။

"မိုးကောင်းတုန်းတော့ ရွာသွားပေါ့ မေသန္တာရယ်၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါကွာ၊ တစ်နေ့နေ့တော့ သံသရာဆိုတာ လည်ပတ်ရင်း တွေ့ကြဦးမှာပေါ့၊ အဲဒီအခါကျမှသာ ညိုမောင်ခံစားခဲ့ရသလို မင်းတို့လင်မယား ခံစားနိုင်ဖို့ ကြိုးစားထားကြပေါ့ကွာ၊ ဟား..ဟား..ဟား"

ညိုမောင် ရယ်သံကို ရပ်ပစ်လိုက်ရင်း လက်ဝါးနှစ်ဖက်က သူ့အလိုလို ဆုပ်မိလျက်သားဖြစ်၍ သွားသည်။ ပါးစပ်မှလည်း တောက်ခေါက်သံတစ်ချက် ခါးခါးသီးသီး ထွက်၍သွားတော့သည်။

"တောက်....."

မေသန္တာတွင် ရုပ်ရည်ချင်း ခွဲခြားရအောင်တူလေသည့် အမြွှာညီအစ်မ မေစန္ဒာဟူ၍ ရှိလေသည်။ ငယ်စဉ်ကပင် နိုင်ငံခြားတွင်နေ၏။

မေစန္ဒာတစ်ယောက် တစ်ခုသော နွေဦးရာသီတွင် ညီမဖြစ်သူ ရှိလေသည့် မြန်မာပြည်သို့ ပြန်လာ၏။

တစ်ရက်သောလျှင် မှတ်မိသော အာရုံကြောချို့တဲ့ရောဂါ ခံစားနေရသည့် ညီမ မေသန္တာ၏ အဖြစ်ကိုတွေ့လျှင် ယူကျုံးမရ ခံစားခဲ့ရ၏။

"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်၊ အစ်မတို့ညီအစ်မတွေ ဘယ်ဘဝက ဘယ်လိုဆုတောင်းမျိုးတွေ တောင်းခဲ့ကြတယ် မသိဘူးနော်၊ မမ တစ်ကိုယ်ကောင်းဆန်ခဲ့သမျှတွေကို နောင်တရပါပြီ ညီမလေးရယ်၊ နောက်ဆို ငါ့ညီမလေးဘေးနားမှာနေပြီး ပြုစုတော့မယ်၊ မမ နိုင်ငံခြားကို ပြန်မသွားတော့ဘူးနော်"

မေစန္ဒာ ပြောနေသည့်စကားများကိုတော့ ညီမဖြစ်သူ မေသန္တာတစ်ယောက် သိသလိုလို၊ မသိသလိုလို ဟိုကြည့်သည်ကြည့်ဖြင့် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကြည့်နေလေသည်။

"ဒါတော့ဒါပေါ့ မေစန္ဒာရယ်၊ ဒါပေမဲ့ မေသန္တာ့အဖြစ်ကိုတွေ့တိုင်း ကျွန်တော်လည်း ယူကျုံးမရဖြစ်ရပါတယ်"

စိတ်ပြေလက်ပျောက် အာရုံလေးများ တစ်ခဏပြောင်းစေရန် ခရီးထွက်ရန် အကြံရလာ၏။ ထို့ကြောင့် ချောင်းသာသို့ အပန်းဖြေခရီး ထွက်ကြရန် စီစဉ်တော့၏။

အလုပ်အားလေသော နေ့တစ်နေ့တွင် မေစန္ဒာ၊ မေသန္တာနှင့် မကြာခင်ကမှ ဒရိုင်ဘာတစ်ဦးအဖြစ် ခေါ်ယူထားသည့် ဦးထွန်းသာအပါအဝင် လေးဦးသားသည် နံနက်စောစောတွင် ခရီးထွက်ခဲ့ကြသည်။ မြို့ပြ၏ မွန်းကျပ်မှုများ ပြေပျောက်စေရန်ဖြစ်၏။ ရန်ကုန်မြို့ကို ကျော်လွန်လာခဲ့သည်တွင် လေကောင်းလေသန့်များရှူရှိုက်ရသလို မြင်ကွင်းသစ် စိမ်းစိမ်းစိုစိုဖြင့်မြင်ရသော ပတ်ဝန်းကျင်ကလည်း ဖမ်းစားညို့ငင် ရစ်ပတ်လာလေသည်။

မေသန္တာပင်လျှင် ရန်ကုန်တွင်

**ဖြစ်မှဖြစ်ရလေညီမလေးရယ်၊အစ်မတို့ညီအစ်မတွေဘယ်ဘဝကဘယ်လိုဆုတောင်းမျိုးတွေ တောင်းခဲ့ကြတယ်မသိဘူးနော်၊မမတစ်ကိုယ်ကောင်းဆန်ခဲ့သမျှတွေကိုနောင်တရပါပြီညီမလေးရယ်၊ နောက်ဆိုငါ့ညီမလေးဘေးနားမှာနေပြီး......**



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်စဉ်ကနှင့်မတူ၊ လန်းလန်းဆန်းဆန်း ဖြစ်၍လာ၏။ ချောင်းသာကမ်းခြေသို့ နေ့လယ် ၁၁ နာရီခန့်တွင် ရောက်ရှိသွားကြသည်။ ကြိုတင်စီစဉ်ထားသည့် ---ဟိုတယ်တွင် အခန်းနံပါတ် (၁၈)၊ Sea View တွင် နေရာယူရင်း ခဏနား လိုက်ကြတော့သည်။

♛♛♛♛♛♛

ရပ်ကွက်လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်ဖြစ်၏။

ညိုမောင်တို့သူငယ်ချင်းများ ဆုံလေသည်။ သက်လွင်က စကားစ၍ဆိုလာ၏။

"ဟေ့ကောင် ညိုမောင်၊ တို့ ချောင်းသာကိုသွားကြမယ်ကွာ"

"အိုကွာ.....ပိုက်ဆံကုန်မယ့် အလုပ်တွေ မစဉ်းစားပါနဲ့ သက်လွင်ရာ"

"ဘာလဲ ညိုမောင်၊ မင်းက ပိုက်ဆံကုန်မှာစိုးလို့မဟုတ်လား"

"ဒီမှာဟေ့ကောင် ပိုက်ဆံ တစ်ပြားမှ ကုန်စရာမလိုဘူး၊ ထွန်းဝေကားနဲ့သွားမှာ၊ မင်း လိုက်မှာလား၊ မလိုက်ဘူးလား၊ ဒါပဲပြော"

"အေး.....ဒါဆို လိုက်မယ်"

ထိုမှ နောက်တစ်နေ့တွင် ညိုမောင်တို့သူငယ်ချင်းငါးယောက် ချောင်းသာသို့ ခရီးထွက်လာခဲ့ကြလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ဟုပင် ဆိုရလေမည်ဖြစ်၏။

**မေသန္တာတို့လူစုမှာ ချောင်းသာကမ်းခြေနှင့် နှစ်မိုင်ခွဲခန့်ဝေးသည့် ကျောက်မောင်နှမဘုရားသို့ သွားရန်စီစဉ်နေ၏။ ထိုခရီးသည် 'ခွေးတစ်ဟောင်၊ မီးတစ်ပြ' ဟူသော စကားကဲ့သို့ မျှော်ကြည့်လိုက်လျှင် အနီးလေးဟု ထင်ရသော်လည်း တကယ်သွားကြည့်တော့.....**

မေသန္တာတို့တည်းခိုသော ဟိုတယ်တွင်ပင် အခန်းအမှတ် (၁၉)၊ Sea View ၌ပင် ရလေ၏။

ညိုမောင်တို့ ရောက်ရှိလာသောအချိန်သည် မနက် ၃ နာရီခန့်တွင်ဖြစ်၏။ ခရီးပန်းလာလေသည်မို့ ဟိုတယ်အခန်း၌ နေရာချပြီးလေသည်နှင့်တစ်ပြိုင်နက် အိပ်ပျော်သွားကြတော့၏။

♛♛♛♛♛♛

သည့်နေ့ညနေစောင်းတွင် မေသန္တာတို့ညီအစ်မနှစ်ဦး ရေချိုးကစားရင်း လှိုင်းစီးကြရန် ပင်လယ်ကမ်းစပ်သို့ ဆင်းကြ၏။ ထိုသည်ကို ညိုမောင်မြင်၍သွားသည်။

"ဟင်.....ဟို.....ဟိုမှာ ရေစပ်ကိုဆင်းဖို့လုပ်နေတာ မေသန္တာနဲ့တူလိုက်တာ၊ ဟိုမှာလည်း သူ့ယောကျ်ား ထွန်းသူရပါတာပဲ၊ အင်း.....တိုက်ဆိုင်လိုက်တာ မေသန္တာရယ်၊ တွေ့ချင်လို့ လိုက်ရှာမယ်ဆိုရင်တောင်မှ တွေ့ချင်မှတွေ့မှာ"

မေသန္တာတို့လူစုမှာ ချောင်းသာကမ်းခြေနှင့် နှစ်မိုင်ခွဲခန့်ဝေးသည့် ကျောက်မောင်နှမဘုရားသို့ သွားရန်စီစဉ်နေ၏။ ထိုခရီးသည် 'ခွေးတစ်ဟောင်၊ မီးတစ်ပြ'ဟူသော စကားကဲ့သို့ မျှော်ကြည့်လိုက်လျှင် အနီးလေးဟု ထင်ရသော်လည်း တကယ်သွားကြည့်တော့ မရောက်နိုင်ဘဲရှိတော့သည်။

မေစန္ဒာသည် ခေါင်းကိုက်နေ၍ တည်းခိုသော ဟိုတယ်အခန်း၌ပင် ကျန်နေခဲ့၏။ ညိုမောင်မှာ အခန်းသို့ ပစ္စည်းတစ်ခုယူရန် အသွား အခန်းဝ၌ရပ်နေသော မေစန္ဒာကိုတွေ့၏။ သို့သော် မေသန္တာဟုသာပင် ညိုမောင် ထင်လိုက်လေ၏။

"တိုက်ဆိုင်လိုက်တာ ဒါမေသန္တာရယ်၊ ဒါနဲ့ ချောင်းသာကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တုန်းကရောက်လဲဟင်"

"နေပါဦး၊ ရှင်..ရှင်က ဘယ်သူလဲ၊ ရှင့်ကို ကျွန်မ မသိဘူး၊ ပြီးတော့ ကျွန်မ မေသန္တာလည်း မဟုတ်ဘူး"

"ဒါပေါ့လေ၊ သဘာဝကျပါတယ်ဗျာ၊ ခင်ဗျားက ဘယ်မှတ်မိမလဲ၊ ပြင်ဦးလွင်သွားရင်း ကားမှောက်ပြီးကတည်းက ခင်ဗျားရဲ့ ဉာဏ်အာရုံတွေဟာ တစ်နေ့ ... မှတ်မိတယ်ဆိုတာ ကျွန်တော် ...ပြီးသားပါ"


"ရှင်.....ရှင် ဘာတွေပြောနေတာလဲ၊ ရှင်ပြောတာတွေ ကျွန်မ မသိဘူး၊ ရှင့်ကိုလည်း ကျွန်မ မသိဘူး ရှင်ဘယ်သူလဲဆိုတာပြောပါ"

"ပြောမှာပါ၊ ဆန္ဒမစောပါနဲ့ ... မေသန္တာ၊ ကျုပ်ဘယ်သူလဲဆိုတာ ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ ...နှစ်လောက်က ခင်ဗျားရဲ့အိမ်မှာ ...ဘာအလုပ်လုပ်ရင်း မတရား ...ခံရပြီး အလုပ်ထုတ်ပစ်ခဲ့တဲ့ ညိုမောင်မှ ညိုမောင်အစစ်ပါ"

"ဘာညိုမောင်လဲ၊ ကျွန်မ မသိဘူး၊ ကျွန်မက မေသန္တာလည်းမဟုတ်ဘူး၊ ရှင် ဝင်မလာနဲ့ နော်၊ မဝင်လာနဲ့"

တစ်ချိန်က မိမိအား မတရား ...ခဲ့ရင်း အလုပ်ထုတ်ပစ်ခဲ့သော မေသန္တာကိုမြင်တော့ ဧကဝင်မှ ...သွားလို နဖူးက ဒဏ်ရာဒဏ်ချက်တွေက နှလုံးသားထဲအထိ တိုး လျှိုပေါက် ဝင်လာသည်။

ညိုမောင် အနီးအနားသို့ ကွေ့၍ဝိုက်၍ကြည့်လိုက်သည်။ စားပွဲ ပေါ်တွင် တင်ထားသော ခွဲလက်စ ပန်းသီးတစ်လုံးနှင့် ဓားတစ်ချောင်း ကိုတွေ့ရ၏။



ဒေါသစိတ်တို့ ကြီးထွားသွားသည်။ လက်အစုံက ဓားကိုယူမိလျက်သားဖြစ်သွားသည်။

"ရှင်.....ရှင် မလုပ်နဲ့နော်"

"အလှည့်ကျ မနွဲ့ကြစတမ်းပေါ့"

လက်ထဲတွင် ဓားကိုကျစ်ကျစ်ဆုပ်ရင်း မေစန္ဒာနားသို့ တဖြည်းဖြည်းတိုးကပ်သွားမိသည်။ မေစန္ဒာမှာ နောက်သို့တဖြည်းဖြည်း အဆုတ် တစ်စုံတစ်ခုနှင့်တိုက်ကာ လဲကျသွားတော့သည်။ ညိုမောင်က ပါးစပ်ကိုပိတ်၍ ရင်ဝတည့်တည့်သို့ ဓားဖြင့်ထိုးချလိုက်၏။

အော်ချိန်ပင်မရလိုက်။ မေစန္ဒာ၏ ဖြူဖြူနုနု ခန္ဓာကိုယ်လေးက ကြမ်းပြင်ပေါ်သို့ ပျော့ခွေလဲကျသွားတော့သည်။ ဘေးဘီဝဲယာသို့ ညိုမောင် တစ်ချက်ကြည့်လိုက်၏။ လူသူကင်းရှင်းနေ၏။ ခြေစလက်စများကိုရှင်း၍ မိမိအခန်းသို့ပြန်ကာ ပစ္စည်းများယူလိုက်ပြီး ချောင်းသာကမ်းခြေမှ ရရာကားဖြင့် ရန်ကုန်သို့ ပြန်လာခဲ့တော့သည်။

♛♛♛♛♛♛


မေသန္တာတို့ ဇနီးမောင်နှံနှင့် အဖော်တစ်စုမှာ ညနေ ၆ နာရီ ကျော်လောက်မှကျောက်မောင်နှမ ဘုရား

www.burmeseclassic.com

မှပြန်လာခဲ့ကြသည်။

အခန်းတံခါးကို ဖွင့်လိုက်လေလျှင်.....

"ဟင်.....ဒါ.....ဒါ ဘယ်သူလဲ၊ ဟင်.....မမဇေမစန္ဒာ၊ လာ... လာကြပါဦးရှင်၊ ကျွန်မအစ်မကို ဘယ်သူသတ်သွားလဲမသိဘူး။ အမယ်လေး.... မမရယ်၊ ဖြစ်မှဖြစ်ရလေ၊ ဟီး.....အီး.....ဟီး"



"တောက်.....ရက်စက်လိုက်တာကွာ၊ တော်တော်လူမဆန်တဲ့လုပ်ရပ်ပဲ၊ ဘယ်လိုရန်ငြိုးရှိလို့များ ဒီလိုရက်ရက်စက်စက် သတ်သွားတာလဲမသိဘူး"

ဟိုတယ်ဝန်ထမ်းများကို အသိပေး၍ သက်ဆိုင်ရာရဲစခန်းသို့ အကူအညီတောင်းကာ အမှုဖွင့်လိုက်၏။

ဟိုတယ်တွင် တပ်ဆင်ထားသော CCTV ကင်မရာအထောက်အထားများကိုကြည့်၍ တရားခံကို ရှာဖွေ၏။ တွေ့ပါလေပြီ။

"ဒီ.....ဒီလူပဲဗျ၊ ခင်ဗျားတို့ ဘေးချင်းကပ်အခန်းက အသားညိုညို၊ ထောင်ထောင်မောင်းမောင်းလူပဲ၊ ဟော.....ဟော တွေ့တယ်မဟုတ်လား၊ အခန်းထဲကိုဝင်သွားပြီ"

တာဝန်ရှိ ရဲအုပ်တစ်ဦးက CCTV ကင်မရာကို ပိတ်လိုက်၏။ ထို့နောက် ထွန်းသူရတို့ဇနီးမောင်နှံကို မေးလိုက်သည်။

"အဲဒီလူနဲ့ ခင်ဗျားတို့အဆက်အသွယ်ရှိခဲ့ကြလား"

"အင်း.....အဆက်အသွယ်တော့ မရှိပါဘူး၊ ဒါပေမဲ့ အဲဒီလူဟာ ညိုမောင်လို့ခေါ်ပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျွန်တော်တို့ဆီမှာ ကားဒရိုင်ဘာအဖြစ် အလုပ်လုပ်ခဲ့ဖူးပါတယ်ခင်ဗျာ"

"ဟုတ်ပြီ၊ ဒါဆို ဒီလိုနဲ့ ခင်ဗျားတို့ ရန်ငြိုးရန်စ တစ်ခုခုများရော ရှိခဲ့သေးလား"

"ဟုတ်ကဲ့၊ ရန်ငြိုးရှိတယ်လို့ ပြောလို့ရပါတယ်ခင်ဗျာ၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့အိမ်မှာ အလုပ်လုပ်နေရင်း တစ်နေ့မှာ ကားပစ္စည်းတွေ အလွဲသုံးစားလုပ်ရောင်းချခဲ့လို့ သူ့ကို ကျွန်တော်တို့ အလုပ်ထုတ်ပစ်ခဲ့ပါတယ်"

"ဒါနဲ့ တစ်ခု မေးဦးမယ်၊ သူ့ကို အလုပ်ထုတ်ပစ်ခဲ့တာက ခင်ဗျားတို့ဇနီးမောင်နှံ၊ သူက ဘာဖြစ်လို့ သတ်တော့ ခင်ဗျားဇနီးရဲ့အစ်မ မေစန္ဒာကို သတ်ခဲ့တာလဲဗျာ"

"ဒါကတော့ ကျွန်တော့်အထင် ပြောရရင် ကျွန်တော့်ဇနီး မေသန္တာနဲ့ အခုသေဆုံးသူ မေစန္ဒာတို့ဟာ ရုပ်ချင်းခွဲမရအောင်တူကြတဲ့ အမြွှာညီအစ်မတွေပါ၊ အခင်းဖြစ်မယ့်ညနေမှာ ကျွန်တော်တို့အားလုံး ကျောက်မောင်နှမ ဘုရားကို သွားဖို့လုပ်ကြတော့ မေစန္ဒာက ခေါင်းကိုက်နေလို့ မလိုက်ဘူးဆိုပြီး အခန်းထဲမှာ တစ်ယောက်တည်း ကျန်နေခဲ့ပါတယ်၊ ညိုမောင်က မေစန္ဒာကို လူမှားပြီး ကျွန်တော့်ဇနီး မေသန္တာ အမှတ်နဲ့ သတ်လိုက်တာ ဖြစ်မယ်လို့ ထင်ပါတယ်"

"ကောင်းပါပြီဗျာ၊ လူသတ်တရားခံကို သိပြီဆိုတော့ အမြန်ဆုံးဖမ်းမိဖို့ ကြိုးစားရမှာပေါ့၊ ခင်ဗျားတို့လည်း ဝိုင်းဝန်းပြီး ကူညီကြ



www.burmeseclassic.com

www.burmeseclassic.com

ါ”

စကားဆုံးတော့ လိုအပ်သော ဲလုပ်ငန်းများလုပ်ဆောင်ကာ မေန္တာအလောင်းကို ရင်ခွဲစစ်ဆေးျက်ယူရန် နီးစပ်ရာဆေးရုံသို့ ယ်ဆောင်သွားခဲ့လေတော့သည်။

♛♛♛♛♛♛

ဂယက်လှိုင်းကလေးများ ငြိမ်သက်နေသော ပင်လယ်ပြင်တစ်ခု င့်မခြား ညီမောင် ည်းခို တိမ်းရှောင် နေသော အိမ်လေးတစ် ခုက တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ထိုအချိန်တွင် တံခါးခေါက် ံကို ကြားလိုက်ရ၏။

“ဒေါက်...ဒေါက်...ဒေါက်”

“ဘယ်သူတွေလဲဗျ၊ ာကိစ္စ ရှိလို့လဲ”

ညီမောင်က တံခါးကို ဖွင့်ပေးလိုက်သည်။ အမှတ်မထင် တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် ညီမောင် အံ့သြသွားသည်။ ဟန်မပျက် ဣန္ဒြေဆည် ိုက်ရင်း.....

“ဘာကိစ္စများ ရှိလို့လဲခင်ဗျ”

စကားမဆုံးလိုက်ရ။

ရဲတပ်ဖွဲ့ဝင်တစ်ဦးက လက် ိတ်ခတ်လိုက်သည်။

“ချောက်.....”

“ခင်....:.ခင်ဗျားတို့ ဒါ...ဒါ ဘာလုပ်တာလဲ၊ ကျုပ်ကို ဘာဖြစ်လို့ လက်ထိတ်ခတ်လိုက်တာလဲ”

“ပြောပါ့မယ် ကိုညီမောင်၊ ဘာကြောင့်လက်ထိတ်ခတ်သလဲဆိုရင် ချောင်းသာက ---ဟိုတယ်မှာ မေစန္ဒာဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သတ်ခဲ့လို့ပါပဲ”

“ကျုပ်.....ကျုပ်မသတ်ဘူး၊



ကျုပ် ချောင်းသာလည်းမသွားဘူး”

“ခင်ဗျား ဘာမှဖုံးကွယ်မနေပါနဲ့၊ ဟိုတယ်မှာတပ်ထားတဲ့ CCTV ကင်မရာအထောက်အထားတွေအားလုံး ခိုင်ခိုင်လုံလုံရှိနေပါတယ်၊ ပြီးတော့ သူဌေး ထွန်းသူရနဲ့ ဇနီး ဒေါ်မေသန္တာတို့ကလည်း ခင်ဗျားဟာ ညီမောင်ဖြစ်ကြောင်းနဲ့ လွန်ခဲ့တဲ့သုံးနှစ်လောက်က သူတို့နဲ့ ရန်ငြိုးရှိခဲ့ကြောင်းတွေ ပြောပြခဲ့ပြီးပါပြီ”

“ဘာ.....ဘာဗျ ထွန်းသူရနဲ့ မေသန္တာက ကျုပ် ညီမောင်လို့ ပြောတယ် ဟုတ်လား၊ ဟင်....ဒါဆို ဘယ်....ဘယ်လိုဖြစ်ရတာလဲ၊ ကျုပ်.....ကျုပ်သတ်ခဲ့တာက မေသန္တာဗျ.....မေသန္တာ”

“ဟုတ်ပါတယ် ကိုညီမောင်၊ ခင်ဗျားက ရန်ငြိုးရှိခဲ့တဲ့ မေသန္တာကိုဟိုတယ်အခန်းမှာ တစ်ယောက်တည်းရှိတုန်း သတ်ခဲ့တာပါ၊ ဒါပေမဲ့ ခင်ဗျားသတ်လိုက်တဲ့သူဟာ မေသန္တာမဟုတ်ဘူး၊ မကြာခင်ကမှ နိုင်ငံခြားကနေ ပြန်ရောက်နေတဲ့ မေသန္တာနဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ မေစန္ဒာလေ”

“ဟာ.....သွားပါပြီဗျာ”

ရာဇဝတ်ဘေးဟူသည် ပြေး၍ မလွတ်။ အဃာတ အငြိုးတရားဟူသည် နောက်ဆုံးတော့ ပူလောင်ခြင်းအမှားတစ်ခုတွင်သာ အဆုံး သတ်လေ့ရှိပါကြောင်း ညီမောင်၏ အဖြစ်အပျက်လေး တစ်ခုဆီမှ သင်ခန်းစာယူရတော့မည်သာဖြစ်၏။

**ဆုမွန်ဦး (ဟသာတ)**

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## အရောင်ပြောင်းတတ်သောချစ်ခြင်း

မောင်ချောပွင့် (မန္တလေး)

တိုက်ဆိုင်မှုတစ်ခုကိုအကြောင်းပြု၍ လွဲမှားစွာသိခွင့်ရခြင်း၏နောက်သို့လိုက်ရာတွင် ဖြစ်ပေါ်လာသော ပြောင်းလဲမှုတစ်ခုသည် အကောင်းနှင့်အဆိုး တစ်ခုခုသာ ဖြစ်နိုင်တော့သည်။

♛♛♛♛♛

အဖြူရောင်ကောင်မလေးက အဖြူရောင်နံနက်ခင်းနှင့်အတူ ကျွန်တော်တို့ကို ကြိုဆိုနေပြန်သည်။ အဖြူရောင်နံနက်ခင်းမှာ သာယာ လှပလွန်းပါသည်။ မင်္ဂလာပါနံနက်ခင်းရယ်ဟု ကျွန်တော်က နှုတ်ဆက်လိုက်သည်။ ကောင်မလေးကတော့ ကျွန်တော့်နှုတ်ခွန်းဆက်သံကို ကြားမှာမဟုတ်။ ခြံချင်းကပ်လျက်ဆိုပေမယ့်လည်း ခြံတွေက အကျယ်ကြီးတွေဖြစ်ပြီး အလယ်တည့်တည့်လောက်မှာသာ အိမ်တွေရှိတာမို့ လူချင်းက ခပ်လှမ်းလှမ်းသာ တွေ့ရသည်။ ကောင်မလေးကတော့ ထုံးစံအတိုင်း အိမ်ရှေ့က ခုံတန်းလေးမှာ အဖြူရောင်ခွေးစုတ်ဖွားလေးနဲ့ ကစားလို့နေသည်။ ကျွန်တော်က ဒီဘက်ခြံရဲ့ အိမ်အပေါ်ထပ် ပြတင်းပေါက်ကနေ ကောင်မလေးကို ကြည့်လို့နေသည်။

ဒီလိုကြည့်နေခဲ့တာဟာ လေးဆယ့်ခြောက်ရက်မြောက်ခဲ့ပြီဖြစ်သည်။ အလုပ်မသွားခင်အချိန်ထိ ကောင်မလေးကို ကျွန်တော် ရပ်ကြည့်နေကျ။ ကောင်မလေးရဲ့ နာမည်အတိအကျကိုပင် ကျွန်တော် သိခွင့်မရသေး။ ဒီမြို့ကိုရောက်တာ ပင်မကြာလှသေးတဲ့ ကျွန်တော့် အဖို့ ကောင်မလေးနာမည်ကို သိနိုင်ဖို့ရန် ကျွန်တော့်အိမ်ရှင်အဘိုးကြီးကို မေးကြည့်ရလောက်အောင်လည်း သတ္တိကမရှိပြန်။ ကျွန်





www.burmeseclassic.com


www.burmeseclassic.com

တော့်ရဲ့ လူပျိုဘဝ ကိုချွတ်ဖို့ ကြိုးစားနေတာ ဒီအဘိုးကြီးသိမှာကိုလည်း ကျွန်တော်ရှက်နေပြန်သည်။

ကောင်မလေးက ကျွန်တော့်အကြည့်ကို မသိဟန်ဆောင်နေလား မဆိုနိုင်။ ကောင်မလေးရေ ကိုယ်ကတော့ မင်းကို ချစ်မိနေပြီပဲဟု တဖွဖွရေရွတ်နေပြန်သည်။

♛♛♛♛♛

ဘာပဲဖြစ်ဖြစ် ကောင်မလေးက အဖြူရောင်လေးမို့ စံပယ်ပွင့်လို့တော့ နာမည်ပေးလိုက်ချင်သည်။ အဖြူရောင်ကောင်မလေးက စံပယ်လိုဖြူဖွေးပြီး မွှေးကြိုင်နေမှာပဲဟု စိတ်ကူးယဉ်နေလိုက်သည်။ ရုတ်တရက်ဆိုသလိုပင် ကောင်မလေးက ကျွန်တော့်ဆီ အကြည့်တစ်ချက်လွှဲရင်း လူပ်လူပ်ရှားရှားဖြစ်သွားသည်ကို တွေ့ရသည်။ ကျွန်တော့်ထံမှ အမြင်အာရုံနှင့် အကြား အာရုံကို လိုအပ်သည်ထက်ပိုမိုစူး စိုက်လိုက်ရာ ကောင်မလေးတို့အိမ်ထဲမှ ခေါ်သံတစ်ခုကို ခပ်သဲ့သဲ့ကြားလိုက်ရသည်။ နောက်တစ်ကြိမ် ထပ်မံခေါ်သံကို ကြားလိုက်ရပြန်သည်။ ကောင်မလေးက အိမ်ထဲသို့လှမ်းကြည့်ရင်း ခွေးလေးကိုပိုက်ကာ အပြေးအလွှားပင် ဝင်ရောက်သွား၍ ခေါ်သံနှင့်အတူ ကောင်မလေးက ပျောက်ကွယ်သွားတော့သည်။ လေးဆယ်ခြောက်ရက်မြောက်သော မင်္ဂလာရှိသည့် နံနက်ခင်းတွင် ကောင်မလေးအမည်ကို သိခွင့်ရလိုက်သည်။ ညစဉ်ရေး မှတ်နေကျ နေ့စဉ်မှတ်တမ်းကိုဖွင့်ကာ ညက ရေးမှတ်ပြီးစီးခဲ့သော စာမျက်နှာနှင့်ကပ်လျက်က စာမျက်နှာပေးတွင် 'အချစ်စင်သီယာ' ဟု ရေးမှတ်ကာ နှလုံးသားမှာလည်း စွဲ ထင်သွားတော့သည်။



အဖြူရောင်ကောင်မလေး စင် သီယာက ကျွန်တော့်ကိုလှမ်းကြည့်ရာ မျက်ဝန်းချင်းအဆုံတွင် ကျွန်တော် ပြန်ပြုံးမပြလိုက်နိုင်ပါ။ တဒင်္ဂ၏ စက္ကန့်ပိုင်းမျှသာ ကြာပါလိမ့်မည်။ ကျွန်တော့်ရင်ခုန်သံကို ကျွန်တော်ပြန်ကြားနေရသည်။ ကောင်မလေးကတော့ ကြားမှာ မဟုတ်တာ သေချာပါသည်။ ဒါပေမဲ့လည်း ကျွန်တော့်ရဲ့ ရင်ခုန်သံပြောင်းလဲမှုကို အိမ်ရှင်အဘိုးကြီးက အတော်အတန် ရိပ်မိနေတာသေချာ သလောက်ရှိနေသည်။

www.burmeseclassic.com



ထွေထွေ ရောဂါကုဆရာဝန်က ချစ်ရောဂါဝေဒနာ ခံစားနေရတာကို ပြောလိုက်ရင် အိမ်ရှင်အဘိုးကြီးက ဘယ်လောက်တောင် သဘောကျလိုက် မလဲဆိုတာကို.....။

♛♛♛♛♛

ပြက္ခဒိန်က ရက်စွဲကို လှမ်းကြည့်လိုက်တော့ တစ်ယောက်သည်းနှင့်ပင် ကိတ်တခိုးချစ်နေရတဲ့ရက်ပေါင်းက ခုနစ်ဆယ့်တစ်ရက်မြောက်ပင် ရှိခဲ့ပြီဖြစ်သည်။ ဘယ်လောက်တောင်မှ ဝမ်းနည်းရောကောင်းလိုက်တဲ့အဖြစ်လဲ။ ဒီမြို့လေးကို လက်ထောက်ဆရာဝန်အဖြစ် တာဝန်ကျလာတဲ့ ကျွန်တော်က စင်သီယာ့ဆီမှာ အချစ်ဝေဒနာကုပေးဖို့ အမြန်ဆုံးတင်ပြဖို့ကိုတော့ မေ့လို့မဖြစ်ဟု စိတ်ကူးနေလိုက်ပြန်သည်။ ဒါကို ဘယ်လိုစပြီး ဘယ်သူ့ကိုပြောရပါ့မလဲလို့ တွေးစားမိပြန်ရာ ကိုယ်နှင့်သက်တူရွယ်တူမဟုတ်ပေမယ့် လည်း အိမ်ရှင်အဘိုးကြီးကို အရင်ဆုံးဖွင့်ပြောရမည့်သူဟု စာရင်းတင်လိုက်သည်။ အမိရယ်၊ အဘရယ်မရှိတော့တဲ့ ကျွန်တော့်အတွက် ဒီမြို့က လူကြီးတွေကိုပဲ အမိအဘအရာထားပြီး တောင်း

ကျွန်တော့်အသက်အရွယ်က
ရည်းစားစကားပြောရမယ့်၊
စာပေးရမယ့်အရွယ်
မဟုတ်တော့တာကို တွေးကာ
လူကြီးဆန်ဆန် တောင်းယူဖို့ကို
စိတ်ကူးယဉ်မိခြင်းဖြစ်သည်။
ကျွန်တော်ကတော့ .....



ယူဖို့ စိတ်ကူးယဉ်မိပြန်သည်။

ကျွန်တော့်အသက်အရွယ်က ရည်းစားစကားပြောရမယ့်၊ စာပေးရမယ့်အရွယ် မဟုတ်တော့တာကို တွေးကာ လူကြီးဆန်ဆန် တောင်းယူဖို့ကို စိတ်ကူးယဉ်မိခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ကိုယ့်စိတ်ကူးကို အစီအစဉ်ကျနစွာ ပုံဖော်ရင်း ပြုံးနေမိတော့သည်။

အိမ်ရှင်အဘိုးကြီး၊ အဖြူရောင်ကောင်မလေးစင်သီယာနှင့် သူတို့မိသားစုအသိုင်းအဝိုင်း။ အားလုံးက ကျွန်တော့်ကိုလက်ခံနိုင်ကြမှာပါဟု တထစ်ချပင် ယုံကြည်ကိုးစားနေလိုက်ပြန်သည်။ စားပွဲပေါ်က နာရီကိုလှမ်းကြည့်ကာ အချစ် စင်သီယာရေ ကိုယ်သွားမယ်၊ နောက်နေ့မှဆုံမယ်လို့ ရေရွတ်ရင်း အိမ်အောက်ထပ်သို့ အပြေးလေး ဆင်းခဲ့ရာ အမိပွာယ်များစွာပါသောအပြုံးနှင့် ကြိုနေသည့် အိမ်ရှင်အဘိုးကြီးကို တွေ့လိုက်ရသည့်တွင် မိမိရဲ့ကလေးဆန်မှုကို မလိုမလဲသောစိတ်နှင့်ဖုံးကွယ်ရင်း ပခုံးတစ်ချက်တွန့်ကာ လက်မြှောက်ပြလိုက်မိသည်။ အချစ်ဆိုတာ ဘယ်လိုမှ ဖုံးကွယ်လို့မရဘူး စင်သီယာလို့ အတွေးနှင့် အပြေးသွားပြောလိုက်မိသည်။

အိမ်ရှင်အဘိုးကြီးက ကျွန်တော့်မျက်နှာကိုကြည့်ကာ မရယ်မပြုံးဘဲရှိရင်းက တယ်သွက်တဲ့ငါ့လူပဲဟုသာ တဖွဖွ ချီးမွမ်းခန်းဖွင့်လေသည်။

အဲဒီနောက်မှာတော့ အစစအရာရာ အဆင်ပြေစေနိုင်ဖို့အတွက် ကိစ္စအဝဝကို အပ်နှံကာ မျက်နှာပွပွနှင့်ပင် အိမ်ပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ အိမ်ရှင်အဘိုးကြီးက စင်သီယာ့ဆီနှာ



www.burmeseclassic.com

www.burmeseclassic.com

မည်ကြားတော့ အံ့သြနေပြန်သည်။ ကျွန်တော့်ရဲ့ တိတ်တဆိတ်ကြိုးပမ်းမှုကို သိပ်သိချင်နေပုံလည်းရပြန်သည်။ ဘာပဲဖြစ်ဖြစ်အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်ဆိုတဲ့ ကတိစကားကို ထပ်တလဲလဲကြားရပြီးသည့် အခါမှာတော့ ကျွန်တော် များစွာကျေနပ်မိနေ တော့သည်။

စိတ်အေးချမ်းသာစွာရှိကာ ကျွန်တော့်ရဲ့ တစ်ဦးတည်းသောညီဖြစ်သူထံ ကျိုးကြောင်းစုံလင်စွာစာထိုင်ရေးရင်းက ကျွန်တော် စွံ့တော့မည့်အကြောင်း ကြွားလုံးထုတ်ရင်း ပီတိတွေဝေနေတော့သည်။ စင်သီယာရဲ့မိဘတွေကအစ ကျွန်တော့်ဘက်က အားလုံးရပ် တည်နိုင်ကြမှာကိုလည်းစိတ်ချနေ ပြန်သည်။

အချစ်ဆိုတာကို ကျွန်တော်သိရှိလာသည်က စင်သီယာနှင့်ပင်စတင်၍ စင်သီယာနှင့်ပင် အဆုံးသတ်မည်ဖြစ်သည်။ စင်သီယာကိုယ်တိုင်က ကျေနပ်နိုင်မှာပါဟုကျွန်တော် အသေအချာသိနေခဲ့သည်။ အိမ်ရှင်အဘိုးကြီးကို ဖွင့်ပြောဖြစ်သောနေ့မှာ စင်သီယာနှင့်စတင်ဆုံတွေ့သည့်နေ့မှ စတင်ရေတွက်သော် ကိုးဆယ့်နှစ်ရက်မြောက်နေ့ပင်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပဲ ယုံကြည်ပါစေ ရင်တွေကတော့တဆတ်ဆတ်တုန်သည်။ အစစအရာရာ ကံကောင်းပါစေလို့လည်းမတောင်းဖူးတဲ့ဆုကို တောင်းမိပြန်သည်။

♛♛♛♛♛

ကျွန်တော့်ရဲ့တက်ကြွရွှင်လန်းမှုက ကျွန်တော့်အသက်အရွယ်ထက် ပိုမိုနုပျိုနေမှာကိုလည်း သိနေသည်။ ချစ်ခြင်းမေတ္တာတရားဆိုတာက ရှက်စရာမှမဟုတ်တာပါပဲလေ။ နောက်ထပ် ခုနစ်ရက်မြောက်နေ့တွင် အိမ်ရှင်အဘိုးကြီးထံမှ ဝမ်းသာစရာစကားကို ကြားရလေသည်။ ထိုခုနစ်ရက်ကာလများတွင်အိမ်ရှင်အဘိုးကြီး၏ ကြိုးပမ်းမှုကြောင့် စင်သီယာ့မိဘများကကြည်ဖြူစွာလက်ခံကြောင်းကို သိရသည်။ သည်မြို့က လူကြီးများကိုမိဘအရာထား၍ စင်သီယာ့မိဘများထံ သွားရောက်တောင်းယူရန်ဖြစ်သည်။ ဒီလောက၌ ကျွန်တော့်ထက်ကံကောင်းသော ယောကျ်ားတစ်ယောက်ယောက်ကိုများ ရှာတွေ့ခဲ့ရင်သော်မှ ကျွန်တော့်လောက် ကံကောင်းမှာမဟုတ်တာသေချာပါသည်။ ဒါပေမဲ့လည်းမှတ် မှတ်ရရပင် စင်သီယာ့ကိုနံနက် တိုင်းပင် မတွေ့ရသည်မှာလေးရက်ပင်ရှိပြီဖြစ်သည်။ စင်သီယာဆိုတဲ့ အဖြူရောင်ကောင်မလေးက ကျွန်တော့်အတွက်ရှက်ချင်ရှက်နေမှာပေါ့။

ဒီနေ့က ကျွန်တော့်အတွ အဖြူရောင်ကောင်မလေး စင်သီယာ့ကို တွေ့ခွင့်ရတဲ့ တစ်ရာ ဆယ့်ငါးရက်မြောက်နေ့ပင်ဖြ သည်။ ဒီနေ့မှာပင် ကျွန်တော် လူကြီးစုံရာနှင့် စင်သီယာ့ကိုသွ ရောက်တောင်းယူရမည့်နေ့လည်း ဖြစ်သည်။ စင်သီယာကလည်း ကျွန်တော့်ကို စောင့်မျှော်နေပါလိ မည်။ အချိန်က နံနက် ၁၀ နာ တွင် အားလုံးဆုံပြီး စင်သီယာ ခြံကို ကူးသွားကြရမှာဖြစ်သည် အိမ်ရှင်အဘိုးကြီးက ကျွန်တော် အတွက် စိတ်လှုပ်ရှားစွာ ညှော် မှာထိုင်ရင်း စကားမပြောဘဲရှိ သည်။ သူဘာတွေစဉ်းစားနေမ ကျွန်တော်မသိပါ။ ကျွန်တော်သ တွေကို စဉ်းစားတွေးတောနေမ ဆိုတာကိုတော့ သူသိချင်သိပါလိ မည်။

ညကတည်းက ကျွန်တော် ကောင်းကောင်းအိပ်မပျော်ပါ။ ကျွ တော့်ရင်ခုန်သံတွေ ယခုတိုင်မြန် ဆဲဖြစ်သည်။ မကြာခဏဆိုသ စိတ်လှုပ်ရှားစွာနှင့် စင်သီယာ ခေါင်းရင်းအိမ်သို့ ပြတင်းပေါက် တစ်ဆင့် အကြည့်ရောက်နေသ



www.burmeseclassic.com

www.burmeseclassic.com

ကို အိမ်ရှင်အဘိုးကြီးက လှောင်ပြောင်စနောက်နေပြန်သည်။ ဒီလိုဆိုတော့ ကျွန်တော် ပျော်မွေ့ကာ ပီတိဖြစ်ရသည်။ စင်သီယာဆိုတဲ့ အဖြူရောင်ကောင်မလေးကလည်း ကျွန်တော့်လိုပင် စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေမည်လား။

ယောကျ်ားတစ်ယောက်ဆီက ချစ်တယ်ဆိုတဲ့စကားကို မကြားရသေးပါဘဲနှင့် လက်ထပ်ဖို့ကိုကမ်းလှမ်းတဲ့အတွက် စိတ်ဆိုးချင်စိတ်ဆိုးနေပါဦးမည်။ ဒီတစ်ရက်ပြီးနောက်တစ်ရက်မှာပင် စင်သီယာ့ကိုချစ်တယ်လို့ပြောဖို့အတွက် စိတ်ကူးပြီးသားပင်ဖြစ်သည်။ ကျွန်တော့် အတွေးအာရုံတို့ အဆုံးမသတ်ခင်မှာပင် အဖြူရောင်ကောင်မလေးကို တွေ့လိုက်ရသည်။ သူမက ထိုင်နေကျခုံလေးမှာ ထိုင်ပြန်သည်။ သူမဘာတွေကို တွေးတောနေမှာတဲ့လဲ၊ ဒါမှမဟုတ် ကောင်မလေးရေ မင်းစိတ်တွေ ဘယ်လိုမှမနေဘူးတဲ့လား။ ကျွန်တော့်ရင်ထဲက အားမလိုအားမရ ရေရွတ်နေဆဲမှာပင် လူကြီးအားလုံး စုံသွားပြီဖြစ်သည်။ ကျွန်တော့်ရင်တွေ တဆတ်ဆတ်လှုပ်ခတ်လာသည်။ ကျွန်တော်တို့ အားလုံး ခြံရှေ့ရောက်သည့်တိုင် ကောင်မလေးက မတုန်မလှုပ် ကျောက်ဆစ်ရုပ်ကဲ့သို့ပင်။ ခြံထဲအဝင် ကျွန်တော်နှင့် မျက်လုံးချင်းဆုံသည့်တိုင် ကျွန်တော့်အပြုံးကို ပြန်လည်တုံ့ပြန်မှုမပြု။ သူမကို လာရောက်ကမ်းလှမ်းသူ အမျိုးသားက ကျွန်တော်ဆိုတာကိုပင် သိမှသိပါလေစ။



♛♛♛♛♛

"အဲဒီမိန်းကလေးက သိပ်ကို အေးဆေးလွန်းတာပဲဗျာ"

အဖြူရောင်ကောင်မလေးကို လက်ညှိုးထိုးရင်း ကျွန်တော့်ရဲ့ အားမလိုအားမရစကားအဆုံးမှာပင် အိမ်ရှင်အဘိုးကြီးရဲ့ စကားသံတိုးတိုးကို ကြားရသည်။

"ကောင်မလေးက စကားမပြောနိုင်ရှာဘူးလေ"

ကျွန်တော့်တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားပြီဟုထင်လိုက်ရသည်။ ကျွန်တော့်ရင်ထဲမှာ ရေရွတ်သံတစ်ခု ထွက်ပေါ်လာသည်။ ဧည့်ခန်းတွင်းလှမ်းဝင်တော့ လှုပ်လှုပ်ရှားရှားဖြစ်သွားသည့် ကျွန်တော့်ပုံကိုကြည့်ကာ သိပ်လည်း စိတ်လှုပ်ရှားမနေပါနဲ့ကိုယ့်လူလို့ အိမ်ရှင်အဘိုးကြီးကပင် အားပေးစကားဆိုလိုက်ပြန်သေးသည်။

ထိုင်ခုံမှာထိုင်နေတဲ့ ကျွန်တော့်ခန္ဓာကိုယ်ကြီးက ပိုမိုလေးလံလာသလို ခံစားရတော့သည်။ ကျွန်တော့်ရင်တွေ တဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်တုန်နေသည်။ ဒီတစ်ခါမှာတော့ ကျွန်တော်ရင်မခုန်တော့ပါ။ ကျွန်တော့်ခန္ဓာ ကိုယ်ကြီးက မီးရှိန်ဟပ်ခံရသလိုပူ လောင်နေပြန်သည်။ သူတို့ ဘာတွေပြောနေကြသလဲ၊ ကျွန်တော်မကြားပါ။ ကျွန်တော် ဘာတွေ ကြားနေသလဲ၊ ဒါကို ကျွန်တော် ကိုယ်တိုင် မသိလိုက်နိုင်ပါ။ ကျွန်တော် ဘာကိုပြောရမလဲ။ ကျွန် တော့်မှာ ပြောစရာစကားလုံး ရှာမတွေ့။ အာခေါင်တွေခြောက်ကပ်ကာ ပူလောင်နေသလို ထင်ရသည်။ တစ်နေရာရာမှာ တစ်ခုခုမှားယွင်းနေပြီဟု သိလိုက်သည်။ ကမ္ဘာကြီးသည် အရှိန်ဘယ်လောက်နှင့် လည်ပတ်နေပြီလဲ မဆိုနိုင်တော့ပါ။



ကျွန်တော့်အမြင်အာရုံတို့ကလည်း မှုန်ဝါးနေပြီဖြစ်သည်။ အာရုံတွေထွေပြားသလောက် ဦးခေါင်းတွေ နောက်ကျိလာပြန်သည်။ ကျွန်တော် ဘာကိုဆုတောင်းနေရမှာတဲ့လဲ။ ကျွန်တော့်ဘေးမှ ပေါ့ပါးသော တိမ်တိုက်တစ်ခု ရောက်ရှိလာပြီ ဖြစ်သည်။ ကျွန်တော်မော့ကြည့်ဖို့ သတ္တိမရှိပါ။ တစ်ချိန်လုံးလည်း ကျွန်တော့် ဦးခေါင်းကို ငုံ့ထားဖို့ရာက မဖြစ်နိုင်။ ကျွန်တော့်ဦးခေါင်းတွေကို တဖြည်းဖြည်းချင်း မော့လိုက်ပေမယ့် ကျွန်တော့်မျက်ဝန်းများက လိုက်မော့မလာခဲ့။ ကျွန်တော် ဘာကို ကြောက်ရွံ့စွာ သတ္တိရှိမနေခဲ့တာလဲ။ ကျွန်တော့်စိတ်ကို ကျွန်တော် ပြန်မသိချင်ယောင်ဆောင်နေလိုက်သည်။ ကျွန်တော် တစ်ယောက်ယောက်ကို မကျေမနပ်ဖြစ်နေလိုက်သည်။ အဖြူရောင် ကောင်မလေး၊ ဒါမှမဟုတ် အိမ်ရှင်အဘိုးကြီး။ အိမ်ရှင်အဘိုးကြီးကို အနည်းနဲ့အများ မကျေမနပ်ဖြစ်နေတာ သေချာသည်။ နောက်ဆုံးတွေ့ရှိသည့်အဖြေမှာ ကျွန်တော့်ကိုယ်ကျွန်တော် မကျေမနပ်ဖြစ်ခြင်းက ပို၍ဆိုးဝါးနေသည်။

ကျွန်တော့်အမြင်အာရုံတို့ကို အဖြူရောင်တိမ်တိုက်ဆီပို့လိုက်သည်။ ကျွန်တော့်အာရုံကြောတွေ တစ်ခုပြီးတစ်ခုဆီ ရောက်သွားကြသည်။ ကျွန်တော့်ဘေးက တိမ်တိုက်လေး စင်သီယာဆိုသူက အဖြူရောင်စံပယ်ပန်းတစ်ပွင့်အဖြစ် ကျွန်တော်တင်စားထားသော အဖြူရောင်ကောင်မလေးဟုတ်မနေခဲ့။ ကျွန်တော့်ဘေးမှာ ရောက်နေတဲ့ စင်သီယာက ကျွန်တော့်ကို ပြုံးပြနှုတ်ဆက်နေသည်။ ဒါပေမဲ့လည်း ကျွန်တော် အသိအမှတ်ပြုသား



www.burmeseclassic.com

www.burmeseclassic.com

သည့် အဖြူရောင်ကောင်မလေး မဟုတ်။ အဖြူရောင်ကောင်မလေး လိုလည်း ဖြူဖွေးမနေ။ မျက်ဝန်းတွေက ကြည်လင်နေသည်။ အဖြူရောင်အင်္ကျီဝတ်ထားသူ စင်သီယာသည် ဖြူသောအသားအရေမရှိ။ အညိုဘက်ကို နည်းနည်းလုနေသည်။ နှုတ်ခမ်းတွေက ပန်းရောင်နည်းနည်းပြေးနေသည်။ လူကြီးတွေဘက်လှည့်ပြီး စကားတစ်ခွန်းစနှစ်ခွန်းစပြောသည်။ သူမနှုတ်ခမ်းတွေက ကောင်းစွာလှုပ်ရှားနိုင်သည်ပဲ။ ပြုံးစရာနှင့်ကြုံလျှင် ကျွန်တော် ပြုံးနိုင်လာသည်။ ပြောစရာစကားကြုံလာလျှင် ကျွန်တော် ပြောနိုင်လာသည်။ ရယ်စရာနှင့်ကြုံလျှင် တော့ ကောင်မလေးရောကျွန်တော် ပါ ရယ်ကြသည်။ ဒီနေ့အဖို့ အိမ်ရှင်အဘိုးကြီးက လိုအပ်တာထက် ပိုပြီး ရယ်စရာတွေပြောနေသည်ဟု ထင်ရသည်။ ကောင်မလေးက ရှက်ဟန်နှင့် ဦးခေါင်းငုံ့ထားလျှင် နဖူးပေါ်ဝဲကျနေသော ဆံနွယ်တို့က ကျွန်တော့်စိတ်ကိုလှုပ်ရှားစေသည်။

♛♛♛♛♛

တကယ့်စင်သီယာအစစ်ကို ကျွန်တော်တွေ့လိုက်ရပြီဖြစ်သည်။



စင်သီယာသည် ကျွန်တော့်ရင်ကို လှုပ်ခါစေပါသည်။ ဒီတစ်ခါမှာတော့ ကျွန်တော့်ရင်တွေ ခုန်လာပြန်သည်။ အားလုံးလည်း ပြန်ဖို့အချိန်တန်ပြီဖြစ်ကြောင်း အိမ်ရှင်အဘိုးကြီးက သတိပေးကြေညာသည်။ ကောင်မလေးနှင့် အားလုံးကို နှုတ်ဆက်ပြီး အိမ်ရှေ့ထွက်လာသည်တွင် အရိပ်တစ်ခုကို ကျွန်တော် မမြင်ဟန်ပြုလိုက်သည်။ဒါကိုကျွန်တော်နဲ့ ကျွန်တော့်ကိုယ်စောင့်နတ်ကလွဲလို့ အိမ်ရှင်အဘိုးကြီးတောင်မှ သိမှာမဟုတ်တာ သေချာလွန်းပါ သည်။ အားလုံးကို ကျောခိုင်းပြီးချိန်တွင် ကျွန်တော့်ကျောပြင်ကို စူးနစ်သည့် အကြည့်တစ် စုံက ကပ်ပါလာသည်ကို မသိဟန်ပြုကာ ဘာ့ကြောင့် နေနိုင်ခဲ့ပါသလဲ။ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်လည် အဖြေထုတ်ဖို့ရာ မေ့လျော့နေ တော့သည်။ ဒါပေမဲ့လည်း ကျွန်တော်ဘာကိုလို ချင်သလဲဆိုတာကိုတော့ အသေအချာ သိလိုက်ရပြီဖြစ်သည်။

တိုက်ဆိုင်မှုတစ်ခုကိုအကြောင်းပြု၍ လွဲမှားစွာသိခွင့်ရခြင်း၏ နောက်သို့လိုက်ရာတွင် ဖြစ်ပေါ်လာသော ပြောင်းလဲမှုတစ်ခုသည် အကောင်းနှင့်အဆိုး တစ်ခုခုသာ ဖြစ်နိုင်သည်။

**မောင်ချောပွင့် (မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုး (ရွှေပြည်သာ)

# ဘဝပေးဆပ်ရတဲ့ နှစ်သစ်ကူး



www.burmeseclassic.com

www.burmeseclassic.com



## ဘဝပေးဆပ်ရတဲ့နှစ်သစ်ကူး

ကိုမိုး (ရွှေပြည်သာ)

''ဟယ်.....ငါ့သားလေးပဲ၊ သားဘာကိစ္စရှိလို့လဲ''

ဒေါ်သူဇာက အလုပ်ခွင်ထဲ လုပ်ငန်းများလုပ်ဆောင်နေခဲ့ရင်း သားဖြစ်သူ သူရိန်ကိုတွေ့ခဲ့ကာ အကျိုးအကြောင်း ဦးစွာမေးမြန်းလိုက်သည်။

''အမေရာ အဘွားကတော့ တကယ်မမိုက်ဘူး၊ သူနဲ့အတူတူနေနေတာကို ဟိုဥစ္စာ လုပ်ချင်လည်း မလုပ်ပါနဲ့၊ ဒီဥစ္စာကိုင်ပြန်တော့လည်း မကိုင်နဲ့တဲ့၊ အကုန်လျှောက် ပြောနေတယ်၊ သားမိန်းမက အခုမှ ဆုံးသွားပြီးကာစပဲရှိသေးတယ်၊ ဒါကြောင့် အဘွားခိုင်းတဲ့အတိုင်းသားတို့ မလုပ်နိုင်ဘူး၊ အခုလောလောဆယ် နွယ်လေးတို့အမေအိမ်ကို သားတို့ ခဏပြောင်းနေနေပြီ၊ အဲဒါ အမေ့ကိုလာပြောပြတာ''



''အေးလေ၊ သားအဆင်ပြေရင် ပြီးတာပဲ၊ သူတို့အမေက ကလေးလည်းဝိုင်းထိန်းပေးမှာဆိုတော့ ငါ့သား ပိုအဆင်ပြေမှာပေါ့၊ အမေ့ကို ဘာပြောဦးမလဲ''

''သားတို့အသုံးစရိတ်ကို ထပ်တိုးပေးမှရမယ် အမေ၊ ကလေးအတွက်လည်း လိုတာဝယ်ရမယ်ဆိုတော့ အဲဒါ နှစ်သိန်းထပ်ပေးပါ''

''ဩော်.....ဒါများသားရယ်၊ ရော့.....သုံးသိန်းယူသွား၊ ကလေးကိုလည်း ဂရုစိုက်၊ အဘွားအိမ်ကိုလည်း မကြာမကြာပြန်ကြည့်နော်၊ ကြားရဲ့လား''

''ဟုတ်ကဲ့ပါ အမေ၊ သားပြန် တော့မယ်''

''အေး.....သား၊ မင်းမိနီ ဘတ်စ်စီးပြန်နော်''

''ဟုတ်.....ဟုတ်ကဲ့''

သူရိန်၏အစွမ်းက အမေ့ဆီ ချွဲနွဲ့လိုက်သည်နှင့် ငွေက အပုံလိုက် ထွက်ကျလာနိုင်သည်။ တစ်ဦးတည်းသော သားဖြစ်၍လည်း အသက် ၂၀အရွယ်မှာပင် မိန်းမလိုချင်သည်ဟု ပူဆာ

www.burmeseclassic.com

လာခဲ့ရာ ဒေါ်သူဇာက မိသား ဖသားပီပီ တောင်းရမ်းလက်ထပ်ပေးခဲ့ပါသည်။

သူတို့မှာက အမေတစ်ခု၊ သားတစ်ခု။ အဘွားဆိုလျှင်လည်း မိခင်ဒေါ်သူဇာ၏အမေ ဒေါ်သိန်းရှင်တစ်ဦးတည်းကျန်ရှိပေရာ အဘွားတစ်ခုဟုပါ ဆိုနိုင်ပါသည်။ ဒေါ်သူဇာတွင် ကုန်တင်ယာဉ်များစွာ ပိုင်ဆိုင်ထားပြီး ခင်ပွန်းဖြစ်သူ ဦးကျော်ထွန်း မဆုံးပါးခင်ကတည်းက လုပ်ကိုင်လက်စလုပ်ငန်းများရှိနေသည်။ သား သူရိန်က (၁၀) တန်းကို သုံးနှစ်ဆက်တိုက် ကျရှုံးခဲ့ကာ မိခင်၏လုပ်ငန်းအိမ်တွင် မနေထိုင်လို၊ ငယ်စဉ်ကတည်းက နေထိုင်ခဲ့သည့် အဘွားပိုင်အိမ်မှာ ပင် ပျော်သလိုနေထိုင်ချင်သူဖြစ်သည်။ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်ရှိ လုပ်ငန်းနှင့်တွဲသော အိမ်တွင် မနေဘဲ မိခင်နှင့် ဖခင်တို့၏ လုပ်ငန်းစတင်ခဲ့ရာ နေအိမ်ဖြစ်သော ရွှေပြည်သာ၊ ၅/၈ ရပ်ကွက်၌ အဘွားနှင့်အတူ နေထိုင်လျက်ရှိနေသည်။

အဘွားအတွက်စရိတ်ကိုရော၊ သားအတွက်စရိတ်ကိုပါ ဒေါ်သူဇာက ပို့ပေးသည်။ လိုအပ်သော စားသောက်ဖွယ်ရာများကိုလည်း အလုပ်သမားများမှတစ်ဆင့် ပို့ဆောင်ပေးခဲ့လေသည်။ ဒါကိုပင် သူရိန်က မိခင်ထံမှ ဒိုင်ခံဖြေရှင်းပေးတတ်ခဲ့၍ လိုသလိုသုံးဖြုန်း၊ ကြိုက်သလောက်ပျော်ပါးနေခဲ့မိပေသည်။



ယခုလည်း ဇနီးမယားရသည့်တိုင် သူငယ်ချင်းများနှင့် ညဘက်ဂီတာတီးသည်။ အရက်ဝိုင်းဖွဲ့၍ သောက်စားတတ်ခဲ့ပါ၏။

သူရိန်နှင့် အဘွားဒေါ်သိန်းရှင်က ၅/၈ ရပ်ကွက်၊ သရဖီပန်းခြံအပိုင်းတွင် နှစ်ထပ်တိုက်အိမ်၊ ပေ ၄၀၊ ပေ ၆၀ ခြံကွက်နှင့် နေခွင့် သူများဖြစ်သည်။ ယခု အိမ်ထောင် သည်ဖြစ်လာခဲ့၍ သူရိန်တို့လင် မယားကို သီးခြားအခန်းတစ်ခု လုပ်ပေးထားပါသည်။ ထိုအိမ်မှာ ပင် မရမ်းကုန်းသို့ အလုပ်သွား လုပ်နေသည့် မိခင်ဒေါ်သူဇာ၏ အလုပ်သမား ကိုတင်ထွန်းနှင့် မောင်တို့ပါ နေထိုင်ကြပါ၏။

အဘွားက အောက်ထပ် ဘုရားကျောင်းဆောင်နှင့် အခန်းတွင် နေထိုင် သည်။ နေ့စဉ်အဘွား ချက်ပြုတ်ကျွေးမွေး သော အစာ အစာများကို သူရိန်တို့ အဆင်သင့် စားသောက်ခွင့် ရ သော်လည်း အဘွားခိုင်းလာ သော တောက်တို မည်ရအလုပ်များကို သူ က မလုပ်ကိုင်လိုပေ။ ထို အချက်ကြောင့်ပင် အဘွားနှင့် အဆင်မပြေသယောင်ပြု၍ ဇနီး သည်၏မိခင်အိမ်ဆီသို့ ခဏခဏ ပြောင်းနေခဲ့ခြင်းဖြစ်သည်။ ဒေါ်သူ ဇာ၏ အလုပ်သမားနှစ်ဦး မနက်သွား၊ ညပြန်အိပ်ပြီး အဘွား နှင့်သားတို့၏ အခြေအနေများကို

www.burmeseclassic.com



ပြန်လည်ပြောဆိုနိုင်ရန် အိပ်စက်ခွင့်ပေးထားသူများဖြစ်ပေသည်။

♛♛♛♛♛

"ဟော့ကောင်.....သူရိန်ရေ နောက်ဖြစ် နှစ်သစ်ကူးနေ့လေကွာ၊ ပြီးခဲ့တဲ့နှစ်ကလို (၁၂)နာရီတိတိမှာ Happy New Year လုပ်ကြမယ်၊ ဂီတာတီးမယ်၊ ပြီးတော့ အော်ကြတာပေါ့"

"အေးလေ၊ မင်းတို့ပါ ပါမယ်ဆိုရင် အော်မှာပေါ့၊ ဘယ်မှာဂီတာတီးကြမလဲ"

"မင်းတို့ထန်းခြောက်ပင်ဘက်မှာပဲ ကောင်းပါတယ်၊ မင်းအသွားအိမ်မှာ ဘာစားစရာရှိမလဲ၊ တစ်ခုခု လုပ်ပေးဦးလေကွာ"

ရွှေပြည်သာ၊ (၉)ရပ်ကွက်ရှိ သူရိန့်ယောက္ခမအိမ်အထိပင် (၅)ရပ်ကွက်၊ ထန်းခြောက်ပင်ရှိ သူငယ်ချင်းတစ်စုက ရောက်ရှိလာခဲ့ကြကာ စည်းရုံးရေးဆင်းနေခဲ့ကြခြင်းဖြစ်ပါသည်။ ဒါကိုမှ သူရိန်က ကျေနပ်စွာ ထောက်ခံချက်ပေး၍ အတိုင်အဖောက်ညီနေခဲ့သည်။

"သူရိန်ရေ ညီမဆီ ခဏလာပါဦး"

အိမ်အရှေ့ဘက်က စကားသံများကို ကြားမိခဲ့၍ နွယ်လေးက ယောကျ်ားကို လှမ်းခေါ်လိုက်သည်။

"ဘာလဲ နွယ်လေး၊ ပြောလေ"

"ရှင်ဘယ်လိုဖြစ်နေတာလဲ၊ နှစ်ကူးတာပဲ၊ သူ့ဘာသာ တစ်ရက်ပြောင်းသွားတာ၊ ရှင်တို့အော်လိုက်မှ နောက်နှစ်ရောက်လာတာလား"

"ဟာကွာ.....နွယ်လေးကလည်း၊ ဒီတစ်ရက်တည်းပါ၊ ဒီလိုအပျော်ရက်ဆိုတာ နောက်ထပ်မရဘူးကွ"

"ကျွန်မမှာ ကလေးနဲ့ကျန်နေခဲ့ရမှာလေ၊ အဲဒါ သွားပျော်ဦးမှာပဲလား"

သည်လိုနှင့်ပင် အပေါင်း အသင်းများနှင့်အတူ သူရိန် လမ်းထိပ် လက်ဖက်ရည်ဆိုင်ဘက် ထွက် လိုက်ခဲ့မိတော့သည်။ နောက်ထပ် နေ့ရက်တစ်ရက်၏ည ခရစ် သက္ကရာဇ် တစ်နှစ်ကူးပြောင်းမည့်ညတွင် သောက်စားပျော်ပါးကြရန် အစီအစဉ်များ ရေးဆွဲ၍......

"နွယ်လေးရာ မင်းလိုတဲ့ငွေ ငါရှာပေးတာပဲဥစ္စာ၊ နောက်ထပ်ဘယ်လောက်လိုချင်လဲ ပြော၊ အမေ့ဆီ ကိုယ်သွားတောင်းပေးမယ်၊ မနက်ဖြန်တစ်ညတော့ သူငယ်ချင်းတွေနဲ့ ပျော်ခွင့်ပေးပါကွာ၊ နော်.....နော်၊ လိမ္မာရဲ့သားနဲ့"

"ဩော်.....ကိုသူရိန်ကတော့ ခက်တော့တာပဲနော်"

သည်လိုနှင့်ပင် အပေါင်းအသင်းများနှင့်အတူ သူရိန် လမ်းထိပ်လက်ဖက်ရည်ဆိုင်ဘက် ထွက်လိုက်ခဲ့မိတော့သည်။ နောက်ထပ်နေ့ရက်တစ်ရက်၏ည ခရစ်သက္ကရာဇ် တစ်နှစ်ကူးပြောင်းမည့်ညတွင် သောက်စားပျော်ပါးကြရန် အစီအစဉ်များရေးဆွဲ၍ အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြတော့သည်။

♛♛♛♛♛

အချိန်က ည ၈ နာရီကျော်ကျော်ဖြစ်သည်။

၃၁-၁၂-၂၀၁၃ ညဘက်တွင် သူရိန်နှင့် သူငယ်ချင်းတစ်သိုက် ကာလသားဟင်းအတွက် အလုပ်ရှုပ်နေခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

"ကတော်.....ကတော်.....ကတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့....ဟဲ့၊ အိမ်နောက်ဖေး ဘက်က ဘယ်သူလဲ"

အဘွားဒေါ်သိန်းရှင်က ကြက်ဖအသံကြား၍ ခုတင်ပေါ်မှကမန်းကတန်းဆင်းလိုက်သည်။ သူ့အိမ်၌ အတူနေသော အလုပ်သမားမွေးထားသော ကြက်ဖအသံဖြစ်နေ၍လည်း လက်နှိပ်ဓာတ်မီးနှင့် ဟိုဟိုသည်သည် ထိုး၍ကြည့်လိုက်သည်။ သူ့ဓာတ်မီးအလင်းရောင်၌ တစိမ်းလူရိပ်လူရောင်ကို မတွေ့ရပေ။ ကြက်ဖအသံလည်း ရပ်တန့်သွားခဲ့ရာ ခုတင်ဆီသို့ပင် ပြန်ဝင်အိပ်၍ လှဲနေလိုက်တော့သည်။

"ဟော့ကောင် သူရိန်၊ မင်း အဆင်ပြေရဲ့လား"

"ကိုယ့်အိမ်ပဲကွာ၊ ဘာလို့ အဆင်မပြေရမှာလဲ၊ ဖြစ်ပါတယ်ကွ၊ မင်းတို့ကလည်း ဒီညကျမှ ကာလသားချက် စားချင်တယ်ဆိုတော့ ငါ ရအောင်လုပ်ခဲ့ရတာပဲပေါ့"

"မင်းအကောင်က ကြက်ဖကြီးပဲကွ"

"ဘာပဲဖြစ်ဖြစ်လေ၊ မင်းတို့ ကြက်သားစားရဖို့ အဓိကပဲမဟုတ်လား၊ ဟိုကောင် တင်အောင့်အိမ်ကို သွားကြမယ်၊ ဒီကောင်ရေနွေးတည်ပြီးနေပြီ၊ တစ်ခါတည်းအမွေးနုတ်ပြီး ရှင်းလိုက်ကြတော့၊ ငါတို့ ၁၂ နာရီမထိုးခင် ပြီးဖို့လိုတယ်နော်"

"ဘူးသီးကရော ရပြီးပြီလား"

"ရပြီးပြီလေ၊ စစ်မှုထမ်းဟောင်းအိမ်ရာထဲကဘူးစင်ကသွား ခိုးထားတာ၊ အနေတော်တစ်လုံး ဆွဲဖြုတ်ခဲ့တာဆိုတော့ အတော်ပဲပေါ့"

"ဒါဆိုရင် အဆင်ပြေပြီ၊ ဆီ အချိုမှုန့်၊ ဆားတွေရော ယူထား ကြရဲ့လား၊ ထမင်းအိုးကရော"

"အားလုံးအဆင်သင့်ပဲ ဟေ့ ကောင်ရေ၊ ညကျရင် ကာလသား ချက်ကို အဝစားမယ်၊ ဘီယာ ကြိုက်တဲ့လူသောက်၊ BE ဆွဲမယ့် ကောင်ကလည်းဆွဲ၊ ကြိုက်တာ လုပ်လို့ရ တယ်"

သည့်လိုနှင့်ပင် သူငယ်ချင်း တစ်စု ကြက်ဖကို ကာလသားဟင်း အဖြစ် အသွင်ပြောင်းလိုက်ကြတော့ သည်။ ဘူးသီး၊ ကြက်သား၊ ကာလ သားဟင်းကို စိတ်ကြိုက်စား သောက်ခဲ့ကြပြီး ဘီယာ၊ ဘီအီး ကြိုက်သည့်အရက်နှင့် တွဲစပ်၍ သောက်စားလိုက်ကြပါ၏။ သည် လိုနှင့်ပင် အချိန်က ၁၁ နာရီကျော် ကျော်သို့ ရောက်ရှိသွားသည်။

"ကဲဟေ့....နေရာပြောင်းကြ မယ်၊ ငါတို့ ပတ္တမြားဈေးခုံးတံတား ကို သွားဆိုတီးကြမယ်"

အားလုံးသဘောတူညီခဲ့ကြ၍ ဘုရင့်နောင်လမ်းမ၊ ထန်းခြောက် ပင်(ပတ္တမြားဈေး)ထိပ်ရှိ ခုံးတံတား တွင် နေရာယူလိုက်ကြပါသည်။

ရွှေပြည်သာ၊ ထန်းခြောက်ပင် လမ်းဆုံနှင့်နီးသော ထိုတံတားနေ

အဘွားဒေါ်သိန်းရှင်က ကြက်ဖအသံကြား၍
ခုတင်ပေါ်မှကမန်းကတန်းဆင်းလိုက်သည်။
သူ့အိမ်၌အတူနေသောအလုပ်သမားမွေးထားသော
ကြက်ဖအသံဖြစ်နေ၍လည်း
လက်နှိပ်ဓာတ်မီးနှင့်ဟိုဟိုသည်သည်
ထိုး၍ကြည့်လိုက်သည်။
သူ့ဓာတ်မီးအလင်းရောင်၌
တစိမ်းလူရိပ်လူရောင်ကို.......



www.burmeseclassic.com

www.burmeseclassic.com

ရာသည့် နံနက်မိုးလင်းမှသည် ညဘက်အထိ လူသွားလူလာ မစဲနိုင်အောင်ဘဲ ရှိနေတတ်သည်။ လူမပြတ်တမ်း သွားလာနေသော ထိုနေရာသည် ယခု အကာလ ညအချိန်တွင်တော့ လူသူကင်းရှင်း၍ တိတ်ဆိတ်နေပါသည်။

သူရိန်က ဖနီးသည့် နွယ်လေး၏အစ်ကိုဝမ်းကွဲ ဟန်ထွန်းကိုပါ အဖော်ခေါ်ယူလာခဲ့သည်။ (၉)ရပ်ကွက်ဘက်မှ လိုက်ပါလာသော ညသည်ဖြစ်နေခဲ့၍ သူတို့ထန်း ခြောက်ပင်ပတ်ဝန်းကျင်နေ သူငယ်ချင်းများထက် ပိုမိုဂရုစိုက်စောင့်ကြည့်ပေးနေခဲ့ရပါသည်။

ခုံးတံတားထိပ်ပလက်ဖောင်းမှာ
အရက်ပုလင်းနှင့်ခွက်များကို
ချထားသည်။
ကျွတ်ကျွတ်အိတ်နှင့်
ထည့်ယူလာသော
ကြက်သား
ကာလသားချက်ကို အမြည်းလုပ်
စားသည်။
ပြီးနောက်.....



ခုံးတံတားထိပ် ပလက်ဖောင်းမှာ အရက်ပုလင်းနှင့် ခွက်များကို ချထားသည်။ ကျွတ်ကျွတ်အိတ်နှင့် ထည့်ယူလာသော ကြက်သား ကာလသားချက်ကို အမြည်းလုပ်စားသည်။ ပြီးနောက် ဂီတာတီးသူကတီး၊ သီချင်းဆိုသူကဆိုနှင့် ရံဖန်ရံခါဖြတ်သွားသော ပရိသတ်တချို့ကို ဖျော်ဖြေပေးလျက်ရှိနေခဲ့ပါသည်။

အေးစိုးက ဂီတာတီးသည်။ နွယ်လေးအစ်ကိုတစ်ဝမ်းကွဲ ဟန်ထွန်းက သီချင်းဆိုကောင်းသူဖြစ်၍ တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုပေးခဲ့သည်။ အားလုံး (၆)ပုဒ်ခန့် သီဆိုခဲ့ပြီးချိန်တွင်.....

"ဟာ.....ဟော့ကောင်တွေ၊ ခဏ ခဏရပ်ဦးကွ၊ ဒီမှာ ၁၂ နာရီ ထိုးတော့မယ်"

"မင်းနာရီက အချိန်ရောမှန်ရဲ့လားကွာ"

"သေချာတယ် ဟော့ကောင်ရေ၊ ခုန အိမ်ကတိုင်ကပ်နာရီနှစ်လုံးနဲ့ အတိအကျတိုက်ထားတာကွ၊ အားလုံး အဆင်သင့်ပြင်ထား၊ ပြိုင်တူအော်မယ်နော်၊ ခဏ ခဏစောင့်၊ ငါက တိုင်ပင်ခေါ်ပေးမယ်၊ ဒီမှာ စက္ကန့်ပိုင်းပဲလိုတော့တယ်"

"ဟော...စက္ကန့်တံလေးလှုပ်နေပြီ၊ ခေါ်ပြီနော်၊ တစ်...နှစ်....သုံး"

"Happy New Year....."

"ဟေး....."

အားလုံးပြိုင်တူပင် အသံကို



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံးမြှင့်၍ အော်လိုက်ကြပါသည်။

"ဘယ်ကကောင်တွေလဲကွာ၊ နားငြီးတယ်၊ ရော့....."

ဘယ်လိုကနေ ရောက်လာမှန်းမသိသော လူတစ်စု သူတို့လူအုပ်စုကို တုတ်၊ အရက်ပုလင်းတို့နှင့် ဝင်ရိုက်တော့သည်။ အချို့က ရှောင်ပေးသည်။ တချို့က ထွက်ပြေး၍ ကစဉ့်ကလျားဖြစ်ကုန်သည်။

"ခလွမ်း....."

ထိုလူအုပ်စုထဲက လူတစ်ဦးက ကွန်ကရစ်တံတားပေါင်တွင် အရက်ပုလင်းတစ်လုံးကို ရိုက်ခွဲဖျက်ဆီး ပစ်လိုက်သည်။ သူက အပေါ်ပိုင်းကွဲသွားသော ဖန်ပုလင်းအချွန်စကို လက်နက်အဖြစ် အသုံးပြုတိုက်ခိုက်ရန် အနေအထားဖြင့် သူရိန်တို့သမီးယောက်ဖဆီသို့ ပြေးဝင်လာသည်။

ထိုဖန်ပုလင်းအချွန်နှင့် နွယ်လေးအစ်ကို ဟန်ထွန်းကို ဝင်ရောက်ထိုးလိုက်သည်။ ဒါကိုမှ သူရိန်က ကြားကဖြတ်ဝင်တားခဲ့ရာတွင်.....

"ဖွပ်....."

ပုလင်းအချွန်က သူရိန်၏ဝမ်းဗိုက်တည့်တည့်ဆီသို့ စိုက်ဝင်သွားတော့သည်။

"ဘာဖြစ်လို့ ထိုးတာလဲဗျာ"

"ငါတို့က အသံသေးအသံကြောင် ဆူညံတာကို မကြိုက်လို့ပဲကွ"

ထိုးသွင်းသူက ပုလင်းအချွန်ကို ဗိုက်ထဲထည့်၍ လှပ်ယမ်းပြီးမှ ဆွဲနုတ်လိုက်သည်။ ပြီးနောက် နောက်ထပ်တစ်ချက်.....

"ဖွပ်....."

ထပ်ထိုးထည့်လိုက်ပြန်သည်။

"အု....."

ဆိုသောအသံနှင့်အတူ သူရိန်ဗိုက်ကို လက်နှင့်ပိတ်ကာလိုက်သည်။ ပုလင်းချွန်ထိုးသွင်းသူက လက်နက်ကို လမ်းမပေါ်မှာပင် ပစ်ချထားခဲ့ပြီး ထွက်ပြေးသွားသည်။

> လူတစ်ဦးက
> ကွန်ကရစ်တံတားပေါင်တွင်
> အရက်ပုလင်းတစ်လုံးကို
> ရိုက်ခွဲဖျက်ဆီး ပစ်လိုက်သည်။
> သူက အပေါ်ပိုင်းကွဲသွားသော
> ဖန်ပုလင်းအချွန်စကို
> လက်နက်အဖြစ်
> အသုံးပြုတိုက် ခိုက်ရန်......





www.burmeseclassic.com

www.burmeseclassic.com

ဟန်ထွန်းက သူရိန်ကို တွဲ၍မွေ့ထားလိုက်သည်။ သူ၏ခေါင်းတွင်သည်း ပုလင်းနှင့်အရိုက်ခံထားရ၍ သွေးများယိုစီးကျနေသည်။

နှစ်ဦးသား သွေးထွက်များနေသောဗိုက်ကို ထိန်းသိမ်း၍ (၁၀) ရပ်ကွက်ဘက်အခြမ်း လမ်းကြားလေးထဲ ကြိုးစားလျှောက်ဝင်လိုက်ပါသည်။ လူအုပ်စုက တံတားအနီး ရှုပ်ထွေးခဲ့ရာမှ အသီးသီးထွက်ပြေးပျောက်ကွယ်သွားကြသည်။ ဟန်ထွန်းက သူရိန့်ကိုတွဲထား၏။

"ဟန်ထွန်း အဲဒီထိုင်ခုံဆီ ငါ့ ငါ့ကို ပို့ပေးပါကွာ၊ အဲဒီအိမ်ရှင်က အေးထွန်း၊ ငါ့ သူငယ်ချင်းပဲ၊ သူ့ကို အကူအညီတောင်းရမယ်"

ဟန်ထွန်းက တွဲခေါ်လာရင်း ဝါးပက်လက်ကုလားထိုင်တစ်ခုမှာ ထိုင်ခိုင်းလိုက်သည်။

ထိုစဉ်မှာပင် ရန်ဖြစ်သည်ဟု ကြားသိခဲ့ရ၍ ရပ်ကွက်လူကြီးတချို့ ခုံးတံတားအနီး ရောက်ရှိလာကြသည်။

"ဟိုဒဏ်ရာရတဲ့ ကလေးနှစ်ယောက် လမ်းကြားထဲဝင်သွားတာတွေ့တယ် အစ်ကိုရေ"

"ဟာ.....ဟိုဘက်လမ်းကြားထင်တယ်ကွ၊ လာ.....သွားကြရအောင်"

ရပ်ကွက်လူကြီးဖြစ်ဟန်တူသောလူများ ဆိုင်ကယ်နှစ်စီးနှင့် ရောက်ချလာသည်။



"ဟော့.....ဒီမှာကွ၊ ဒဏ်ရာရတဲ့လူငယ်၊ ပက်လက်ကုလားထိုင်မှာရှိနေတယ်"

"ဟာ.....ဒီကောင် ဗိုက်တောင်ပွင့်နေတယ်ဟ၊ သွေးတွေကတော့ မြင်မကောင်းဘူး၊ ဒီကောင်လည်း ခေါင်းကွဲနေပြီထင်တယ်၊ လုပ်....လုပ်ကြဦးကွ၊ တင်သိန်းရေ.....မင်း နေလင်းဆီကို ဖုန်းဆက်လိုက်၊ ပြီးရင် သူ့ကားနဲ့ တင်သွားပြီး ဆေးရုံပို့လိုက်တော့"

ရပ်ကွက်အုပ်ချုပ်ရေးမှူးက ချက်ချင်းပင် ကားကိုလှမ်းခေါ်လိုက်၍ ခပ်သွက်သွက်ပင် သူတို့နှစ်ဦးကို ကားနှင့်ခေါ်ယူသွား လိုက်သည်။ သို့သော် ပုလင်းချွန်နှင့် သုံးချက်ခန့် ထိုးသွင်းခံထားရသော ဒဏ်ရာများကြောင့် သူရိန်မှာ အင်းစိန်ဆေးရုံသို့ပင် မရောက်ခဲ့ဘဲ လမ်း၌ပင် အသက်သေဆုံးသွားခဲ့ရပေသည်။

မိခင်ထံမှ ရသမျှသုံးဖြုန်းနေခဲ့ပြီး ဇနီးသည်၏စကားကိုလည်း နားမထောင်၊ အဘွား အိမ်မှကြက်ကို ပျော်ပွဲဖွဲ့ ခိုးယူသတ်ဖြတ်စားသောက်ခဲ့သော သူရိန်၏ ဘဝနိဂုံးမှာ ခရစ်နှစ် (၂၀၁၃)ခုနှစ်၏ နောက်ဆုံးရက်နှင့် အတူပင် ကုန်ဆုံးပျောက်ကွယ်ခဲ့ရပါတော့သည်။

**ကိုမိုး(ရွှေပြည်သာ)**



www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်ပြုံး

# ရပ်ကွက်ထဲက အမှိုက်များ





www.burmeseclassic.com

www.burmeseclassic.com



## ရယ်ကွက်ထဲကအမှိုက်များ

အောင်ကျော်ပြုံး

လူခိုးမှုမှာ နှစ်မျိုးရှိတယ်ဆိုပဲ။

မြန်မာနိုင်ငံပြင်ပသို့ လူခိုးမှု၊ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူခိုးမှု။

မြန်မာနိုင်ငံပြင်ပသို့ လူခိုးမှုဆိုတာက ခိုးယူခြင်းခံရသူကဖြစ်စေ၊ ဒါမှမဟုတ် ထိုသူကိုယ်စား ဥပဒေနှင့်အညီ သဘောတူပိုင်ခွင့်ရှိသူကဖြစ်စေ သဘောမတူဘဲ နိုင်ငံပြင်ပသို့ ခိုးထုတ်သွားခြင်းပဲဖြစ်ပါတယ်။

အုပ်ထိန်းသူရဲ့ သဘောတူညီချက်မရှိဘဲ ဆောင်ယူခဲ့လျှင်၊ ဒါမှမဟုတ် ဖြားယောင်းခြင်းဖြင့် ထွက်သွားစေလျှင် ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ ခိုးယူခြင်းမည်တာပါပဲ။

သည်ပြစ်မှုတွေကို ကျူးလွန်ခဲ့ရင်တော့ အနည်းဆုံးထောင်ဒဏ်က ၇ နှစ်ပဲလေ။

သည်ဥပဒေတွေကို လူတွေနားလည်ဖို့ကောင်းပါတယ်။ ခုတော့ဖြင့်.....

ခုတလော ရယ်ကွက်ထဲမှာ ကလေးတွေတော်တော်များများ ပျောက်နေပါတယ်။ အရေအတွက်အားဖြင့် ခြောက်ယောက်လောက်ရှိ ပါလိမ့်မယ်။

သည်ကိစ္စနဲ့ပတ်သက်ပြီး ဆိုင်ရာရဲ့စခန်းကို အကြောင်းကြားပေမယ့် လက်သည်တရားခံက ခုထက်ထိ မပေါ်သေးပါဘူး။

ကျွန်တော်တို့ရယ်ကွက်အကျိုးတော်ဆောင်တွေကတော့ နေဝင်မိုးချုပ်ခဲ့ရင် ကလေးတွေကို အိမ်ပြင်မှာလွှတ်မထားဖို့၊ ကလေးတွေကို အိမ်မှာတစ်ယောက်တည်းထား ရစ်ခဲ့ပြီး မိမိတို့ကိုယ်တိုင်က အိမ် အပြင်မထွက်မိစေဖို့ ညတိုင်း ညတိုင်း လိုက်လံနှိုးဆော်ရတာအမောပါပဲ။



မောသာမောတယ်။ ခုထက်ထိ အောင် လူခိုးတဲ့ကောင်ကို ယောင်လို့မှ အစအန မတွေ့ရသေးပါဘူး။

သူခိုးဆိုတာ ချိုမှ မပါတာ။ နောက်ဆုံးတော့ သည်လိုပဲ တွက်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးပျောက်တဲ့ မိဘတွေ ကတော့ ထမင်းမစားနိုင်၊ ဟင်း မစားနိုင်၊ တမှိုင်မှိုင်တတွေတွေနဲ့ ဖြစ်နေလိုက်ကြတာ။ သူတို့လည်း မိဘတွေပဲ။

ဘာပဲပြောပြော သည်သူခိုး ကိုတော့ မိအောင်ဖမ်းရမယ်။ မမိ ခဲ့ရင် ကျွန်တော်တို့ရဲ့ အားနည်း ချက်ပဲမဟုတ်လား။

သင်း ဘယ်ပြေးမှာမှတ်လို့။ တစ်နေ့မဟုတ် တစ်နေ့မှာတော့ တွေ့မှာပဲလေ။

သည်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်လည်း အိပ်မပျော်၊ စား မဝင်ဖြစ်ခဲ့ရတာ အတော်ကြာပါပြီ။

ညဘက်ဆိုရင် လူငယ်တွေနဲ့ ပူးပေါင်းပြီး သည်သူခိုးကို ချောင်းဖမ်းခဲ့ရတာ အကြိမ်ရေမနည်း တော့ပါဘူး။ ကြာတော့ လူငယ် တွေက စိတ်ပျက်လာတယ်နဲ့ တူပါတယ်။

"အစ်ကိုကြီးရယ် အရေး အရာ မဟုတ်တဲ့အလုပ်ကို အရေး အရာ လုပ်မနေစမ်းပါနဲ့၊ ဒီကိစ္စမျိုး တွေက လူကြီးမိဘကိုယ် တိုင်ကိုက ပေါ့ဆ လို့ဖြစ်ရတာ၊ သူတို့ကိစ္စ သူတို့ရှင်းပါလိမ့်မယ်"

ကျွန်တော်ကတော့ အပြစ် ရယ်လို့ မယူဆပါဘူး၊ ကြာတော့ လည်း သူတို့ခမျာ စိတ်ပျက်လာမှာ ပေါ့။ ဒါကြောင့်မို့လည်း

"ဒီလိုမပြောကောင်းဘူးကွ၊ ဒါက ရပ်ရေးရွာရေးကိစ္စပေပဲ၊ ခု ဖြစ်နေတာကလည်း တို့ရပ်ကွက် ထဲမှာလေ၊ ဆန္ဒတွေ မစောပါနဲ့ ကွာ"

သည်လိုပြောလိုက်တော့လည်း သည်ကောင်တွေ ငြိမ်ချက်သား ကောင်းသွားပါတယ်။ ဒါသည်ပင် ကျွန်တော့်ရဲ့အားသာချက်တစ်ခုပါ ပဲ။

သည်သူခိုးကိုတော့ မမိ မိ အောင်ဖမ်းရမယ်လို့ ကျွန်တော် စိတ်ဆုံးဖြတ်ထားလိုက်တယ်။ စား လည်းသည်စိတ်၊ အိပ်လည်းသည် စိတ်၊ သွားလည်းသည်စိတ်၊ ကြာ တော့ လူတောင်မှ ကြောင်တောင် တောင်ဖြစ်လာတယ်။

ကျွန်တော်တွေးမိတာ တစ်ခု ရှိပါတယ်။ ဟိုတုန်းက ဖတ်ခဲ့ရတဲ့ ကဗျာလေးပါ။ ခေါင်းစဉ်က သူခိုး

သည်သူခိုးကိုတော့
မမိ မိအောင်ဖမ်းရမယ်လို့
ကျွန်တော်
စိတ်ဆုံးဖြတ်ထားလိုက်တယ်၊
စားလည်းသည်စိတ်၊
အိပ်လည်းသည် စိတ်၊
သွားလည်းသည်စိတ်၊
ကြာတော့
လူတောင်မှ. . . .





www.burmeseclassic.com

www.burmeseclassic.com





ခမ်းပွဲတဲ့။

သည်ကဗျာလေးကို သတိရမိလိုက်တာနဲ့တစ်ပြိုင်နက် ကျွန်တော် အတွေးပေါက်သွားပါတယ်။ ကျွန်တော်တို့ရှာနေတဲ့ သူခိုးက ရပ်ကွက်ရဲ့အပြင်ကမဟုတ်ဘဲ ရပ်ကွက်ထဲကလူ ဖြစ်ချင်ဖြစ်နေမယ် ဆိုတာကို ဘွားခနဲ တွေးမိလိုက်တယ်။

ဒါကြောင့်မို့ ရပ်ကွက်ထဲကလူတွေကို မသိမသာပဲ ကျွန်တော် တစ်ယောက်တည်း လေ့လာစုံစမ်းခဲ့တယ်။ ဘယ်သူတွေ မူပျက်နေသလဲ၊ ဘယ်သူတွေ ဘာလုပ်နေကြသလဲ၊ မျိုးစုံပေါ့လေ။

နောက်ဆုံးမှာတော့ ရှာဖွေလေ တွေ့ရှိလေဆိုတဲ့အတိုင်း ဆိုက်ကားနင်းတဲ့ မောင်နီကို သွားတွေ့မိတယ်။

♛♛♛♛♛

ခုတလော သည်ကောင့်ရဲ့ပုံစံက တော်တော်ကို ထူးခြားပုံရနေတယ်။ မဝတ်စဖူးတွေဝတ်လို့၊ ထိုးလိုက်တဲ့ တရားမဝင် နှစ်လုံး၊ သုံးလုံးတွေက ဗရပွ။ ညဘက်ဆို အောလုံးပွဲကလောင်းလိုက်သေး။

သည်လောက် သုံးစွဲနိုင်အောင် ငွေတွေကို သည်ကောင် ဘယ်က ရတာလဲ။

ဒါက သူ့ရဲ့အပေါ်မှာထားရှိလိုက်တဲ့ ကျွန်တော့်ရဲ့ သံသယပါ။ သည်သံသယနဲ့အတူ လူငယ်တွေနဲ့တိုင်ပင်ပြီး သည်ကောင့်ရဲ့အရိပ်အခြည်ကို စောင့်ကြည့်လိုက်ရတယ်။

ကျွန်တော်တွေးထားတဲ့ သံသယသာ ကွက်တိမှန်ခဲ့ရင် သည်ကောင် မလွယ်ပေဘူးမှတ်။

လူဖြစ်ကာမတ္တသည် မြတ်နိုးစရာမဟုတ်သေး။ လူကောင်းဖြစ်ရခြင်းသည်သာလျှင် မြတ်နိုးစရာ စင်စစ်ဖြစ်သည်လို့ ဆိုထားလေတော့ မောင်နီကိုလည်း လူကောင်း တစ်ယောက်ဖြစ်လာဖို့ ကျွန်တော် ကြိုးစားရပေဦးတော့မပေါ့။

ကြိုးစားရမှာက ကျွန်တော်တို့ တာဝန်၊ လူကောင်းတစ်ယောက်ဖြစ်ဖို့က သူ့တာဝန်။

မောင်နီကတော့ ကျွန်တော်တို့ဘာလုပ်နေတယ်ဆိုတာကို သိပုံမရပါဘူး။ မသိတာဘဲ ကောင်းပါတယ်။ သူသိခဲ့ရင် ဇာတ်လမ်းတွေက ပျက်ချင်ပျက်သွားမှာ။

ကျွန်တော်တို့ရဲ့ဇာတ်လမ်းကိုတော့ အပျက်မခံနိုင်ပါဘူး။ ဆုံးခန်းတိုင်အောင် ရိုက်သွားရမှာပဲလေ။

ဒါကြောင့်မို့ မသိလိုက်မသိဘာသာပဲ နေလိုက်တယ်။ ဟိုတစ်ပတ် တနင်္ဂနွေ၊ ည ၁၀ နာရီထိုးလောက်မှာတော့ ကျွန်တော်တို့ လိုချင်နေတဲ့သူခိုးကို အချိကြီးဖမ်းမိလိုက်ပါတယ်။

ဘယ်သူရှိပါ့မလဲ၊ ဆိုက်ကားနင်းတဲ့ မောင်နီပဲပေါ့။ သည်ကောင်ကလည်း မယောင်မလည်နဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



မတော်ကြီးမှာ ဆိုက်ကားနင်းပြီး ရပ်ကွက်ထဲကထွက်အလာ လမ်းထိပ်မှာစောင့်နေတဲ့ လူငယ်တွေက စောင့်ဖမ်းလိုက်လို့ မိတာပါ။

သူ့ဆိုက်ကားပေါ်မှာ စက္ကူပုံးအကြီးကြီးတွေ့တာနဲ့ လူငယ်တွေက ချက်ချင်းပဲ စက္ကူပုံးကိုအောက်ကိုချ၊ ဖွင့်ကြည့်လိုက်တော့ ရပ်ကွက်ထဲက သိန်းထွန်းရဲ့ သမီးထက်ထက်ဖြိုးဝေဖြစ်နေတာကို တွေ့လိုက်ရတယ်။



ကျွန်တော်လည်း ရပ်ကွက်လူကြီးကို အတင်းနှိုးပြီး သတင်းပေးလို့ ချက်ချင်းပဲ လူငယ်တွေရှိရာကို လိုက်သွားလိုက်တယ်။ မောင်နီကတော့ ဦးခင်မောင်မြင့်ခိုင်းလို့လုပ်ရတာပါတဲ့။ ဘယ်သူကခိုင်းခိုင်း ပြစ်မှုက ပြစ်မှုပေပဲပေါ့။

ချက်ချင်းဆိုသလို သက်ဆိုင်ရာရဲစခန်းကို အကြောင်းကြားလိုက်လို့ စခန်းမှူးကြီးကိုယ်တိုင် မကြာ ခင်အတောအတွင်းမှာ Policeကားလေးနဲ့ ရောက်ချလာခဲ့တယ်။

စခန်းမှူးကြီးနဲ့တကွ ရဲတပ်ဖွဲ့ဝင်တွေ ခြံရံပြီး ရပ်ကွက်ထဲက ဦးခင်မောင်မြင့်ရဲ့ တိုက်ရှိရာကို ကျွန်တော်တို့ အပြေးလာခဲ့တယ်။ ဟိုရောက်တော့ စခန်းမှူးကြီးက ဘာစကားမှတောင် မပြောပါဘူး။ ချက်ချင်းပဲ ဦးခင်မောင်မြင့်ကို လက် ထိတ်ခတ်လိုက်တယ်။

ထက်ထက်ဖြိုးဝေကိုလည်း သူ့မိဘတွေရဲ့လက်ထဲအပ်နှံပြီးတဲ့နောက်မှာ မောင်နီ၊ ဦးခင်မောင်မြင့်၊ ရပ်ကွက်လူကြီး၊ မိဘတွေ အပါအဝင် စခန်းမှူးကြီးနဲ့တကွ တရားခံရှိမယ့်နေရာကို ကျွန်တော်တို့ သွားခဲ့ကြတယ်။

တရားခံကလည်း မြို့ပြင်မှာနေတာကို။ သူ့နာမည်က ဦးနက်ကျော်လို့ခေါ်တယ်။ ချက်ချင်းပဲ သူ့ ကိုလက်ထိတ်ခတ်ပြီး ပျောက်ဆုံးသွားတဲ့ ကလေးတွေ ထုတ်ပေးဖို့ စခန်းမှူးကြီးကိုယ်တိုင် ပြောလိုက်တယ်။

မကြာပါဘူး။ ရပ်ကွက်ထဲက ပျောက်ဆုံးသွားတဲ့ကလေးတွေ နောက်ဖေးကနေ ထွက်ချလာလိုက်ကြတာ။

လူတချို့ရဲ့စိတ်မှာ ရှက်တတ်တဲ့ စိတ်၊ ကြောက်တတ်တဲ့ စိတ် မရှိဘူး။ လုပ်ပြီးတဲ့နောက်မှ ရှက်တဲ့စိတ်၊ကြောက်တဲ့စိတ်တွေက ဖြစ်လာတာဆိုတော့ သည်ပုဂ္ဂိုလ်တွေဟာလည်း သည်လိုပဲနေလိမ့်မယ်လို့ ကျွန်တော်ထင်ပါရဲ့။


နောက်ဆုံးမှာတော့ ထောင်ဒဏ် ၇ နှစ်ဟာ သူတို့နဲ့ထိုက်သင့်တဲ့ ဆုပဲလေ။

**အောင်ကျော်ပြုံး**



www.burmeseclassic.com

www.burmeseclassic.com



# တက်တူးထိုးထားတဲ့ဆရာမ

## ပထမကျောင်းဖွင့်ရက်တွင် အိမ်ပြန်လွှတ်ခံရ

အသက် (၂၆)နှစ်အရွယ် Charlotte Tumilty အမည်ရှိ မူလတန်းပြဆရာမသည် Hartelpool မှ St.John Vianneys မူလတန်းကျောင်းမှ ကျောင်းဆရာသင်တန်းပြီးဆုံး၍ ရာထူးတစ်နေရာကိုအခိုင်အမာ ရရှိထားသူဖြစ်သည်။

သို့သော် ကျောင်းစဖွင့်သည့် ပထမဆုံးရက်မှာပင် သူမ၏ တက်တူးများကြောင့် အိမ်ကိုပြန်လွှတ်ခံရကာ တက်တူးများကို လူမြင်မခံရစေရန် ဖုံးအုပ်ကာကွယ်ထားရန် ပြောဆိုခြင်းခံရသည်။

သူမအား ရာထူးမှ ထုတ်ပယ်ခြင်း မပြုလုပ်ခဲ့ပေ။ လက်မောင်းမှ တက်တူးများကို ကာကွယ်ရန် အကာအကွယ်များ ဝယ်ယူခဲ့သော်လည်း လည်ပင်းနှင့် လက်ချောင်းများတွင် ထိုးထားသော တက်တူးများကို ခြွင်းချက်အဖြစ် ထားပေးခဲ့ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: Metro

26-10-2014



www.burmeseclassic.com

www.burmeseclassic.com



# ရေပေါ် လမ်းလျှောက်ပြသည့် ရှောင်လင်ဘုန်းကြီး

တရုတ်နိုင်ငံမှ ရှောင်လင်ဘုန်းကြီးတစ်ပါးသည် ရေပေါ်လမ်းလျှောက်သည့်စွမ်းအင်ကို ပြသခဲ့သည်။

ပါးလွှာသည့် သုံးထပ်သားများကို ကြားမှာခံကာ ရေပေါ်လျှောက်ပြခဲ့ခြင်းဖြစ်သည်။ ထိုပြသမှုကို တရုတ်နိုင်ငံ တောင်ပိုင်း၊ ကွမ်ကျိုးပြည်နယ်မှ ရေကန်တစ်ခုတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခင်စံချိန်တင်ထားသည့် မီတာ ၁၀၀ကိုချိုးကာ ၁၁၈ မီတာအထိ လမ်းလျှောက်ပြနိုင်ခဲ့သည်။

**ဆောင်းဟောမန်**

Ref: World Amazing News

30-10-2014



www.burmeseclassic.com

www.burmeseclassic.com



# ားဖြစ်သူ သေဆုံးကြောင်း သတင်းမှားပေးမိခဲ့၍ ရဲတပ်ဖွဲ့က တောင်းပန်ခဲ့ရ

အမေရိကန်နိုင်ငံ၊ အလက် ားပြည်နယ်ရှိ မြို့ငယ်လေးတစ် ဖြစ်သော ပယ်လ်မာတွင် လင် ားနှစ်ဦးအား ၎င်းတို့၏သားသေ ကြောင်း မှားယွင်းသည့်သတင်း ကြောင့် ရဲတပ်ဖွဲ့က ပြန်လည် ာင်းပန်ခဲ့ရကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ရဲများက လင် ားနှစ်ဦးအား ၎င်းတို့၏သားဖြစ် အသက် (၂၉)နှစ်အရွယ် ဂျက် င်ပရိစ်သည် ယာဉ်မတော်တဆ စ်ခု၌ သေဆုံးကြောင်း အသိ ပြောကြားခဲ့သည်။

အလွန်ဝမ်းနည်းကြေကွဲနေသည့် ဇနီးမောင်နှံသည် အဆိုပါသတင်းဆိုးကို အသိပေးရန် ဂျက်စတင်၏ချစ်သူမိန်းကလေးအိမ်သို့ သွားရောက်ခဲ့ကြသည်။ ထိုအချိန် ဂျက်စတင်ကိုယ်တိုင် တံခါးလာဖွင့်ပေးရာ မိဘများက အံ့သြတုန်လှုပ်ဝမ်းသာသွားခဲ့ကြသည်။

ဖြစ်ရပ်မှန်မှာ ဂျက်စတင်နှင့် အသက်အရွယ်မတူသည့် အခြားအမျိုးသားတစ်ဦး ယာဉ်တိုက်မှုဖြင့် ကွယ်လွန်ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က မိမိတို့အမှားအတွက် ဂျက်စတင်တို့မိသားစုကို ပြန်လည်တောင်းပန်ခဲ့ကြသည်။

ဂျက်စတင်က မိမိ၏မိသားစုအတွက် ပျော်ရွှင်စရာဖြစ်ခဲ့သော်လည်း အခြားမိသားစုတစ်ခုက သားဖြစ်သူ ဆုံးရှုံးခဲ့သည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်း ပြောကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref:USA Crime News

7-11-2014



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ရောဂါသည် မုဒိမ်းသမားလက်မှလွတ်မြောက်ရန် ပေ ၂၀ အမြင့်မှ ခုန်ချခဲ့သည့်မိန်းကလေး

အင်္ဂလန်နိုင်ငံတွင် အသက် (၃၀)အရွယ် စိတ်ဝေဒနာသည် ခရစ်က ၎င်း၏ကျန်းမာရေးအတွက် စောင့်ရှောက်ပေးသည့် အမျိုးသမီးဝန်ထမ်း ဂျီမာရီဆွန်ကို အဓမ္မပြုကျင့်ရန် ကြိုးပမ်းသဖြင့် ဂျီမာသည် ပေ ၂၀ အမြင့်ရှိသည့် ပြတင်းပေါက်မှခုန်ချကာ အလွတ်ရုန်းခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ အဆိုပါည၏ ညဥ့်ဦးပိုင်းတွင် ခရစ်သည် အဆောက်အအုံ၏ မီးသတိပေးခေါင်းလောင်းကို မြည်အောင်လုပ်ကာ အခြားသူများကို အနှောင့်အယှက်ပေးနေ၍ ဂျီမာက ဖြေရှင်းပေးခဲ့ရသည်။ ထို့နောက် ခရစ်က ခေါင်းကိုက်သည်ဟု ပြောလာချိန်၌ အပေါ်ထပ်ရှိ ဆေးထားရာအခန်းသို့ ခေါ်သွားစဉ် ယခုကဲ့သို့ ဖြစ်ရပ်ဆိုးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဂျီမာက ရေချိုးခန်းအတွင်း ပြေးဝင်ကာ တံခါးကိုသော့ချပြီးနေချိန် ခရစ်က ထိုင်ခုံဖြင့် ရေချိုးခန်းနံရံကို ရိုက်ချိုးဖျက်ဆီးကာ ဝင်ရောက်လာသဖြင့် ၎င်း၏လက်မှ လွတ်မြောက်ရန် ပြတင်းပေါက်မှ ခုန်ချခဲ့ခြင်းဖြစ်သည်။

ခရစ်ကို လီဗာပူးတရားရုံးက လိင်အကြမ်းဖက်ရန်ကြံစည်အား ထုတ်မှု၊ သွေးထွက်သံယိုဖြစ်အောင် ကျူးလွန်မှုတို့ဖြင့် ထောင်ဒဏ် (၉) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အမြင့်မှခုန်ချခဲ့သော ဂျီမာမှာ ခါးရိုးကျိုးသွားခဲ့ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref:World Crime New

29-10-2014



www.burmeseclassic.com

www.burmeseclassic.com



# တောင်နံရံပေါ်မှ အခေါင်းများ

ဖိလစ်ပိုင်နိုင်ငံရှိ IGO ROT ဆိုသော လူမျိုးများသည် ရှေးရိုးအစဉ်အလာအတိုင်း သေဆုံးသူများကို အခေါင်းများတွင်ထည့်၍ မြင့်မားသည့် တောင်နံရံများတွင် ချိတ်ဆွဲထားလေ့ရှိကြသည်။ ထိုအလေ့အထသည် လွန်ခဲ့သည့် နှစ်ပေါင်း (၂၀၀၀)ကျော်လောက်က ရှိခဲ့ခြင်း ဖြစ်သည်။

ရုပ်အလောင်းများကို အခေါင်းထဲတွင်ထည့်၍ တောင်နံရံများတွင် ချိတ်ဆွဲလျှင် နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရှိပြီး ရေကြီးမှု၊ သတ္တဝါများ၏ ဖျက်ဆီးမှုမှ ကာကွယ်ပေးနိုင်သည်ဟူသော ယုံကြည်ချက်ကြောင့် ဖြစ်သည်။ တောင်နံရံပေါ်တွင်ချိတ်ဆွဲနိုင်ရန် အခေါင်းများကို သီးသန့်ပြုလုပ်ရသည်။ အခေါင်း၏အရွယ်အစားမှာ (၁)မီတာခန့်သာရှိပြီး သေဆုံးသွားသည့် ရုပ်အလောင်းများကိုထည့်နိုင်ရန် အရိုးများကိုချိုးရလေ့ရှိသည်။

တောင်နံရံတွင် ချိတ်ဆွဲထားသည့် အချို့အခေါင်းများမှာ နှစ်ပေါင်း (၁၀၀)ကျော်နီးပါး သက်တမ်းရှိကြောင်း သိရသည်။

**ဆောင်းဟေမန်**


Ref: World Amazing News

7-11-2014



www.burmeseclassic.com

www.burmeseclassic.com



# မြေခွေးလင်းနို့ (ဝါ) မြေခွေးပျံ

ပုံတွင်မြင်တွေ့ရသည့်သတ္တဝါကို မြေခွေးလင်းနို့(သို့)မြေခွေးပျံဟုခေါ်ကြပြီး ရောမလင်းနို့ဖြစ်ကာ အရွယ်အစားကြီးမားမှုကြောင့် Megabat ဟုလည်းခေါ်သည်။ အမည်အပြည့်အစုံမှာ Flying Megabat ဟုခေါ်သည်။

၎င်းမြေခွေးပျံသည် ၅ ပေ ၆ လက်မအထိ တောင်ပံဖြန့်နိုင်ပြီး အလေးချိန် ၃ ပေါင်ခွဲထိရှိသည်။ မြေခွေးပျံများသည် အသား၊ အင်းဆက်၊ သွေးကိုစားသုံးသည့် လင်းနို့မဟုတ်ဘဲ အသီးစားသော လင်းနို့ဖြစ်သဖြင့် ရောဂါသယ်ဆောင်နိုင်သည့် အကောင်များဖြစ်သည်။

ထိုအကောင်များသည် မက်ဒီတာရေးနီးယမ်းအရှေ့ပိုင်း၊ အရှေ့... အာရှ၊ အာဖရိက၊ ဩစတြေးလျ... တို့တွင် ပေါက်ဖွားပြီး မြေခွေးခေါ်... ပုံသဏ္ဍာန်ရှိသောကြောင့် မြေခွေး... ပျံဟုလည်းခေါ်ကြသည်။

**ဆောင်းဝေ...**

Ref: World Amazing News

8-11-2014



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## အပျော်လွှန်ခရီးတစ်ခု၏ သဲလွန်စ




တိုးမြင့်

မင်္ဂလာတောင်ညွန့်မြို့မရဲ့စခန်းတွင် အရာရှိ များပြားလင့်ကစား အလှည့်ကျတာဝန်မှူးတာဝန်ကျပြန်တော့ မကြာသေးဘူးဟု ကျွန်တော်တွေးမိသည်။ ဂျူတီထားမြန်နေသည်ဟု ထင်နေသည်။ တာဝန်မဝင်ခင် ဘုရားပန်းပျက်မကွက်လဲသည်။ ပန်းအနီတော့မဟုတ်ပါ။

ယခင်စခန်းမှူး ဝင်းသောင် (မှူး/ငြိမ်း)လက်ထက်တုန်းက စခန်းမှူးကိုယ်တိုင် စခန်းထဲတွင် ပုတီးစိပ်နေသည်ကို တွေ့ဖူးသည်။ ကျွန်တော်က အန္တရာယ်ကင်း ဂါထာလေးဘာလေးတော့ ရွတ်လေ့ရှိ၏။ သတိထားတာတစ်ခုက ဂိတ်စာရေးစားပွဲကို ဧည့်သည်တွေ ထက်နှင့်မခေါက်မိအောင် ကြည့်နေရသည်။ နောက်ပြီး စခန်းထဲကို စိတ်မကျန်းမာသူ အဝင်မခံပါ။ အမှုကြီးမတက်အောင်ဖြစ်သည်။

တစ်နေကုန် မိုးလေဝသ ကောင်းနေပါတယ်။ သာမန် နာကျင်မှု၊ ဖိုးတွမ်တီးအမှုလောက်ပဲတက်ပါတယ်။ ထုံးစံအတိုင်း ညနေပိုင်းမှာ အမူးသမား၊ အရူးသမားတွေရှင်းရပါသည်။ ညစာကို စောစောစားလိုက်ပါသည်။

အချုပ်ခန်းကင်းစစ်ဆေးပြီး စခန်းရှေ့ခုံတန်းပေါ် ထိုင်နေသည်။ လထိန်ထိန်သာနေ၏။



ရတောင့်ရခဲ ကြည်နူးဖွယ် တာဝန်မှူးညကို ကျွန်တော်အမိအရ ခံစားနေမိသည်။ နွေညချမ်း၏ အဇ္ဈောကောင်းကင်၌ ကြယ်လတွေစုံနေပါလား။

ညအလှကို အကြိမ်ကြိမ်တွေ့ကြုံခဲ့သော မွေးရပ်ရွာအညာဆီကို ပြေး၍အောက်မေ့မိပြန်သည်။

"ကောင်းကင်ပြာမှ အပျိုမ 'လ'၊ ချိုမြမျက်ဝန်း၊ တောက်ပရွှန်းသို့"၊ "ကောင်းကင်ပြာမှ အပျိုမ 'လ'၊ လုပဆံပင် ရွှေရောင်လွင်ကို ပြေးလျှင်ဖားလျား၊ ကျသည့်လားသို့"၊ "ကောင်းကင်ပြာမှ ကြယ်တာရာများ၊ ရံရွေလားသို့၊ ပျော်ပါးဦးလက်၊ စိန့်ပွင့်ပက်၏။ လွမ်းမက် အေးမြ၊ ဖမ်းစားသူ"

ရွတ်ဖူးသော ကဗျာလေးကို ကျွန်တော် သတိရမိ၏။

ကျွန်တော့်ကိုဖမ်းစားသောညပါလေ။ သို့သော် ကျွန်တော့်ခံစားမှုမှာ တစ်ခဏသာလျှင်ဖြစ်သွားပါသည်။ ဂိတ်စာရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

တပ်ကြပ် ကြီး အောင်တုက.....

"တာဝန်မှူးနဲ့ စကားပြော ချင် လို့တဲ့ ဆရာတိုး"

ဟု လှမ်းပြောသောကြောင့် ကျွန်တော် တယ်လီဖုန်းသွားနား ထောင်ရသည်။

"ကိုကြည်သိန်းရေ ဒီည ထိ ပေါက်ပြန်ပြီဗျို့၊ ရထားကြိတ်သွား တဲ့ လူသေအလောင်းတစ်လောင်း သွားသယ်ရမယ်၊ တိုင်းရုံးဖုန်းဆက် ဗျာ၊ ဓာတ်ပုံဆရာလည်းခေါ်၊ ဟုတ်လား"

တာဝန်ကြပ်ကြီးလည်းဖြစ်၊ အမှုစစ်အကူလည်းဖြစ်သူ ရဲတပ်



ကြပ်ကြီးကြည်သိန်းကို ကျွန်တော် ပြောလိုက်ခြင်းဖြစ်သည်။ ကျွန် တော်ကိုယ်တိုင်က အလောင်း လေးပုံစံ၊ အလောင်းကြီးပုံစံ တွေကို ဂါတ်စာရေး ဆရာကြီး အောင်တုထံမှ တောင်းယူခဲ့၏။

မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း မှူး ရဲမှူး ကျော်မြတ်သူထံ ကျွန် တော်သတင်းပို့ပြီး အခင်းဖြစ်အရပ် သို့ သွားခဲ့သည်။ ဆရာကျော်က ကားသမား ကိုလှသိန်းကို ကား မောင်းပို့ခိုင်းသည်။ တာမွေမြို့နယ် ကိုဖြတ်သွားရ၏။ ကိုကြည်သိန်းက မာတ်ပုံဆရာ မလိုက်နိုင်သဖြင့် နယ်ထိန်းအဖွဲ့ပိုင် Packet Fugica Flash AW ကင်မရာယူလာသည် ကို တွေ့ရသည်။

မလွှကုန်းဘူတာအလွန်ဆို သော်လည်း အသောက ရထားသံ လမ်းခုံးကျော်တံတားအနီး ပွင့် ကောင်းငါးပိငံပြာရည်စက်ရုံနှင့် မလှမ်းမကမ်းတွင်ဖြစ်ပါသည်။ သေသူမှာ အသက် ၃၀ ခန့် ယောကျ်ားတစ်ဦးဖြစ်သည်။ စက်ရုံ ကားလမ်းဘက်ခြမ်း၊ အနောက်ဘက်ခေါင်းပြု၍ မှောက်လျက်သေနေသည်။

ယာဘက်ပခုံးစွန်းလက်နှင့် ယာဘက်တင်ပါးဆုံတစ်ခြမ်းအပါ အဝင် ယာဘက်ခြေတစ်ချောင်း လုံးပြတ်လျက် သံလမ်းအတွင်း

ဘက် ရောက်နေသည်။ ကိုကြည် သိန်းကို လက်ရှိအနေအထား အတိုင်း ဓာတ်ပုံရိုက်ရန် ကျွ တော်ပြောသည်။ မြေဖြူနှင့်လည်း ပုံဖော်သည်။

သစ်ပင်ရိပ်ကြောင့် ဓာတ် မှမီးအလင်းရောင် သိပ်မရပါ။ လာသော လက်နှိပ်ဓာတ်မီး အသုံးပြုပြီး အခင်းဖြစ်အရပ်တွ သဲလွန်စကိုရှာရသည်။ သက်ဆိုင် လား၊ မဆိုင်လားတော့ မသိ အလောင်းဘေးတွင် ပတ်ကာ ဖောင်တိန်အဖုံးတစ်ခုကိုတွေ့ သည်။ 'ဝေဝေ'ဟု ချွန်ထက်သည် အရာဖြင့် ရေးထားသည်။ အခြာ မတွေ့ရပါ။

ကျွန်တော် ငံပြာရည်စက် ထဲဝင်သွားပြီး ဦးအေးမောင်ထံ ဆက်ပါသည်။ ဦးပန်ချာနီဗွာ ယာဉ်ကို ခေတ္တငှားရမ်းရန်၊ ကုန်ဆေးရုံကြီး၊ ရင်ခွဲရုံသို့ အလောင်းပို့ရန် ပြောဆိုသည် ဦးအေးမောင်နှင့် ရင်းနှီးပြီးသား ချက်ချင်းလွှတ်လိုက်မည်ဆိုသော သတင်းရသည်။

အလောင်းကို အသေးစိတ် စစ်ဆေးပြန်သည်။ ရထားကြိတ် သည့် စုတ်ပြဲဒဏ်ရာသာ တွေ့ ရသည်။ ပြတ်ရှဒဏ်ရာတွေ သလို ထိုးဖောက်ဒဏ်ရာလည်း မတွေ့ပါ။ ရထားကြိတ်ထားသည်



www.burmeseclassic.com

www.burmeseclassic.com



ကာ်ရာများကသာ ထင်ရှားနေသည်။

မလွှကုန်းမီးရထားရပ်ကွက်မှ ရပ်ကွက်လူကြီး ဦးတင့်လွင်တို့ ရောက်လာသည်။ ကျွန်တော်တို့ ပြီးမပြီး အလောင်းကို ပက်လက် လှန်၍ နေရာရွှေ့စစ်ဆေးသည်။ ကျနာမပျက်ပါ။ သေသူအရက် သောက်ထားခြင်း ရှိ မရှိ စစ်ဆေးသည်။ ပါးစပ်မှ အနံ့မရသဖြင့် သေမိ အရက်သောက်ထားဟန် တူပါ။

အနံ့တစ်ခုရသလိုမို့ ကြည့်ရှုသည်။ ခေါင်းတွင် ကပ်စေးစေးဖြစ် နေပြီး ဆေးနံ့လိုလို၊ သွေးနံ့လိုလို အနံ့ရနေခြင်းဖြစ်သည်။ တစ်ခေါင်း လုံး လက်နှင့်စမ်းကြည့်ရာ ဒဏ်ရာ တော့ မတွေ့ရပါ။ ရဲလုပ်ငန်းပြည့် အောင် ဆောင်ရွက်လိုက်သည်။ ဆံပင်ကိုဖြတ်၍ ရှာဖွေပုံစံဖြင့်သိမ်း ခဲ့၏။

နိဗ္ဗာန်ယာဉ်ရောက်လာသည် မှာ မြန်ပါသည်။ ရထားချိန်ကုန် သွားပြီဟု ထင်ရ၏။ အလောင်းကို တင်ပြီး ရန်ကုန်ဆေးရုံကြီးသို့ ပို့ ကြသည်။ အရေးပေါ်မှတစ်ဆင့် ခွဲတိုက်ပို့ပြီး ပီအာရ်နံပါတ်ယူ ကာ ပြန်ခဲ့သည်။ မင်္ဂလာတောင် ညွန့်မြို့မရဲစခန်းသို့ ပြန်ရောက် သောအခါ သန်းခေါင်ကျော်သွား ပြီဖြစ်လေသည်။

♛♛♛♛♛

ဂါတ်စာရေးကြီး သေမှုသေ ခင်းဖွင့်ထားသည်ကို တာဝန်မှူး ထွက်ချိန်ကျမှ ပြန်ဖတ်ကြည့် သည်။ ရေချိုး၊ အဝတ်အစားလဲ ကာ ကိုကြည်သိန်းကိုခေါ်ပြီး အခင်းဖြစ်အရပ်သို့ ထပ်မံသွား ရောက်သည်။ ညတုန်းက သေ သေချာချာ မမြင်ခဲ့ရ၍ဖြစ်သည်။

စီးလာသော စက်ဘီးများ ထောင်ပြီး အလောင်းနေရာ သံ လမ်းပတ်ဝန်းကျင်ကိုကြည့်သည်။ ဘာမျှမထူးပါ။ စေ့စေ့စပ်စပ်ရှာ တော့မှ သံလမ်းအတွင်းဘက် တွင် ကြေမွနေသော ဖောင်တိန် အကျိုး အပဲ့များကိုတွေ့ရသည်။ ကိုကြည်သိန်းကိုပြပြီး ကောက် ယူခဲ့၏။ သေသူ၏ဖောင်တိန် လည်း ဖြစ်နိုင်သည်။

"ဆရာတိုး Inquest သေမှု သေခင်း စစ်ဆေးတာ မှူးခင်းဆရာ ဝန်ဆီက expert opinion ဆေးစာ ရရင် ပြီးရောမဟုတ်လား"

"ဟုတ်ပါတယ် ကိုကြည် သိန်း၊ လုပ်ရိုးလုပ်စဉ်ပဲလေ၊ ဒါပေ မဲ့ သေတဲ့သူက ဘယ်သူလဲ၊ ဘာ ကြောင့်သေတာလဲဆိုတာသိအောင် လုပ်ရဦးမယ်"



ရထားတိုက်လို့သေတာပဲလို့ ပြန်ပြောမယ်လုပ်ပြီးမှ ကိုကြည် သိန်း မပြောဘဲနေသည်ဆိုခြင်းကို သူ့မျက်လုံးကိုကြည့်ပြီး ကျွန်တော် သိပါသည်။ ကိုကြည်သိန်းအား ကျွန်တော်စဉ်းစားမိသည်ကို ပြောပြခဲ့သည်။

"ကိုကြည်သိန်း တွေ့လား၊ အရင်မီးရထားတိုက်မှုတုန်းက သွေးတွေချင်းချင်းနီနေတာ၊ အခု ဟာ သွေးသိပ်မရှိဘူး"

"ဟုတ်တယ်နော် ဆရာ၊ မီး ရထားကြိတ်လို့ ခြေတွေလက်တွေ ပြတ်သွားတာတောင် သွေးသိပ်

www.burmeseclassic.com



မထွက်ဘူး၊ တကယ်ဆို အိုင်ထွန်းနေရမှာ”

“နောက်တစ်ခု ရထားပေါ်က လိမ့်ကျပြီး ရထားအကြိတ်ခံရတဲ့ပုံလည်းမဟုတ်၊ မှောက်လျက်လဲနေတုန်းဖြစ်တာ၊ ဒီလိုမှောင်မိုက်တဲ့ နေရာမျိုးကို အချိန်မတော်သွား သင့်တဲ့လမ်းမဟုတ်ဘူး၊ ဒီလူ သေရတာ ဆန်းသလိုလိုပဲ ကိုကြည်သိန်း”

“ဆရာတည့်တည့်ပြောမှ ကျွန်တော်လည်း ရေးရေးသဘောပေါက်တော့တယ်၊ ရထားတိုက်သေတာလည်းမဖြစ်နိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာလည်း မဖြစ်နိုင်ဘူး”

“လူသတ်မှုဖြစ်နိုင်တယ်”

“လူသတ်မှု.....”

ကျွန်တော်တို့ အခင်းဖြစ်နေရာက ပြန်အထွက် ကာလမ်းဘေးတွင် မာလကာသီးသုံးလုံးတွေ့ရသဖြင့် စက်ဘီးခြင်းထဲ ထည့်ယူလာခဲ့သည်။ လူသတ်မှုဆိုလျှင် သေသူ ဘယ်သူဘယ်ဝါဖြစ်သည်ဆိုတာ ကျွန်တော်တို့ အပူတပြင်း စုံစမ်းရတော့မည်။

တာဝန်မှူးထွက်ပြီး ကိုယ့်ကိစ္စ မလုပ်ရပါ။ ရဲစခန်းသို့ပြန်ရောက်ပြီး စခန်းမှူး ဆရာကျော်ကိုရှာသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသွားနေ၍ မတွေ့ပါ။ ကိုကြည်သိန်းကို သေသူအားရိုက်ထားသော ဓာတ်ပုံများ အမြန်ကြေးနှင့်ကူးရန် ပိုက်ဆံထုတ်ပေးပြီး စေလွှတ်လိုက်၏။

အမှုစစ်အခန်းတွင် သေမှုသေ ခင်းထူးခြားချက်များနှင့် ပတ်သက်၍ ဆရာဦးကြည်မောင်ကို ကျွန်တော် မေးမြန်းခဲ့သည်။ ဆရာဦးကြည်မောင်သည် ကျွန်တော်တို့ထက် တစ်နှစ်စော၏။ အတွေ့အကြုံရှိသူမို့ ပြောဆိုဆွေးနွေးမှုများ ပြုလုပ်လေ့ရှိသည်။

ကျွန်တော်သည် ဘာလုပ်လုပ် သံလမ်းပေါ် မှောက်လျက်သေနေသည့်မြင်ကွင်းကို မြင်နေမိပါသည်။ ငါးရိုးမျက်၊ လက်တို ဆိုသလို သွေးရိုးသားရိုးသေခြင်း မဟုတ်နိုင်သည်ကို စဉ်းစားနေမိပါသည်။ သူတစ်ပါးလက်ချက်ကြောင့် ဘယ်နေရာမှာ၊ ဘယ်အချိန်က၊ ဘယ်လိုသေသွားသည်ဆိုသည်ကို စဉ်းစားနေမိပါသည်။

ဆရာကျော်နှင့်တွေ့ရာ သေမှုသေခင်းနှင့်ပတ်သက်၍ အစုံအလင် ရှင်းလင်းတင်ပြခဲ့သည်။ ဆရာကျော်ကတော့ အထောက်အထားခိုင်လုံအောင်လုပ်ရန် ညွှန်ကြားခဲ့သည်။ သေသူကို သိရန်လို၍ စခန်းအားလုံးကိုစုံစမ်းရန်၊ တိုင်းဒေသကြီး ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ကိုတင်ပြရန် ညွှန်ကြားပါသည်။

သေသူကိုသိတော့မှ သေသူ ရဲ့ လှုပ်ရှားသွားလာမှုနော ကြောင်း လိုက်ရမည်ဖြစ်ကြော ကိုလည်း ဆရာကျော်က ပြော ပါသေးသည်။ ကျွန်တော်ကတော့ သတ်တဲ့သူက ဘာကြောင့်သတ် မီးရထားသံလမ်းပေါ် ပစ်ထား သနည်း၊ တစ်ယောက်တည်းလား ဘယ်နှယောက်ပါသနည်းဆိုသည် ကို တွေးရသည်မှာ စုံလို့ပါ။

အမှုမှန်ဖော်ထုတ်ကာ သေ သေခင်းမှ လူသတ်မှုပြောင်းလဲ စစ်ဆေးနိုင်မည်ဆိုလျှင် အမှု တက်သည့်သဘော ဖြစ်သွားလျှ လည်း မတတ်နိုင်။ ကျွန်တော် အမှုစစ်တစ်ယောက်အနေနှ အဖျားတက်၊ အမှည့်ရနိုးနိုး စဉ်းစားရမြဲပါ။

မရောင်ရာ ဆီလူးသည် ပြောပြော သေမှုသေခင်းကို ဝိ သိမ်းရဖို့ထက် လူသတ်မှုပြော တရားစွဲတင်ဖို့ ကျွန်တော် ဝါသနာအရပဲဖြစ်ဖြစ်၊ တာဝန်အ ပဲဖြစ်ဖြစ် လုပ်ရမည်ပဲလေ။ ဒီ ရဲလုပ်ငန်းက ရဲတပ်ဖွဲ့ဝင်မျာ အိပ်မက်ကမ္ဘာပါပဲလေ။

♛♛♛♛♛

ထူးခြားဖြစ်စဉ်တင်ပြမှုအနေ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်



www.burmeseclassic.com

www.burmeseclassic.com

မြို့ထံ အစီရင်ခံစာတက်ပါသည်။ ဒုတိုင်း(၄) တိုင်းဒေသကြီးသို့လည်း စာပို့သမားဖြင့် အမြန်ပို့ပါသည်။ ယခင်က ရန်ကုန်တိုင်းတွင် ဒုတိုင်း (၄)ခု ခွဲထားပါသည်။ ရင်ခွဲစစ်ဆေး ချက်ယူသည့်နေရာသို့လည်း ပြေး ရသေး၏။

တစ်ဖန် ပန်းဘဲတန်း၊ လ သာ၊ ဗိုလ်တထောင်ရဲစခန်းများ သို့သွားပြီး နယ်ထိန်းများနှင့် တွေ့ ဆုံကာ သတင်းပေးရသည်။ ပုဇွန် တောင်၊ ဒေါပုံ၊ သာကေတသို့ သည်း နေ့ချင်းရောက်အောင် သွား ရ၏။ တာမွေ၊ စမ်းချောင်း၊ ဒဂုံရောက်သောအခါ မိုးပင်ချုပ် သွားတော့သည်။

အမှုစစ်များသည် ဝီရိယမပါ လျှင် မဖြစ်ပါ။ ပျင်းသည့်စိတ်၊ ပင် ပန်းသည်ဆိုသည့်စိတ်လေး ခဏ မွေးမိခဲ့လျှင် ခြေလှမ်းမှာ များစွာ နောက်ကျသွားပေလိမ့်မည်။ ရဲ စခန်းချင်း ပူးပေါင်းမှ အမှုများ အောင်မြင်နိုင်မည်ဟု ယုံကြည်ပါ သည်။ တစ်ယောက်တည်း ကျိတ် လုပ်၍ မရပါ။ မင်္ဂလာတောင်ညွန့် မြို့မရဲစခန်း၌ အမှုစစ်အချင်းချင်း ကူညီကြမြဲဖြစ်၏။ နယ်ထိန်း၊ အမှု စစ်များလည်း ညှိနှိုင်းကြမြဲဖြစ်၏။

နောက်နှစ်ရက် တန်းစီပြီး ကျွန်တော်သည် ရဲစခန်းရှေ့ သက် ဖက်ရည်ဆိုင်တွင် ကော်ဖီ မှာပြီး ဆိုင်ဘေးမှ မုန့်ဟင်းခါးကို မှာစားနေသည်။ စခန်းထဲပြန် သွားသောအခါ ကျွန်တော်၏ အမှုစစ်စားပွဲရှေ့၌ မိန်းကလေး ချော ချောတစ်ယောက်ထိုင်၍ ကျွန်တော့်ကိုစောင့် နေသည်ကို တွေ့ရသည်။ လယ် တီပဏ္ဍိတ၏ မယ်ဘွဲ့တေးထပ်ကို ကျွန်တော် ရွတ်မိ၏။

"စေ့စေ့ကြည့်မရပါတယ်၊ ဖဲ အပြာဝတ်လဲနှင့်၊ ညွတ်ခနဲဖော သိမ့်သိမ့်ခုန်၊ ကြောဖိမ့်ဖိမ့်တုန်" လောက်သည့် အလှပိုင်ရှင်လေး ဖြစ်သည်။ ပျိုမျစ်နုနယ်သည့် မိန်း ကလေးတစ်ယောက်။ အသက်က ရှိလှမှ အစိတ်ပေါ့။ ကျွန်တော် သူ့ကိုမသိပါ။

"ကျွန်တော် ဒုရဲအုပ် တိုးမြင့် ပါ၊ ဘာအကူအညီပေးရမလဲ"

"ကျွန်မနာမည် ရွှေဖူးတင်ပါ၊ သဃ်န်းကျွန်း၊ ဖ/တောင်ရပ်ကွက် မှာ နေပါတယ်၊ ကျွန်မအစ်ကို ပျောက်နေလို့ လိုက်စုံစမ်းတော့ တာမွေရဲစခန်းက ဆရာ့ဆီလွှတ် လိုက်လို့ပါ"

"ဘယ်လိုပျောက်တာလဲ၊ ပြောစမ်းပါဦး"

"ကျွန်မအစ်ကိုက မော်ဘီက ဦးလေးဆီ သွားလည်ရာက ပြန် လာပြီး အိမ်ပြန်မရောက် လာတာပါပဲရှင်၊ ဒီနေ့မနက်မှ ဦးလေးရောက်လာပြီး အစ်ကိုပြန် သွားတာ လေးရက်ရှိပြီပြောလို့ ပျောက်နေမှန်းသိရတာပါ ဆရာ"

"ခင်ဗျားအစ်ကိုလားတော့ မသိဘူး၊ လွန်ခဲ့တဲ့သုံးရက်လောက် က ရထားတိုက်ခံရတဲ့ အလောင်း တစ်လောင်းတော့ရှိတယ်၊ ရေခဲ တိုက်ကိုလည်း တစ်ပတ်လောက် ထားပေးဖို့ ပြောထားတော့ ရှိဦးမှာ ပါ၊ ခင်ဗျားကြည့်မယ်ဆိုရင် ကျွန် တော့်ဆီမှာ ဓာတ်ပုံလည်းရှိတယ်၊ ကြည့်မလား"

"ကျွန်မ ကြည့်ရဲပါတယ်၊ ကြည့်ပါ့မယ်ရှင်"

ကိုကြည်သိန်းက ဓာတ်ပုံ ထုတ်ပြလိုက်ရာ ရွှေဖူးတင်က.....

"အစ်ကိုမင်းချစ်ရဲ့ အဖြစ်ဆိုး လှချည်လား"

ထိုသို့အော်ချလိုက်ပြီး သိမ့် သိမ့်တုန်အောင် ငိုကြွေးလိုက်ရာ ကျွန်တော်တို့အမှုစစ်အရာရှိများ၏ ရင်ထဲသို့ပါ အပူကူးစက်ခံစားလိုက် ရသည်။

သေသူ မည်သူမည်ဝါဖြစ် ကြောင်း ရုပ်မည်အတည်ပြုသည့် ကိစ္စ ပြတ်သွားပေပြီ။ ဝမ်းသာ သော်လည်း အမှုသည်ရှေ့ ဣန္ဒြေ ဆည်ထားရ၏။ ရွှေဖူးတင်အား ရေခဲတိုက်သို့ လိုက်ပို့လိုက်သည်။ ကိုမင်းချစ်နှင့်ပတ်သက်ပြီး ရွှေဖူး တင်အားမေးမြန်း၍ ပြည့်စုံ

www.burmeseclassic.com



ပါသည်။ မှော်ဘီကပြန်လာသည့် အနေအထားကိုသာ သူမသိ။ ရွှေဖူးတင် ဦးလေးဆိုသူကို ရဲစခန်းသို့ပို့ပေးရန် မှာကြားလိုက်၏။

ကျွန်တော်က ကိုမင်းချစ်၏ သေမှုသေခင်းကို စိတ်ဝင်စားသည်နှင့် အပြန်အလှန် စဉ်းစားနေမိပြန်သည်။ အခင်းဖြစ်ညက တယ်လီဖုန်းနှင့် ရထားတိုက်သည့် အကြောင်း သတင်းပေးသူ၏အသံကို ပြန်လည်ကြားနေမိ၏။

တာဝန်မှူးကို ဖုန်းပြောသည့် အသံမှာ တာဝန်သိပြည်သူတစ်ဦးနှင့်မတူဘဲ ရထားတိုက်သေသည့် သတင်းဖြစ်ပေါ်လာရန် လုပ်ကြံသတင်းပေးခဲ့သည်ဟု ခံစားနေခဲ့မိပါသည်။ သံသယပါးပါးလေးဖြစ်နေခဲ့သည်မှာ ရွှေဖူးတင်နှင့်တွေ့သောအခါ သံသယမှာ ခိုင်မာသွားခဲ့ခြင်းဖြစ်သည်။

၈/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းနေသူ ကိုမင်းချစ်သည် မှော်ဘီမှပြန်လာရာမှ မလွှကုန်းဘူတာအလွန် မှောင်ရိပ်သံလမ်းပေါ်တွင် မှောက်လျက်လဲတာမျိုး မည်သို့မျှမဖြစ်နိုင်ပါ။ ဝေဖန်တင်ပြ ချက်များကို စခန်းမှူး ဆရာကျော်က ကျွန်တော့်ကို ချီးကျူး ပြောဆိုသည်။

''အမှုစစ်လုပ်ငန်းကို ဗိုလ်တိုးတို့လို စိတ်ဝင်စားဖို့လိုမယ်''တဲ့။

♛♛♛♛♛



အမှုစစ်အချို့က ကျွန်တော်နှင့်ကိုကြည်သိန်းအတွဲကို ပြောလေ့ရှိသည်မှာ 'အလုပ်မရှိကြောင်ရေချိုးနေတာလား၊ ရထားတိုက်တာများ အင်းကွက်(စ်)လုပ်ပြီး တရားရုံးတင်လိုက်ပြီးတဲ့ဥစ္စာ'တဲ့။ ကျွန်တော်က လုပ်ချင်သည်ကို သဘောပေါက် အောင် လုပ်နေရမှ ကျေနပ်

သေသူ ကိုမင်းချစ်၏ဦးလေး ဦးဆောင်းတင်ကို ရွှေဖူးတင်က ခေါ်လာခဲ့သည်။ စစ်လိုက်တော့ ကွင်းဆက်ကိုတွေ့နေရသည်။ သူ့ကိုယ်သူသတ်သေဖို့ ကြံစည်သူမဖြစ်နိုင်ဟုလည်းကောင်း

ငံပြာ ရည်စက်ရုံရှိ အဒေါ်ထံ ငွေငါး ထောင်ပို့ခိုင်းခဲ့သည်ကိုလည်းကောင်း သိခဲ့ရ၏။ ကျွန်တော်တို့ သေသူ၏ဆံပင်တွင် စွဲထင်ရောက်ရှိနေသည့် အနံ့အသက်ဆေးတို့မှာ မည်သည့် ဆေးများဖြစ်သည်ကို မှုခင်းတပ်ဖွဲ့ (စီအိုင်ဒီ)သို့ ကျွမ်းကျင်သူ၏ ထင်မြင်ယူဆချက် ရရှိရန် အမြန်ပေးပို့ တောင်းခံထားပါသည်။

ကျွန်တော်တို့ အမှုစစ် နယ်ထိန်းအဖွဲ့ ထင်မြင်ချက်အတိုင်း စီအိုင်ဒီက ပြန်ကြား လာပါသည်။

ကားမှုတ်ပေါင်းဆေး သပြေ သီးမှည့်ရောင်ဟု ပါရှိ၏။ မြို့နယ် အများအပြားကို ကျွန်တော် တိုအောင် လျှောက်ခဲ့ပါသည်။ (၉) မြို့နယ်ရဲစခန်းတွေဆီ ရောက်

www.burmeseclassic.com



သွားပါသည်။ နယ်ထိန်းတပ်ဖွဲ့ဝင်များက ဆီးကြိုအကူအညီပေး၍ အမောပြေရပါသည်၊ ကျေနပ်ရသည်။ ကားဆေးမှုတ်ဆိုင်တွေစုံအောင် သွားရသည်။ အခင်းဖြစ်သည့်နေ့က မှုတ်ဆေးမှုတ်ပေးသည့် ဆိုင်တွေသာများသည်။ ပေါင်းဆေးမှုတ်ပေးသည့် ဆိုင်တစ်ဆိုင်၊ နှစ်ဆိုင်သာ တွေ့ပါသည်။

တွေ့သည့်ဆိုင်ကလည်း သပြေသီးမှည့်ရောင် ပေါင်းဆေးမှုတ်ပေးခြင်းမဟုတ်။ အဖြေတစ်ခုထွက်ဖို့ရန် ကျွန်တော် ဖွဲ့ရှိဖို့လိုသည်ဆိုသည်ကို ကိုယ့်ကိုယ်ကိုယ် နှိုးဆော်မိ၏။

ဒီနေ့မှ တောင်ဥက္ကလာပ၊ ရွှေလင်းယုန်ဆေးမှုတ်ဆိုင်တွင် သပြေသီးမှည့်ရောင်ပေါင်းဆေးမှုတ်ပေးလိုက်သည့် ကားနံပါတ်ရသည်။ ကိုကြည်သိန်းနှင့် ကျွန်တော်တို့နှစ်ယောက် ရင်နင့်အောင် ဝမ်းသာမိသည်။ အမှုပေါ်ပြီမဟုတ်ပါလား။

ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ စုံစမ်းရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)၌ စိစစ်ပြီး ပြန်ကြားခဲ့သည်။ လသာမြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ်(--)မှဖြစ်သည်။ ကျွန်တော်သည် နယ်ထိန်းဆရာသန်းထွန်းကို ဆရာတင်ပြီး

ဒတ်ဆန်း၊ ဆလွန်းကားမှာ
စည်သူထွန်းထွန်း
မောင်းနှင်သောကားဖြစ်ကြောင်း
သိရသည်၊
အိမ်ရှင်ဒေါ်မိုးလှိုင်အား
အကျိုးသင့်
အကြောင်းသင့်ရှင်းပြပြီး
ထိုကားကို
စစ်ဆေးခဲ့သည်။
စည်သူထွန်းထွန်းက ....

လသာမြို့နယ်သို့ ခေါ်သွားသည်။ ဆရာသန်းထွန်းမှာ ဆက်ဆံရေးကောင်းပြီး စွမ်းရည်ရှိသော နယ်ထိန်းအရာရှိဖြစ်၏။

"အိမ်ချိန်မှ ငှက်စုံတယ်"ဟု ဆရာသန်းထွန်းကပြောသည်။ သူစီစဉ်သည့်အတိုင်းသွားကြသည်။ ကျုံးကြီးလမ်း၊ ထိုအိမ်ကိုကြည့်ရာ ထိုအိမ်မှကား ပြန်လာခြင်းမရှိသေးပါ။ မျက်စောင်းထိုးမှ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်တွင် ဝင်ထိုင်စောင့်ကြည့်ခဲ့ကြသည်။ ကျွန်တော်နှင့် ကိုကြည်သိန်းက ကော်ဖီ ပူပူ၊ နို့ပြားဖော ပတ်သုတ်စား သောက်သော်လည်း လသာနယ်ထိန်းနှင့် ဆရာသန်းထွန်းတို့က ရေနွေးကြမ်းကိုသာ အပန်းပြေ သောက်နေကြ၏။

စား၍မကုန်ခင်တွင် သပြေသီးမှည့်ရောင် ဒတ်ဆန်းဆလွန်းကား ထိုအိမ်ရှေ့ရပ်သွားသည်ကို တွေ့လိုက်ရသည်။ လသာရဲစခန်းမှ နယ်ထိန်းအား ရပ်ကွက်လူကြီးများခေါ်ခိုင်းရာ ခဏအကြာတွင် ရောက်လာကြ၏။ အိမ်ဝင်းထဲဝင်လိုက်ကြသည်။

ဒတ်ဆန်း၊ ဆလွန်းကားမှာ စည်သူထွန်းထွန်း မောင်းနှင်သောကားဖြစ်ကြောင်း သိရသည်။ အိမ်ရှင် ဒေါ်မိုးလှိုင်အား အကျိုးသင့် အကြောင်းသင့် ရှင်းပြပြီး ထိုကားကို စစ်ဆေးခဲ့သည်။ စည်သူထွန်းထွန်းက 'ဘာဆိုင်လို့ သူများအိမ်ထဲ ဝင်စစ်တာလဲ'ဟု မချေမငံ ဆက်ဆံခဲ့သည်။ မိခင်ကြီးက ကိုယ်ဘာမှမဖြစ်ရင် စစ်ပါစေဟု နှစ်သိမ့်ပြောနေသည်ကို တွေ့ရသည်။ ကားရှေ့ခန်းတွင် စည်သူထွန်းထွန်းထံ ပေးပို့ထားသောစာများကို တွေ့ရသည်။

စာအိတ်ပေါ်တွင် တွေ့ရသော လက်ရေးအရ မဝေဝေမှ ပေးပို့သောစာများဖြစ်ကြောင်း ကိုကြည်သိန်းက ကျွန်တော့်ကို

www.burmeseclassic.com



ကပ်ပြောသည်။ အခင်းဖြစ်နေရာမှ တွေ့သော ပတ်ကား ဖောင်တိန် အဖုံးတွင် ရေးထားသည့် 'ဝေဝေ'ဆိုသည့် စာလုံးလေးများကို ကျွန်တော် သတိရလိုက်၏။

ဆရာသန်းထွန်းက မျက်မှန်တပ်၍ ကားရှေ့ပိုင်းကို စစ်ဆေးနေသည်။ လက်ကိုင်အိတ်ထဲမှ မှန်ဘီလူးကို ထုတ်ကြည့်ပြန်၏။ ဘောနက်ပေါ်တွင် ဆံပင်မွှေးသုံးပင်ကပ်နေသည်ကို တွေ့ရ၏။ ကျွန်တော် ကားဘီးများကို လိုက်ကြည့်သည်။ စည်သူထွန်းထွန်းအား ရှေ့ဘီးများကို ဂျိုက်ထောက်ခိုင်းလိုက်၏။ ကားက 'ဇ'အက္ခရာပေမယ့် Radial Fire Stone အမျိုးအစားဘီးတွေဖြစ်သည်။ တာယာပန်းလိုင်းများ ငါးမူးခန့်ရှိသေးသည်။

ကားဘီးများအောက်တွင် သတင်းစာစက္ကူများ ဖြန့်ခင်းပြီး တာယာပန်းလိုင်းများကြားတွင် တုတ်ကိုထောက်ပြီး ဘီးကိုလှည့်လိုက်သည့်အခါ တာယာပန်းလိုင်းကြားရှိ အမှိုက်သရိုက် အညစ်အကြေးများ အကုန်ထွက်လာသည်။ နောက်ဘီးပါ ဂျိုက်ထောက်ပြီး ရှေ့ဘီးအတိုင်းလုပ်သည်။ ပြီးတော့ သတင်းစာစက္ကူများပေါ်ရှိ အညစ်အကြေးများကို စုစည်းလိုက်ပြီး သက်သေလူကြီးများနှင့် စည်သူထွန်းထွန်းအား ခေါ်ပြလိုက်၏။

"မာလကာသီးစေ့တွေ တွေ့တယ်မဟုတ်လား၊ မာလကာသီးနံ့တွေ နံတယ်မဟုတ်လား"

စည်သူထွန်းထွန်း၏ တင်းမာသောအသံ ပျော့ပျောင်းသွားသည်။ အသံမထွက်တော့။ ဘောနက်ပေါ်က ဆံပင်မွှေးများကို လည်းပြသည်။ ကျွန်တော်ကပင် သူ့မိခင်နှင့် ရပ်ကွက်လူကြီးများကို ရှင်းပြရသည်။

"ဒီလိုပါခင်ဗျာ၊ တကယ်တော့ သေသူ ကိုမင်းချစ်ဟာ ရထားတိုက်လို့သေတာမဟုတ်ပါဘူး၊ ဟောဒီ သပြေသီးမှည့်ရောင် ဒတ်ဆန်းဆလွန်းကားတိုက်လို့ သေရတာပါ၊ ကိုမင်းချစ်ကို ကျွတ်ကျွတ်အိတ်နှစ်ထပ်လုပ်ပြီး မာလကာသီးအပြည့် ထည့်ပေးလိုက်တယ်ဆိုတာလည်း မော်ဘီက သူ့ဦးလေး ဦးဆောင်းတင်က ထွက်ဆိုထားသလို ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဒီကားနဲ့တိုက်တဲ့နေရာ မလွှကုန်းဘူတာ အလွန်ကားလမ်းဘေးက မာလကာသီး သုံးလုံးတွေ့လို့ သိမ်းထားတာရှိပါတယ်၊ ခုလည်း မြင်တဲ့အတိုင်းပဲ၊ လူကိုတိုက်ရင်း မာလကာသီးတွေပါ ကြိတ်သွားခဲ့တာပဲမဟုတ်



လား"

ကျွန်တော်က ခဏနား
အားလုံးကိုကြည့်လိုက်သည်။ ပြီး
နောက် ဆက်ရှင်းပြခဲ့သည်။

"သေသူကိုမင်းချစ်ရဲ့ခေါင်း
ဆံပင်တွေမှာ ကပ်နေတဲ့ဆေး
အရောင်နဲ့ ဒီကားဆေးအရော
ဒီ ဆံပင်တွေကို ဓာတုဗေဒန
လိုက်ရင် တိကျတဲ့အဖြေ ထွ
လာမှာပါ၊ ပြီးတော့ သေသူရဲ့အ
အနားကတွေ့ခဲ့တဲ့ 'ဝေဝေ'လို့
ထားတဲ့ ပတ်ကားဖောင်တိန်အ
ကြေမွနေတဲ့ ပတ်ကားဖောင်တ
အကျိုးအပဲ့တွေက ဒီစာအိ
မှာရေးထားတဲ့ 'ဝေဝေ'ဆိုတဲ့
ကလေး ပြင်ဦးလွင်ကပေးပို့ထား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မငြင်းနိုင်ဘူးလေ၊ စာ
မှာလည်း ရေးထားတယ်”

လသာရဲက စည်သူထွန်း
န်း၏မိခင်မှာ ကျောင်းဆရာမ
ဟု မိတ်ဆက်ပေးထားသည်။
ရာမကြီးက သားဖြစ်သူအား
သနာဖြစ်လျှင် မိဘကို ဦးစွာ
ပြာဖို့လိုကြောင်း ဆုံးမနေ၏။
မည့်ဘေး ပြေးတွေ့ဖို့ သား
စ်သူအား ပြောဆိုသည့်အပြင်
ာကျ်ားပီပီသသ ဆုံးဖြတ်
ောင်ရွက်တတ်စေရန် မှာကြား
သည်။ စည်သူထွန်းထွန်းက
ားနှင့်တကွ ရဲစခန်းတွင်
ဖမ်းခံရမည်ဖြစ်ရာ မိခင်ကြီး
ား ဦးချကန်တော့နေခဲ့သည်။

ဆရာမကြီးမှာ မျက်ရည်
စမ်းနှင့် ကျန်ခဲ့သည်။ မင်္ဂလာ
ောင်ညွှန့်မြို့မရဲစခန်းသို့ ပြန်
ကြသည်။ သက်သေခံမော်
ာ်ကားကို ဂါတ်စာရေး တပ်
ပ်ကြီး အောင်တုထံ မှတ်ပုံတင်
၂ ရေးသွင်းအပ်နှံလိုက်သည်။
ရားခံ စည်သူထွန်းထွန်းအား
ရားခံပုံသဏ္ဍာန်၊ ကိုယ်ရေး
ဇဝင်များ ရေးမှတ်သည်။
က် လက်၍ မှုခင်းဆိုင်ရာ
က်ဆို ချက် ရယူခဲ့ပါသည်။

♛♛♛♛♛

၂-၄-၁၉၈၄နေ့သည် မြန်မာသင်္ကြန်နီးသော ရက်တစ်ရက်ဖြစ် သည်။ စည်သူထွန်းထွန်းသည် နှစ်စဉ်လုပ်မြဲ ဆေးမှုတ်၍ ကားအား အရောင်တင်သော အလုပ်ကိုလုပ် ရန်သူငယ်ချင်း ဇော်ဦးခန့်အား ဖုန်းဆက်ပြီးခေါ် သည်။ ကံဈွေးဦး အိမ်ရောက်နေကြောင်းပြောသဖြင့် သူ့ကိုပါခေါ် မည်ပြောပြီး စည်သူ ထွန်းထွန်း က ကားနှင့်သွားခေါ်ခဲ့သည်။

သူငယ်ချင်းနှစ်ယောက်ကို ပုဇွန်တောင်၊ လမ်း ၅၀ သို့ သွားခေါ်ရသည်။ လုပ်နေကျဆိုင်ဖြစ်သည့် တောင်ဥက္ကလာပ၊ ပန်းခြံမှတ်တိုင်အနီး 'ရွှေလင်းယုန်' ကားဝပ်ရှော့ဆိုင်သို့ အရောက်သွားကြသည်။

မူလအရောင်လည်း သပြေသီးမှည့်ရောင်ဖြစ်၏။ ပိုမိုစိုပြည်ပြည်ဖြစ်အောင်လုပ်ပေးရန် ပြောဆိုအပ်နှံသည်။ ပေါင်းဆေးမှုတ်ပေးရန်နှင့် အမြန်ကြေးပါယူရန် စည်သူထွန်းထွန်းက ဆိုင်ရှင်ကို ပြောခဲ့သည်။ ညနေ (၄)နာရီ အစောဆုံးရမည်ဟုပြောသည်။ စောင့်ယူမည်ဖြစ်ကြောင်း သဘောတူကြသည်။

စည်သူထွန်းထွန်းက ပန်းခြံထဲ ခဏဝင်ထိုင်နေခဲ့ရာ နေ့လယ်စာ တစ်ခုခုစားရန် သုံးယောက်သား ဖဝနေဘက်သို့ ထွက်လာခဲ့သည်။ 'မြနန်းသပြေ' စားသောက်ဆိုင်တွင် ဝင်ထိုင်လိုက်ကြသည်။

“ငါကတော့ ထမင်းမဆာပါဘူး”

ကံဈွေးဦးကပြောသော်လည်း သူတို့သုံးယောက်မှာ အကြိုတူချင်းဖြစ်၏။ ဘီယာဘူးလေးများဖြင့် တစ်နေ့တာ အချိန်ကုန်ဆုံးစေမည်ဖြစ်သည်။ အချစ်ဆုံးသူငယ်ချင်းများမှာ ခဏခဏမဟုတ်ဘဲ တစ်ခါနှစ်ခါလောက် ထိုသို့ပျော်ရွှင်တတ်၏။

(၉)တန်း၊ (၁၀)တန်းတုန်းက အကြောင်းများ၊ ရည်းစားအကြောင်းများ ပြောခဲ့ကြသည်။ အချိန်များမှာ ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့သည်။

ညနေ (၄)နာရီထိုးပြီဖြစ်သည်။ စည်သူထွန်းထွန်းက ဆိုက်ကားစီး၍ ရွှေလင်းယုန်သို့သွားသည်။

ကားကိုရွေးယူလာသည်။ မြနန်းသပြေဇာတ်လမ်းက မပြတ်လိုသေးပါ။ ကားကို ပါကင်ထိုးလိုက်သည်။ သုံးယောက်သား စကားပြောကောင်းနေကြ၏။ စားလည်း စားကြသည်၊ သောက်လည်း သောက်ကြသည်။

ကံဈွေးဦးက သူဌေးသားဖြစ်၏။ ပထမစောစောပိုင်း၌ စည်သူ



www.burmeseclassic.com

www.burmeseclassic.com

ထွန်းထွန်း ဒကာလုပ်သည်။ တစ်ကြိမ်ဘေလ်ရှင်းပြီး (၄)နာရီနောက်ပိုင်း တစ်ကဏ္ဍလုပ်၏။ သူ့ငွေးသားအလှည့်ဖြစ်သည်။ ထိုအချိန် စားသောက်ပိုင်းမှာ ပိုမြိုင်သွား၏။

"မင်းတို့အသာနေ၊ မင်းတို့နဲ့ မဖြစ်ဘူး၊ ငါမောင်းမယ်"

ဖော်ဦးခန့်က အပြန်ခရီးတွင် ကားမောင်းရန် တာဝန်ယူသည်။ မှန်ပါသည်။ သူတို့ထဲတွင် ယာဉ်မောင်းသက်တမ်း အကြာဆုံးနှင့် အကျွမ်းကျင်ဆုံးမှာ ဖော်ဦးခန့်ဖြစ်၏။ ကံငွေးဦးနှင့် စည်သူထွန်းထွန်းတို့လည်း ခေါင်းတွေက ငိုက်စိုက် ဖြစ်နေကြ၏။

ခရီးက ပထမ ပုဇွန်တောင်၊ ပြီးမှ လသာဖြစ်သည်။ ဖဝန၊ အသင်းတိုက်မှ သုဝဏ္ဏဘက်သို့ ချိုးကွေ့သည်။ လမ်းဆုံမီးပွိုင့်မှ ပုသိမ်ညွန့်၊ အေပီစီဘက်သို့ ချိုးကွေ့မောင်းနှင်သည်။ လမ်းမကြီး ရောက်သောအခါ ကားများရှင်းနေသည်။

မောင်ရီပျိုးချိန်ဖြစ်၍ လမ်းမီးများ လင်းနေပြီဖြစ်သည်။ ပွင့်ကောင်းငါးပိုင်ပြာရည်စက်ရုံအနီးတွင် အသောကခုံးတံတားပေါ်မှ မီးထိုးပြီးဆင်းလာသော ကုန်တင်ကားကြီးတစ်စင်းကို တွေ့ရ၏။ အဆင်းဖြစ်ပြီး ဝိတ်များသော ကားကြီးက ရှေ့မီးများမှိတ်ခြင်း မရှိပါ။ ဖော်ဦးခန့်မှာ ကားကြီးကို ခက်ခဲစွာရှောင်ရသည်။ တားမီးများထိုး ထားသောကြောင့် ဘာမျှ မမြင်ရပါ။ ကားကြီးက အသံကျယ်ကြီးနှင့် ကျော်သွားစဉ် ကိုယ့်ကားရှေ့တွင် ကျွတ်ကျွတ်အိတ်ကိုဆွဲကိုင်ထားသော လူတစ်ယောက် ဘွားခနဲ ပေါ်လာ၏။

ဝဲဘက်ရှောင်ရန်လုပ်သည်။ လုံးဝနောက်ကျသွားပြီဖြစ်သည်။ ထိုလူအား မျက်နှာချင်းဆိုင်ပင် တိုက်မိသွား၏။ ကျွတ်ကျွတ်အိတ်ထဲမှ အလုံးများ လွင့်ထွက်သွားသည်။ စည်သူထွန်းထွန်းတို့အားလုံး အမူးပြေသွားသည်။

စည်သူထွန်းထွန်းက ဒဏ်ရာရသူကို ဆေးရုံပို့ရန် သတိရသည်။ ဆင်းကြည့်သောအခါ အဖြစ်က မြန်ဆန်လွန်းသည်။ အတိုက်ခံရသည့်သူမှာ အသက်မရှိတော့။ တော်တော်ထူးဆန်းတာပဲဟုတွေးကာ ဘာလုပ်ရမှန်းမသိ၍ ကြောက်နေကြသည်။ ဖော်ဦးခန့်က ကားစက်သတ်ပြီး အတိုက်ခံရသူကို မပါသည်။ စည်သူထွန်းထွန်းနှင့် ကံငွေးဦးတို့ပါ ဝိုင်းမကြသည်။

သစ်ပင်အောက်သို့သယ်သွားပြီး ချထားခဲ့ကြသည်။ သံလမ်းဖြစ်နေ၍ သံလမ်းပေါ်တင်ထားခဲ့ကြသည်။ ကံကောင်းသည်က ကာ
သွားကားလာ၊ လူသွားလူလာ
မတွေ့ပါ။ ကားပေါ်အမြန်ပြန်တ
ကြသည်။ ဖော်ဦးခန့်သာ ကား
ဆက်မောင်းလာခဲ့သည်။

အသောကခုံးတံတားအတ
၌ ကားမောင်းတက်နေစဉ် ရ
ဥသြသံ ကြားကြရသည်။ မြို့
နောက်ဆုံးရထားဟုထင်ပါသည်
မှန်ပါသည်။ တိုးကြောင်
ဘက်မှလာသော ရထား
ကြောင်း သိရသည်။ ထိုနေ
ပြန်မကြည့်ခဲ့ပါ။

လမ်း ၅၀ တွင် သူငယ်ချ
များ ဆင်းကြသည်။ စည်သူ
ထွန်းက ကားမောင်း၍ အိမ်ပြ
သည်။ တစ်ညလုံး အိပ်မရခဲ့
နောက်ရက်တွင် သူငယ်ချင်း
ယောက်လုံး စည်သူထွန်းထွန်း
အိမ်သို့ ရောက်လာကြသည်။

မနေ့ညက ဖော်ဦးခန့်
မင်္ဂလာတောင်ညွန့်ရဲစခန်း
တယ်လီဖုန်းဆက်ပြီးပြော
ကြောင်း ပြောပြသည်။ စည်
ထွန်းထွန်း၏ ပတ်ကားဖော်
လေး ထိုနေရာတွင် ကျ
သည်ကို သတိမထား
ပျောက် ၍ရှာနေမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




ည်သူထွန်းထွန်းက ဖြစ်ချက်ခဲ့သောကိစ္စနှင့်ပတ်သက်၍ ကိုယ်လွတ်ရုန်း၍ ထွက်ဆိုခြင်း မဟုတ်။ အမှန်အတိုင်းထွက်ဆိုခြင်းဖြစ်သည်။ ဖော်ဦးခန့်နှင့် ကံဘဦးတို့ကို သွားခေါ်မည်ဆိုလျှင် သည်သူထွန်းထွန်းက လိုက်ပြနိုင်သည်ဟုပြော၏။ သူငယ်ချင်းများနှင့် အပျော်လွန်ခဲ့မှုကြောင့် ကားနှင့်အိမ်ပြန်ချိန် နောက်ကျသွားသဖြင့် ထိုသို့ဖြစ်ရကြောင်း ခေါင်တစကား ပြောဆိုနေခဲ့၏။

♛♛♛♛♛

မှုခင်းတပ်ဖွဲ့(စီအိုင်ဒီ)မှ ထုတ်ပြန်ကြားချက်တွင် ကားဘောဒီတ်တွင် တွေ့ရသည့်ဆံပင်သည် သေဆုံးသူကိုမင်းချစ်၏ ဆံပင်ဖြစ်ကြောင်းပါရှိသည်။ မှုခင်းဆိုင်ရာ ဆရာဝန်ကြီး၏ ဆေးစာတွင်လည်း သေသူမှာ မီးရထားကြိတ်၍ သေဆုံးခြင်း မဟုတ်၊ မူလကပင် သေဆုံးပြီးဖြစ်သည်ဟုလည်းကောင်း၊ သေဆုံး ရခြင်းအကြောင်းမှာ ဦးခေါင်းကို ပြင်းထန်စွာ ထိခိုက်မိ၍ဖြစ်သည်ဟုလည်းကောင်း ပါရှိသည်။

ကျွန်တော်သည် တရားခံသုံးယောက်အား စစ်ဆေးပြီး မြို့နယ်ဥပဒေရုံးသို့ ဥပဒေအကြံပြုချက် တောင်းခံသည်။ မြို့နယ်ရုံးသို့လည်း အမိန့်နာခံတင်ပြသည်။ အမှုကို သေမှုသေခင်းအမှုမှ ရာဇဝတ်မှု ပြောင်းလဲဖွင့်လှစ်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)



အရ တရားစွဲတင်ခဲ့သည်။ မြို့နယ်တရားရုံးသို့ တရားစွဲတင်သောအခါ ကိုယ့်တူ၊ ကိုယ့်သားအရွယ် လေးများကို အကျဉ်းထောင်ထဲပို့ရသည်ဖြစ်၍ ကျွန်တော်ရော၊ ကိုကြည်သိန်းပါ စိတ်မကောင်း ဖြစ်မိကြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးမှ စီရင်ချက် (Judgement) ချမှတ်သောအခါ တရားခံဖော်ဦးခန့်တစ်ယောက်တည်းသာ ပြစ်ဒဏ်ချမှတ်ခံရသည်ကို တွေ့ရသည်။

စခန်းမှူးကခေါ်သဖြင့် သွားကြသည်။ ကျွန်တော်က ဆရာကျော်၏နှာခေါင်းပေါ်မှ မှဲ့ကြီးကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်သည်။ ဆရာကျော်ကမူ ကျွန်တော်တို့နှစ်ယောက်ကိုခေါ်ပြီး 'ဦးရှုံစားနဲ့ ဦးဒိန်းဒေါင်'ဟု နောက်ပြောင်နေခဲ့သည်။ ဘောင် ဝင်ပြီးသား သေမှုသေခင်းကို ကျားကုတ်ကျားခဲ လုပ်ခဲ့ကြ၍ဖြစ်သည်။ ဒီအမှုနှင့် ပတ်သက်ပြီး ဆရာကျော်က သံဝေဂစကား လေးများ ပြော နေပါသေးသည်။


"ဘီယာဖြစ်ဖြစ်၊ အရက်ဖြစ်ဖြစ်ဆိုးကျိုးချင်းက အတူတူပဲနော်"

**တိုးမြင့်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# နွေသစ္စာ

ချောယဉ်ချစ်

တရိပ်ရိပ်ပြေးနေသောကား...


ကားက ခရီးသည်တင်အဝေး ပြေးကား။

အဲယားကွန်းဖွင့်ပေးထား၍ အလုံပိတ်ကားထဲတွင် ဆောင်းကာလအရသာက အလိုလိုပေါ်လာသည်။

ဆောင်းကာလ၏အရသာကို ဖန်တီးပေးထား၍ ခရီးသည်များမှာ ပင်ပန်းစိတ်များ ပျောက်နေခဲ့ကြသည်။

အဝေးပြေးခရီးသည်တင်ကားထဲတွင် ခုံအပြည့်၊ နေရာအပြည့်။ အချို့က မိသားစုလိုက်၊ အချို့က အပေါင်းအဖော် သူငယ်ချင်းများနှင့်။ အချို့က စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့်။

အဖော်နှင့် ခရီးသွားလာနေကြသူများက ကားထဲတွင် စကားတပြောပြောနှင့်။ အကျယ်ကြီးတော့ မဟုတ်။ ယာဉ်မောင်းက ခရီးသည်များ အပန်းပြေစေရန် ကားကြီးအတွင်း ဒရိုင်ဘာ၏နောက်ကျောဘက်၌ တပ်ဆင်ပေးထားသော တီဗွီမှ ဗွီဒီယိုဇာတ်လမ်းကို ဖွင့်ပြနေသည်။



တီဗွီစက်ကို ရှေ့၌မတပ်ဆင်ဘဲ ဒရိုင်ဘာ၏နောက်ကျော၌ တပ်ဆင်ပေးထားခြင်းမှာ ကားမောင်းနေသော ဒရိုင်ဘာ၏စိတ်ကို ရှုပ်ထွေးမှု၊ အာရုံလစ်ဟင်းမှု မရှိစေရန်အတွက်ဖြစ်သည်။

မောင်းနှင်နေသောကားက ကန့်သတ်မိုင်နှုန်း (၆၀)ထက် မလျှော့ဟု ထင်ရသည်။ တစ်ချိန်သောကာလက ရန်ကုန်-မန္တလေး ခရီးသည်တင် အဝေးပြေးကားကြီးများသည် မိုင် (၁၀၀)ကျော်ထိ မောင်းကြသည်။ ယာဉ်မတော်တဆမှုနှင့် လူအသေအပျောက်တွေများလာသည့်အတွက် သက်ဆိုင်ရာမှ ကန့်သတ်လိုက်သဖြင့် ယခုကဲ့သို့ မိုင်(၆၀)နှုန်းဖြင့် မောင်းနေခြင်းဖြစ်သည်။

ကားကြီးထဲတွင် အဖော်မပါဘဲ တစ်ဦးတည်းလိုက်လာသည့် နွေသစ္စာဆိုသော မိန်းမလှလေးမှာ ရင်ထဲတွင် အပူမီးများတောက်လောင်နေ၍ ကားကြီးထဲမှ အအေးဓာတ်က သူမ၏အပူကို ကူညီငြိမ်းသတ်နိုင်စွမ်းမရှိခဲ့ပေ။

နွေသစ္စာ၏အသက်မှာ (၃၅) နှစ်ကျော်ရုံသာရှိသေးသည်။

နွေသစ္စာသည် ရန်ကုန်

www.burmeseclassic.com

တက္ကသိုလ်တွင် ပညာသင်ကြားနေဆဲ နောက်ဆုံးနှစ်ကျောင်းသူဖြစ်၏။

သူမသည် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့ဇာတိဖြစ်သည်။ မိဘနှစ်ပါးမှာ တောင်သူလယ်သမားဖြစ်သည်။ လယ်ဧက ၃၀ တွင် စပါးစိုက်ပျိုးပြီး နို့စားနွားကောင်ရေ (၅၀)ခန့် မွေးမြူထား၍ လူချမ်းသာစာရင်းဝင်ဖြစ်သည်။ နွေသစ္စာတွင် အစ်ကိုနှစ်ယောက်၊ ညီမနှစ်ယောက်ရှိသည်။

အစ်ကိုနှစ်ယောက်မှာ မိဘများနှင့်အတူ လယ်ယာလုပ်ကိုင်ရင်း ငါးမွေးမြူသည်။ ဒုတိယအစ်ကိုက လယ်ယာလုပ်ကိုင်ရင်း ဥစားကြက်မွေးသည်။ ညီမနှစ်ဦးတို့က ပညာသင် အထက်တန်းကျောင်းသူများဖြစ်သည်။

နွေသစ္စာ၏ မိဘအသိုင်းအဝိုင်းသည် ရိုးသားစွာလုပ်ကိုင်စားသောက်ကြသူများဖြစ်၍ အပူအပင်ကင်းလှသည်။ ဘာသာတရားကိုလည်း ကိုင်းရှိုင်းသည်။ အနောက်တိုင်းယဉ်ကျေးမှုကို နှစ်သက်ကြသူများမဟုတ်။ မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်သော်လည်း အရက်သေစာကင်းသည်။ ရံဖန်ရံခါမျှသာ သောက်တတ်ကြသည်။

နွေသစ္စာမှာ ငွေကြေးပြည့်စုံသူ မိသားစုအတွင်းမှ ဆင်းသက်



လာသူဖြစ်၍ အခက်အခဲနှင့် ဘဝတစ်ခု၏ ရုန်းကန်ကြိုးစားရပုံများကို နားလည်သူမဟုတ်။

နွေသစ္စာသိသည်မှာ အလှဆုံး၊ ခေတ်အဆန်းဆုံးသော အဝတ်အထည်ကို ထည်လဲဝတ်မည်၊ ရွှေငွေ၊ ရတနာ အမြဲပြည့်စုံနေရမည်။ ငွေကိုလိုသလို သုံးစွဲနိုင်ရမည်။

သို့သော် သုံးစွဲသောငွေကို မည်သို့ရှာဖွေရသည်ကို သူမက လုံးဝမသိ။ လိုချင်သောပစ္စည်းကို လိုချင်သည့်အချိန်တွင် ဝယ်ယူနိုင်ရမည်၊ စားချင်သည့် အစားအစာကို စားချင်သည့်အချိန်တွင် စားနိုင်ရမည်။

နွေသစ္စာက ကြော့ကြော့မော့မော့နေ၍ ငွေကိုလိုသလို သုံးနိုင်သူဖြစ်ရမည်။ ငွေနှင့်နွေသစ္စာ ပြတ်၍မရ။ လက်ထဲတွင် ငွေရှိမှ စိတ်ရွှင်တတ်သူဖြစ်သည်။

နွေသစ္စာက ထိုသို့ စိတ်တိုင်းကျ နေထိုင်နိုင်ရန်အတွက် ချမ်းသာသူ၊ ငွေကြေးနေဥစ္စာ ပြည့်စုံသူသာဖြစ်လိုသည်။ နွေသစ္စာ အကြောက်ဆုံးမှာ မရှိဆင်းရဲခြင်းပင်ဖြစ်သည်။

နွေသစ္စာက လမ်းဘေးတွင် ရောင်းချသော အစားအသောက်ကို အထင်သေးသည်၊ ရွံရှာသည်။ မတတ်သာ၍ စားမိသည့်အခါ ၎င်းမကြိုက်သော အစာဖြစ်နေလျှင် မည်သူ့ကိုမျှ အားနာစိတ်မထားပေ။ သတ်မှတ်ငွေကြေးကို ပစ်ချထားခဲ့ပြီး ဘာမှမပြောဘဲ ထွက်သွားတတ်သည်။

အရှင်းဆုံးဆိုရသော် နွေသစ္စာသည် လောကဓံအကြောင်းကို သိသူမဟုတ်။ သူမ သိသည်မှာ အဆင့်မြင့်မြင့်နှင့် ချမ်းချမ်းသာသာ နေလိုမှုသာဖြစ်သည်။

အချို့ကမူ သူမကို ဘဝမေ့သူ၊ အောက်ခြေလွတ်သူဟု ကဲ့ရဲ့ကြသည်။

နွေသစ္စာကလည်း ကဲ့ရဲ့ခံထိုက်သူဖြစ်၏။ သူမ၏ အပေါင်းအသင်း သူငယ်ချင်းများထဲတွင်

www.burmeseclassic.com



ဆင်းရဲသူကို အပေါင်းအဖော်မလုပ်။ ချမ်းသာသူနှင့် ရာထူးဂုဏ်ဒြပ်ကြီးသူများ၏ သားသမီးများနှင့်သာ အပေါင်းအသင်းလုပ်လေ့ရှိသည်။

တကယ်တော့.....

နွေသစ္စာ၏မိဘများသည် ကုမ္ပဏီပိုင်ရှင်များ၊ ကုန်သည်ကြီးများ၊ ရာထူးဂုဏ်ရှိန် ကြီးမားသူများမဟုတ်။ မြန်မာ့မြေပေါ်တွင် မြေကြီးကို အမှီသဟဲပြုရသော ကုန်ထုတ်လုပ်သူများသာဖြစ်သည်။ ထုတ်လုပ်ကုန်ကြောင့် ငွေကြေးပြည့်စုံသူများဖြစ်ခဲ့ကြသည်။

လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းသည် ရာသီဥတုပေါ်လည်းမှီခိုရသည်။ ရာသီဥတုဖောက်ပြန်၍ မိုးခေါင်လျှင် အပျက်အစီးများသည်။ ရေကြီးလျှင် မွေးမြူရေးငါး၊ ပုစွန်တို့ မွေးမြူရေးကန်ထဲမှ ရေစီးရာသို့ လိုက်ပါသွားတတ်သဖြင့် အရှုံးပေါ်တတ်သည်။

နွေသစ္စာက မြေကြီးနှင့် ရာသီဥတုကို မှီခိုရသော အလုပ်မျိုးကို စိတ်မဝင်စားပေ။ ပုံမှန်ငွေကြေး စီးဆင်းလည်ပတ်သော အလုပ်မျိုးကိုသာ စိတ်ဝင်စားသည်။ ဘွဲ့ရလျှင် လခစားအလုပ်ကိုလည်း စိတ်မဝင်စား၊ မိဘမျိုးရိုးလုပ်ငန်းကိုလည်း စိတ်မဝင်စားခဲ့ပေ။

နွေသစ္စာ၏အတွေးက စီးပွားရေးအတွက်သချ်ာတွက်ကိန်းထဲတွင် ရှိနေသည်။ သူငယ်ချင်းများနှင့် တွေ့သည့်အခါတိုင်း သူမ၏ သဘောထားကို ထုတ်ဖော်ပြောပြလေ့ရှိသည်။

"တို့လိုမိန်းကလေးတွေကို သဘာဝတရားက ဖန်တီးရှင်တွေအဖြစ်နဲ့ မွေးဖွားပေးခဲ့တာ"

"နွေသစ္စာ နင်ဘာကိုဆိုလိုချင်တာလဲ"

"ယောကျ်ားလေးနဲ့ မိန်းကလေးမှာ တို့မိန်းကလေးတွေကိုသာ သဘာဝတရားက ဘုန်းကံရှင်အဖြစ် ဖန်တီးခဲ့တာ"



"ဟာ.....နင်ကလည်း ယောကျ်ားနဲ့မိန်းမ နှိုင်းယှဉ်လို့မရတာတွေ အများကြီးရှိတယ်၊ စွမ်းအားသတ္တိမှာ တို့ထက်သာတယ်"

"ဟင်.....နင်က မိန်းမသားဖြစ်ပါလျက် မိန်းမသားတွေကို အထင်သေးတဲ့စိတ်ရှိတယ်"

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၏မြောက်ဘက်၊ အင်းယားကန်စပ်ရှိ စားသောက်ဆိုင်တွင် စုဝေးစားသောက်နေကြရင်း ပညာသင်ဖက်များနှင့် အငြင်းအခုံဖြစ်နေခဲ့ခြင်းဖြစ်၏။

"မိန်းမတို့၏ဥစ္စာသည် ရုပရုပ်ဖြစ်၍ ယောကျ်ားတို့၏ဂုဏ်အင်္ဂါသည် ဥစ္စာဓနပြည့်စုံခြင်းတဲ့"

နွေသစ္စာ၏အမြင်ကို သန္တာခိုင်က လက်မခံပေ။

"သူ့နေရာနဲ့ သူ့တန်ဖိုးပါဟာ"

"နင်ကလည်း ငါ့စကားကို အလေးအနက်မထားချင်ဘူး၊ လောကမှာ ဖိုနဲ့မဟာ အချိန်တန်ရင် ကြင်ဖော်ဖွဲ့ပြီး ဘဝတစ်ခုကို ထူထောင်ရတာ ဓမ္မတာမဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒါက လူသားမျိုးနွယ် မပျောက်ပျက်ရေး၊ မျိုးဆက်သစ်နဲ့ လူ့ဘဝကို ထိန်းသိမ်းဖို့ လူသားတာဝန်တစ်ရပ်ပဲလေ"

www.burmeseclassic.com

နံဘေးတွင် ငြိမ်၍နားထောင်နေသော ခင်မြတ်ထွေးက သူမ၏ အမြင်ကို ဝင်ပြောလိုက်သည်။

"ဒီမှာ တို့လိုမိန်းကလေးတွေဟာ သူဌေးနဲ့ယူရင် သူဌေးကတော်၊ ရာထူးရှိတဲ့သူနဲ့ယူရင် အရာရှိကတော်ဆိုပြီး ချက်ချင်းဘဝပြောင်းနိုင်တယ်၊ လင့်လုပ်စာကို အသင့်ထိုင်စားရုံပဲ"

"ကောင်မ ထိုင်စားရုံနဲ့ ပြီးမှာလား"

မြမြနှင်း၏ အရွှန်းဖောက်စကားကြောင့် အားလုံးက ပြုံးစိစိဖြင့် နွေသစ္စာကို ဝိုင်းကြည့်ကြသည်။

"ကဲ.....ငါပြောချင်တာ အဲဒါပဲ၊ တို့လိုမိန်းကလေးတွေက အဆင့်ရွေးပြီး ဘဝကို မြှင့်တင်နိုင်တဲ့အခွင့်အရေးရှိတယ်၊ ယောကျ်ားသားမှန်သမျှက သူ့ခွန်၊ သူ့အားနဲ့ လုပ်ကိုင်ရှာဖွေကျွေးရင်း ဘဝကို တည်ဆောက်ရတယ်၊ သူတို့မှာ ချက်ချင်း အဆင့်ခုန်တက်ဖို့ ရွေးချယ်နိုင်တဲ့ အခွင့်အရေးမရှိဘူး"

"တော်ပြီဟာ၊ နင့်အယူအဆကို လက်မခံဘူး၊ တစ်ခုပဲ သတိပေးချင်တယ်"

သန္တာခိုင်က သတိပေးစကားဆိုသည်။

"လင်စံရွေးမှားရင် လင်ခွေးနဲ့ညားတတ်တယ်တဲ့၊ အမြင့်မှန်းလွန်းရင် အကျနာတတ်တယ်"

တစ်ချိန်သော အတိတ်ကာလတစ်ခုဆီက စကားများသည် နွေသစ္စာ၏နားထဲသို့ ရိုက်ခတ်ဝင်ရောက်လာသည်။

နွေသစ္စာက အတွေးဖြင့် ခေါင်းကိုယမ်းရင်း အတိတ်မှပုံရိပ်များကို မောင်းထုတ်ပစ်လိုက်၏။ နွေသစ္စာ၏ရင်ထဲတွင် အပူမီးက နေဆယ်စင်းထက်မက ပူလောင်လိုက်ကျွမ်းနေခဲ့၏။

ခရီးသည်တင် အဝေးပြေးကားကြီးက သူ့တာဝန်အတိုင်း မောင်းနေဆဲ၊ ပြေးနေဆဲ။

နွေသစ္စာ၏ အတွေးများကလည်း ရစ်ဝဲနေဆဲ၊ လိုက်ပါနေမြဲဖြစ်သည်။ ရင်ထဲမှ အပူမီးတို့ ပေါက်ကွဲပွင့်ထွက်မှု မရှိစေရန် နွေသစ္စာက ဟန်ဆောင်ထိန်းထားရင်း မျက်လုံးကို စုံမှိတ်ထားလိုက်မိသည်။

♛♛♛♛♛

"ဟယ် နွေသစ္စာ၊ အကြောင်းမကြားဘဲနဲ့ ရောက်လာပါလား"

ပြင်ဦးလွင်မြို့ ပြည်တော်သာရပ်ကွက်တွင် နေထိုင်သော မြမြနှင်း၏အိမ်သို့ နွေသစ္စာက ရုတ်တရက် ရောက်သွားသည်။

သီတင်းကျွတ်ကာလ ကျောင်းပိတ်ရက်တွင် မိဘရပ်ထံ ပြန်ရောက်နေသည့် မြမြနှင်းမှာ ကြိုတင်အကြောင်းကြားထားခြင်းမရှိဘဲ ရောက်လာသော နွေသစ္စာကြောင့် အံ့အားသင့်သွားခဲ့ရ၏။

"လာ.....အိမ်ထဲဝင်"

အိမ်ထဲသို့ရောက်သည်နှင့် နွေသစ္စာမှာ မြမြနှင်းကိုဖက်ပြီး ရှိုက်ကြီးတငင် ငိုလေတော့၏။ မြမြနှင်း၏အိမ်တွင် မြမြနှင်းတစ်ဦးတည်းသာရှိ၍ တော်ပါတော့၏။

"သူငယ်ချင်း၊ ဘာဖြစ်လာတာလဲ"

"သန္တာခိုင်က သတိပေးခဲ့တာ မှန်နေပြီ သူငယ်ချင်း"

"သန္တာခိုင် ဘာပြောခဲ့တာလဲ"

"နင်တို့နဲ့ငါ ဝိုင်းထိုင်ကြတဲ့ စားသောက်ဆိုင်မှာ ပြောခဲ့တာလေ လင်စံရွေးမှားရင် လင်ခွေးနဲ့ညားတယ်ဆိုတာလေ"

"ဪ.....မှတ်မိပြီ"

မြမြနှင်းက စိတ်မကောင်းခြင်းများစွာဖြင့် သူငယ်ချင်းဖြစ်သူကို ချော့မော့ရင်း အားပေးစကားပြောခဲ့ရသည်။

"ငါလည်း ဂျာနယ်မှာသတင်းဖတ်မိပြီးပါပြီ၊ ငါလည်း ရွေးပြီး စိတ်မကောင်းဖြစ်မိတယ် အထူးသဖြင့် နင့်အတွက်ပေါ့"

www.burmeseclassic.com

"နင်လည်း သိပြီးပြီကိုး"

"ဟုတ်တယ် သူငယ်ချင်း၊ …နယ်မှာ အကျယ်တဝင့်ပါလာတဲ့ …တင်းကြောင့် နင့်အတွက် စိုးရိမ် …ခဲ့ရတာ"

"နင်လည်း သိပြီးသားပဲ၊ …မအကြိမ် မှုခင်းနဲ့သတင်းစုံဂျာ …ယ်မှာ ရန်ကုန်မြို့တွင်းမှာ လူငယ် …ယောက်နဲ့ အမျိုးသမီးတစ် …ယာက်ကို စိတ်ကြွရူးသွပ်ဆေး …း နှစ်သိန်းကျော်နဲ့ သယ်ဆောင် …တဲ့ ကိုယ်ပိုင်ကားကို ဖမ်းမိ …ယ်လို့ ဖတ်လိုက်ရတယ်"

"ဟုတ်လား၊ အဲဒီ ပထမ …တင်းကိုတော့ မဖတ်လိုက်ရဘူး၊ …က်သတင်းကျမှ နွေဦးမောင်ရဲ့ …မ္ပဏီရုံးခန်းထဲက စိတ်ကြွရူးသွပ် …းပြား နှစ်သိန်းကျော်နဲ့ ဘိန်း …တွေ ထပ်ပြီးဖမ်းမိတာ သိလိုက် …တယ်"

"နွေဦးမောင်က သူ့အဖေရဲ့ …မ္ပဏီမှာ အုပ်ချုပ်မှုဒါရိုက်တာ …၊ သူ့အဖေက ကုမ္ပဏီပိုင်ရှင် …ိုက်တာကြီးပေါ့"

"အဲဒီကိစ္စကြောင့် နင့်ကိုပါ …ာ်ခတ်မှုရှိလား"

"ငါနဲ့နွေဦးမောင်တို့ လာမယ့် …မှာ လက်ထပ်ဖို့ စီစဉ်ထားတယ် …၊ နွေဦးမောင်က ငါနေဖို့ တိုက် …တစ်ခန်းနဲ့ စီးဖို့ကားတစ်စီးဝယ် …ထားတယ်"

"အဲဒီကိစ္စ တို့သိပါတယ်၊ နင့် အတွက် တို့က ဝမ်းသာနေကြတာ၊ နင်ပြောဖူးတယ်လေ၊ လင်ရွေးမှန် ရင် ချက်ချင်းဘဝပြောင်းနိုင်တယ်၊ ထိုင်စားရုံပဲဆိုတဲ့စကားလေ"

မြမြနှင်းက သတိထားမိ… ရန် ပြန်ပြောပြသည်။ ထိုစကားက… ပင်လျှင် နွေသစ္စာ၏ အတွေးအခေါ် ကို လှောင်ပြောင်သလို ဖြစ်သွားခဲ့ သည်။

မြမြနှင်းက ချက်ချင်းတောင်း… ပန်လိုက်ရသည်။

"စိတ်မဆိုးနဲ့နော်၊ နင်သတိ… ရအောင် ပြန်ပြောမိတာပါ"

"စိတ်မဆိုးပါဘူး၊ အခု နင့် ဆီ ငါရောက်လာတာဟာ ငါ့ရင်ထဲ… က အပူမီးတွေကို သက်သာစေဖို့ ပဲ"

"နင် အခု ဘာလုပ်မလဲ"

"ငါ ဘာလုပ်ရမှန်းမသိတော့ ဘူး၊ ငါ့အဖေနဲ့အမေတို့သာသိရင် ရှက်ပြီးသေသွားနိုင်တယ်"

"နင်စီးတဲ့ကားနဲ့ တိုက်ခန်း… ကိစ္စ ပြောပြဖူးလား"

"ဟင့်အင်း၊ မပြောပြခဲ့ဘူး၊ အတိအလင်း လက်ထပ်မှ အံ့သြ… သွားအောင် ထုတ်ပြောမယ်လို့ စိတ်ကူးပြီး မပြောဘဲနေခဲ့တာ၊ မပြောမိလို့ တော်သေးတာပေါ့"

"လက်ရှိအခြေအနေကိုပြော… ပါဦး"

မြမြနှင်းက မေးလိုက်သည်။

"နွေဦးမောင်အပါအဝင် တစ် မိသားစုလုံးကို ဖမ်းထားတယ်၊ သူ တို့မိသားစုက အဲဒီအလုပ်နဲ့ ကြီး ပွားလာကြတာတဲ့၊ သူတို့မှာ ကုမ္ပဏီရုံးခွဲသုံးခုရှိတယ်၊ ကုန်ကား အစီး(၅၀)လောက်ရှိတယ်၊ အဲဒီ ကားတွေနဲ့ အသယ်အပို့လုပ်တာ တဲ့"

"ဟယ်.....လုပ်ငန်းကြီးတွေ ချည်းပါပဲလား"

"ဟုတ်တယ်၊ ရန်ကုန်မြို့ထဲ မှာလည်း စူပါမားကက်နှစ်ခုရှိသေး တယ်၊ အဲဒါတွေက မူးယစ်ဆေးဝါး ရောင်းဝယ်ရာက ရတဲ့ငွေနဲ့ ဝယ် ထားတာတဲ့၊ ဘဏ်မှာအပ်ထားတဲ့ ကျပ်ငွေသိန်းပေါင်း ငါးသောင်း ကျော်ကိုလည်း သိမ်းဆည်းခံရ တယ်"

"နင့်အနေနဲ့ သူတို့ အဲဒါလုပ် တာ မသိဘူးလား"

"ငါလုံးဝမသိဘူး၊ အမှုဖြစ် တော့မှ နွေဦးမောင်မှာ မိန်းမသုံး ယောက်ရှိတယ်၊ အဲဒီမိန်းမတွေကို တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ အလှ ပြင်ဆိုင်တစ်ဆိုင်စီ ဖွင့်ပေးထား တယ်လို့ သိရတယ်"

မြမြနှင်းမှာ ပါးစပ်ဟောင်း လောင်းဖြစ်သည်အထိ အံ့အားသင့် သွားခဲ့ရသည်။ ပြီးမှ နွေသစ္စာ အတွက် ပူပန်ပြီး မေးကြည့်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com





“နင့်ပစ္စည်း၊ နင့်အိမ်နဲ့ ကား ကရော”

“နွေဦးမောင်က မူးယစ်ဆေးဝါးရောင်းဝယ်ရာက ရရှိတဲ့ငွေနဲ့ ဝယ်ပေးထားတာပါလို့ ထွက်ဆိုလို့ ရဲက သိမ်းထားတယ်၊ ငါ့ကိုလည်း ခေါ်ယူစစ်ဆေးတယ်၊ နှစ်ပတ်လောက်ကြာတယ်၊ သူ့လုပ်ငန်းနဲ့ ကင်းရှင်းကြောင်း အထောက်အထားခိုင်လုံလို့ ခံဝန်နဲ့ပြန်လွှတ်ပေးခဲ့တယ်”

“ခံဝန်ဆိုတာ ဘာလဲသူငယ်ချင်း”

“သက်ဆိုင်ရာက လိုအပ်လို့ ခေါ်ရင် လာပါ့မယ်ဆိုတဲ့ ခံဝန်ချက်ပေးရတယ်၊ နွေဦးမောင်နဲ့ မိသားစုတစ်စုလုံးဟာ ထောင်ထဲမှာပဲ နှစ်ရှည်နေရလိမ့်မယ်လို့ ပြောတဲ့သူတွေရှိတယ်”

မြမြနှင်းက နွေသစ္စာအပေါ် စိုးရိမ်ပြီး မဝံ့မရဲဖြင့် မေးခဲ့မိပြန်သည်။

“နွေဦးမောင်နဲ့ပတ်သက်လို့ နင့်မှာ.....”

မြမြနှင်းက အားနာ၍ စကားကို ရပ်ထားလိုက်၏။ နွေသစ္စာက အရင်းနှီးဆုံးမို့ အပွင့်လင်းဆုံးပြောပြလိုက်၏။

“သူ့ရင်သွေး ငါ့မှာလုံးဝမရှိပါဘူး”

“တော်သေးတာပေါ့ သူငယ်ချင်းရယ်၊ ကဲ.....ငါ့အိမ်မှာကြိုက် သလောက်နေ၊ ကြိုက်သလိုနေ ဟုတ်ပြီလား၊ သူငယ်ချင်းကောင်း အနေနဲ့ စောင့်ရှောက်ပေးမယ်”

နွေသစ္စာမှာ မြမြနှင်းအိမ်သို့ ရောက်လာမှ သူမ၏ရင်ထဲမှ အ မီးကို အနည်းငယ် လျှော့ချနိုင်ခဲ့ သည်။ မြမြနှင်းက နွေသစ္စာ၏ စိတ်များ ပုံမှန်ဖြစ်လာစေရန် နေ စုံသို့ လိုက်လံပို့ဆောင်ပေးခဲ့၏။

♛♛♛♛♛

“တီ.....တီ.....တီ...တီ”

ပြင်ဦးလွင်မြို့၊ မြမြနှင်း၏နေ အိမ်၌ရှိနေစဉ် နွေသစ္စာကိုင်ဆောင် ထားသော လက်ကိုင်ဖုန်းက မြည် လာသည်။

“ဟယ်လို.....ဖေဖေလား သမီးပါ”

ဖုန်းနံပါတ်ကိုကြည့်ရုံနှင့် နွေသစ္စာက သူမ၏မိဘအိမ်မှဖုန်းမှန်း သိလိုက်သည်။

“သမီး အခုကျောင်းပိတ်ရက်လေ၊ အိမ်ကိုဘာဖြစ်လို့ပြန်မလာတာလဲ”

“ဟုတ်ကဲ့ ဖေဖေ၊ သမီးရဲ့ သူငယ်ချင်း မြမြနှင်းအိမ်ရှိတဲ့ ပြင် ဦးလွင်မြို့ကို အလည်လိုက်သွားလို့ပါ”

“သမီးဘာဖြစ်လို့ ဖေဖေတို့



www.burmeseclassic.com

www.burmeseclassic.com

ကို ကြိုမပြောတာလဲ၊ သမီးလာယ့်ရက်က သမီးမေမေက သမီးကြိုက်တဲ့ဟင်းတွေ ချက်ထားတယ်၊ သမီးက ပစ္စည်းဟောင်းမသုံးလို့ သမီးအတွက် အိပ်ရာအခင်းအနားအပြည့်အစုံ ထပ်ဝယ်ထားတယ်"

အမြင့်ကိုမှ လှမ်းလိုသော နွေသစ္စာမှာ မိဘနှစ်ပါးက သူမစိတ်ကြိုက် စီစဉ်ပေးထားသည်ကို သိလိုက်ရသဖြင့် အလိုလို မျက်ရည်ကျခဲ့ရသည်။

ဖုန်းကို လက်မှကိုင်ထားလျက် နွေသစ္စာမှာ မည်သည့်စကားမှ ပြန်မပြောနိုင်အောင်ဖြစ်သွားခဲ့၏။

"သမီး အိမ်ကိုဘယ်တော့ပြန်လာမှာလဲ"

ဖခင်ဖြစ်သူ၏အမေးကို နွေသစ္စာ မဖြေနိုင်ခဲ့။ နွေသစ္စာ၏လက်ထဲမှဖုန်းကို မြမြနှင်းက ဆွဲယူပြီး ဖြေလိုက်ရ၏။

"ဘဘ သမီး မြမြနှင်းပါ၊ မှတ်မိလား"

"မှတ်မိတယ် သမီး"

"သမီးက နွေသစ္စာကိုအတင်းခေါ်ခဲ့လို့ သူလိုက်လာတာပါ၊ နွေသစ္စာနဲ့အတူ သမီးပါလိုက်ခဲ့မယ်နော်"

မြမြနှင်းက လေပြည်ဖြင့် ဝင်ပြောခဲ့၍ နွေသစ္စာ၏ဖခင်မှာ စိတ်ချသွားဟန်ဖြင့် ဖုန်းချသွားခဲ့၏။

"ကဲ.....သူငယ်ချင်း၊ ဘယ်လိုလုပ်မလဲ"

"ငါ အိမ်ကိုမပြန်ချင်ဘူး"

"ဘာဖြစ်လို့"

"အပူမီးအမျိုးမျိုးကြောင့်ရယ်၊ ဟိုလေ နွေဦးမောင်ကို အလိုလိုက်ခဲ့တာကြောင့် ငါ့ရုပ်ရည်ကိုလည်း ကြည့်ပါဦး"

မြမြနှင်းက ဂရုတစိုက်ကြည့်မှ ရုပ်ရည် ယုတ်လျော့နေသော အဖြစ်ကို သတိထားမိလိုက်သည်။ မြန်မာ့ယဉ်ကျေးမှုကို မေ့ထားပြီး အနောက်တိုင်းလူနေမှုကို အားကျခဲ့သည့် နွေသစ္စာ၏ အထီးကျန်ဘဝပုံရိပ်ကို မြမြနှင်းက ပို၍သတိထားမိခဲ့၏။

"တီ.....တီ.....တီ"

ညပိုင်း၌ပင် ဖုန်းမြည်သံက ပေါ်လာပြန်သည်။ မြမြနှင်းကယူကိုင်ရင်း နားထောင်လိုက်၏။

"နွေသစ္စာလား"

"မဟုတ်ပါဘူး၊ မြမြနှင်းပါ"

"ဟဲ့...မြမြနှင်း ငါပါ၊ သန္တာခိုင်လေ"

"ဟယ်.....နင်ဘယ်ကဆက်နေတာလဲ"

"ငါ ပဲခူးကဆက်နေတာ၊ နွေသစ္စာ သူ့အိမ်ပြန်သွားတယ်ထင်ပြီး ညောင်လေးပင်ရောက်တုန်း သူ့အိမ်ကို ဝင်သွားခဲ့တယ်"

"ဟုတ်လား၊ ဘာထူးလို့လဲ"



www.burmeseclassic.com

"ပြောရမှာတော့ ဝမ်းနည်းစရာပဲ၊ နွေသစ္စာရဲ့အမေနဲ့အစ်ကိုက ရန်ကုန်ကို ကုန်ပို့ရင်း နွေသစ္စာဆီ သွားတွေ့တယ်တဲ့"

"ဟုတ်လား၊ အဲဒီတော့...."

နွေသစ္စာက မြမြနှင်း ဖုန်းပြောနေသည်ကို လှမ်းကြည့်နေ၏။ မြမြနှင်းက နွေသစ္စာ မသိသင့်သော သတင်းစကားများ ဖြစ်နေမလားဟူသောအတွေးဖြင့် အသံခပ်အုပ်အုပ်ဖြင့် မေး၊ ပြောနေခဲ့သည်။

မြမြနှင်း ထင်သည့်အတိုင်း သတင်းဆိုးကို ကြားလိုက်ရ၏။

"နွေသစ္စာအကြောင်း သူ့အမေနဲ့ အစ်ကိုတို့ သိသွားကြပြီ၊ သူ့အမေက ကြေကွဲမဆုံးဖြစ်ပြီး ရွာကိုပြန်သွားတယ်၊ ရွာအရောက်မှာ သူ့အစ်ကိုကပြောပြလို့ တစ်အိမ်လုံးသိသွားတယ်"

မြမြနှင်းက သတင်းဆိုးကို ထပ်မကြားပါရစေနှင့်ဟုဆုတောင်းရင်း နားထောင်နေခဲ့၏။

"အဲဒီတော့ ဘာဖြစ်သလဲ သူငယ်ချင်း"

"သူ့အမေက နှလုံးရောဂါအခံရှိတော့ မနေ့ကပဲ အိမ်မှာဆုံးသွားတယ်၊ ညောင်လေးပင်မှာပဲ သင်္ဂြိုဟ်လိမ့်မယ်၊ အဲဒီသတင်းပြောချင်လို့ပါ"

"ဟုတ်ပြီသူငယ်ချင်း၊ ငါထပ်ဆက်မယ်၊ နင်အခုဘယ်မှာလဲ"

"ပဲခူးမှာပဲ၊ နင်နဲ့နွေသစ္စာလာရင် ညောင်လေးပင်ကို လိုက်ခဲ့မယ်"

မြမြနှင်းက ဖုန်းချပြီးသည်နှင့် သက်ပြင်းပူကို မှုတ်ထုတ်သည်။ ယခုကိစ္စက မပြော၍မဖြစ်။ နွေသစ္စာ ညောင်လေးပင်သို့ပြန်သွားလျှင် အစ်ကိုနှင့် ဆွေမျိုးများ၏ အမုန်းစိတ်ကြောင့် ကြေကွဲစရာတွေက ထပ်ပြီးကြုံနိုင်သည်။

မြမြနှင်းက နွေသစ္စာကို ညစာထမင်းကျွေးပြီးမှ ပြောပြရန် ဆုံးဖြတ်လိုက်တော့၏။

♛♛♛♛♛

မြမြနှင်းက နွေသစ္စာကို ၎င်း၏မိခင် အသည်းအသန်ဖြစ်နေ၍ ဆေးရုံသို့တင်ထားရကြောင်းပြောပြပြီး နှစ်သိမ့်မှုဖြင့်အတူ ခေါ်ခဲ့သည်။

ပြင်ဦးလွင်မြို့မှ မန္တလေးသို့ ခရီးသည်တင် ပြင်ဦးလွင်၊ မန္တလေး ကားဖြင့် လိုက်ပါခဲ့ကြ၏။ မန္တလေးသို့ရောက်သည်နှင့် မန္တလေးမြို့တွင် နေထိုင်သော သူငယ်ချင်း ခင်မြတ်ထွေးက ကားဂိတ်မှကြိုခဲ့သည်။

သူငယ်ချင်းသုံးဦး မန္တလေးဘူ တာသို့ ချက်ချင်းသွားခဲ့ကြ၏။

ခင်မြတ်ထွေးက လက်မှ သုံးစောင် ကြိုတင်ဝယ်ယူပေး ၍ အလွယ်တကူ စီးနိုင်ခဲ့ကြသ

ညပိုင်း မန္တလေး–ရန်က အစုန်အမြန်ရထားဖြင့် လိုက် ကြ၏။ တစ်လမ်းလုံး သူငယ်ချ နှစ်ဦးက နွေသစ္စာကို အားပေး သိမ့်ရင်း စိတ်ပျော်ရွှင်အောင် ကြသည်။

ညောင်လေးပင်တွင် ရထ က ခေတ္တသာရပ်သည်။ ပဲခူးမြို့ သန္တာခိုင်က ဘူတာမှကြိုသည်။ ငယ်ချင်းလေးယောက်တို့ ညော လေးပင်မြို့ရှိ နွေသစ္စာ၏နေအိ ချက်ချင်းသွားခဲ့ကြသည်။

နွေသစ္စာ၏ နေအိမ်လမ်း သို့အရောက်၌ အသံချဲ့စက်သံ ကြားရသည်။ နယ်မြို့များတ အလှူမင်္ဂလာပွဲနှင့် အသုဘအ အနားများရှိတိုင်း ဓလေ့ထုံးစံအ အသံချဲ့စက်သုံးကြသည်။

နွေသစ္စာ၏စိတ်ထဲတွင် ခနဲဖြစ်သွားခဲ့၏။

အိမ်ရှိရာသို့ အပြေးသွ သည်။ သင်္ဂြိုဟ်ရန် ပြင်ဆင် သော မိခင်၏အလောင်းကိုတွေ့ သည်နှင့် ဘဝအပူမငြိမ်း သော နွေသစ္စာမှာ အ ကြောင့် ကိုင်ပေါက်ခဲ့ရသ



www.burmeseclassic.com

www.burmeseclassic.com



ပစ်လဲမေ့မြောသွား ခဲ့သည်။

ဖခင်ဖြစ်သူနှင့် အစ်ကိုများ၊ ညီမများ ရောက်ရှိလာပြီး ပွေ့ယူ၍ အိမ်ထဲသွင်းကြသည်။ အချို့က 'အပမှီမည်'ဟုပြောပြီး ရေမန်းနှင့် ပက်သည်။

"ကောင်မ နင့်ကြောင့် အမေ သေရတာ"

သတိပြန်ရစပြုလာသော နွေသစ္စာကို အစ်ကိုအကြီးဆုံးဖြစ်သူက ဒေါသတကြီးဖြင့် ခြေဖြင့်ကန်သည်။ အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။

သြဇာညောင်းသော ဖခင်ဖြစ်သူကြောင့် အစ်ကိုဖြစ်သူများ ငြိမ်ကျသွားခဲ့၏။ ညီမများကလည်း နွေသစ္စာဘက် မျက်နှာမလှည့်ဘဲ မကျေနပ်ချက်ကို ထုတ်ပြခဲ့ကြသည်။

"သမီးမိုက်ကိုသာ သတ်လိုက်ပါ အဖေ"

"ကံတရားပဲ သမီး၊ စိတ်ကိုလျှော့စမ်း"

ဖခင်ဖြစ်သူက ဝမ်းနည်းစိတ်ကိုထိန်းရင်း ပြေငြိမ်းရေးစကားကို ပြောခဲ့သည်။ ဖခင်ဖြစ်သူကြောင့် မည်သူမှ ဒေါသသံဖြင့် ပွဲဆူအောင် မလုပ်ဝံ့ကြပေ။ နွေသစ္စာကို သူငယ်ချင်းတစ်စုက ဖေးမပြီး နှစ်သိမ့်မှု ပေးနေခဲ့ကြရသည်။

အလောင်းအား ညောင်လေးပင်သုသာန်သို့ သယ်ခဲ့ကြသည်။ အသုဘအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသူများက အကျိုးအကြောင်း သိနေကြ၍ နွေသစ္စာကို လူမှုရေးအရ မေးထူးခေါ်ပြောသူပင်မရှိ။

နွေသစ္စာမှာ သူမ၏အမှားကြောင့် တန်ပြန်ရိုက်ခတ်ခံရသည့် ဘဝပေးပြစ်ဒဏ်မှာ ပြင်းထန်လွန်းလှ၏။

"ဟဲ့ကောင်မ နင့်မျက်နှာကို မမြင်ချင်ဘူး၊ ညီမလို့လည်း တို့က မသတ်မှတ်ဘူး"

အစ်ကိုအကြီးဆုံးဖြစ်သူက နွေသစ္စာကို အနီးကပ်ကြိမ်းမောင်းခဲ့သည်။ ဖခင်ဖြစ်သူနှင့် ဆွေမျိုးများရောက်လာပြီး ဝိုင်းထိန်းကြသည်။

"ညီမလေး တို့လိုစိတ်ဓာတ်မျိုးမရှိတဲ့ ညီမကို အစ်ကိုတို့အမုန်းကြီးမုန်းပြီ၊ မိသားစုကို အရှက်ခွဲတဲ့ အမိုက်မ"

အစ်ကိုလတ်ဖြစ်သူက ထပ်မံကြိမ်းပြန်သည်။

နွေသစ္စာအတွက် ကျီးအုပ်ထဲ ရောက်နေသော ဖီးကွက်ငှက်ငယ်လို အော်ထုတ်မောင်းနှင်သံတွေက သောသောညံနေခဲ့၏။

နွေသစ္စာကကားလမ်းအတိုင်း ထွက်ပြေးသည်။

သူငယ်ချင်းတစ်သိုက်က နောက်မှပြေးလိုက်ကြသည်။

နောက်မှလူများလိုက်လာ၍ နွေသစ္စာက ကားလမ်းတစ်ဖက်သို့ ဖြတ်ပြေးသည်။ အရှိန်ပြင်းနှင့် မောင်းနှင်လာသော ကုန်ကားနှင့် ထိပ်တိုက်တိုးခဲ့၏။

ကားသမားက အချိန်မီ ဘရိတ်နင်းသည်။ သို့သော် ကံတရားက နွေသစ္စာကို ညှာတာမှုကင်းမဲ့စွာ မောင်းထုတ်ခြင်းခံလိုက်ရ၏။

"ဟာ....."

"ဟင်....."

လူများ၏ အာမေဋိတ်သံများ။

"သမီး....."

"ညီမလေး....."

"အစ်မ....."

ဒေါသစိတ်ကြောင့် ရှက်စိတ်မွန်ပြီး ညီမအပေါ် ကြိမ်းမောင်းခဲ့ခဲ့သည့် အစ်ကိုများ၊ ညီမများက နွေသစ္စာကို ပြေးပွေ့ကြသည်။

"ညီမလေးရယ်....."

အစ်ကိုကြီးဖြစ်သူက ညီမကို ပွေ့ဖက်ရင်း ယူကျုံးမရဖြင့် မရှက်မကြောက် ငိုခဲ့သည်။ ဒေါသစိတ်၊ ရှက်စိတ်တို့ကြောင့် ညီမအပေါ် အပြစ်တင်ခဲ့သောသူများမှာ သွေးသားရင်းတူသည့် သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပစ်ပစ်ခါခါ မပြုရက်ကြတော့။

ချောင်းကိုပစ်၍ မြစ်ကိုရှာခဲ့မိသော နွေသစ္စာမှာ မျက်ဝါးထင်ထင်တွေ့ကြုံရသော သွေးသားသံယောဇဉ် နှောင်ကြိုးများကြောင့် သူမ၏ အမှားကို ကြီးမားစွာ နှောင်တရခဲ့မိသည်။

အမြင့်ပန်းကိုမှ ပန်ဆင်လိုသော နွေသစ္စာမှာ အမြင့်သို့တက် လှမ်းနေဆဲမှာပင် ပင်မြင့်တစ်ဝက်မှ ပြုတ်ကျခဲ့ရသည်။



သူမ၏ဘဝတွင် ပျက်စီးသွားသောဘဝနှင့် ကျရှုံးသွားသော ဂုဏ်သိက္ခာကို မည်သို့မျှ ပြင်ဆင်ပြုပြင်၍ မရခဲ့တော့ပေ။ သူမကြောင့် ရိုးသားသော မိသားစုတစ်စုလုံး အရှက်ရခဲ့ရသည်။

အရှက်ကြီးပြီး သမီးအပေါ်မျှော်လင့်ချက်ကြီးမားစွာ ထားရှိခဲ့သော မိခင်ကြီးမှာ သူမကြောင့် ကွယ်လွန်ခဲ့ရ၏။

"လန့်ပြီးမေ့သွားတာပါ၊ ကားနဲ့ထိမိရုံလေးပါ"

မျက်မြင်အခြေအနေအရပိုင်း ပြောတော့မှ နွေသစ္စာ၏ သူငယ်ချင်းတစ်စုနှင့်အတူ နွေသစ္စာ၏ ဖခင်နှင့်အစ်ကိုများ၊ ညီမများမှာ စိုးရိမ်စိတ် လျော့ကျကုန်ကြသည်။

"ဖေဖေနဲ့ အစ်ကိုတို့ရယ် ညီမကို ခွင့်လွှတ်ပါ"

မေ့မြောရာမှ သတိပြန်လည်လာချိန်၌ နွေသစ္စာက ဖခင်နှင့် အစ်ကိုများကို လက်အုပ်ချီ၍ တောင်းပန်သည်။

"သားသမီးကို ပစ်ပယ်ရိုးထုံးစံမရှိပါဘူး သမီးရယ်"

ဖခင်ဖြစ်သူ၏ အကြင်နာလွှမ်းသော မေတ္တာစကားကြောင့် နွေသစ္စာမှာ အားအင်သစ်များပြန်ပြည့်လာခဲ့သည်။

သူငယ်ချင်းများဖြစ်ကြသော သန္တာခိုင်၊ ခင်မြတ်ထွေး၊ မြမြနှင်းတို့က နွေသစ္စာကို တွဲထူရင်း အစ်ကိုကြီးဖြစ်သူ၏လက်ထဲ အပ်လိုက်၏။ အစ်ကိုဖြစ်သူ၏လက်ထဲမှ ဖခင်က ဆွဲယူပြီး သမီးဖြစ်သူကို ရင်ခွင်ထဲ၌ ကလေးငယ်လို ပွေ့ပိုက်ထားခဲ့၏။

"ဖေဖေရယ် သမီးဘဝကို အကောင်းဆုံးဖြစ်အောင် ကြိုးစား ပြုပြင်ပါတော့မယ်"

"သာဓုပါ သမီးရယ်၊ သာဓု သာဓု သာဓု"

မိဘ၏ရင်ခွင်အောက်သို့ပြန် လည်ရောက်ရှိ လာသော နွေသစ္စာ၏ ရင်ထဲတွင် အပူမီးများ ကင်းစင်ခဲ့လေပြီဖြစ်၏။

သူငယ်ချင်းတစ်စုတို့ကလည်း နွေသစ္စာကို သင်ခန်းစာယူ၍ အမြင့် လှမ်းလိုစိတ်များကိုပယ်ကာ ထိုက်သင့်သောဘဝဖြင့် လူ့လောကကြီးကို အလှဆင်ရန် ဆုံးဖြတ်ခဲ့ကြ၏။

**ချောပယ်ဦးချစ်**

www.burmeseclassic.com

www.burmeseclassic.com



# အရက်သောက်ရင်း စကားများခဲ့လို့ အိမ်ရှင်က ညှော်သည်ကို သတ်ပြီး ရေတွင်းပျက်ထဲ ပစ်ချမှုကို အိမ်ရှင်ရဲ့ဇနီးက သတင်းပေးခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အတွင်း အရက်အတူသောက်သူ(၂)ဦးတို့ စကားများရန်ဖြစ်ခဲ့ကြပြီးနောက် (၂)ဦးအတူ အပြင်သို့ထွက်သွားခိုက်တွင် အရက်အတူသောက်ခဲ့သည့် တဲပိုင်ရှင်က ဧည့်သည် အမျိုးသားအားသတ်၍ ရေတွင်းပျက်အတွင်းသို့ ပစ်ချထားခဲ့မှုဖြစ်ပွားခဲ့ကြောင်း သတင်း ရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၁၀-၁၁-၂၀၁၄ရက်နေ့ ညနေ ၄နာရီ ၃၀မိနစ်အချိန်က မင်္ဂလာဒုံ မြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ကျိုက္ကလှဲဘုတာနှင့်(၃) ဖာလုံခန့်ဝေးသည့် မီးရထား သံလမ်းဘေး၊ တောအုပ် အတွင်းရှိ ရေကန်ပျက်အတွင်း၌ လူသေအလောင်း တစ်လောင်း တွေ့ရှိကြောင်း မင်္ဂလာဒုံမြို့မရဲစခန်းသို့ သတင်းပေးပို့အကြောင်းကြားမှုရရှိခဲ့သည် ဆို၏။

သတင်းအရ မင်္ဂလာဒုံ မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဝင်းမြင့်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သတင်းရရှိသည့် ရေတွင်းပျက်အတွင်း အသက် (၄၀နှစ်)ခန့်ရှိ အမည်မသိ ဗမာအမျိုးသား အလောင်းတစ်လောင်းအား ရှေ့ ဝဲ/ယာရင်ဘတ်တွင် ထိုးသွင်းဒဏ်ရာ(၅) ချက်၊ ဦးခေါင်း ထိပ်အလယ်တွင် ထက်ခြမ်းကွဲကြေမွဒဏ်ရာ၊ ဝဲဘက်ခါးပြတ်ရှဒဏ်ရာ(၃)ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

သေဆုံးမှုနှင့်ပတ်သက် ၍ ဝတ်ဝန်းကျင်အား စုံစမ်းမေးမြန်းခဲ့ရာ အလောင်းတွေ့သည့်နေရာအနီး တောတွင်း၌ တဲထိုးနေထိုင်သူ မအနန်းအား တွေ့ရှိရ၍ စစ်ဆေးမေးမြန်းရာ ၇-၁၁-၂၀၁၄ ရက်နေ့ ည၇နာရီအချိန်က ၎င်း၏ယောက်ျားဖြစ်သူ ဘစော (၅၃နှစ်)ကျပန်း၊ တံ့တော်လမ်း၊ အပိုင်(၂၇)၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေသူနှင့် အမည်မသိအမျိုးသား တစ်ဦးတို့ ရောက်ရှိလာပြီး တဲပေါ်တွင်အတူတူ အရက်သောက်ခဲ့ကြသည် ဆို၏။

၎င်းတို့နှစ်ဦးအရက် သောက်စဉ် စကားများခဲ့ကြပြီး ည၇နာရီ၃၀မိနစ်အချိန်ခန့် တွင် နှစ်ယောက်အတူ တဲအပြင်သို့ ထွက်သွားခဲ့ကြသည်။ ၈-၁၁-၂၀၁၄ရက်နေ့ နံနက် ပိုင်းတွင် ခင်ပွန်းဖြစ်သူ ဘစော က လူသတ်ထားကြောင်းနှင့် အလောင်းအား ရေတွင်းပျက် အတွင်းသို့ ပစ်ချထားကြောင်း ပြောပြ၍ သိရှိခဲ့ရသည် ဆို၏။

ဒုရဲမှူးဝင်းမြင့်က တရား လိုပြုလုပ်တိုင်ကြားခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်း(ပ)၄၉၁/ ၂၀၁၄၊ ပြစ်မှုပုဒ်မ၃၀၂ ဖြင့် အမှုဖွင့်ပြီး တရားလို/ အမှုစစ်က ပြစ်မှုကျူးလွန်သူဘစောအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိခဲ့သည်။

# လိင်တူချင်း အဓမ္မပြုကျင့်မှုကို ဒဂုံ(အရှေ့)ရဲစခန်းမှာ တိုင်ကြား

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့)မြို့နယ်တွင် နေအိမ်သို့ မပြန်လိုသည့်အတွက် ဘဝတူသဲထမ်းအလုပ်သမား၏နေအိမ်သို့ လိုက်ပါတည်းခိုနေထိုင်သူ သဲထမ်းအလုပ်သမားကို အိမ်ရှင်သဲထမ်းအလုပ် သမားက ဓမ္မတာနှင့်ဆန့်ကျင်သော လိင်တူပြုကျင့်မှုကျူးလွန်ခဲ့၍ ရဲစခန်းက ဥပဒေအရ အရေးယူခဲ့ရကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ လွန်ခဲ့သော တစ်နှစ်ခန့်က သဲထမ်းအလုပ်သမား မောင်----(၂၈နှစ်)သည် ဘဝတူ



www.burmeseclassic.com

www.burmeseclassic.com



သဲထမ်းအလုပ်သမား ဝင်းခိုင်(ခ) ပေါက်ကြီး(၃၃နှစ်)နှင့် ရင်းနှီး ခင်မင်ခဲ့သည်ဆို၏။

ဒဂုံ(အရှေ့)မြို့နယ်၊ (၁) ရပ်ကွက်တွင်နေထိုင်သော မောင်----က ၎င်းနေထိုင်ရာ အိမ်သို့ မပြန်လိုကြောင်း ပြောသဖြင့် ဝင်းခိုင်(ခ)ပေါက်ကြီး (၃၃နှစ်)က ၎င်းနေထိုင်ရာ ကျန်စစ်သားပတ်လမ်း၊(၁) ရပ်ကွက်၊ ဒဂုံ(အရှေ့)မြို့နယ်ရှိ နေအိမ်သို့ လိုက်ပါနေထိုင် ရန်ခေါ်သဖြင့် အတူလိုက်ပါ တည်းခိုနေထိုင်ခဲ့သည် ဆို၏။

ထိုသို့ လိုက်ပါတည်းခိုစဉ် မောင်----နှင့် ဝင်းခိုင်(ခ) ပေါက်ကြီးတို့မှာ နေအိမ်ရှေ့ ခန်း၌ အတူတကွ ညအိပ်ကြရသည်ဆို၏။ ၂၈-၁၀-၂၀၁၄ ရက်နေ့ နံနက်(၂)နာရီအချိန်က အိမ်ရှင် ဝင်းခိုင်(ခ)ပေါက်ကြီးက မောင်----အား အနိုင်အထက်ဖြင့် လိင်တူဆက်ဆံ မှုပြုကျင့်ပြီးနောက် အခြားသူများအား ပြောပြတိုင်ကြားလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်ဆို၏။

ထိုသို့ ပြုကျင့်ခံရပြီးနောက် ၃-၁၁-၂၀၁၄ရက်နေ့ နှင့် ၇-၁၁-၂၀၁၄ရက်နေ့တို့တွင်လည်း ထပ်မံ၍ လိင်တူပြုကျင့်ခဲ့ပြန်သည်ဆို၏။

သို့ကြောင့် ၈-၁၁-၂၀၁၄ရက်နေ့တွင် မောင်---မှာ ဝင်းခိုင်(ခ)ပေါက်ကြီး၏ နေအိမ်တွင် ဆက်လက်မနေထိုင်ရဲတော့၍ အစ်မဖြစ်သူ၏ နေအိမ်သို့ ပြောင်းရွှေ့သွားရောက်ကာ အစ်မဖြစ်သူအား ပြောပြတိုင်ကြားခဲ့သည်။

လိင်တူပြုကျင့်ခံရသူ မောင်---က တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဒဂုံ(အရှေ့) မြို့မရဲစခန်းက(ပ)၅၅၄/ ၂၀၁၄၊ ပြစ်မှုပုဒ်မ၃၇၇ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲ အုပ်မင်းညွန့်က စစ်ဆေးနေ ကြောင်း သိရသည်။

## မိန်းမပျိုတစ်ဦး ဘဝကို အရှုံးပေးသွားတဲ့လုပ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်တွင် အမျိုးသမီးတစ်ဦး ရွက်ဖျန်းပိုးသတ်ဆေး သောက်၍ ရရှိခဲ့လှသောလူ့ဘဝကို သတိကင်းလွတ်စွာဖြင့် အဆုံးသတ်အရှုံးပေးသွားခဲ့သည့် ဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၈-၁၁-၂၀၁၄ရက်နေ့ ညနေ၄နာရီအချိန်က မှော်ဘီမြို့နယ်ဆေးရုံတွင် ထန်းတပင် မြို့နယ်မှ အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက်၍ ရောက်ရှိပြီး သေဆုံးသွားခဲ့ကြောင်း ထန်းတပင် မြို့မရဲစခန်းက သတင်းရရှိခဲ့သည်။

သတင်းအရ စခန်းမှူးဒုရဲမှူးသန်းဌေးနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ် ဆေးခဲ့ရာ သေဆုံးသူမှာ မနွေးနွေးဦး(၁၆နှစ်)၊ မင်္ဂလာကုန်းကျေးရွာ၊ အလိန်လည်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

သေဆုံးသူတွင် ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရဘဲ ရွက်ဖျန်းပိုးသတ်ဆေးသောက်သုံး၍ သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိခဲ့ရသည်။ အလောင်းအား မှော်ဘီမြို့နယ်ဆေးရုံသို့ ပို့အပ်ရာ ပီအာရ်စစ/၂၀၁၄ဖြင့် လက်ခံစစ်ဆေးလျက်ရှိသည်။

ရဲအုပ်သက်နောင်က တရားလိုပြုလုပ်တိုင်တန်း၍ ထန်းတပင်မြို့မရဲစခန်းသေမှုသေခင်း အမှတ်စဉ်၆/၂၀၁၄ဖြင့် အမှုလက်ခံရေးဖွင့်ပြီး အမှုစစ်စခန်းမှူး ဒုရဲမှူးသန်းဌေးက ဆက်လက်စစ် ဆေးလျက်ရှိကြောင်း သတင်းရရှိခဲ့သည်။

နိုင်ဇေ



www.burmeseclassic.com

www.burmeseclassic.com



# ညအချိန် ဆိုင်ကယ်ငှားစီးပြီး လုယက်သူ လူငယ်နှစ်ဦးကို ပတ်ဝန်းကျင်က ဝိုင်းဖမ်းပေးခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင် သာယာမြို့နယ်အတွင်း ဆိုင်ကယ် ငှားစီးသူ(၂)ဦးက ဆိုင်ကယ်အား လုယူထွက်ပြေး စဉ် ဆိုင်ကယ်ယာဉ် မောင်းက အော်ဟစ်အကူအညီ တောင်းခံ မှုကြောင့် ဆိုင်ကယ်လုသူ (၂)ဦးအား ပတ်ဝန်းကျင် အကူ အညီဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၁၀-၁၁-၂၀၁၄ရက်နေ့ ညစနာရီ အချိန်က သန်းထွန်းကျော် (၂၀နှစ်) (ဆိုင်ကယ် ကယ်ရီမောင်း)၊ ဦးပုညလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူသည် မီးခွက်ဈေးထိပ်၌ ဆိုင်ကယ် ကယ်ရီဆွဲရန်အတွက် JLM125အမျိုးအစား ဖြူ/နက်ကြား ဆိုင်ကယ်အား ဂိတ်ထိုးခဲ့သည် ဆို၏။

ထိုစဉ် ခရီးသည် ယောက်ျား (၂)ဦးရောက်ရှိလာပြီး အဆင့်မြင့် မှတ်တိုင်သို့ ငွေကျပ်(၂၀၀၀)ဖြင့် ငှားရမ်း၍ လိုက်ပါပို့ဆောင်ပေးခဲ့ သည်။စက်မှုဇုန် မူကြိုလမ်းဆုံအရောက်တွင် ဆိုင်ကယ်ငှားစီးလာသူနှစ်ဦးက ဆိုင်ကယ်ရပ်ခိုင်းသဖြင့် ရပ်ပေး လိုက်သည် ဆို၏။

ထိုစဉ် သန်းထွန်းကျော်အား ဓားနှင့် ထောက်ထားကြသဖြင့် သန်းထွန်းကျော်က ကြောက်လန့်ပြီး ဆိုင်ကယ်ပေါ်မှ ခုန်ဆင်းကာ သူခိုး သူခိုးဟု အော်ဟစ်ကာပတ်ဝန်း ကျင်သို့အကူအညီ တောင်းခံခဲ့ သည်။

ထိုအချိန်၌ လူတစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာခိုက် ဆိုင်ကယ်ငှားစီးသူ(၂)ဦးမှာ ဆိုင်ကယ် အား ထားပြီးထွက် ပြေးသွားခဲ့ရာ သန်းထွန်းကျော်နှင့် ပတ်ဝန်းကျင် လူများက ဝိုင်းဝန်းဖမ်းဆီးစဉ် ရဲထက်အောင်(၂၁နှစ်)၊ ဝန်ထမ်းကြီးများ အိမ်ရာဝင်း၊ လျှပ်စစ်ရုံးရှေ့အဆောင်၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူနှင့် ဝေလင်းမောင်(၂၀နှစ်) (လိပ်စာတူ) တို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့နှစ်ဦးအား ဖမ်းဆီးစဉ် ဝေလင်းမောင်မှ သန်းထွန်းကျော်အား ဓားနှင့် ရမ်းလိုက်သဖြင့် ဝဲပါး၌ ပြတ်ရှသွေးထွက် ဒဏ်ရာ(၁)ချက်၊ ဦးအောင်စိန် ဆယ်အိမ်မှူး၊ မြေတိုင်း(၂၃)၊ ကစင်ကျေးရွာ၊ လှိုင်သာယာမြို့နယ်နေသူတွင် ဝဲလက်ဖျံ၌ ပြတ်ရှသွေးထွက် ဒဏ်ရာများ ရရှိသဖြင့် လှိုင်သာယာ ဆေးရုံ၌ ပြင်ပလူနာဌာနတွင် ဆေးကုသမှုခံယူခဲ့ရသည် ဆို၏။

ဆိုင်ကယ်လုယက်သူ (၂) ဦးအား အရေးယူပေးပါရန် သန်းထွန်းကျော်က တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ လှိုင်သာ ယာမြို့မရဲစခန်း (ပ) ၁၆၆၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၉၄ဖြင့် အမှုဖွင့်၍ အမှုစစ် ဒုရဲအုပ် စိုးနိုင်က ပြစ်မှုကျူးလွန်သူ (၂)ဦးအား ဖမ်းဆီးစစ် ဆေး၍ တရားရုံးသို့ တရားစွဲ ဆိုတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

**နိုင်ဇင်**

www.burmeseclassic.com

www.burmeseclassic.com

# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

## တနင်္ဂနွေ

မထင်မှတ်ဘဲ အိမ်၊ မြေဝင်ခြင်း၊ ရွှေထည်များ စုဆောင်းနိုင်ခြင်းရှိမည်။ အပေါင်းအသင်း၊ မိတ်ဆွေများ၏ ကူညီရိုင်းပင်းမှုကို အပြည့်အဝရရှိမည်။ သွပ်၊ သံ၊ သဲ၊ သစ် အရောင်းအဝယ်ပြုနိုင်သည်။ စာပေအနုပညာရှင်များဖြစ်ပါက ထူးကဲစွာအောင်မြင်မှုရရှိမည်။ သို့ရာတွင် ခါးအောက်ပိုင်း၌ အရိုးအကြောဆိုင်ရာရောဂါ သတိပြုပါ။ အိမ်ထောင်သည်ဖြစ်ပါက သားသမီးရတနာထွန်းကားမည်။ အစစအရာရာ အောင်မြင်မှုကို အခက်အခဲကြားမှ ရရှိနိုင်သော ကာလဖြစ်သည်။

**ကံကောင်းအရောင်။** ။ အစိမ်းနု၊ အစိမ်းရင့်ရောင်။

**ကံညံ့အရောင်။** ။ အနီရောင်၊ အနက်ရောင်။

**အချစ်ရေး။** ။ ပညာရေးသာ ဂရုစိုက်ပါ။

**အိမ်ထောင်ရေး။** ။ သဒ္ဒါထူး၍ အလှူအတန်းပြုလုပ်ရမည်။

**ထီထိုးရန်။** ။ (င)၂-၄၊ (စ)၇-၄

**ယတြာ။** ။ နေအိမ်တွင် ရွှက်လှေအရုပ် ဆောင်ထားပါ။

BURMESE CLASSIC

## တနင်္လာ

စီးပွားရေးတွင် အမျိုးသမီးများ၏ အကူအညီကောင်းများ ရရှိလိမ့်မည်။ နေအိမ်ပြုပြင်ခြင်း၊ အသစ်ဝယ်ယူပိုင်ဆိုင်ခြင်းဖြစ်လာမည်။ စနေသားသမီး မုဆိုးဖို၊ မုဆိုးမ၊ လင်သေမယားသေ ဧည့်သည်များကို အိမ်တွင်ညအိပ်လက်မခံသင့်ပါ။ အင်္ဂါနံ စက်ပစ္စည်းရောင်းဝယ်ခြင်း အကျိုးပေးလိမ့်မည်။ ခရီးဝေးသွားလာရလျှင် ယာဥ်မတော်တဆမှုကို အထူးဂရုစိုက်ပါ။ အိမ်ထောင်သည်ဖြစ်သည့်တိုင် စန်းပွင့်တတ်၍ အထူးဂရုစိုက်ပါ။ ပညာရေး၊ ကျန်းမာရေး အားလုံးကောင်းနေပါသည်။

**ကံကောင်းအရောင်။** ။ ပန်းရောင်၊ ပန်းဆီရောင်။

**ကံညံ့အရောင်။** ။ လိမ္မော်ရောင်၊ အနီရောင်။

**အချစ်ရေး။** ။ အပျို၊ လူပျိုသာ စိတ်ကူးလိုက်ပါ။

**အိမ်ထောင်ရေး။** ။ မကြာခဏ ရန်ဖြစ်နေရတတ်သည်။

**ထီထိုးရန်။** ။ (ပ)၅-၄၊ (ဖ)၈-၈

**ယတြာ။** ။ ဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းတော်နှင့် နူတ်ခမ်းတော်၊ လက်ဖဝါးတို့တွင် ရွှေပြားကပ်လှူ၍ လိုရာဆုတောင်းပါ။

## အင်္ဂါ

စာပေလုပ်ငန်း၊ စက်ကိရိယာလုပ်ငန်းမျိုးဖြစ်ပါက အကျိုးပေးမည်။ ထူးထူးကဲကဲ အကျိုးပေးမှုတော့မဟုတ်ပါ။ အနုပညာရှင်များဖြစ်ပါက နာမည်ဂုဏ်သတင်း ထင်ရှားကျော်



www.burmeseclassic.com

www.burmeseclassic.com



ကြားမည်။ သို့သော် အခက်အခဲများကိုတော့ ကျော်ဖြတ်အနိုင်ယူရလိမ့်မည်။ ပညာသင်ကြားနေသူများ ချီးကျူး ဂုဏ်ပြုခံရလိမ့်မည်။ ချစ်သူမရှိသေးသူများ ချစ်သူရရှိမည်။ ချစ်သူရှိပြီးသူများ မထင်မှတ်ဘဲ အိမ်ထောင်ကျ တတ်သည်။

**ကံကောင်းအရောင်။** ။ အဝါရောင်

**ကံညံ့အရောင်။** ။ အဖြူရောင်

**အချစ်ရေး။** ။ အထူးကောင်းနေပါသည်။

**အိမ်ထောင်ရေး။** ။ သစ္စာကြီးမားသည့် လက်တွဲဖော်ဖြစ်သည်။

**သီထိုးရန်။** ။ (၈)၄–၆၊ (၅)၅–၇

**ယတြာ။** ။ မွေးနေ့တိုင်း မေတ္တာသုတ် (၉)ခေါက်ရွတ်ဆိုပါ။

## ဗုဒ္ဓဟူး

ရွှေလုပ်ငန်းရှင်များ၊ ရွှေအရောင်းအဝယ်ပြုသူများ အထူးအကျိုးပေးပါလိမ့်မည်။ လူနှင့် ပတ်သက်၍ အထူးသတိထားပြီး ပေါင်းသင်းရမည့်ကာလဖြစ်သည်။ အနုပညာရှင်များ ခရီး အထွက်များမည်။ နာမည်ဂုဏ်သတင်းကြီးမည်။ အကြီးအကဲများထံမှ ထူးမြတ်သော အကူ အညီများရရှိမည်။ အိမ်ထောင်သည်ဖြစ်ပါက သားသမီးရတနာထွန်းကားမည်။ ခေါင်းကိုက်ရောဂါ၊ ရင်အောင့် ရောဂါ သတိပြုပါ။ အစားများတတ်သည်။ ငယ်ရွယ်သူများ အပျော်လွန်မှုကြောင့် အမှားတွေ့လိမ့်မည်။

**ကံကောင်းအရောင်။** ။ ခရမ်းရောင်၊ အပြာရောင်။

**ကံညံ့အရောင်။** ။ ပန်းရောင်။

**အချစ်ရေး။** ။ အဆင်မပြေသေးပါ။

**အိမ်ထောင်ရေး။** ။ နှစ်ဦးအတူ ဘုရားစုံဖူးရတတ်သည်။

**သီထိုးရန်။** ။ (ခ)၃–၅၊ (ဂ)၈–၁

**ယတြာ။** ။ လာဘ်လာဘရွှင်ရန် ငါးများကိုအစာကျွေး၍ ကျေးငှက်များကို ဘေးမဲ့လွှတ်ပါ။

## ကြာသပတေး

စီးပွားရေးလုပ်ငန်းတွင် ငွေကြေးရရှိမှု၊ အောင်မြင်မှုများမည်။ ဝင်သောငွေ မြဲလိမ့်မည်။ ရွှေထည်များ စုဆောင်းမိလိမ့်မည်။ ယာဉ်နှင့်၊ စက်နှင့်ဆိုင်သောပစ္စည်းများ ဝယ်ယူပိုင်ဆိုင် ရလိမ့်မည်။ လူမျိုးကွဲများ အကျိုးပေးလိမ့်မည်။ လူမျိုးကွဲနှင့် ရည်ငံတတ်သည်။ ဝန်ထမ်း ဖြစ်ပါက ရာထူး၊ နေရာ၊ လစာ၊ ဌာန တိုးမြှင့်ချီးမြှင့်ခြင်းခံရမည်။ ဦးခေါင်းအောက်ပိုင်းတွင် အနာပေါက်တတ် သည်။ အကြောရောဂါဖြစ်တတ်သည်။ ငွေကြေးရွှင်၍ စန်းပွင့်သောကာလဖြစ်သဖြင့် အိမ်ထောင်ရှင်များပင် လျှင် အထူးသတိထားရမည့်ကာလဖြစ်သည်။

**ကံကောင်းအရောင်။** ။ လိမ္မော်ရောင်။

**ကံညံ့အရောင်။** ။ အစိမ်းရောင်။

**အချစ်ရေး။** ။ ကံမကောင်းသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



**အိမ်ထောင်ရေး။** ။ မိမိ၏ ဖနီး၊ ခင်ပွန်းအပေါ် သစ္စာရှိပါ။

**ထီထိုးရန်။** ။ (ဌ)၆–၃၊ (ဎ)၃–၂

**ယတြာ။** ။ ဘုရားဂြိုဟ်တိုင်တွင် ထုပ်ပိုးချည်နှောင်ထားသော ကောက်ညှင်းထုပ်ကို ကြိုးဖြေ၍ ကပ်လှူပေးပါ။

**သောကြာ**

စီးပွားရေးလုပ်ကိုင်ရာတွင် အပြောအဆို ဆင်ခြင်ပေးပါ။ စကားနောက်တရားပါဖြစ်တတ်ပါသည်။ လူကြီးမိဘ၊ အကြီးအကဲများ၏ စောင့်ရှောက်မှု ခံယူရမည့်ကာလဖြစ်သည်။ အမွေရရှိခြင်း၊ ထီပေါက်ခြင်းကြုံမည်။ ထီထိုးရန် မမေ့သင့်ပါ။ (၄)ဂဏန်းကို အားပြု၍ ထီကံစမ်းနိုင်သည်။ လောင်းကစားတော့ လုံးဝမလုပ်သင့်ပါ။ အရှုံးပေါ်လိမ့်မည်။ မိတ်ကောင်းဆွေကောင်းတွေ့မည်။ လုပ်ငန်းအသစ်များ တိုးချဲ့ရလိမ့်မည်။ အင်္ဂါနံအမည်ပါသော ပစ္စည်းရောင်းဝယ်ခြင်းနှင့် အင်္ဂါနံပါသော အမည်ဖြင့် အလုပ်လုပ်နိုင်ပါသည်။

**ကံကောင်းအရောင်။** ။ ကြက်သွေးရောင်။

**ကံညံ့အရောင်။** ။ အနက်ရောင်။

**အချစ်ရေး။** ။ စိတ်မဝင်စားသင့်သေးပါ။

**အိမ်ထောင်ရေး။** ။ အထူးကောင်းနေပါသည်။

**ထီထိုးရန်။** ။ (ရ)၄–၄၊ (ဝ)၄–ရ

**ယတြာ။** ။ မွေးနေ့တိုင်း နံနက် (၉)နာရီတိတိ၌ မေတ္တာသုတ် (၉)ခေါက်ရွတ်၍ အမဲ့ဒွာနီဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

BURMESE CLASSIC

**စနေ**

စနေသားသမီးများသည် လုပ်ငန်းများကို ကိုယ်တိုင်ဦးဆောင်မှသာလျှင် ပိုမိုအောင်မြင်မည်။ စပ်တူရှယ်ယာလုပ်ငန်း၊ ငွေချေးငှားခြင်းလုပ်ငန်းများကို သတိပြု၍ ရှောင်ရှားပေးပါ။ တွင်းထွက်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်း၊ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်း အကျိုးပေးပါလိမ့်မည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များဖြစ်ပါက နာမည်ဂုဏ်သတင်း ကျော်ကြားမည်။ လုပ်ငန်းအောင်မြင်မည်။ အထူးသတိထားရမည်မှာ ယောက်ျားဖြစ်ပါက မိန်းမ၊ မိန်းမဖြစ်ပါက ခင်ပွန်းမဟုတ်သော ယောက်ျားများကို သတိထားပါ။ နာမည်ဂုဏ်သတင်း ထိခိုက်တတ်ပါသည်။

**ကံကောင်းအရောင်။** ။ အဖြူရောင်၊ အပြာရောင်။

**ကံညံ့အရောင်။** ။ ကြက်သွေးရောင်။

**အချစ်ရေး။** ။ သင်ရည်ရွယ်ထားသူကို ချစ်စကားပြောလိုက်ပါ။ လက်ခံလိမ့်မည်။

**အိမ်ထောင်ရေး။** ။ မကြာခဏ ရန်ဖြစ်နေတတ်သည်။

**ထီထိုးရန်။** ။ (ထ)ရ–၄၊ (ဒ)၄–၉

**ယတြာ။** ။ မွေးနေ့တွင် မုန့်စိမ်းပေါင်းကို ဗယာကြော်နှင့်တွဲ၍ မွေးနံထောင့်၌ ဆွမ်းကပ်ပါ။

ထက်သုခြေဦး

www.burmeseclassic.com